အာကာဖြူစင်စာပေ

www.burmeseclassic.com

# နိုင်ဇော် (Lazy Club)

# ကျွန်တော် နှင့် ကျွန်တော့်ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုအမှတ် – ၄၀၁၁၄၁၁၀၀၈
မျက်နှာဖုံးခွင့်ပြုအမှတ် – ၄၀၁၁၃၂၁၁၀၈

၂၀၀၈ – ဒီဇင်ဘာလ
ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး – (      )ကျပ်

မျက်နှာဖုံးဒီဇိုင်း – နိုင်ဇော်ဦး
အတွင်းစာစီဒီဇိုင်း – Little White design firm
အတွင်းသရုပ်ဖော် – မောင်မောင်သိုက်၊ ဖေသစ်တည်၊ ဝလုံး

ပုံနှိပ်သူ
ဦးဇော်မင်းအေး (မြဲ – ၀၇၁၂၅)
ဇော် ပုံနှိပ်တိုက်
အမှတ် (၃၀၆)၊ အင်ကြင်းမြိုင်လမ်း၊ (၂၃) ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း) (မြဲ – ၀၉၃၂)
ရဲအောင်စာပေတိုက်
အမှတ် (၂)၊ချွန်းလမ်း(၁)၊မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁ ကျွန်တော်နှင့် ကူမဲ

၂ ကျွန်တော်နှင့် မင်္ဂလာအခမ်းအနားမှူးများ ၉

၃ ကျွန်တော်နှင့် နော်လီဇာ ၂၁

၄ ကျွန်တော်နှင့် ခေတ်သစ်ကျိုက်ထီးရိုးဘုရားဖူး ၂၇

၅ ကျွန်တော်နှင့် ကိုရီးယားအလွှဲများ ၃၅

၆ ကျွန်တော်နှင့် အဆိုတော်လွှမ်းမိုး ၄၇

၇ ကျွန်တော်နှင့် မင်္ဂလာပွဲများ ၅၇

၈ ကျွန်တော်နှင့် ဟုမ္မလင်းခရီးအလွဲများ ၆၅

၉ ကျွန်တော်နှင့် Lဆိုင်းဇီ ၇၇

၁၀ ကျွန်တော်နှင့် ကြေးစားသင်္ကြန် ၈၇

၁၁ ကျွန်တော်နှင့် တယောဆရာကြီးများ ၉၇

၁၂ ကျွန်တော်နှင့် တော်မီကျော်နိုင် ၁၀၇

၁၃ ကျွန်တော်နှင့် မလေးရှားအလွဲများ ၁၁၇

၁၄ ကျွန်တော်နှင့် စိုင်းဆိုင်မောဝ် ၁၃၁

၁၅ ကျွန်တော်နှင့် နဂစ်လာရာလမ်း ၁၄၁

၁၆ ကျွန်တော်နှင့် ဂျေမောင်မောင် ၁၅၅

၁၇ ကျွန်တော်နှင့် စာပေ ၁၆၃

၁၈ ကျွန်တော်နှင့် ဆရာသိုက် ၁၇၅

၁၉ ကျွန်တော်နှင့် ဇာတ်သဘင် ၁၈၃

၂၀ ကျွန်တော်နှင့် ချစ်ကောင်း ၁၉၃

၂၁ ကျွန်တော်နှင့် ရုပ်ရှင် ၂၀၃

၂၂ ကျွန်တော်နှင့် စိုင်းထီးဆိုင် ၂၁၇

၂၃ ကျွန်တော်နှင့် လေယာဉ်ပေါ်မှအလွမ်းခွဲများ ၂၂၉

၂၄ စည်သူလွင်တို့သားအဖ ၂၃၉

၂၅ ကျွန်တော်နှင့် စည်သူလွင် ၂၄၇


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ မဟုတ်တဲ့ အမှာစာ

တကယ်တော့ ကျွန်တော် ဒီဆောင်းပါးလေးတွေကို ဂျာနယ်မဂ္ဂဇင်းတွေထဲမှာ စပြီး မရေးဖြစ်ခင်ကတည်းက 'ငါ့သာ စာအုပ်တစ်အုပ် ထုတ်ဖြစ်ခဲ့ရင် အမှာစာကို တကယ့်နာမည်ကြီး ဆရာကြီးတွေကို ရေးခိုင်းမယ်' ဆိုပြီး စိတ်ကူးယဉ်ဖူးပါ တယ် . . .။

တကယ်လည်း စာစရေးဖြစ်ခဲ့ရော စာ(၄)ပုဒ်လောက် ရေးပြီးနေချိန်မှာ စာရေးရမှာ တော်တော် ကြောက်သွားပါတယ် . . . (စာရေးလို့ လက်ညောင်းတာရယ် . . . ဂစ်တာကျင့်ရမယ့် အချိန်မှာ သီချင်းနားထောင်, ဘာသာပြန်ဝတ္ထုဖတ်ရမယ့် ညပိုင်း ညဥ့်နက်ချိန်တွေမှာ တစ်ယောက်တည်း စာတကုတ်ကုတ် ရေးရတာတွေကိုပါ . . .) ဒီလိုအဖြစ်တွေကြောင့် စာမရေး တော့ဘဲ ရပ်လိုက်တော့မယ်ဆိုတော့လည်း . . . ကိုယ့်ကို သူများတွေက 'ဒီကောင် ကောက်ရိုးမီးပါ . . . တကယ်တော့ ဇွဲမရှိပါဘူး' လို့ အထင်ခံရမှာ ပိုကြောက်တာကြောင့် ကျိတ်မှိတ်ပြီး စာ ဆက်ရေးဖြစ်ခဲ့တာပါ . . .။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စာစ,ရေးဖြစ်တဲ့အကြောင်းထဲမှာ ပထမဆုံး တိုက်တွန်းသူက နံနက်ခင်းဂျာနယ်ရဲ့ အယ်ဒီတာ(ကို)တင်မောင်ဆွေပါ . . . သူကအင်တာဗျူးလုပ်ရင်း ကျွန်တော်ပြောပြတဲ့ ရီစရာ(၂)ခုလောက် နားထောင်ပြီး ကျွန်တော်ကိုယ်တိုင်ပဲ ဂျာနယ်ထဲမှာ ရေးပါ။ သူ့ဂျာနယ်မှာ အပတ်စဉ် ထည့်ပေးပါမယ်လို့ တိုက်တွန်းတာကြောင့် စာစ,ရေးဖြစ်ခဲ့တာပါ . . . သူ့ကိုလည်း အထူး ကျေးဇူးတင်ပါတယ် . . . အဲဒီလိုပဲ နံနက်ခင်းဂျာနယ်(အယ်ဒီတာချုပ်) ကိုဇန်ဇန်ရဲ့ အားပေးစကားတွေကြောင့်လည်း တချို့ကိစ္စလေးတွေ၊ ပုဂ္ဂိုလ်တွေရဲ့အဖြစ်တွေဟာ စာတစ်ပုဒ်အဖြစ် ရောက်ခဲ့ရတာပါ . . . (ဥပမာ . . . ကျွန်တော်နဲ့ တော်မီကျော်နိုင်) ဒီလိုပါပဲ . . . ကျွန်တော် ခင်မင်ရာ အနုပညာလောက,က မောင်နှမတွေရဲ့ ရီစရာအဖြစ်လေးတွေကနေ စာဖတ်ပရိတ်သတ်ဆီရောက်အောင် ပို့ပေးတာကို ကျေနပ်စွာ ခွင့်ပြုခဲ့တဲ့ ကျွန်တော့်ရဲ့ ဓာတ်လိုက်အနုပညာသမားတွေရဲ့ သဘောတူညီမှုကိုလည်း ဒီနေရာကနေ လေးစားစွာ မှတ်တမ်းတင်ပါတယ် . . .

ကျွန်တော်ကိုယ်တိုင်ကလည်း ဒီဆောင်းပါးစာစုလေးတွေ ရေးတဲ့စာမူခကို (၁၀) ပတ်လောက် ပေါင်းစုပြီးမှ မိဘမဲ့ကလေးကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေရဲ့ လိုအပ်ချက်တွေကို လိုသမျှပိုက်ဆံစိုက်ထုတ်ပြီး လှူဒါန်းနေခဲ့ လှူဒါန်းပြီးဖြစ်နေလို့ . . . ဒီအလှူလေးတွေဟာ ကျွန်တော်တစ်ယောက်တည်းနဲ့ မဆိုင်ဘဲ ကျွန်တော့်ရဲ့ ဓာတ်ဆောင်အား

www.burmeseclassic.com

www.burmeseclassic.com

သုံးနဲ့ သက်ဆိုင်ပါတယ်လို့ အသိအမှတ်ပြုပေးကြပါ . . . ဘာစ်ခါတစ်ခါ စာရေးမယ်လို့ မရည်ရွယ်ထားဘဲ မနေနိုင်မထိုင်နိုင်ဖြစ်လာလို့ ထရေးလိုက်ရတဲ့ ဆောင်းပါးလေးတွေလည်း ရှိခဲ့တော့ တခြားမြို့ရွာမှာ စာမှမရေးရရင် ဘာတစ်ခုမှ လုပ်စရာ မရှိလောက်အောင် အခြေအနေကို ဖန်တီးပေးခဲ့တဲ့ Lazy Club အဖွဲ့နဲ့ စတိတ်ရှိုးတီးဖို့ နယ်မြေဒေသအသီးသီးက ငှားရမ်းခဲ့ကြတဲ့ ကန်ထရိုက်တွေကိုလည်း ကျေးဇူးတင်ပါတယ် . . . စာပေနယ်ထဲက တွေ့တိုင်း ကျွန်တော်ရဲ့စာလေးတွေ စောင့်ပြီး စာဖတ်ကြတယ်ဆိုပြီး အားပေးစကားပြောတဲ့ စာရေးဆရာ၊ ဂျာနယ်လစ်၊အယ်ဒီတာ၊ကာတွန်းဆရာ၊ဒီဇိုင်နာ၊ထုတ်ဝေသူ၊ ကဗျာဆရာ စသဖြင့် ခင်မင်ရတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူး တင်ရပါတယ် . . . အခုလို စာအုပ်တစ်အုပ် လုပ်ဖြစ်အောင် အင်တာဗျူး ဖတ်လိုက်ရပြီး တကူးတက ဖုန်းလှမ်းဆက်တဲ့ ဒီဇိုင်နာ (ကိုနိုင်ဇော်ဦး) နဲ့ (ညီမငယ်) မစန္ဒာ (Little White Design Firm) မိသားစုတို့ရဲ့ တိုက်တွန်းမှု၊ ပါဝင်ကူညီမှုကိုလည်း ဒီစာအုပ်လေးနဲ့ အသိအမှတ်ပြုပါရစေ။ တစ်ခါတစ်ခါ တချို့လူတွေအမြင်မှာ ကျွန်တော်ဟာ ခေါင်းမာမာနဲ့ ကိုယ်လုပ်ချင်တာ လုပ်တဲ့သူ၊ ပျော်ရွှင်ပေါ့ပါးပြီး အောင်မြင်နေတဲ့ ဂစ်တာ သမားလို့ ထင်နေကြပေမယ့် တစ်ကယ့် ကိုယ်စိတ်ထဲမှာရှိနေတဲ့ အားငယ်မှု၊ စိတ်ဓာတ်ကျမှု၊ တွေဝေမှု၊ မပြတ်သားမှုတွေကို ပရိတ်သတ်တွေကို ပြောပြခွင့်မရတဲ့ ကျွန်တော့်အတွက် ဒီစာစု လေးတွေရေးပြီး စိတ်လက်ပေါ့ပါး သွေးသစ်လောင်းလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စလေးတွေကလည်း ထွက်ပေါက်တစ်ခုဖြစ်ခဲ့လို့ တကယ်တော့ လူ့ရှင်တော်ဆိုတာ သူ မပျော်သမျှ ပရိတ်သတ်ပျော်ရအောင် ဖန်တီးပေးကြရတဲ့ သူ့ပါလားလို့လည်း (မဆီမဆိုင်) လူ့ရှင်တော်တွေကိုယ်စား ဝင်ပြီး ခံစားတတ်လာမိခဲ့ရပါတယ်။

ဒီလိုခံစားမှုလေးတွေနဲ့ ရေးဖြစ်တဲ့ စာလေးတွေကို အသက်ဝင်လာအောင် သရုပ်ဖော်ကာတွန်းပုံလေးတွေ အသုံးပြုခွင့်ပေးတဲ့ ကာတွန်းဆရာ (ကို) ဝလုံးနဲ့ အမှတ်တရကောက်ကြောင်းပုံတူ သုံးခွင့်ပေးတဲ့ ဆရာသိုက်, (ပန်းချီဦးမောင်မောင်သိုက်) ဆရာဖေသစ်တည်တို့ကိုလည်း အထူးကျေးဇူးတင်ပါတယ် ...တကူးတက စာမူဖုန်းဆက်တောင်းပြီး အသုံးပြုပေးတဲ့ ကိုနိုင်ကြီး (နန်းမြင့် ဂျာနယ်) ကိုမျိုး (IR) Beauty မဂ္ဂဇင်းနဲ့ မဝင်းမာ( FASHION) တို့ကိုလည်း ကျေးဇူးတင်ပါတယ် . . .လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဆွေးနွေးတိုင်ပင်, အကြံဉာဏ်ယူကြတဲ့ LAZY CLUB အဖွဲ့သား များ, ACES အဖွဲ့သားများ ကိုအောင်အောင် (ရှော့ခ်မှဆိုး)၊ ဒါရိုက်တာ(ကို)ဏကြီး၊ ကိုကျော်ကြီးတို့နဲ့ ညီညီ၊ ဇော်နိုင်၊ တင်မောင်မောင် (ကြွက်)၊ Lလေးငယ်၊ သူငယ်ချင်းများရဲ့ တိုက်တွန်းမှုကိုလည်း ကျေးဇူးတင်မိပါတယ် . . . ဒီစာအုပ်လေးကို အစိက တာဝန်ယူပြီး စီစဉ်သူလုပ်ပေးမယ့် ကိုတင်မော် (ဓာတု)နဲ့ ညီမ (မထွေး) တို့ကိုလည်း ကျေးဇူးတင်ပါတယ် ...စာစီစာရိုက် ဝင်ကူညီခဲ့တဲ့ ဒေါ်သူဇာမိုး (ထုတ်ဝေသူ)ကိုလည်း ကျေးဇူးတင်ပါတယ် (ဟဲဟဲ)...

ဒီလို ကူညီတဲ့သူတွေကြောင့်သာ ကျွန်တော် ဒီစာအုပ်လေးကို အမှတ်တရ ထုတ်ခွင့်ရခဲ့တာဖြစ်လို့ အခုဖတ်နေကြတဲ့

................

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိတ်သတ်တွေကိုလည်း . . . တကူးတက ကျွန်တော် စာအုပ်လေးကို ဖတ်နေကြလို့ အထူးကျေးဇူးတင်မိပါတယ်။ တစ်ကယ်တော့ ကျွန်တော်ဟာ ဂစ်တာတီးတဲ့ စင်မြင့်ပေါ်မှာသာ ရှိနေရမယ့်သူပါ . . . ဒီလိုနေရမယ့် လူက စာပေနယ်ထဲမှာ ဘာကြောင့် စာရေးဆရာတစ်ယောက် ဖြစ်ချင်တာလဲလို့ မထင်ကြစေချင်ပဲ . . . စာပေသမားတွေရဲ့ စာတွေကြားမှာ ခေတ်ပေါ်ဂီတသမားတစ်ယောက်ရဲ့ ဂီတအမြင် ဘယ်လိုရှိနေလဲ ဆိုတာကို . . . သက်တန့်ကြီးတစ်ခုရဲ့ ပေါ်လွင်တဲ့ အရောင်တွေ ကြားက မပေါ်လွင်တဲ့ အဖြည့်ခံအရောင်လေး တစ်ရောင်က ဝင်ပြီး ကူညီပေးရသလို . . . ကျွန်တော်ရေးတဲ့ စာလေးတွေကလည်း စာပေလောကကြီးသာ သက်တန့်ကြီး တစ်ခု ဖြစ်ခဲ့ရင်, ကျွန်တော့်စာလေးတွေဟာ အဖြူရောင်တစ်ခု လို ရိုးရိုးသားသား ဝင်ပြီး ကူညီခွင့်ရသလောက် ကြိုးစားပြီး ကူညီလှုပအောင် ဖန်တီးပေးနေတယ်လို့ပဲ မှတ်ယူစေချင်ပါတယ်။ တကယ်တော့ လောကကြီးလှဖို့ အစိမ်း, အပြာ, အဝါ, အနီတွေ လိုအပ်သလို အဖြူလည်း လိုအပ်ပါတယ်။ ဒီလို ကျွန်တော့် ခံစားမှုလေးတွေကို ပရိတ်သတ်ဆီ ချပြဖို့, ကျွန်တော့် စာအုပ်လေးကို မဖတ်ရခင် ကြိုပြီး စိတ်ဝင်စားလာအောင် ညွှန်းဆိုတဲ့ အမှာစာလေးကိုလည်း ဘယ်နာမည်ကြီးဆရာကြီး ဆီ ရေးပေးဖို့ အကူအညီတောင်းရမလဲ စဉ်းစားမိပေမယ့် . . ကျွန်တော် ကိုယ်တိုင်ကလည်း နာမည်ကြီး စာရေးဆရာ တွေနဲ့ မရင်းနှီး မခင်မင်ဖူးတဲ့ ဂီတသမား ဖြစ်နေတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အားငယ်တဲ့ အတွင်းစိတ်က၊ စာရေးဆရာကြီးတစ်ယောက်ရဲ့ အမှာစာ တောင်းဖို့ ပြင်နေချိန်မှာ . . . ခေါင်းမာတဲ့ အပြင်စိတ်က မင်းဘာသာပဲ ရေးလိုက်ပါ။ တခြားစာရေးဆရာ တွေကို မင်းရဲ့စာတွေ အတင်းဖတ်ခိုင်းပြီး ဒုက္ခမပေးပါနဲ့လို့ ပြောလာတာကြောင့် တတ်သလောက် မှတ်သလောက် ကြိုးစားပြီး အမှာစာ မဟုတ်တဲ့ အမှာစာလေးကို ကိုယ်ရေးတတ်သလောက် ရေးပေးလိုက်ရပါတယ်။

စာဖတ်သူ အားလုံး ဒီစာအုပ်လေးကြောင့်
ခံစားမှု၊ ရသတစ်ခုခု ရကြပါစေလို့
ဆုတောင်းပါတယ် . . .


ကျေးဇူးတင်လျက်
နိုင်ဇော်(Lazy Club)
(Guitarlist)

www.burmeseclassic.com

www.burmeseclassic.com



...မြောက် ကိုရီးယားနယ်နိမိတ်ပိုင်းခြားထားသောတံတိုင်းနှင့်
...မှတ်တရ (နောက်ခံပုဂံစများသည် ဆုတောင်းစာများဖြစ်သည်)



လူသွားကင်းရှင်းသည့် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ
တက္ကသိုလ်ထဲတွင်အမှတ်တရ 2005



ကိုရီးယားဆိုးလ်မြို့မှ ဂစ်တာဝယ်စဉ်
ဂစ်တာဆိုင်တွင် အမှတ်တရ




...ဇာတ်ရုံထဲတွင် အမှတ်တရ



ကိုရီးယား ကော... အာကစ် ရုပ်ရှင် စတူဒီယို
(ချန်ဂင်ဇာတ်လမ်းတွဲရိုက်သည့် နေရာတွင်)
...ယားနန်းတွင်း သရုပ်ဆောင်တစ်ယောက်နှင့် အမှတ်တရ



ချန်ဂင်ဇာတ်လမ်းတွဲတွင် အသုံးပြုသည့်ဝတ်စုံများနှင့် အမှတ်...



စင်္ကာပူမြို့လယ်တွင် အမှတ်တရ



...လားရှားရေး...ပြင်တ...တွင်
...

www.burmeseclassic.com

www.burmeseclassic.com



ာဂစ်အတွက် [illegible] ည့်ရန်ပုံငွေဖြင့်
မရွာမှ ဆရာတော်အား အလှူငွေပေးအပ်နေပုံ



အခြားဘုန်းကြီး [illegible] မှ ဆရာတော်အား နာဂစ်ဒုက္ခသည်မျ
လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ဖို့ အလှူငွေပေးအပ်



းမစာသင်ကျောင်းတွင် ခေတ္တခိုလှုံနေသော
[illegible] ရွာသားများအား အလှူငွေပေးအပ်စဉ်



[illegible] ကျွန်းမှ တော်ကူ [illegible] ပျက်ပေါ်တွ
[illegible] အိတ်ဖော်ပိုကဲပြနေစဉ် [illegible]



ကို ကားဘီးချော်နေသဖြင့်ဝိုင်းဝန်းတွန်းနေရပုံ



၂၀၀၈ ခုနှစ် [illegible] ကြီးသကြန်မဏ္ဍာပ်တွင်
Lazy Club ဝိုင်းတော် [illegible] များ အဆိုတော်များနှင့် အမှတ်



ဟုမ္မလင်းမြို့မှ အ [illegible]
မောင်တိုးနှင့် ကို [illegible]



ရေယာဉ်ပေါ်မှ [illegible] ရေးသူ
(ဟုမ္မလင်းမှ မုံရွာသို့အပြန် [illegible] ပြေးရေယာဉ်ပေါ်တွင်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ဘုရားစေတီအားမြင်ရပုံ



ပုံရိပ်ပေါ်သည့် ပြတင်းပေါက်နှင့် စာရေးသ



ပြတင်းပေါက်မှဝင်လာသောပုံရိပ်အား
ခံယူထားသည့် ပိတ်ဖြူစ



ပြတင်းတံခါးအနည်းငယ်ပိတ်လိုက်သည်နှင့် ပေါ





www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ပတ် ကျွန်တော်ရေးချင်တဲ့ အကြောင်းအရာလေး ကတော့ အရင်က ကျွန်တော်ရေးခဲ့ဖူးတဲ့ စတိတ်ရှိုးအတွေ့အကြုံ မဟုတ်ပါ။ ဇွန် (၁၄) ရက်နေ့က ကူမဲဆိုတဲ့ မန္တလေးတိုင်းထဲက မြို့ငယ် လေးမှာ တယ်လီဖုန်း ဒီဂျစ်တယ်အိတ်ချိန်းဖွင့်လှစ်တဲ့ အထိမ်းအမှတ် အဖြစ်ပြုလုပ်တဲ့ 'Lazy Club' အဖွဲ့ရဲ့ စတိတ်ရှိုးပွဲ တီးခတ်ဖို့သွားခဲ့ ရင်း တွေ့ခဲ့ရတဲ့ ဗဟုသုတလေးကို စာဖတ်ပရိသတ်တွေသိရင် ပိုကောင်းမယ်လို့ ယူဆပြီး 'နံနက်ခင်းဂျာနယ်' မှာရေးဖို့ ဆုံးဖြတ်ခဲ့ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကူမဲမြို့လေးမှာ စတိတ်ရှိုးသွားတီးမယ် ဆိုတော့ သူငယ်ချင်းမိတ်ဆွေတွေက တရုတ်ပြည်နယ်စပ်က မြို့လားဆိုပြီး မေးကြပါတယ်။ သူတို့က 'ကူမဲ' ဆိုတာ 'ကူမင်း' ဆိုတဲ့၊ တရုတ်ပြည်နယ်စပ်က မြို့လားဆိုပြီး မေးကြပါတယ်။ သူတို့က 'ကူမဲ' ဆိုတာ မြစ်သားတို့၊ ဝမ်းတွင်းတို့၊ သဲတောတို့၊ မိတ္ထီလာတို့ အနီးအနားက မြို့လေးဆိုတာကို မရောက်ဖူးသူ၊ မကြားဖူးသူတွေ ရှိခဲ့ရင် သိရအောင် ကြိုပြီး ရှင်းပြပါရစေ။

အဲဒီမြို့လေးမှာ လွန်ခဲ့တဲ့ (၁၈)နှစ်က တယ်လီဖုန်း လက်လှည့် အိတ်ချိန်းစနစ် စတင်တဲ့ အထိမ်းအမှတ်အနေနဲ့ မန္တလေးက 'Shells' တေးဂီတအဖွဲ့နဲ့ စတိတ်ရှိုး တစ်ခါလုပ်ခဲ့ဖူးပြီး ယခု သွားတီးတဲ့ စတိတ်ရှိုးမတိုင်ခင် လုံးဝ စတိတ်ရှိုးပွဲ မလုပ်ဖြစ်ခဲ့တာ (၁၈)နှစ်ရှိပြီဆိုတာ မြို့ခံ ပွဲကျင်းပရေးကော်မတီဝင်များရဲ့ စကားကနေ တစ်ဆင့် ကြားခဲ့ရသလို လွန်ခဲ့တဲ့ (၁၈)နှစ်က ပါဝင် ဖျော်ဖြေပေးခဲ့ဖူးတဲ့ အဆိုတော်ကြီး (ကို)ချစ်ကောင်းကလည်း သူ့ရဲ့ဒုတိယမြောက် 'ကူမဲ' စတိတ်ရှိုးပွဲအတွက် သီဆိုဖို့ ရောက်ရှိနေခိုက်မှာ ကျွန်တော့်ကို ပြောပြခဲ့ပါသေးတယ်။ အဲဒီ စတိတ်ရှိုး ဖြစ်မြောက်ရေးအတွက် ကူညီပြီး မေတ္တာနဲ့ ဆောင်ရွက်ပေးသူကတော့ ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် ညီနန္ဒပါ။ သူရဲ့စီစဉ်မှုအောက်မှာ ပါဝင်သီဆိုဖို့ လိုက်ပါခဲ့တဲ့ အဆိုတော်တွေက ချစ်ကောင်း၊ ဖြူဖြူကျော်သိန်း၊ L-ဆိုင်းဇီ၊ နောနော် (Blaze)၊ ရဲလေး၊ ဝိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ ညီနန္ဒ နဲ့ စစ်သွေးတို့ ဖြစ်ကြပါတယ်။

ရန်ကုန်မြို့ကနေ မနက် (၆)နာရီမှာ လူစုကြပြီး အဆိုတော်



www.burmeseclassic.com

www.burmeseclassic.com



စောင့်မျှော်ရတဲ့ကိစ္စအားလုံး ပြီးပြတ်လို့ ရန်ကုန်ကနေ မနက် (၇)နာရီခွဲမှာ စတင်ထွက်ခွာနိုင်ခဲ့ပါတယ်။ ခရီးဆက်လာခဲ့ရင်း 'ကူမဲ' မြို့ကို ည (၈)နာရီခွဲလောက်မှာ ရောက်ခဲ့ပါတယ်။ မြို့ရဲ့မျက်နှာဖုံးတစ်ယောက်ဖြစ်တဲ့ ပွဲကော်မတီလူကြီး ကိုတင်ဇော်ရဲ့ တိုက်သစ်မှာ ကျွန်တော်တို့ **'Lazy Club'** အဖွဲ့နဲ့ ညီနန္ဒတို့ အဖွဲ့သားတွေ တည်းကြပါတယ်။ ရေမိုးချိုးကြပြီးတော့ ည (၁၀)နာရီမှာ စလောင်းက ပြတဲ့ ယူရို ၂၀၀၈ရဲ့ ရိုမေးနီးယား၊ အီတလီပွဲနဲ့ ဧည့်ခံပါတော့တယ်။

ကျွန်တော်လည်း လေတဖြူးဖြူးတိုက်တဲ့ ပြတင်းပေါက်ကလေညှင်းလေးနဲ့၊ ဘောလုံးပွဲနဲ့၊ စားစရာမျိုးစုံနဲ့ လက်ဖက်သုပ်၊ သောက်စရာ အအေးစုံနဲ့ ဖိမ်တွေ့နေပါတော့တယ်။ မီးလည်း (၂၄)နာရီလာပါတယ်။ မီးပြတ်တာနဲ့ မီးစက်ကလည်း အသင့်ပါ။ နီးတစ်ဝက်၊ အိပ်တစ်ဝက်နဲ့ ဒရင်းဘက်ပေါ်မှာမှေးပြီး ည (၁)နာရီပြတဲ့ ပြင်သစ်နဲ့ ဟော်လန်ပွဲကို ကြည့်ပါသေးတယ်။ ဘောလုံးဝါသနာရှင် ညီနန္ဒကတော့ သူ့အသံကြီးနဲ့ တစ်ဂိုး,ဂိုး အော်ပြီး မပင်ပန်းတဲ့အတိုင်း တစ်ည လုံးမအိပ်ဘဲ မြို့ခံလူငယ်တွေနဲ့ ဘောလုံးပွဲ ကြည့်နေပါတယ်။ အဲဒီတော့မှ မနက် (၆)နာရီ ဘာလို့ ကားထွက်တာလဲဆိုတာ မေးကြည့်တော့ ည (၁၀) နာရီ ဘောလုံးပွဲမီအောင် စီစဉ်တာဆိုပြီး ညီနန္ဒက ပြောပြပါသေးတယ်။ တော်တော် ဝါသနာကြီးသူပါ။ (ဘောလုံးနော်)

ဒီလိုနဲ့အိပ်ပျော်ပြီး၊ မနက် (၈) နာရီလောက်မှာ အိပ်ယာကလန်းဆန်းစွာထ၊ ရေမိုးချိုးပြီး ကူမဲမြို့ရဲ့ 'အမှတ်တရ' စားသောက်ဆိုင်မှာ နန်းကြီးသုတ်နဲ့ လက်ဖက်ရည်သောက် မြို့ခံလူကြီး လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ စကားပြောကြရင်း 'ကျွန်တော် စာရေးတဲ့အကြောင်း ဖတ်ကြရကြောင်း' သူတို့က စ,ပြောလာတာကြောင့် ကျွန်တော်ကလည်း ပြန်ရှင်းပြရင်းနဲ့ စာပေစကားဝိုင်းပုံစံ ဖြစ်လာပါတယ်။ သူတို့မြို့ခံတွေကလည်း ကျွန်တော့်ကို ဂီတသမားတစ်ယောက် အနေနဲ့ မကတော့ဘဲ စာရေးဆရာ တစ်ယောက်လို သတ်မှတ်ကြပြီး ဗဟုသုတရအောင် သူတို့မြို့ရဲ့ထင်ရှားတဲ့ ဘုရားပုံတော်အရိပ်ပေါ်တဲ့ ဓမ္မာရုံကို လိုက်ပြပေးဖို့ 'ကိုညိုကြီး' ဆိုတဲ့ မြို့ခံလူရွယ်တစ်ယောက်ကို တာဝန်ပေးပါတယ်။

သူတို့ပြောစဉ်မှာ ကျွန်တော်ထင်မိတာက ဘုရားအရိပ်ပေါ်တယ်ဆိုတာ ပုံမှန် ပေါ်ရိုးပေါ်စဉ်လို တကယ့်အရိပ် အမည်းရောင်ကြီးနေရောင်ကြောင့် ပေါ်တယ်ထင်မိပြီး သိပ်စိတ်ဝင်တစားကြီး မရှိလှတာကိုတော့ ဝန်ခံပါရစေ။ ဒါပေမယ့်လည်း မြို့ခံလူကြီးတွေရဲ့ စိတ်စေတနာ ထက်သန်တာကို အားနာတာရယ်၊ ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေနဲ့ ဘုရားဖူးဖို့ မနက်စောစော စီစဉ်ပေးတယ်ဆိုတော့ တကယ့်ကို မင်္ဂလာရှိတာကြောင့် လိုက်ပို့ပေးတဲ့ ဆိုင်ကယ်ပေါ်တက်ထိုင်ပြီး 'ဆုတောင်းပြည့်ထူပါရုံ' စေတီတော်ကို သွားခဲ့ကြပါတယ်။ (ဘုရားရဲ့ဘွဲ့တော် လွဲမှားခဲ့လျှင် ခွင့်လွှတ်ပါ။ မေးမြန်းသိရှိရသမျှနဲ့ ရေးသားရခြင်း ဖြစ်ပါသည်)

ဘုရားရဲ့ ရင်ပြင်တော်ရှိရာကို ရောက်ရှိချိန်မှာ ဘုရားဝင်းထဲမှာ လူသိပ်မရှိပါ။ ဘုရားက ရန်ကုန်ကလာခဲ့ရင် ရန်ကုန်–မန္တလေးလမ်းမကြီးရဲ့ ဘယ်ဘက် လမ်းသွယ်ထဲမှာရှိတာ သတိထားမိပါတယ်။

ဆိုင်ကယ်နဲ့ လိုက်ပို့တဲ့ အစ်ကိုကြီးက ကျွန်တော့်ကို သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တစ်ခုထဲမှာ ဆိုင်ကယ်နဲ့ ခဏစောင့်ဖို့ထားခဲ့ပြီး ခဏနေတော့ ဘုန်းကြီးတစ်ပါးနဲ့အတူ ပြန်ထွက်လာပါတယ်။ ဘုန်းကြီးက သော့တစ်ချောင်းကိုင်လာပြီး ဘုရားစေတီရဲ့ရှေ့မှာ ရှိတဲ့ ဓမ္မာရုံတစ်ခု (လူမရှိပါ)ရဲ့ ပိတ်ထားတဲ့တံခါးကို သော့နဲ့ ဖွင့်ပေးပါတယ်။ အဲဒီဓမ္မာရုံက ဘုရားရင်ပြင်တော်ပေါ်မှာရှိနေပြီး ဓမ္မာရုံထဲက ပြတင်းပေါက်တစ်ခုရဲ့ရှေ့ သမံတလင်းခင်းထားတဲ့ကြမ်းပြင်ပေါ်မှာ ပိတ်ဖြူစခင်းထားတဲ့ သစ်သားပြားတစ်ပြားကို တွေ့ရပါတယ်။

အဲဒီပြတင်းပေါက်ကနေ ဖွင့်ပြီး အပေါ်ကို မော့ကြည့်လိုက်တော့ ရွှေရောင်ဝင်းတဲ့ ဘုရားစေတီရယ် ကောင်းကင်က တိမ်ကင်းစင်တဲ့ အပြာရောင်မိုးသားတွေရယ်ကို တွေ့ရပါတယ်။ ကျွန်တော်လည်း မြို့ခံလူရွယ်နဲ့ဘုန်းကြီးတစ်ပါးရဲ့ ရှင်းပြတာကို နားထောင်နေပြီး ခဏကြာတော့ ဓမ္မာရုံရဲ့ အလင်းဝင်တဲ့ တံခါးပေါက်တွေကို တစ်ခုစီလိုက်ပြီး ပိတ်နေတာ တွေ့ရပါတော့တယ်။ ပြတင်းပေါက် တံခါးအားလုံး ပိတ်လိုက်ပေမယ့် ဘုရားကို လှမ်းမြင်နေရတဲ့ ခုနက ပိတ်စခင်းထားတဲ့ ပြတင်းပေါက်တစ်ပေါက်ပဲ မပိတ်ဘဲ ကျန်နေတာ တွေ့ရပါတယ်။ အဲဒီအလင်းရောင် တစ်ခုတည်းဝင်တဲ့ ပြတင်းပေါက်ကို နည်းနည်း စေ့လိုက်တယ်ဆိုရင်ပဲ ပြတင်းပေါက်ရဲ့ ရှေ့က ဘုရားစေတီတော်ရဲ့ပုံတော်ကို မိုးကောင်းကင်အပြာရောင်နောက်ခံမှာ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့ရတော့တာပါပဲ။ သမံတလင်းကြမ်းပြင်ပေါ်က ပိတ်စအဖြူပေါ်မှာ ရွှေရောင်စေတီတော်ရဲ့ ပုံရိပ်ကို (Focus) ပြတ်သားစွာ မြင်ရပါတယ်။ ပြတင်းပေါက်တံခါးက ပိတ်လှစ်စဲဖြစ်နေပြီမို့ ဓမ္မာရုံတစ်ခုလုံးအတွင်း မှောင်နေပေမယ့် ပိတ်စအဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပေါ်က စေတီတော်က ထင်ရှားစွာ ပေါ်နေတာကို ထူးဆန်း အံ့သြဘွယ် ဖူးတွေ့ရပါတယ်။ ဘုန်းကြီးက ရှင်းပြရာမှာ အနုလို ပုံ ရိပ်ပေါ်နေချိန်မှာ စေတီတော်ပေါ်ကို ကိုရင်ငယ် လေးတွေဖြတ်ပြေး နေတာ၊ ငှက်များပျံနေတာ တွေကြုံရပါက၊ ပိတ်စအဖြူပေါ်မှာပါ ကိုရင်ငယ်ရဲ့ပုံ၊ ငှက်များပျံနေသည်တို့ကို တွေ့နိုင်ကြောင်း ရှင်းပြပါ တယ်။ ပုံရိပ်ပေါ်တာကလည်း ထူးဆန်းစွာ လူ၊ အရာဝတ္ထု စသည်တို့ ကို မှန်နဲ့ထောင်ကြည့်သလို၊ နေရောင်ထိုးလို့ အရိပ်ပေါ်သလိုမဟုတ် ဘဲ အတည့်ပေါ်တာကိုလည်း အံ့သြစွာ တွေ့ရပါတယ်။ ကျွန်တော်မြင် ခဲ့ဖူးတဲ့အရိပ်တွေက လူပုံ အရိပ်ပေါ်ခဲ့ရင် လူခြေထောက်အတိုင်း အရိပ်က အောက်ခြေအနီးမှာရှိနေပြီး ခပ်ဝေးဝေးမှာ လူဦးခေါင်း အရိပ်ကျရမှာ ထုံးစံပါ။ အခုတော့ ရူပဗေဒ သဘောတရားတွေလည်း သတိမပြုမိတော့လောက်အောင် ထူးဆန်းစွာ ဘုရားစေတီရဲ့ ဓါတ်ပုံ တစ်ခု ဘုရားရဲ့ရှေ့မှာ ချထားသလို စိန်ဖူးတော်က ဘုရားဘက်မှာ ရှိနေပြီး အောက်ခြေက စေတီရံလေးတွေက အဲဒီပုံရိပ်ကို ဖူးနေတဲ့ ကျွန်တော်တို့ရဲ့ရှေ့မှာ နီးကပ်စွာ ရှိနေတာကြောင့် အလင်း ပြန်ခြင်းနိယာမတို့၊ ဆုံမှတ်တို့၊ ယိုင်ညွှန်းကိန်းတို့ စတဲ့ သင်ဖူးခဲ့တဲ့ ရူပဗေဒတွေလည်း ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ တကယ်တော့ အင်္ဂလိပ် အက္ခရာ A ကို မြေကြီးပေါ်မှာထောင်ပြီး ရောင်ပြန်ဟပ်မယ်၊ ပုံရိပ်ထင်စေမယ်ဆိုရင် A ကို ပုံရိပ်မှာ A ပြောင်း ပြန်ပေါ်တာက သဘာဝကျမှာပါ။ အခုတော့ A ဆိုတဲ့ အက္ခရာက မြေကြီးပေါ်ကို ရောင်ပြန်ပုံရိပ်ထင်တော့ A အတိုင်း ပုံရိပ်ထင်သလို ဖြစ်နေတယ်။ ပုံရိပ်ကလည်း အဖြူ အမည်း မဟုတ်ဘဲ ရောင်စုံပုံရိပ် ရုပ်ရှင်ပြသလို မြင်နေရတော့ တကယ်သာ သိပ္ပံပညာရှင်တွေ ရူပဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တွေ၊ ကူမဲမြို့က ထူပါရုံဘုရားရဲ့ လူတိုင်းမသိကြသေးတဲ့ ထူးဆန်းအံ့ဩဘွယ် ဖြစ်ရပ်ကို စနစ်တကျ သွားရောက်လေ့လာဖြစ်ခဲ့ရင် ကျွန်တော်တို့လို သာမန်လူတွေမသိတဲ့ ပုံရိပ်ပေါ်တဲ့စနစ် ဖြစ်နေတဲ့ သဘာဝတရားကို ပြန်ပြီး ရှင်းပြနိုင်ကြမလား။

ဒါမှမဟုတ် မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေ ဘုရားဖူးခရီးထွက်ကြတဲ့ ဘုရားဖူးအဖွဲ့တွေလည်း ကူမဲမြို့ကိုဝင်ပြီး ပုံရိပ်အတည့်ပေါ်တဲ့ ဘုရားစေတီရဲ့ ထူခြားတန်ခိုးပြဖြစ်ရပ်ကို မျက်မြင်ကိုယ်တွေ့အနေနဲ့ ကုသိုလ်ယူကြမလား။

သိပ္ပံပညာ၊ ဝိဇ္ဇာပညာ ဘယ်ဘက်ကပဲ တွေးကြည့်ကြည့် သုတေသနပြုကြည့်ကြည့် အကျိုးအမြတ်တစ်ခုတော့ မလွဲမသွေ ရနိုင်တယ်လို့ ယုံကြည်မိတာကြောင့် ကျွန်တော့်မှာ ပါလာတဲ့ တယ်လီဖုန်းကင်မရာနဲ့ မှတ်တမ်းတင်ဗီဒီယိုဓါတ်ပုံရိုက်ဖို့ ဆရာတော်ကြီးထံမှာ ခွင့်ပြုချက်တောင်းခံပြီး ကူမဲမြို့ ထူပါရုံဘုရားရဲ့ ထူးခြားတဲ့ ပုံရိပ်တော်အကြောင်းကို မသိလိုက်သေးသူများ တွေ့မြင် ကုသိုလ်ယူနိုင်ကြစေရန် တတ်အားသမျှ ဓမ္မဒါနအနေနဲ့ ဖေါ်ထုတ်ရေးသားလိုက်ရပါတယ်။ (နေ့လည် (၁၂)နာရီကျော်ခဲ့ရင် ဘုရားရဲ့ပုံရိပ်ရှင်က အဖြူအမည်း ဖြစ်သွားတာကိုလည်း ထူးဆန်းစွာကြားသိခဲ့ရပေမယ့် ဓါတ်ပုံမှတ်တမ်း မတင်ဖြစ်ခဲ့ပါ)

ဘာသာရေးစာရေးဆရာများကိုယ်တိုင် ဖူးမြော်ပြီး ဘာသာရေး မဂ္ဂဇင်းများတွင် ဖေါ်ပြကြမည်ဆိုပါက ဗုဒ္ဓဘာသာဝင်များအနေနဲ့ ဂုဏ်ယူဘွယ်ရာ သာသနာရေးဖြစ်ရပ်တစ်ခုအဖြစ် ကြည်နူးသဒ္ဓါ ပွား များနိုင်ကြပါစေလို့ ဆုတောင်းရင်း ကူမဲမြို့ရောက်ခိုက် ဖူးလိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဇော် (Lazy Club)


ထူးဆန်းတဲ့ ဘုရားပုံရိပ်တော်အကြောင်း အမှတ်တရ ရေးသားလိုက်ရပါတယ်။

၂ ရက်၊ ဇူလိုင်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.249



www.burmeseclassic.com

www.burmeseclassic.com




# ကျွန်တော်နှင့် မင်္ဂလာအခမ်းအနားမှူးများ

www.burmeseclassic.com

www.burmeseclassic.com

အခုတစ်လော ခေတ်စားနေတဲ့ Live Show ဗီစီဒီ ရိုက်ကူးရေးအစီအစဉ်တွေ ဟိုတယ်တွေမှာ ပြုလုပ်တဲ့ အခမ်းအနားတွေမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေအကြောင်း ကျွန်တော်သိသလောက် ရေးပြချင်ပါတယ်။

သူတို့ရဲ့ ပုဂ္ဂိုလ်ရေးအဖြစ်အပျက်လေးတွေ၊ မတော်တဆဖြစ်သွားတဲ့ အဖြစ်အပျက်လေးတွေက ပရိသတ်တွေ မသိလိုက်တဲ့ နောက်ကွယ်က ဖြစ်ရပ်လေးတွေဖြစ်ပေမယ့် ကြားမိ၊ မြင်မိတဲ့ ကျွန်တော့်အတွက်တော့ စာဖတ်ပရိသတ်တွေသာ သိသွားရင် တစ်ခုခုတော့ ဗဟုသုတ ရသွားကြမယ်လို့ ထင်မြင်မိတာကြောင့် အခမ်းအနားမှူး



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ ပုဂ္ဂိုလ်တွေကို (လူချင်းခင်မင်မှုကြောင့်) တွေ့တိုင်း မေးဖြစ်၊ အင်တာဗျူး လုပ်ဖြစ်ခဲ့ပါတယ်။ အဲဒီအကြောင်းလေးတွေ တင်ပြချင်ပါတယ်။

တစ်ခါတစ်ခါ မင်္ဂလာဆောင်တွေမှာလည်း အခမ်းအနားမှူး လုပ်ရတာ မလွယ်ပါဘူး။ တရုတ်မင်္ဂလာအခမ်းအနားတစ်ခု (မေဟွား) ခန်းမမှာ လုပ်တုန်းက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုကို တင်ပြချင်ပါတယ်။

မင်္ဂလာပွဲ စတော့မယ်ဆိုပြီး အဆိုတော်တစ်ယောက်က သီချင်းဆိုအပြီးမှာ တီးဝိုင်းကို ခဏ ရပ်လိုက်ပါတယ်။ ပြီးတော့မှ မင်္ဂလာအခမ်းအနားမှူး (အမျိုးသမီး)ကို နာမည်ခေါ်ပြီး စင်မြင့်ဆီ ကိုလာဖို့ ဖိတ်လိုက်ပါတယ်။ အဲဒီမှာ အပေါ်ထပ်က လှေခါးကြီးဟာ တီးလုံးသံနဲ့အတူ အပေါ်က ကျလာပါတယ်။ အဲဒီအမျိုးသမီး အခမ်းအနားမှူးလည်း အပေါ်ထပ်လှေခါးကနေ ဆင်းလာပြီး၊ ပရိသတ်တွေကြားက ဖြတ်ပြီး လမ်းလျှောက်လာပါတယ်။ စင်မြင့်ပေါ်တက်လာပြီး ပရိသတ်ကို အရိုအသေပေးပြီးတော့မှ မင်္ဂလာအခမ်းအနား အစီအစဉ် အကြောင်းပြောမယ်ဆိုပြီး သူ့လက်ထဲက ကိုင်လာတဲ့ မင်္ဂလာဖိတ်စာ စာရွက်ကလေးကို ဖွင့်လိုက်တော့မှ ခေါင်းမွေးတွေထောင်မတတ် လန့်ဖြန့်သွားတော့တာပါပဲ။ သူ့ရဲ့လက်ထဲမှာ မင်္ဂလာဖိတ်စာရဲ့ အပေါ်ခြမ်းပဲ ပါလာပြီး အလယ်ခေါင်က မင်္ဂလာအစီအစဉ်စာရွက် ပြုတ်ကျ ကျန်ခဲ့လို့ပါ။ သူက အဲဒီဖိတ်စာကြည့်ပြီးမှ နေရပ်လိပ်စာ၊ အဖေ၊ အမေနာမည်နဲ့ ပြောရမှာဖြစ်လို့ အဲဒီ သူ့ရဲ့စာရွက်ကျန်ခဲ့တော့ ဘယ်လိုမှ သတို့သား၊ သတို့သမီးရဲ့ အချက်အလက်တွေကို မသိတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဒါကြောင့် ချက်ချင်းပဲ ပရိသတ်ကို ပြန်အရှိအသေပေးပြီး သူလာရာလမ်းအတိုင်း ပြန်တက်ပြေးသွားရတာမျိုးကို ပရိသတ်တွေက တအံ့တဩ ကြည့်ရတဲ့အဖြစ်မျိုးတွေ ရှိခဲ့ဖူးပါတယ်။

ဟာသသရုပ်ဆောင် ကိုအရိုင်းရဲ့ ပြောပြချက်လေး တစ်ခုကို လည်း ကျွန်တော် ကြားဖူးသလောက် ရေးပြချင်ပါတယ်။

သူ (ကိုအရိုင်း) အခမ်းအနားမှူးလုပ်နေတဲ့ Live Show ပွဲတစ်ခုမှာ သရုပ်ဆောင်တစ်ယောက်လည်း စင်ပေါ်တက်လာပြီး စကားတက်ပြောပါတယ်။ သူကလည်း ဟာသတွေပြောပြီး ကိုအရိုင်း ကို ပညာပေးပါတော့တယ်။ ကိုအရိုင်းလည်း တတ်နိုင်သလောက် တော့ သည်းခံပြီး လိုက်လျောပါတယ်။ နောက်ဆုံး သူ့ဘက်က သည်းခံနိုင်စွမ်း ကျော်သွားတဲ့အချိန်မှာ အဲဒီသရုပ်ဆောင်က အဆို တော်ကို သူက ခေါ်ပေးမယ်ဆိုပြီး ကိုအရိုင်းကို 'ကဲ–ကိုအရိုင်းရေ၊ အခုသီဆိုမယ့်သူကို ကျွန်တော်ခေါ်ပေးမယ်၊ အင်္ဂလိပ်လိုခေါ်ရမလား၊ မြန်မာလိုခေါ်ရမလား' ဆိုပြီး၊ မေးလိုက်ပါတယ်။ အဲဒီမှာ ကိုအရိုင်း လည်း (အခွင့်အရေးစောင့်နေသူပီပီ) 'အစ်ကိုကြီးက အင်္ဂလိပ်လိုမှ မပြောတတ်တာ၊ မြန်မာလိုပဲခေါ်လိုက်ပါ' ဆိုပြီး၊ ပွဲသိမ်းကိုးသွင်း လိုက်ရတာကို အားနာနာနဲ့ ကျွန်တော့်ကို ပြန်ပြောပြခဲ့တာ ကြားရ တော့ အခမ်းအနားမှူး လုပ်တော့မယ်ဆိုခဲ့ရင် ကိုယ်ခံပညာလည်း တတ်ဖို့တော့ လိုလိမ့်မယ်လို့ မှတ်ထားခဲ့ဖူးပါတယ်။

မင်္ဂလာအခမ်းအနားမှူးတွေထဲက ကျွန်တော်နဲ့ လူချင်းခင်မင် တဲ့ အစ်ကိုကြီးတစ်ယောက် ရှိပါတယ်။ သူကတော့ မြန်မာ့ရုပ် မြင်သံကြားမှာ (ယခင်က) အစီအစဉ်ကြေငြာသူတစ်ယောက် ဖြစ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး (ဦး)သိန်းလှမော်ဖြစ်ပါတယ်။ ဦးသိန်းလှမော်ဟာ အစီအစဉ်ကြေငြာရာမှာရော၊ မင်္ဂလာအခမ်းအနားမှူး လုပ်ရာမှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးဆေးဆေး ဆောင်ရွက်သူဖြစ်ပေမယ့် အပြင်မှာ လူချင်းတွေ့ကြရင် ရယ်စရာတွေပြောပြီး၊ ပျော်ပျော်နေတတ်တဲ့ (ဇဝနဉာဏ်) ရှိသူတစ်ယောက်ဖြစ်တယ်လို့ ကျွန်တော် မြင်မိပါတယ်။

သူက အတည်ပေါက်နဲ့ ရယ်စရာ ပြောတတ်ပါတယ်။ တစ်ခါက မင်္ဂလာပွဲအပြီး 'ရွှေခေါင်းလောင်း' လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နဲ့ သူငယ်ချင်းတွေ ထိုင်နေကြတုန်း သူ ရောက်လာပါတယ်။ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်ကြပြီး၊ ကျွန်တော်ဝယ်လာတဲ့ဂျာနယ်ကို ယူဖတ်ပါတယ်။ အဲဒီဂျာနယ်က မြရိပ်ညိုစတိတ်ရှိုးမှာ ကျွန်တော် ဂစ်တာလက်တံ သုံးချောင်းပါတဲ့ ဂစ်တာကြီးလွယ်ပြီး တီးနေတဲ့ဓါတ်ပုံ ပါလာတယ်။ ဦးသိန်းလှမော်က အဲဒီ Neck သုံးချောင်းနဲ့ ဂစ်တာကြီး ကိုကြည့်ပြီး 'ထပ်သရီး' ဆိုပြီး ကုလားလိုပြောပါတယ်။ တကယ်တော့ သုံးထပ်ဂစ်တာဆိုတာကို ရုတ်တရက် ကုလားလို 'ထပ်သရီး'ဆိုပြီး နွဲ့ရှာတဲ့ပုံစံနဲ့ စတာပါ။ ကျွန်တော်က သူ့ရဲ့ရုတ်တရက် စ,တတ်တဲ့ ဇဝနဉာဏ်ကို သဘောကျလိုက်လို့ ဥပမာအဖြစ် ရေးပြတာပါ။

ဦးသိန်းလှမော်ဆီက အခမ်းအနားမှူးအဖြစ် လုပ်တုန်း လွဲချော်တာတွေရှိခဲ့သလား ဆိုပြီး မေးဖြစ်ခဲ့ပါတယ်။ သူက ပြောပြဖူးတာလေးတွေကို ပရိသတ်ဆီ တင်ပြချင်ပါတယ်။

တစ်ခါက မင်္ဂလာပွဲတစ်ခုမှာ သူ အခမ်းအနားမှူးလုပ်ပြီး သတို့သား၊ သတို့သမီးကို မင်္ဂလာစင်မြင့်ဆီကို ခေါ်လိုက်ပါရော၊ အဲဒီမှာ သတို့သားက ခြေလှမ်း,လှမ်းလိုက်တိုင်း လူတွေက ငိုး ရယ်



www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သတို့သားက သူ့ရဲ့ပုဆိုး တောင်ရှည်ကို သေသေချာချာ ဝတ်မထား၊ ပတ်မထားတဲ့အတွက် သူ လမ်းလျှောက်လိုက်တိုင်း တောင်ရှည်ပုဆိုးက ဟ,ဟ သွားပြီး တွယ် ထားတဲ့ချိတ်ကလည်းမရှိလို့ ပေါင်ရင်းအထိ ပေါ်သွားပြီး (ကန်တော့ ပါရဲ့) အတွင်းခံဘောင်းဘီပါ လူတွေမြင်ကြလို့ သတို့သားကို ဝိုင်းရယ်နေကြတာ ဖြစ်နေတော့တာပါပဲ။

မင်္ဂလာပွဲတစ်ခုမှာလည်း သတို့သမီးရဲ့ ဦးလေးဆိုသူတစ် ယောက်က ဘိသိက်ဆရာ (နယ်မြို့တစ်မြို့က) ဖြစ်လို့ (ဦးသိန်း လှမော်)ကို ကူညီပြီး၊ အခမ်းအနားမှူးလုပ်ပေးပါရစေ ဆိုတော့ သူလည်း လက်ခံလိုက်ပါတယ်။ တကယ်လည်း အခမ်းအနား စ,တော့ မယ်ဆိုတော့ ဘိသိက်ဆရာ၊ ဦးလေးကြီးက သတို့သား၊ သတို့သမီး အားလုံး ဘယ်လို ပွဲထွက်ရမယ်ဆိုတာ သင်ပေးပြီးပြီဖြစ်ကြောင်း တန်းစီပြီး မတ်တပ်ရပ်စောင့်ခိုင်းထားပြီးဖြစ်လို့ ဦးသိန်းလှမော်လည်း မင်္ဂလာစင်မြင့်ဆီကို တစ်ယောက်တည်း လျှောက်သွားပါတယ်။ သူ ခေါ်လိုက်မှ သတို့သား၊ သတို့သမီးနဲ့ မိဘတွေအားလုံး အခါတော် ပေးတီးလုံးနဲ့ မင်္ဂလာစင်မြင့်ဆီ လျှောက်လာခဲ့တဲ့လမ်းမှာ ပရိသတ် တွေကြားက ဖြတ်သွားရတော့ မွဲတက်တဲ့ပရိသတ်ရဲ့ ရယ်သံတချို့ ကြားရတဲ့အတွက် သိပ်မသင်္ကာပါဘူး။ ဒါ့နဲ့ ခပ်တည်တည်ပဲ လျှောက်သွားပါတယ်။ စင်မြင့်ပေါ်တက်ခါနီး စိတ်မချလို့ နောက် မှာ ဘာတွေဖြစ်နေသလဲမသိဘူး၊ လူသံတွေကြားရတယ်ဆိုပြီး လှည့် ကြည့်လိုက်တော့ သူ့နောက်မှာ ရထားတွဲကြီးလို ပန်းကြဲသူတွေ၊ သတို့သား၊ သတို့သမီးတွေ၊ မိဘတွေ တစ်ပြုံကြီး လိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်တော့ သူလည်း လန့်သွားပါတယ်။ သူမခေါ်သေးဘဲ ဘာဖြစ်လို့ လိုက်လာကြသလဲ ကြည့်လိုက်တော့မှ (နယ်မြို့ဘိသိတ်ဆရာကြီးက) ဦးသိန်းလှမော်နောက်က အားလုံးလိုက်ကြတော့လို့ အချက်ပြလိုက်လို့ ဘုမသိ၊ ဘမသိနဲ့ မင်္ဂလာသတို့သား၊ သတို့သမီးလည်း လိုက်လာကြတာ ဖြစ်နေလို့ပါ။ ဒါနဲ့ပဲ အဲဒီပွဲလည်း အခါတော်သီချင်းမတီးရဘဲ အခြောက်တိုက် ပွဲထွက်ခဲ့ရပါတယ်။

နောက်ထပ်ရေးပြချင်တဲ့ မင်္ဂလာဘိသိတ်ဆရာကြီး တစ်ယောက်ကတော့ ရေဒီယိုအဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် ကိုရန်ပိုင်စိုးပါပဲ။

ကိုရန်ပိုင်စိုးက မင်္ဂလာအခမ်းအနားမှူးလုပ်တဲ့အလုပ်လည်း ထပ်တိုးလာတော့ ဂုဏ်ပုဒ်တွေက ခပ်များများပါပဲ။ ဂီတအစည်းအရုံး (မြန်မာနိုင်ငံ)မှာလည်း တွဲဖက်အတွင်းရေးမှူး (၂)တာဝန်ကို ယူထားပါတယ်။ တစ်ရက်မှာ တာမွေမြို့နယ်မှာရှိတဲ့ မြန်မာနိုင်ငံဂီတအစည်းအရုံးကို ကျွန်တော် ရောက်သွားပါတယ်။ ကိုရန်ပိုင်စိုးရဲ့ရုံးခန်းထဲကို ကျွန်တော်ရောက်သွားတော့ ကျွန်တော့်ကို ကော်ဖီတွေ၊ ဘာတွေ တိုက်ပြီး သေသေချာချာ ဧည့်ခံပါတယ်။ ပြီးတော့မှ ကျွန်တော် သူ့ဆီလာရတဲ့ရည်ရွယ်ချက်ကို ဂီတကိစ္စထင်ပြီး မေးပါတယ်။ ကျွန်တော်က ကိုရန်ပိုင်စိုးကို မေးစရာလေးရှိလို့ လာတာပါ။ ကျွန်တော် မင်္ဂလာအခမ်းအနားမှူးများအကြောင်း ဆောင်းပါးရေးချင်လို့ ကိုရန်ပိုင်စိုးဆီက အဖြစ်အပျက်တချို့ကို တစ်ဆင့် ကြားဖူးပါတယ်။ သေချာလား၊ တကယ်အဖြစ်အပျက်ဆိုတာလား သိချင်လို့ အတည်ပြုပြောပြပါဆိုပြီး အင်တာဗျူး ဝင်လုပ်ခဲ့ပါတယ်။ အဲဒီမှာ ကိုရန်ပိုင်စိုးက



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာအပြည့်နဲ့ ကျွန်တော့်ကို ရှင်းပြခဲ့ပါတယ်။

သူပြောပြတဲ့အထဲက နှစ်ချက်ကို ကျွန်တော် ပြန်ရေးပြချင်ပါတယ်။

ပထမ အဖြစ်အပျက်တစ်ခုက ကိုရန်ပိုင်စိုး အခမ်းအနားမှူးလုပ်တဲ့ မင်္ဂလာပွဲတစ်ခုမှာ ဌာနဆိုင်ရာ(အရာရှိတစ်ဦး)က လာပြီး လက်ထပ်လက်စွပ်ဝတ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကိုရန်ပိုင်စိုးလည်း လက်စွပ်ဝတ်ပေးဖို့ အရာရှိအန်ကယ်ကြီးကို ခေါ်လိုက်ပါတယ်။

စင်ပေါ်ရောက်လာတော့ အရာရှိအန်ကယ်ကြီးက သူ့ကို နှုတ်ဆက်ပြီး သတို့သားနဲ့ သတို့သမီးကို မင်္ဂလာလက်စွပ်ဝတ်ပေးဖို့ လက်စွပ်ဘူးကို ယူပြီး ဖွင့်လိုက်ပါတယ်။ အဲဒီမှာ အန်ကယ်ကြီး မျက်လုံးပြူးသွားပါတယ်။ ဘာလို့လဲဆိုတော့ လက်စွပ်ထည့်တဲ့ဘူးထဲမှာ လက်စွပ် ပါမလာလို့ပါမဲ့။ မင်္ဂလာပွဲရှင်တွေက မေ့ပြီးကျန်ခဲ့တာပါ။ ဒါပေမယ့် လက်စွပ်ဝတ်ပေးရမယ့် အန်ကယ်ကြီးက ဘာလုပ်ရမှန်း မသိတော့ဘူး ဖြစ်နေပါတယ်။

ကင်မရာမင်းတွေ၊ ဗီဒီယိုရိုက်သူတွေကလည်း ရိုက်နေကြပါတယ်။ ဒါကြောင့် ကိုရန်ပိုင်စိုးက 'အန်ကယ် ဘာမှမရှိတဲ့ဘူးထဲက လက်စွပ်ရှိသလို ဟန်ဆောင်ပြီး ထုတ်လိုက်၊ ပြီးတော့ လက်ထဲက လက်စွပ်(ရှိသလို)နဲ့ သတို့သမီး၊ သတို့သားလက်ထဲကို ဝတ်ပေးချင်ယောင် ဆောင်လိုက်ပါ' လို ရုတ်တရက် (ရုပ်ရှင်သရုပ်ဆောင်ပီပီ) အိုက်တင်လုပ်ဖို့ သင်ပေးလိုက်မှ လက်စွပ်ဝတ်ပေးရမယ့် အန်ကယ်ကြီးလည်း သဘောပေါက်သွားပြီး၊ ဘာမှမရှိတဲ့လက်စွပ်ကို ရှိသလို ဟန်ဆောင်ပြီး ဝတ်ပေးလိုက်မှ အဆင်ပြေသွားပါတယ်။ ကင်မရာမင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ခါတ်ပုံတွေ တဖျတ်ဖျတ် ရိုက်ကြတာပေါ့။

သူပြောပြတဲ့ ဒုတိယအဖြစ်အပျက်တစ်ခုကတော့ ဆင်ခြေဖုံးမြို့နယ်တွေမှာ အခမ်းအနားမှူးသွားလုပ်ရတဲ့ ပွဲတွေဆိုရင် တီးဝိုင်းမရှိတဲ့၊ မပါတဲ့အတွက် မင်္ဂလာစကားပြောပြီးလို့ သတို့သား၊ သတို့သမီးကို စင်မြင့်ပေါ် ဖိတ်ခေါ်မယ်ဆိုရင် ခြောက်ကပ်ကပ်ကြီး တီးလုံးမပါဘဲ ပွဲထွက်ကြတာမျိုး ဖြစ်လေ့ရှိတော့ အဲဒီအခက်အခဲကို ဖြေရှင်းတဲ့အနေနဲ့ မင်္ဂလာသီချင်း (အခါတော်ပေး)ကို အဆိုတော် တင်တင်မြ၊ ဟေမာနေဝင်း၊ စိုးစန္ဒာထွန်း စသဖြင့် အဆိုတော်တွေရဲ့ ဆိုထားတဲ့ ကက်ဆက်ခွေလေးကို ယူသွားပေးလေ့ ရှိပါတယ်။ မင်္ဂလာရှင်တွေကို ပွဲထွက်ဖို့ တီးဝိုင်း၊ အဆိုတော် ပါလားမေးပြီး မပါခဲ့ရင် သူယူခဲ့တဲ့ ကက်ဆက်ခွေထဲက ကြိုက်တဲ့အဆိုတော်ရဲ့ အသံနဲ့ပွဲထွက်ဖို့ ဖွင့်ခိုင်းလိုက်ရုံပါပဲ။

အဲဒီလိုအဆင်ပြေအောင်လုပ်ပေးဖို့ သူတတ်နိုင်သလောက် ကြိုးစားထားလို့ ဆင်ခြေဖုံးမြို့နယ်တစ်ခုက မင်္ဂလာဆောင်တစ်ခု ရောက်သွားတဲ့အခါ၊ အခါတော်သီချင်းဆိုပေးမယ့် အဆိုတော်နဲ့၊ တီးဝိုင်း မငှားထားတဲ့အကြောင်း၊ မင်္ဂလာပွဲရှင်တွေက ပြောပြလို့ သူ့ကက်ဆက်ခွေလေးကို ဖွင့်ပေးဖို့ အသံချဲ့စက်ဆရာကို သွားပေးပါတယ်။ စက်ဆရာကို သူက 'ညီလေး၊ ဒီသီချင်းခွေလေးကို ပွဲစ,မယ်ဆိုရင် ဖွင့်ပေးပါကွာ' လို့ ရိုရိုသေသေ ပေးပါတယ်။ စက်ဆရာက သူ့မျက်နှာကို ပြန်ကြည့်ပြီး၊ လက်က စားပွဲခုံကို တောက်နေပါတယ်။ ပါးစပ်ကလည်း လေချွန်နေပါတယ်။ ခြေတစ်ဖက်ကလည်း၊ ဒူးပေါ် ကန့်လန့်တင်ထားပြီး၊ မထီလေးစားနဲ့ သူ့ကို ပြန်ကြည့်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ 'ကက်ဆက်ခွေခေတ် ကုန်သွားပြီ ကျွန်တော့်စက်မှာ ကက်ဆက်မပါဘူး။ ဒီဗီဒီစက်ပဲ ပါတယ်၊ သီချင်းလည်း ဗီစီဒီခွေပဲ သုံးတယ်' ဆိုပြီး မထိလေးစား ပြန်ဖြေပါတယ်။ ကိုရန်ပိုင်စိုးလည်း စက်ဆရာရဲ့အမူအရာကို မကြိုက်ပေမယ့် သူ့ဘက်က ခေတ်မမီတော့တာကိုဝန်ခံပြီး 'ကိုယ်က ကက်ဆက်ခွေပဲပါလာလို့ ဆောရီးပါပဲ ညီလေးရာ၊ အဲဒီတော့ ပွဲစမယ်ဆိုရင် ကိုယ်အချက်ပြလိုက်မယ်၊ ညီလေးက မင်္ဂလာသီချင်း ဖွင့်ပေးပါ' လို့ပဲ ပြောခဲ့ပါတယ်။ အဲဒီ ဗီစီဒီကလည်း ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ မင်္ဂလာအခမ်းအနားခွေ (မူရင်း)ပါ။ ဒါကြောင့် သူဖွင့်ချင်တဲ့ သီချင်းနံပါတ်ကိုပဲ ပြောခဲ့ပါတယ်။

တကယ် ပွဲထွက်ရမယ့်အချိန်မှာ သတို့သား၊ သတို့သမီးက မြက်ခင်းပြင်လေးမှာ နေရာယူပြီးပါပြီ။ ဒါနဲ့ သူက စက်ဆရာကို ဖွင့်တော့လို့ အချက်ပြလိုက်ပါတယ်။ အဲဒီမှာ စက်ဆရာက သူ့ထုံးစံအတိုင်း လေချွန်ပြီး နံပါတ်နှိပ်လိုက်ပါတယ်။ သတို့သားနဲ့ သတို့သမီးလည်း တောင်ကုန်းလေးအတိုင်း ပရိသတ်တွေဘက်ကို လာနေတော့ ခေါင်းပေါင်းလေးက တဖြည်းဖြည်းနဲ့ မြင့်တက်လာပါတယ်။ တီးလုံးက မထွက်သေးပါဘူး။ ဒါကြောင့် စက်ဆရာကို ဘယ်လိုလဲ မေးငေါ့ ပြပါတယ်။ စက်ဆရာကလည်း ဒီဗီဒီစက်ကို လက်ညှိုးထိုးပြပြီး လေချွန်နေပါတယ်။ ဒူးကလည်း နှံ့နေပါတယ်။ သတို့သား၊ သတို့သမီးလည်း ပရိသတ်ကတွေ့ရတဲ့အချိန်မှာ အသံကြားရပါတော့တယ်။ 'အရှင်ရက္ခစိုးနတ်မင်းကြီး၊ ကျွန်တော့ရဲ့သားလေး အရှင်ရက္ခစိုးနတ်မင်းရဲ့ ညောင်ပင်အောက်မှာ အပေါ်သွားခဲ့တဲ့အတွက် ...'



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ယင်လုံအိမ်သာဆောက်လုပ်ရမယ့် ပညာပေးပြကွက်ပါတဲ့ အသံ ထွက်လာပါတယ်။ အဲဒီမှာ အသံချဲ့စက်ဆရာလည်း ဒုက္ခ ရောက်တော့တာပါပဲ သူက သီချင်းနံပါတ်(၆)ဆိုရင် ဗီစီဒီမှာက အဲဒီနံပါတ်အတိုင်း သီချင်းမထွက်ပါဘူး။ အကျိုးပြု အစီအစဉ် တွေပါရင် နံပါတ်တွေ လွဲကုန်တတ်ပါတယ်။ သူ့ ဒီဗီဒီစက်ကို ကျော်လိုက်တော့လည်း 'ဆရာမ၊ သမီးဗိုက်တွေ၊ အောင့်,အောင့်နေ တယ်' ဆိုတဲ့ ယင်လုံအိမ်သာအကြောင်းပဲ အသံထွက်နေပါတော့ တယ်။ အဲဒီမှာပဲ သတို့သား၊ သတို့သမီးလည်း စိတ်ဆိုးပြီး စင်မြင့်ပေါ် ရောက်ခဲ့ရပါတော့တယ်။ ဒါလေးကတော့ ကိုရန်ပိုင်စိုးပြောပြတဲ့ မင်္ဂလာအခမ်းအနားမှူး အလွဲလေးတွေ ဖြစ်ပါတယ်။

***(ဒီစာလေးကို မွန်ပြည်နယ်၊ လမိုင်းမြို့နယ်၊ လမိုင်းရွာလေးကို Lazy Club စတိတ်ရှိုးပွဲတီးဖို့ ရောက်တုန်း နေ့လည်မှာ အမှတ်တရ ရေးဖြစ်ခဲ့ပါတယ်)***

၂၁–ရက်၊ မေလ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.243



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် နော်လီဇာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တကယ်တမ်း နေပြည်တော် ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို စ,တီးဖြစ်တာက ဥပဒေမေဂျာ၊ တတိယနှစ် ကျောင်းသားဘဝရောက်မှ ဖြစ်ပါတယ်။

ကျွန်တော် ရွှေရှု့ခင်းစားသောက်ဆိုင်မှာ ကီးဘုတ်နဲ့ ဂစ်တာကို ကျောင်းတစ်ဖက်နဲ့ တီးရင်း ဂီတလောကထဲ စတင်ဝင်ခါစမှာ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ မြန်မာသံအဆိုတော်ကြီး ဦးမင်းနောင်ရဲ့သား (ကိုလှင်း)က သူနဲ့နေပြည်တော် ပျဉ်းမနား လိုက်တီးဖို့ခေါ်ပါတယ်။ သူက ဒရမ်တီးတာပါ။ ဒါနဲ့ ဘေ့စ်သမား တစ်ယောက်ခေါ်ခဲ့ပါဆိုလို့ ကျောင်းမှာ ကျွန်တော်နဲ့ မေဂျာတူ



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းငယ်တဲ့ သူငယ်ချင်း တီးဖော်တီးဖက် အောင်အောင် (ရော့ခ် မှုဆိုး) ကို ဘေ့စ်တီးဖို့ အဖော်ခေါ်သွားခဲ့ပါတယ်။

တီးရမယ့် ဓမ္မာရုံအတွက် ကားနဲ့လှည့်ဖျော်ဖြေကြမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့ စတိတ်ရှိုးကားမှာ အဆိုတော်တွေက မှတ်မိ သလောက် နော်လီဇာ၊ ချစ်ကောင်း၊ နီနီဝင်းရွှေ၊ ကိုမှိုး၊ လှဝင်းနွယ် စသဖြင့်ပေါ့။

ကိုညွန့် (ချစ်ကောင်း) ကတော့ (အလှည့်) သီချင်းခွေနဲ့ တစ်နိုင်ငံလုံး သိမ်းပိုက်ထားသူမို့ သူ့ပရိသတ်က အများဆုံးပါပဲ။ အဲဒီလို အဆိုတော်တွေအများကြီးနဲ့ ကိုယ်ဖျော်ဖြေချင်တဲ့ပွဲမှာ ကိုယ်က လည်းတီးချင်၊ လက်စွမ်းပြချင်ဆိုတော့ မောလို့၊ မောရမှန်းတောင် မသိပါဘူး။

တစ်ညလုံး မအိပ်ဘဲ ကားနဲ့လှည့်ပြီး မြို့ထဲမှာတီးခတ်ရင်း မနက်နေထွက်လာတာကို မြင်ဖူးတာ ပထမဆုံးပါပဲ။ မနက် မိုးစင်စင် လည်းလင်းရော ဈေးရှေ့မှာစောင့်နေတဲ့ လူအုပ်ကြီးက လမ်းမအပြည့် ပါပဲ။

သူတို့ရဲ့ထုံးစံတစ်ခုက ဖျော်ဖြေရေးကားတွေ မျက်နှာချင်းဆိုင် ဆုံကြရင် သူ့ကားက အသံချဲ့စက်နဲ့ ကိုယ့်ကားက အသံချဲ့စက်တွေ ပြိုင်ဖွင့်ပြီး တီးကြတာကို ဂုဏ်ယူကြပါတယ်။ ဘယ်သူ့စက်က ပို ကောင်းလို့၊ ဘယ်သူ့စက်က အသံမထွက်ဘူးဆိုပြီး ပြိုင်လေ့ရှိပါ တယ်။ အသံချဲ့စက်တွေက ရန်ကုန်က စက်တွေချည်းပါပဲ။ စက်ဆရာ ချင်းလည်း သိကြပေမယ့် ဘယ်သူ့အသံ ပိုကျယ်သလဲ ပြိုင်လေ့ရှိပါ တယ်။ ကျွန်တော်တို့ရဲ့ မျက်နှာချင်းဆိုင်က ဖျော်ဖြေရေးကားက



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် 'ဇာလီနိုင်'ကို့ သီချင်းဆိုခိုင်းပြီး ကျွန်တော်တို့ကို အသားကုန် နှိပ်ပါတော့တယ်။ ဒါနဲ့ ကျွန်တော်ရဲ့ စက်ဆရာ (ကိုမျိုးအောင်)က သူ့ရဲ့စက်ကို အသားကုန်ဖွင့်ပြီး ပြိုင်တီးဖို့ ကျွန်တော်နဲ့ အောင်အောင်လည်း ကားမောင်းတဲ့အမိုးပေါ်က စင်ပေါ်ပြေးတက်ပြီး အင်ထရို တီးပါတော့တယ်။ သီချင်းဆိုတဲ့ မနော်လီဇာကိုလည်း အပေါ်ကို ခေါ်လာပါတယ်။ မနော်လီဇာကလည်း သီချင်းရဲ့ ရောခ်စည်းချက်အတိုင်း အရှုံးမပေးဘဲ ကပါတော့တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ဆံပင်ရှည်တွေနဲ့ အပြိုင် ဖြကြတော့တာပါဘဲ။ ပရိသတ်ကလည်း နှစ်ဖက်စလုံးက ဖျော်ဖြေရေးကားတွေကို ဝိုင်းပြီး အားပေးနေကြပါတယ်။ (တိုက်ကြက်နှစ်ကောင် ခွပ်တာကို ကြည့်တဲ့သူတွေလိုပေါ့)။

ဖျော်ဖြေရေးကားချင်း နီးလာလေ မျက်နှာချင်းဆိုင်ကကားရဲ့ စပီကာသံတွေက ကိုယ့်ဆီရောက်လာပြီး ကိုယ်တီးတဲ့ အသံတောင် ကိုယ် မကြားရတော့တာဘူး။ သူတို့ဘက်ကလည်း ကျွန်တော်တို့ဘက်လို ဖြစ်မယ်ဆိုတာ သေချာပါတယ်။

ခက်တာက မနော်လီဇာက အသားကုန်က,နေပြီး သီချင်း မဆိုသေးတာပါ။ အင်ထရိုတီးတဲ့ စကေးတွေကလည်း ၅မိနစ်လောက် တီးနေရတော့ လက်လည်းညောင်းနေပါပြီ။ သူ့ကို ကြည့်တော့လည်း၊ က,နေတုန်းပဲ။ အော်ပြောတော့လည်း ကိုယ့်အသံက တစ်ဖက်က ကားရဲ့အသံတွေကို မကျော်နိုင်၊ ဘယ်လိုမှလည်း အချက်ပြပြီး ဆိုခိုင်းတော့ မဆို တော်တော် ဒုက္ခရောက်နေပါတယ်။ သူကလည်း ကိုယ့်ကို တကြည့်ကြည့်နဲ့ က,နေပါတယ်။ ကျွန်တော်လည်း ဘယ်လိုမှ မရတော့တဲ့အဆုံး သူ့အနားကို ပြေးကပ်ပြီး ဂစ်တာကျောချင်းပူးတီး သဖို



www.burmeseclassic.com

www.burmeseclassic.com



ကျောချင်းကပ်တီးတော့ သူက အနားမှာ လာကပါတယ်။ ကျွန်တော်လည်း ပရိသတ်နဲ့ မျက်နှာချင်းဆိုင်က ပြိုင်ဘက်ဖျော်ဖြေရေးအဖွဲ့ မသိအောင် ကျောချင်းကပ်ပြီး 'အစ်မဆိုတော့လေ' ကျွန်တော်တီးရတာ လက်အံ့သေတော့မယ်ဆိုပြီး အော်ပြောရပါတယ်။ အဲဒီတော့မှ သူ (မနော်လီဇာ)က 'ငါလည်း ဆိုချင်လှပါပြီ နင်တို့က ဘာသီချင်းတီးမှန်းမသိလို့ ကနေရတာဟဲ့။ သီချင်းနာမည်ပြော' ဆိုမှ ဘယ်သီချင်းဆိုမယ်ဆိုတာ မပြောမိဘဲ တက်က,ခိုင်းမိတာကို သတိရမိပါတော့တယ်။

ကျွန်တော့်ရဲ့အပြစ်ပါ။ တကယ်တော့ ကျွန်တော်တီးတဲ့ သီချင်းဟာ 'ရက်စက်စွာ ပြုံးတတ်သော' ဆိုတဲ့ အဆိုတော် 'ထူးအိမ်သင်' ရဲ့ သီချင်းပါ။ အင်ထရိုကလည်း ကောဒ်တစ်ခုတည်း တီးရတော့ သူ လည်း သူ့သီချင်းကို မမှတ်မိဘူး ဖြစ်သွားတာပါ။ မနော်လီဇာက အဲဒီသီချင်းကို 'စင်ပေါ်ကကြီတပွဲတော်'လို့ (ထင်ရတဲ့) အခွေထဲမှာ The Ray အဖွဲ့က ပြန်တီးပြီး သီဆိုခဲ့တာပါ။ ဒီပွဲတစ်လျှောက်လည်း တခြားနေရာတွေမှာ အဲဒီသီချင်း ဆိုခဲ့ပါသေးတယ်။ မတိုင်ပင်ပဲ တီးမိတဲ့ နေပြည်တော် – ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ အတွေ့အကြုံလေးတွေပေါ့။ ရှေ့တစ်ပတ်မှာလည်း အဲဒီလိုကိစ္စလေးတွေ ရေးပါဦးမယ်။

၁၂ ရက်၊ ဒီဇင်ဘာလ၊၂၀၀၇ခုနှစ်ထုတ်နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.221



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်တော်နှင့် ခေတ်သစ် ကျိုက်ထီးရိုးဘုရားပူးခြင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ငယ်ငယ်က ကျောင်းမှာသင်ခဲ့ရတဲ့ အလယ်တန်း မြန်မာစာ (စကားပြေ) စာအုပ်ထဲက 'ဆရာကြီး ဦးဖိုးကျား' ရေးတဲ့ 'ကျိုက်ထီးရိုးဘုရားဖူးခြင်း' ဆိုတဲ့ စကားပြေလေးကို အခုထိ မမေ့နိုင်ခဲ့ပါဘူး။ အဲဒီဝတ္ထုလေးကို မမီလိုက်တဲ့၊ မသိတဲ့ လူငယ်စာဖတ်သူတွေသိရအောင် ဇာတ်လမ်းအကျဉ်းလေးကို ပြန်ရှင်းပြချင်ပါတယ်။ 'မောင်ထွန်းမောင်ဆိုတဲ့ လူငယ်လေးဟာ သူငယ်ချင်းတွေနဲ့ ကျိုက်ထီးရိုးဘုရား သွားဖူးကြရာမှာ သူငယ်ချင်းတွေက ဘုရားဖူးဖို့ တောင်ပေါ်တက်ကြပြီး သူကတော့ တောင်ခြေက နေမကောင်းဖြစ်နေတဲ့မြေးအဘိုးကို သနားပြီး လူသားချင်း ကိုယ်ချင်းစာနာစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်တက်ရင် ကုန်ကျမယ့်စရိတ်တွေကို အဲဒီမြေးအဘိုးနဲ့ပဲ ဆေးဝါးကုသ၊ ကျွေးမွေးစောင့်ရှောက်လိုက်လို့ ကျိုက်ထီးရိုးဘုရား မဖူးဖြစ်ဘဲ စိတ်ထဲကပဲ ကန်တော့လိုက်ရတဲ့ အကြောင်းလေးတွေကို သူ့သူငယ်ချင်းရဲ့ ဘုရားဖူးလို့ ရခဲ့တဲ့ကုသိုလ်နဲ့ သူ့ရဲ့ကူညီမှုကြောင့် ရခဲ့တဲ့ကုသိုလ်ကို ဆရာဖြစ်သူက သုံးသပ်ပြထားတဲ့အကြောင်းလေး' ဖြစ်ပါတယ်။

အဲဒီစကားပြေနဲ့တော့ မဆိုင်ပေမယ့် ကျွန်တော့်မှာလည်းငယ်ငယ်က ကျိုက်ထီးရိုး ဘုရားဖူးဖို့သွားရင်း ကြုံခဲ့ရတဲ့ 'ခေတ်သစ်ကျိုက်ထီးရိုးဘုရားဖူးခြင်း' လို့ နာမည်တပ်ရမယ့် အကြောင်းလေးတစ်ခုကိုတော့ ကိုယ့်အကြောင်းကိုယ် ပြန်ရေးချင်ပါတယ်။

ကျွန်တော် ၁၀တန်းအောင်ပြီးလို့ တက္ကသိုလ်မတက်မီအားလပ်ရက်မှာ သူငယ်ချင်းတွေနဲ့ ကျိုက်ထီးရိုးဘုရားဖူးကြဖို့ တိုင်ပင်ပြီး ပိုက်ဆံစု ဘုရားဖူးခရီးထွက်ဖြစ်ခဲ့ပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ဒီဇင်ဘာလ ၃၁ ရက်နေ့ ဖြစ်ပါတယ်။ မနက်အစောကြီး ၃နာရီလောက် အိပ်ယာထ၊ လူစု၊ ရန်ကုန်ဘူတာကြီးကိုသွားကြ၊ ကျိုက်ထိုအထိ မီးရထားစီးပြီးမှ ဘူတာရုံကနေ ကင်ပွန်းစခန်းတောင်ခြေအထိသွားတဲ့ ခရီးသည်တင်ကားကို စုပြုံလိုက်ကြ တောင်ခြေမှာ ခေတ္တနားပြီးမှ တောင်ပေါ်ကို ခြေလျင်တက်ကြပါတယ်။ လူကလည်းငယ် ပိုက်ဆံကလည်းမရှိကြတော့ ရန်ကုန်ကနေ ကျိုက်ထီးရိုးအထိသွားတဲ့ ဘုရားဖူးကားတွေတောင် မစီးနိုင်လို့ ပိုက်ဆံသက်သာတဲ့ ရထားနဲ့ပဲ ကျိုက်ထီးရိုးရောက်အောင် ခဲရာခဲဆစ်သွားကြရပါတယ်။ လမ်းမှာစားကြဖို့ ငါးပိကြော်တွေ၊ ငါးခြောက်ကြော်တွေတောင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ယူခဲ့ကြပါတယ်။ ဒါမှလည်း စားစရိတ်သက်သာမှာ ဖြစ်ပါတယ်။

နောက်တစ်ရက်ဟာ နှစ်သစ်ရဲ့ပထမဆုံးနေ့၊ ဇန်နဝါရီလ (၁) ရက်နေ့ ဖြစ်တဲ့အတွက် ဘုရားရင်ပြင်ပေါ်မှာ ဆီမီး ၉၀၀၀ ကပ်လှူတဲ့ ပွဲလည်းရှိပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း လူတွေ ကြိတ်ကြိတ်တိုးနေတဲ့ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်မှာပဲ ဖျာငှားပြီး စောင်ခြုံအိပ်ကြပါတယ်။ ရက်ရက်စက်စက် အေးတဲ့ ရင်ပြင်တော်ပေါ်မှာ အိပ်လို့မရအောင်ကို ချမ်းပါတယ်။

မနက် (၅)နာရီလောက် ရောင်နီမလာမီ အိပ်ယာထ၊ မျက်နှာသစ်ဖို့ ရေသွားတန်းစီ စောင့်ပြီးတာနဲ့ စားသောက်ဆိုင်တန်းတွေ ရှိတဲ့ဘက်ကို ဆင်းကြပြီး လက်ဖက်ရည်နဲ့မုန့် သွားစားကြပါတယ်။ မုန့်စားပြီး ဘုရားပေါ်ပြန်အတက်မှာ လူအုပ်ကြီးက လှုပ်လို့မရအောင် ဘုရားရင်ပြင် တော်အပေါ်ရောက်တဲ့အထိ တိုးကြိတ်နေပါတယ်။ မနက်အာရုဏ်ဆွမ်းကပ်ဖို့ စုပြုံပြီး ဘုရားပေါ် တက်ကြသူတွေပါ။ အဲဒီလို ဘုရားပေါ်အတက်လမ်းမှာ လူတွေစုပြုံတိုးကြတဲ့အထဲ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း အလိုက်သင့် ရွေ့ပါသွားပါတယ်။ အဲဒီမှာပဲ အထမ်းသမားကြီးတစ်ယောက် ကျွန်တော့်ရဲ့ ရှေ့တည့်တည့်မှာ ဒုက္ခရောက်နေတာ ကြုံမြင်ရတော့တာပါပဲ။ သူ့ရဲ့ကျောပေါ်မှာ ထမ်းထားတဲ့ခြင်းကြီးက အမြင့်ကြီး၊ ပစ္စည်းတွေကလည်း အပြည့်မို့ သူ့ခမျာ တောင်တက်လမ်းမှာ ပင်ပန်းစွာတက်လာရတဲ့အထဲ လူအုပ်ကြီးကတိုးဝှေ့ပြီး ညာသံပေးရွေ့နေတော့ ရှေ့ကလူတွေက နောက်ကို ပြန်တွန်း၊ နောက်ကလူတွေက ရှေ့ကိုပြန်တွန်းရင်းနဲ့ လူပင်လယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာသူက လေးလံတဲ့ အထမ်းခြင်းကြီးရွက်လို့ အံကြိတ်ပြီး ချွေးတွေပြိုက်ပြိုက်ကျ တောင့်ခံနေရပါတယ်။ သူ့ခများ လဲကျလိုက်ရင် မသက်သာပါဘူး။ ကိုယ်မှာချိတ်ထားတဲ့ ချိတ်ကြီးနဲ့ ခြင်းကြီးက ဖြုတ်လို့မရ၊ လေးကလည်း လေးတော့ ကြိတ်မှိတ်ပြီး တောင့်ခံနေရပါတယ်။ ကျွန်တော်က သူ့ဒုက္ခကို မြင်ရတာနဲ့ သနားပြီး နောက်က နေ သူလဲမကျအောင် အတင်းတွန်းပေးထားရပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေကလည်း ဘေးကနေဝိုင်းပြီး သူ့ကို ကာပေးထားရပါတယ်။ အဲဒီဒုက္ခကြီးက အနည်းဆုံး (၁၅)မိနစ်လောက် ကြာမယ်ထင်ရပေမယ့် ကျွန်တော့်အတွက်နဲ့ အထမ်းသမားကြီး အတွက်ကတော့ တစ်ကမ္ဘာလောက် ကြာတယ်ထင်ရပါတယ်။ ဒီလို သူ့ကိုဝိုင်းရံပြီး တွန်းလိုက်၊ လူအုပ်ကြီးနဲ့ ရွေ့သွားလိုက်နဲ့ ကျိုက်ထီး ရိုးဘုရားရင်ပြင်တော်ပေါ်ကို ရောက်သွားတော့ မိုးလင်းစပြုနေပါပြီ။ သူ့ခများလည်း အဲဒီဝဋ်ကျွတ်သွားတော့မှပဲ ကျွန်တော့်ကို ကျေးဇူးတင် တဲ့အကြည့်နဲ့ ကြည့်ခွင့်ရပါတယ်။ သူ့နောက်က တစ်ချိန်လုံး ကူညီ တွန်းပေးနေတဲ့သူ ဘယ်သူလဲဆိုတာ လူရှင်းသွားမှပဲ လှည့်ကြည့် လို့ ရသွားလို့ပါပဲ။

ကျွန်တော်ကတော့ လူတစ်ဖက်သားဒုက္ခကို ကူညီခွင့်ရလို့ ဒီစာလေးကို စဖတ်တုန်းက ရေးခဲ့တဲ့ 'ကျိုက်ထီးရိုးဘုရားဖူးခြင်း' စကားပြေထဲက 'မောင်ထွန်းမောင်' လိုပဲ ဝမ်းသာနေမိပါတယ်။ အဲဒီလို ပီတိလေးကို ခံစားနေရစဉ်မှာပဲ ဘယ်နှနာရီထိုးပြီလဲလို့ လက်ပတ်နာရီ ကိုကြည့်လိုက်မိတော့မှပဲ ချွေသီးချွေးပေါက်ကျမတတ် တုန်လှုပ်သွား သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့နာရီလေး မရှိတော့ပါဘူး။ အဲဒီနာရီလေးက ၁၀ တန်းအောင်တော့ ကျွန်တော်လိုချင်လွန်းလို့ ဆုချတဲ့အနေနဲ့ ကျွန်တော့်အဖေက မရှိမဲ့ ရှိမဲ့ ချွေးနည်းစာ (အငြိမ်းစား)လစာရတဲ့ထဲက ဝယ်ပေးခဲ့တဲ့ နာရီလေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ထပ်နာရီလေးတစ်လုံး ထပ်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိလိုက်ရပါပြီ။ အိမ်ပြန်ရောက်ရင်လည်း အဖေဆူမယ့်အသံကြားယောင်နေမိတော့ တော်တော်လည်း စိတ်ဓါတ်ကျသွားပါတယ်။ တက္ကသိုလ်တက်ရင်လည်း နာရီတောင် ပတ်ခွင့်မရတော့ဘူးဆိုပြီး ဝမ်းနည်းနေမိပါတယ်။ အဲဒီအချိန်တုန်းက အခုလို တရုတ်ပြည်ဖြစ်နာရီတွေ ဈေးပေါပေါနဲ့ သိပ်မဝင်သေးပါဘူး။ (အခုခေတ်ဆိုရင်တော့ ဒီကိစ္စက ရယ်စရာကြီးပါ) အဲဒီလိုကြေကွဲပြီး ကျွန်တော့်နာရီလုဖြုတ်သွားအောင်၊ ပြုတ်ကျသွားလောက်အောင် သူများကိုကူညီခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရမလို ဖြစ်နေပါတယ်။ သူငယ်ချင်းတွေကလည်း ဝမ်းနည်းပေမယ့် သူတို့လည်း မကူညီနိုင်ကြပါဘူး။ ဒါကြောင့် သူတို့နဲ့ခဏခွဲပြီး တစ်ယောက်ထဲ ရင်ပြင်တော်ပေါ်မှာ အကြဲထုတ်စဉ်းစားရင်း ဟိုကြည့်ဒီကြည့် ကြည့်နေမိပါတော့တယ်။ အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလို အကြံတစ်ခုပေါ်လာပါတော့တယ်။ အဲဒီအကြံပေါ်စေတဲ့ မြင်ကွင်းကတော့ ဓမ္မာရုံတွေရဲ့အပေါ်ထပ်တွေမှာ တည်းခိုနေတဲ့ ပိုက်ဆံချမ်းသာတဲ့ သူတွေကအပေါ်ထပ်ဝရန်တာကနေ ပိုက်ဆံတွေကြဲနေတဲ့ မြင်ကွင်းပါပဲ။ အဲဒီမှာကျွန်တော်လည်းအကြံရပြီး သူတို့ကြဲချတဲ့ပိုက်ဆံ လှူတဲ့ပိုက်ဆံတွေကို အဲဒီအောက်က ဝိုင်းလုနေကြတဲ့ လူအုပ်စုထဲဝင်ပြီး မရ,ရအောင်

www.burmeseclassic.com



အသက်မွေးဝမ်းကြောင်း ပညာရပ်တစ်ခုလို ပိုက်ဆံဝင်လုရတော့တာပါပဲ။ ပိုက်ဆံမရရင် လုံးဝမပြန်ဘူးဆိုပြီး စိတ်ကိုတင်း၊ ကလေးတွေ၊ လူငယ်တွေ၊ လူကြီးတွေကြားထဲ အတင်းဝင် အတင်းထွက် ကစားရတော့တာပါပဲ။ သူများတွေက အပျော်လုကြပေမယ့် ကျွန်တော်ကတော့ နာရီဖိုးပြန်ရဖို့ သမာအာဇီဝနည်းနဲ့ ဝင်လုရတဲ့အဖြစ် ရောက်ခဲ့ရတာကို ရှက်ရှက်နဲ့ပဲ ရေးပြရတာပါ။ ခမ္မာရုံတစ်ခုကနေ နောက်တစ်ခုပြောင်းပြီး ဝင်လုလာလိုက်တာ မနက် (၉)နာရီလောက် ကျတော့ ကျွန်တော့်နာရီဖိုးလောက် မရပေမယ့် ရိုးရိုးနာရီတစ်လုံး ဝယ်နိုင်တဲ့ ပိုက်ဆံရမှပဲ သူငယ်ချင်းတွေဆီ အောင်မြင်စွာ ပြန်နိုင်ခဲ့ တဲ့ ကျွန်တော့်ရဲ့ အဖြစ်အပျက်လေးကို ဖတ်မိသူတွေ တစ်ခုခု ခံစားရမယ်ဆိုရင် ကျေနပ်ပါတယ်။ ဒါဟာ 'ခေတ်သစ် ကျိုက်ထီးရိုး ဘုရားဖူးခြင်း' လို့ ခေါ်မယ်ဆို ခေါ်လို့ရလောက်ပါတယ်။

၁၆ ရက်၊ ဇန်နဝါရီလ၊ ၂၀၀၈ခုနှစ်ထုတ် နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.226



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ကိုရီးယားအလွဲများ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားလေယာဉ်စီးရတာ သက်သက်သာသာနဲ့ အေးအေးဆေးဆေး ရှိတယ်လို့ တော်တော်များများထင်ကြတာ၊ တစ်ခါတစ်ခါမှားကြောင်း ကိုယ်ခရီးသွားဖြစ်တဲ့အချိန်မှာ သိလာရလို့ ကတ်သီးကတ်သတ်ဖြစ်ရတဲ့ အချိန်ကွာဟမှုလေးတွေကို ရေးပြချင်တဲ့စိတ်ပေါ်လာမိတာလို့ ဒီဆောင်းပါးလေးနဲ့ တင်ပြဖြစ်ပါတယ်။

ကျွန်တော် ကိုရီးယားကိုဂျစ်တာတီးဖို့ သွားဖြစ်ခဲ့တုန်းက ရန်ကုန်ကနေထိုင်းကို ည (၇)နာရီ TG လေကြောင်းလိုင်းနဲ့ သွားခဲ့ပါတယ်။ သုဝဏ္ဏဘူမိလေဆိပ်ကို ည ၈နာရီလောက် ရောက်တော့ ကိုရီးယားလေယာဉ်လက်မှတ်ကိုထိုင်းလေဆိပ်မှာယူရပါတယ်။ စီးရမယ့်လေယာဉ်က KE လို့ခေါ်ကြတဲ့ ကိုရီးယားလေကြောင်းလိုင်းပါ။ တကယ်စီးရမယ့်အချိန်က မနက် (၁)နာရီခွဲ ဆိုတော့ အဆိုတော်ဌေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်ဝယ်၊ ဒီရောက်ဝယ် Shopping ထွက်ကြပါတယ်။ (လေဆိပ်ထဲမှာနော်) ကျွန်တော်ကတော့ လေဆိပ်အခွန်လွတ်ဆိုင်မှာ ဂစ်တာမဂ္ဂဇင်းရှိသမျှ အကုန်ဝယ်ပါတယ်။ (ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့) အစားအသောက် ဝါသနာပါတဲ့သူကတော့ လေဆိပ်က ကော်ဖီဆိုင်တွေမှာ ထိုင်ပေါ့။

တကယ်လည်း ကိုရီးယားလေယာဉ်ပေါ်တက်ပြီး လေယာဉ်လည်းထွက်ရော၊ ပရိုဂျက်တာလို့ခေါ်တဲ့ ပိတ်ကားဖြူကြီးမှာ လေယာဉ်ပျံသန်းမှုခရီးစဉ်ပြတဲ့ လေယာဉ်ပုံလေး ပေါ်လာပါတယ်။ သူတို့ရဲ့ ခရီးစဉ်တွေမှာ ဘယ်နှနာရီမှာစထွက်ပြီး ဘယ်နိုင်ငံ၊ ဘယ်မြို့၊ ဘယ်လေဆိပ်ကို ဘယ်နှနာရီ၊ ဘယ်နှမိနစ် ရောက်မယ်ဆိုပြီး တိတိကျကျ စာတမ်းထိုးပြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဆီမှာ ခရီးသွားရင် ကားတွေမှာ ကပ်ထားလေ့ရှိတဲ့ 'ရောက်မည့် အချိန်မေးမြန်းခြင်းသီးခံပါ' ဆိုတဲ့ အယူအဆမျိုးကို လက်မခံဘဲ သိပ္ပံနည်းကျ တိတိကျကျ တွေးလေ့ရှိတာကို တွေ့ရပါတယ်။

သူတို့ထိုးပြတဲ့အချိန်ကိုလည်း တဖြည်းဖြည်းချင်း နောက်ပြန်ဆုတ်ပြီး မိနစ်တွေ၊ နာရီတွေကို အချိန်ကြာသလောက် ရောက်ဖို့ ဘယ်နှနာရီ၊ ဘယ်နှမိနစ်ပဲ လိုတော့တယ်ဆိုတာ သိရအောင်ပြပေးထားပါတယ်။

အဲဒီလိုပြတဲ့ သရုပ်ဖော်ပုံ လေယာဉ်ပျံလေးက ဘယ်နိုင်ငံပေါ်မှာ ဖြတ်ပျံနေပြီ၊ ဘယ်ပင်လယ်သမုဒ္ဒရာပေါ်မှာ ဖြတ်နေပြီဆိုတာကိုလည်း မြေပုံပေါ်မှာ မြင်နေရပါတယ်။

လေယာဉ်ပုံပေါ်ပြီးလို့ မိနစ် (၃၀) လောက် ထင်ပါတယ်၊ လေယာဉ်လက်ရှိရောက်နေတဲ့ နိုင်ငံကိုပြတော့ ကျွန်တော်လည်း ဘယ်နိုင်ငံပေါ်ကဖြတ်ပြီး ပျံနေပြီလဲဆိုတာ ဗဟုသုတအနေနဲ့ ကြည့်လိုက်မိတော့ ကျွန်တော်တို့ ည(၇)နာရီက ထွက်ခွာခဲ့တဲ့ မြန်မာနိုင်ငံပေါ်ကို ပြန်ရောက်နေပါတယ်။

ကျွန်တော်တို့မှာတော့ ထိုင်းနိုင်ငံကို လေယာဉ်စီးရတာ ပိုက်ဆံတွေကုန်၊ အချိန်တွေကုန်သလောက် အခုထိ မြန်မာပြည်က မထွက်ဖြစ်သေးပါလားဆိုတာ ည(၂)နာရီကျော်မှ သိရပါတယ်။ တကယ်လို့ လေယာဉ်ပျံတွေသာ မော်တော်ကားတွေလို နိုင်ငံလိုက်လိုက်ဆိုရင် ကျွန်တော်တို့ ထိုင်းနိုင်ငံသွားစီးရတဲ့ လေယာဉ်ခလည်းသက်သာအောင်၊ မြန်မာပြည်ကနေကြား ဘူတာဖြတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စီးလို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိပါတယ်။

ပြီးတော့လည်း ကိုရီးယားလေယာဉ်စီးကတည်းက သတိထားမိတဲ့အချက်တစ်ခုက 'ကိုရီးယားလေယာဉ်မယ်' တွေဟာ 'ကိုရီးယားရုပ်ရှင်' တွေထဲက မင်းသမီးတွေ ရှုံးလောက်အောင် လှမလားလို့ယူဆပြီး တကယ်လည်း လေယာဉ်ပေါ်မှာတွေ့ရတော့ တော့်တော့်ကိုမလှပါဘူးဆိုတာ တွေ့ရပါတယ်။

ဒါကြောင့်မြန်မာလေယာဉ်မယ်တွေကမှ ပိုပြီးလှပါတယ်လို့ (တကယ့်ကို) ကိုယ့်ငါးချဉ် ကိုယ်ချဉ်မိပါတယ်။ (ကျွန်တော်စီးရတဲ့ ကိုရီးယားလေယာဉ်က လေယာဉ်မယ်တွေပဲ မလှတာဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ)။

ကိုရီးယားလေယာဉ်မယ်တွေရဲ့ ထူးခြားချက် ဖက်ရှင်တစ်ခုကတော့ သူတို့လည်ပင်းမှာပတ်ထားတဲ့ ပုဝါစလေးနှစ်ခုမှာ တစ်ခုကအောက်ကို ဆင်ခြေလျှောလေးတန်းနေပြီး၊ တခြားတစ်ဖက်က ပုဝါစလေးက လေထဲမှာ ကန့်လန့်ဖြတ်ထောင်နေတာပါပဲ။ အဲဒီပုဝါစချွန်ချွန်လေးက လေထဲမှာ တန်းတန်းမတ်မတ်လေး ထောင်နေတဲ့ဖက်ရှင်လေးကတော့ မြင်ရခဲတဲ့စတိုင် ဖြစ်မယ် ထင်မိပါတယ်။

မနက်မိုးလင်းခါနီးမှာ ခရီးသည်အားလုံးကို မနက်စာလိုက်ပြီးဝေပါတယ်။ သူတို့ရဲ့စားစရာ စာရင်း (Menu) လေးကို ဝေပါတယ်။

ခက်တာက ကျွန်တော်ကိုယ်တိုင်က သူတို့စားစရာတွေကိုဘာဆိုတာ သိပ်မသိတာရယ်၊ လေယာဉ်မယ် ကိုရီးယားမလေးပြောတဲ့စကား ဝဲလွန်းလို့ သိပ်နားမလည်တာရယ်ကြောင့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သေးက ကိုရီးယားမလေးတစ်ယောက် ထောက်ပြတဲ့ အစားအသောက်ကိုပဲ အတုယူပြီး မှာလိုက်ပါတယ်။ အဲဒီတော့မှ ဘာအရသာမှမရှိတဲ့ ဆန်ပြုတ်ရယ်၊ ရေညှိစိမ်းခြောက် တစ်ပြားရယ်၊ မုလာဉအဝါရောင် ချဉ်ဖတ်ကြီး တစ်ပန်းကန်ရယ် လာချပေးပါတော့တယ်။

သူများတွေက ကြက်ဥကြော်တွေ၊ ဝက်ပေါင်ခြောက်၊ ပေါင်မုန့်ယိုသုတ်တွေ စားနေတာကို သွားရည်ကျမိပြီး ကိုယ့်ကျမှ ဘာမသိညာမသိနဲ့ ကိုရီးယားမကို ဆရာတင်မိတဲ့အပြစ်၊ သူမှာတာ လိုက်မှာမိတဲ့အပြစ်ကြောင့် ကိုယ့်မြန်မာပါးစပ်နဲ့ ဘယ်လိုမှ မလိုက်ဖက်တဲ့ ဆန်ပြုတ် လူမမာစာရယ်၊ ချဉ်ဖတ်ရယ်၊ ရေညှိရယ်ကို ကြိတ်မှိတ်ပြီး စားခဲ့ရတဲ့ဘဝ ရောက်ခဲ့ရပါတယ်။

ဒီလိုနဲ့ ကိုရီးယားလေဆိပ်လည်းရောက်ရော အဆိုတော်တွေ၊ တီးဝိုင်းသမားတွေ အကုန်လုံး ပစ္စည်းတွေ ရွေးယူကြတဲ့ စက်ခါးပတ်ကြီးတွေနားမှာ ပျော်ရွှင်နေကြချိန် ကျွန်တော့်မှာတော့ အဝတ်အစားအိတ်ကြီးတစ်ခုလုံး ပါမလာလို့ ဒေါင်းတောက်မတတ် လိုက်ရှာရပါတော့တယ်။

ပစ္စည်းပျောက်ရှာတဲ့ နေရာတွေကိုသွားပြီး ရှာတော့လည်း မတွေ့၊ ပစ္စည်းသယ်တဲ့ စက်ခါးပတ်ကြီး တွေမှာလည်း ဘာပစ္စည်းမှ မရှိတော့ နောက်ဆုံး လေဆိပ်က တာဝန်ရှိသူတွေက ကျွန်တော် တည်းခိုမယ့် ဟိုတယ်လိပ်စာ ယူထားလိုက်ပြီး၊ ထိုင်းလေဆိပ်မှာ မှားယွင်းကျန်ခဲ့တာဖြစ်နိုင်ကြောင်း၊ ကိုရီးယားနိုင်ငံရောက်ရောက်ချင်း အမြန်ဆုံးလာရောက်ပို့ပေးမယ့်အကြောင်း ကတိပေးရှာပါတယ်။

ကျွန်တော်လည်း လက်လျှော့လိုက်ပြီး ကိုရီးယား မှာနှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ (ဟဲဟဲ..ဂျာကင် မချွတ်ရအောင် အေးလွန်းလို့ ဘယ်သူမှ မသိတာ တော်သေးတာပေါ့) နှစ်ပါးသွားရပါတယ်။ အလည်အပတ်သွားကြဖို့ ဟိုတယ်ကို ကားဆိုက်ပြီဆိုတာနဲ့ အနွေးထည်ရောင်စုံလှလှ ဝတ်စုံတွေဝတ်ပြီး ဆင်းလာကြတဲ့ အဆိုတော်တွေ၊ သူငယ်ချင်းတွေ ကြားမှာ ကျွန်တော်ကတော့ ဒီတစ်စုံတည်းနဲ့ လိုက်ရတာပဲ။ ရှက်လည်း မရှက်နိုင်ပါဘူး။

နောက်တစ်နေ့ ညကျမှ ကျွန်တော့်ရဲ့ အဝတ်အစားအိတ်ကို ရှာတွေ့လို့ ကိုရီးယားလေကြောင်းလိုင်းက ဟိုတယ်ကို လာပို့ပေးသွားပါတယ်။ ကိုရီးယားလေဆိပ်ကနေ ကျွန်တော်တို့ရဲ့ နေရမယ့်မြို့ကို ကားနဲ့လာကြိုစဉ်မှာ လမ်းခရီးပတ်ဝန်းကျင်ကို ဒေသန္တရ ဗဟုသုတရအောင် မျက်စိအနားမပေးဘဲ လေ့လာနေမိပါတယ်။ ပင်လယ်ကမ်းခြေတစ်ခုကို ဖြတ်မောင်းလာတုန်း တံတားကြီးတစ်စင်းဆောက်နေတာ မျက်စိတစ်ဆုံး မိုးကုတ်စက်ဝိုင်းထဲ ရောက်တဲ့အထိ တွေ့ရလို့ ကိုရီးယားမှာနေတဲ့ ကြိုဆိုသူမိတ်ဆွေကို မေးကြည့်မိပါတယ်။ သူကရှင်းပြတော့မှ ကိုရီးယားတွေဟာ မြစ်ကို တံတားဆောက်ရတာ အားမရလို့ ပင်လယ်ကိုတောင် ကားနဲ့ဖြတ်ကူးဖို့ တံတားဆောက်နေတာလို့ သိရတော့ သူတို့ရဲ့ဖွံ့နဲ့ စိတ်ဓာတ်ကိုလည်း အတုယူလောက်အောင် ချီးကျူးမိပါတယ်။

ကျွန်တော်တို့တည်းရမယ့်ဟိုတယ်ကို ကိုရီးယား စံတော်ချိန် မနက် (၁၁)နာရီလောက် ရောက်သွားပါတယ်။ ထမင်းစားကြ၊ ပွဲစီစဉ်သူတွေနဲ့မိတ်ဆက်ကြပြီး ကိုရီးယားငွေတွေကို လဲလှယ်ကြပါတယ်။ ရန်ကုန်ကို ဖုန်းဆက်ဖို့ ဖုန်းကတ်လေးတွေလည်း ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ငှဝယ်ကြပါတယ်။ ပြီးတော့အားလုံးပင်ပန်းသမျှ လေယာဉ်ပေါ်မှာ အနေအထိုင် မလွတ်လပ်သမျှ အေးအေးဆေးဆေး အနားယူကြဖို့ ဟိုတယ်ကို ပြန်ခဲ့ကြပါတယ်။ တကယ်အနားယူမယ် ဆိုတော့ ဘယ်လိုမှ အိပ်လို့မရပါဘူး။

ဒါကြောင့် အခန်းဖော်ဖြစ်တဲ့ မန်နေဂျာအီကြာကွေးနဲ့အတူတူ စားစရာ၊ ရေသန့် စတဲ့ လိုသမျှလေးတွေ ဝယ်မယ်ဆိုပြီး မြို့ထဲထွက်ခဲ့ကြပါတယ်။ ရာသီဥတုက အရမ်းအေးပြီး (အနုတ်-၈,၉) လောက်ရှိနေပါတယ်။ လမ်းမတွေပေါ်မှာလည်း လူသိပ်မရှိပါဘူး။ အေးလွန်းလို့ ပြေးမတတ် လမ်းအမြန်လျှောက်တဲ့သူ နှစ်ယောက်တစ်တွဲလောက်ကိုပဲ တွေ့ရပါတယ်။

လမ်းမကြီးပေါ်မှာတော့ ကားတွေကလည်း သွားနေပေမယ့် ဟွန်းသံလည်း မကြားရတော့ တိတ်ဆိတ်နေပါတယ်။ မြို့ကိုကြည့်ရ





www.burmeseclassic.com

www.burmeseclassic.com



တာ ဘာလိုနေလဲမသိပါဘူး။ လူမရှိတဲ့မြို့ကြီးလို ဖြစ်နေပါတယ်။ ကားလမ်းကူးကြတော့ နိုင်ငံကြီးသားပီပီ မီးပွိုင့်က ရပ်စောင့်ပြီး ကူးပါတယ်။

ကားပေါ်ကလူတွေက ကျွန်တော်တို့နှစ်ယောက် ကားလမ်းကူးတာကို ကြည့်ပုံက တမျိုးပါလားလို့ ထင်မိပါတယ်။ ကိုယ်ကတော့ စည်းကမ်းအတိုင်း မီးစိမ်းပြမှ ကူးတာပါ။ ဈေးဝယ်စရာ ဆိုင်တွေကလည်း သိပ်မဖွင့်နဲ့ ကိုရီးယားရုပ်ရှင်ထဲကလို ရှုပ်ရှုပ်ရှက်ရှက်နဲ့ လူတွေဘယ်ရောက် နေပြီလဲ စဉ်းစားလို့ မရပါဘူး။

ဒီလိုလမ်းမနှစ်ဘလောက်၊ သုံးဘလောက်လောက် လမ်းဖြတ်ကူးပြီး လမ်းလျှောက်နေရင်း ကျွန်တော်တို့ ရန်ကုန်က မြေအောက်အိမ်သာလှေကားလို လှေကားထဲက လူငယ်တွေ ထွက်လာတာ၊ ဆင်းသွားတာ တွေ့လိုက်ရတော့ ကျွန်တော်တို့နှစ်ယောက်လည်း ဘာထူးမလဲမသိဘူး၊ လိုက်ကြည့်ရအောင်ဆိုပြီး သူတို့ရဲ့နောက်က လိုက်သွားတော့မှပဲ ဘွားကနဲ တွေ့လိုက်ရတာက တကယ့်လူစည်



www.burmeseclassic.com

www.burmeseclassic.com



ကားတဲ့ ရှော့ပင်းမော စားသောက်ဆိုင်တွေ၊ ဈေးဆိုင်ကြီးတွေ၊ လူကြီး၊ လူငယ်တွေက မြေအောက်ထဲမှာ တကယ့်ကမ္ဘာကြီးတစ်ခုလို မျက်စိတစ်ဆုံး ကျယ်ပြန့်နေပါတယ်။ အပူပေးတဲ့စက်တွေကလည်း ဖွင့်ထားတော့ ဖက်ရှင်ကမ္ဘာကြီးထဲရောက်နေသလို ရောင်စုံလူတွေကို တွေ့ရပါတော့တယ်။ သူတို့ရဲ့ထုံးစံက မြေအောက်မှာ နှစ်ထပ်၊ သုံးထပ်လောက် စက်လှေကားနဲ့ ဆင်းပြီး အဲဒီမြေအောက်ထဲမှာပဲ ကိုယ်သွားချင်တဲ့နေရာ ရောက်တဲ့အထိ သွားကြပါတယ်။ (မြေပုံလည်း ပြထားပေးပါတယ်) ကိုယ်သွားချင်တဲ့ဘလောက်၊ လမ်းနေရာရောက်ပြီဆိုမှ မြေကြီးပေါ်တက်ပြီး သွားကြတော့ စည်းကမ်းတကျလမ်းကူးနေတဲ့ ကျွန်တော်တို့ကို တောသားတွေဆိုပြီး ကားမောင်းတဲ့သူတွေက ကြည့်နေမှန်း အဲဒီတော့မှ ရိပ်မိပါတော့တယ်။

'တောသားမြို့ရောက်' ဆိုတာ ကိုယ်ပါလားဆိုပြီး ကိုယ့်ကိုယ်ကို သနားမိပါတော့တယ် . . . .

**(ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၊ မြေအောက်ဈေးကို အမှတ်တရ)**

၂၃ ရက်၊ ဧပြီလ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.239



www.burmeseclassic.com

www.burmeseclassic.com




# ကျွန်တော်နဲ့ အဆိုတော်လွှမ်းမိုး

www.burmeseclassic.com

www.burmeseclassic.com

(နှာဂစ်မုန်တိုင်းကြောင့် မီးကလည်း ပျက်တဲ့ည၊ လေက လည်း မတိုက်၊ မီးစက်တွေရဲ့အပူငွေ့တွေကြောင့် ထင်ပါရဲ့ . . . .) ဆရာဝင်းဖေဝင်း ဘာသာပြန်ထားတဲ့ 'သတ္တမလျှို့ဝှက်ချက်'ဆိုတဲ့ စာအုပ်ကို အင်ဗာတာဖွင့်ပြီး ဖတ်နေရာက မျက်လုံးအနားပေးရအောင် MP3, MP4, CD Player, DVD Player, Computer စတဲ့ လက်စွဲတော် ခေတ်မီဇိမ်ခံပစ္စည်းမှန်သမျှ မီးမလာတာကြာလို့ တစ်ခုမှ အလုပ်မလုပ် ကြတော့ ငယ်ငယ်တုန်းကသူငယ်ချင်းဖြစ်တဲ့ နားကျပ် ကက်ဆက် လေးကပဲ အားကိုးစရာ ရှိပါတော့တယ်။

ဒါနဲ့ ကက်ဆက်ခွေစင်ပေါ်က လက်လှမ်းမီတဲ့ မဖွင့်တာကြာ ပြီဖြစ်တဲ့ (အရင်က စီဒီတွေပဲ အားကိုးရှိနေတော့ မေ့နေပြီဖြစ်တဲ့)



www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်ခွေဟောင်းလေးတစ်ခွေကိုဖွင့်ပြီး နားထောင်နေမိပါတယ်။ အဲဒီမှာ ကိုလွှမ်းမိုးရဲ့အသံကို စပြီး ကြားရတော့တာပါပဲ။

သီချင်းခွေလေးက 'ဟသ်ာတို့ရဲ့နန်းတော်ရှေ့'၊ နားထောင်ဖြစ်တဲ့ သီချင်းလေးကလည်း 'ဟသ်ာတို့ရဲ့နန်းတော်ရှေ့' ပါပဲ။ အဲဒီသီချင်းလေးကို ဆိုနေတဲ့ ကိုလွှမ်းမိုးရဲ့အသံ ကြားတော့မှပဲ ကိုလွှမ်းမိုးအတွက် အမှတ်တရ စာစုလေး ရေးချင်စိတ်က ဘယ်လိုမှ မတားဆီးနိုင်အောင် ပေါ်လာပါတယ်။

တီးခတ်ပေးထားတဲ့တေးဂီတအဖွဲ့ (The Rays) ရဲ့လက်သံကလည်း ခေတ်မီလွန်းလို့ ဂစ်တာ (ကို) အော်စတင် တီးထားတဲ့ ဂစ်တာသံဟာ အခုလက်ရှိတီးနေတဲ့ ဂစ်တာသံတွေထက်တောင် ပိုကောင်းနေ၊ ပိုလတ်ဆတ်နေတယ်လို့ ထင်မိပါတယ်။

ဒီလိုအတွေးတွေကြောင့် (ကို)လွှမ်းမိုးနဲ့ပတ်သက်ပြီး စာတစ်ပုဒ်အဖြစ် ချရေးလိုက်မယ်ဆိုမှ ကျွန်တော်ဟာ တစ်ကယ်တော့ ကိုလွှမ်းမိုးနဲ့ စကားတောင် မှတ်မှတ်ရရ တစ်ခါမှ မပြောဘူးတဲ့ သူတစ်ယောက်ပါ။

သူ့ကို ကျွန်တော်ဂစ်တာတီးတဲ့သက်တမ်းတလျှောက် (သူမကွယ်လွန်ခင်အထိ) စင်ပေါ်မှာလည်း မှတ်မှတ်ရရ တီးဖူးခဲ့တာ တစ်ကြိမ်လောက်တောင် ရှိပါ့မလားလို့ ပြန်စဉ်းစားကြည့်တော့လည်း မသေချာပါဘူး။ ဒါပေမယ့် သေချာတာ တစ်ခုတော့ ရှိပါတယ်။

အဲဒါက (ကို)လွှမ်းမိုးသီချင်းတွေကို ကြိုက်တာသေချာတယ်။ (ကို)လွှမ်းမိုးရဲ့ ဂစ်တာသမားဘဝ၊ ဂစ်တာတီးပြီးသီချင်းဆိုတဲ့ပုံ၊ ကိုယ်ပိုင်တီးဝိုင်းမှာ ဂီတမှူးနာမည်တပ်ပြီး၊ ရဲရဲရင့်ရင့်သီဆို တီးခတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကို သဘောကျမိတာတော့ သေချာပါတယ်။ (ကိုလွှမ်းမိုးရဲ့ဝိုင်း Sweet Heart တို့ The King တို့ လက်သံကိုလည်း ကြိုက်ခဲ့တာ သေချာပါတယ်) ဒါကြောင့် ကိုယ်ငယ်ငယ်ကတည်းက ကြိုက်ခဲ့ရတဲ့ (ကို)လွှမ်းမိုး သီချင်းလေးတွေအကြောင်းကို ရေးပြရင်းနဲ့ (ကို)လွှမ်းမိုး အမှတ်တရစာစုလေးကို ရေးရပါတော့တယ်။

ကျွန်တော်နေခဲ့တဲ့ (အ.ထ.က(၄)ပုဇွန်တောင်) ကျောင်း အာစရိယပူဇော်ပွဲလုပ်တဲ့နေ့မှာ စတိတ်ရှိုးတီးဝိုင်းတစ်ခုကိုငှားပြီး ကျောင်းသားတွေ၊ ဝါသနာပါတဲ့သူမှန်သမျှ သီချင်းဆိုဖို့ စာရင်းသွင်း ကြပါဆိုပြီး၊ အတန်းတိုင်းကို လိုက်ပြောပါတယ်။ အဲဒီနှစ်က•ကျွန် တော် (၇)တန်း ကျောင်းသားဘဝပါ။ တီးဝိုင်းကလည်း ရေကျော်က တီးဝိုင်း (MG 10) ပါ။ ကျွန်တော်ကသီချင်းဆိုဖို့ မငံ့မရဲ ဖြစ်နေချိန်မှာ ကျွန်တော် သီချင်းဆိုလေ့ရှိတာ၊ ဝါသနာပါတာ သိနေတဲ့သူငယ် ချင်းတွေက စင်ပေါ်မှာ တက်ဆိုဖို့ တိုက်တွန်းကြတာနဲ့ စာရင်း ပေးလိုက်ပါတယ်။ (အဲဒီအချိန်တုန်းက ကျွန်တော် ဂစ်တာမတီး တတ်ပါ) သီဆိုမယ့်သီချင်းလေးက အဆိုတော် (ကို)လွှမ်းမိုးရဲ့ 'ချစ်သတိပြု' ဖြစ်ပါတယ်။ အဲဒီသီချင်းလေးဟာ ကျွန်တော်ရဲ့ဘဝမှာ ပထမဆုံး စင်မြင့်ပေါ်မှာ စဆိုဖြစ်ခဲ့တဲ့ သီချင်းလေးပါပဲ။

အဲဒီသီချင်းလေးပါတဲ့ သျှီ(သို့)သစ်ခုတ်သမားရဲ့လွမ်းချင်း တေးစီးရီးထဲက 'ရွှေညာသူ့ထွေးမြ'ဆိုတဲ့ သီချင်းလေးကလည်း ကျွန်တော် ပထမဆုံး ဂစ်တာစကိုင်ပြီး တီးကြည့်မိချိန်။ သူငယ်ချင်းက ကော့ဒ်နှစ်ခု A နှင့် E စပြီးသင်ပေးရင်း စတီးဖြစ်ခဲ့တဲ့ ဂစ်တာတီး တတ်ခဲ့တဲ့ သီချင်းလေး ဖြစ်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တဖြည်းဖြည်းချင်း (ကို)လွှမ်းမိုးသီချင်းလေးတွေ အားလုံးလိုလိုဟာလည်း ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်ရဲ့ ညပိုင်း အုပ်စုဖွဲ့တီးကြတဲ့ ဂစ်တာဝိုင်းမှာ အများဆုံး ကြားနေရပါတယ်။ အဲဒီသီချင်းလေးတွေ (မိုးစက်တင်လေ) တေးစီးရီး နာမည်ကြီးနေချိန်မှာ ကျွန်တော်တို့ ရပ်ကွက်တီးဝိုင်း တီးဖြစ်တဲ့စတိတ်ရှိုးတိုင်းမှာ Rhythm ဂစ်တာတီးတဲ့ (ကျွန်တော့်ကို ဂစ်တာသင်ပေးတဲ့ သူငယ်ချင်း) ရဲကျော်သူ (ယခုကနေဒါနိုင်ငံ)က အမြဲတမ်း လွှမ်းမိုးသီချင်း သီဆိုသူပါပဲ။

(ကို)လွှမ်းမိုးကို အရမ်းကြိုက်လို့ (ကို)လွှမ်းမိုး တီဗီထဲမှာ သီချင်းဆိုရင် ဝတ်လေ့ရှိသလို၊ ကော်လံကတုံးအင်္ကျီ အဖြူနဲ့ ရခိုင်ပုဆိုး ဝတ်လေ့ရှိပါတယ်။

ငယ်ငယ်က မြန်မာ့ရုပ်မြင်သံကြားမှာ စနေနေ့ညပိုင်း စတူဒီယိုသီချင်း လွှင့်တဲ့အချိန် (၇)နာရီခွဲက ည (၈)နာရီသတင်းမလာခင်ကြား လွှင့်လေ့ရှိတဲ့ 'မိုးစက်တင်လေ' သီချင်းမှာ ကိုလွှမ်းမိုးရဲ့ လယ်ကွင်းတွေ၊ စပါးခင်းတွေကြားက တိုက်ပုံအင်္ကျီလေးကို လက်ကချိတ်ပြီး လျှောက်လာတဲ့ပုံစံကို အရမ်းကြိုက်လို့ အဲဒီ Style လိုက်ဖမ်းတယ်လို့ ထင်ပါတယ်။

(ကို)လွှမ်းမိုး ရုပ်ရှင်ရိုက်တော့လည်း ပထမဆုံးရိုက်တဲ့ 'ပန်းသီတဲ့ကြိုး'ဇာတ်ကားနဲ့ အကယ်ဒမီရလိမ့်မယ်လို့ မဂ္ဂဇင်းတွေမှာ ဖတ်ရတော့လည်း ကျွန်တော်က ဘာမဆိုင် ညာမဆိုင် ဝမ်းသာနေမိပါသေးတယ်။ အနုပညာသမားဆိုတော့ သူ့ကို လူချင်း မသိရပေမယ့် ကျွန်တော့်ဘက်ကတော့ သူနဲ့ရင်းနှီးနေသလို ခံစားနေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတော့ အကယ်ဒမီနဲ့ (ကို)လွှမ်းမိုး လွဲခဲ့ပါတယ်။

ပြီးတော့လည်း (ကို)လွှမ်းမိုးရဲ့ အိမ်ထောင်ရေးကိစ္စတွေပြီးမှ ထွက်လာတဲ့သီချင်း 'သားလေးမွေးရင်ကိုယ့်နာမည်ပေးပါ' ဆိုရင်လည်း တော်တော့်ကိုကြိုက်မိပြီး ကိုယ့်မှာ ရည်းစားတောင်မရှိဘဲ ည,ည ဂစ်တာဝိုင်းမှာ 'သားလေးမွေးရင် ကိုယ့်နာမည်ပေးပါ' ဆိုပြီး အသားကုန် ကြေကွဲမိနေပါသေးတယ်။ (အခုတော့ တကယ့်သားလေးကို ကိုယ်ကြိုက်တဲ့နာမည် ပေးခွင့်ရတဲ့ဘဝ ပိုင်ဆိုင်ရလို့တော်ပါသေးရဲ့) ခုတော့ အဲဒီသီချင်းလည်း ဆိုစရာမလိုတော့ပါဘူး။ ဆိုရင် ကျွန်တော့်မိန်းမက ဘာကြောင်တာလဲလို့ မေးမှာပါ။

ငယ်ငယ်တုန်းက ကျွန်တော်တို့ ရေကျော်၊ အိုးဘိုရပ်ကွက်ထဲမှာ (ကို)လွှမ်းမိုး သီချင်းလာဆိုတဲ့ ပွဲတစ်ခုတော့ မှတ်မှတ်ရရကြည့်ဖူးပါတယ်။ အဲဒီပွဲမှာ (ကို)လွှမ်းမိုးက သူရဲ့ နာမည်ကြီးသီချင်းတွေ တော်တော်များများ ၁၄–ပုဒ်၊ ၁၅–ပုဒ်လောက်ကို ဆိုပြပါတယ်။ သီချင်းတစ်ပုဒ် ဆိုပြီး၊ ခဏနားတဲ့အချိန်လေးမှာ သူခေါ်လာတဲ့ ကီးဘုတ်သမား သူငယ်ချင်းကို ပရိသတ်နဲ့ မိတ်ဆက်ပေးရာမှာ (ကို)လွှမ်းမိုးက 'ကျွန်တော့်သူငယ်ချင်းကို အော်ဂင်တီးပေးဖို့ မြောက်ကိုရီးယားက ခေါ်လာတာပါ' ဆိုပြီး မိတ်ဆက်ပေးတော့ ပရိသတ်တွေအားလုံး ဝါးကနဲ ပွဲကျသွားပါတယ်။

အဲဒီအချိန်တုန်းက အာဇာနည်ကုန်းမှာ ဗုံးခွဲတဲ့ကိစ္စနဲ့ ဇင်မိုတို့၊ ကင်မင်ချူးတို့ကို ဖမ်းမိချိန်ဆိုတော့ လူတိုင်း ပါးစပ်ဖျားမှာ 'မြောက်ကိုရီးယား' နာမည်ကြီးနေချိန်နဲ့တိုက်ပြီး ပရိသတ်ကို ပွဲကျအောင် ပြောတတ်တဲ့ပညာကိုလည်း မှတ်မှတ်ရရ ကြားခဲ့ ကြည့်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။

ဒီလိုနဲ့ ကျွန်တော် ဂစ်တာသမားတစ်ယောက်အဖြစ် စတီရီယို လောကထဲ စ,ဝင်နေချိန်၊ နှစ်တစ်နှစ်ရဲ့ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ အထိမ်းအမှတ် ရန်ကုန်မြို့တော်ခန်းမရဲ့ရှေ့က စင်မြင့်ပေါ်မှာ စတိတ်ရှိုးနဲ့ ပရိသတ်ကို ဖျော်ဖြေတဲ့ပွဲတစ်ခုကို ကျွန်တော်တို့ဖော့ပြီး လူအုပ်ထဲက ကြည့်ဖြစ်ပါတယ်။

တီးဝိုင်းနာမည်ကတော့ အခုထိ မှတ်မိပေမယ့် အကြောင်း ကြောင်းကြောင့် မဖော်ပြတော့ပါဘူး။ အဲဒီတီးဝိုင်းက အလှည့်ကျ စတီရီယိုတေးသံရှင်တွေ တစ်ယောက်ပြီးတစ်ယောက် ပွဲထုတ်ပြီး (ကို)လွှမ်းမိုးရဲ့အလှည့် ရောက်လာပါတယ်။ ပရိသတ်ကလည်း (ကို)လွှမ်းမိုးကို တအား အားပေးကြပါတယ်။ (ကို)လွှမ်းမိုးက သူ့ရဲ့ သီချင်းတစ်ပုဒ်နဲ့ စတင် ဖျော်ဖြေပါတယ်။ သူ စ,ဆိုတဲ့ သီချင်းက လူတိုင်းသိတဲ့သီချင်းဖြစ်ပေမယ့် အဲဒီဝိုင်း (နာမည်ကြီးတီးဝိုင်း မဟုတ် ပါ)က သီချင်းရဲ့ 'တမ်ပို' လို့ ခေါ်တဲ့ အမြန်နှုန်းလည်းမမှန်၊ သီချင်း Intro ကလည်း တီးတာလွဲနေတော့(ကို)လွှမ်းမိုးမှာ ဘယ်လိုမှ ဝင်ဆိုလို့မရပါဘူး။ သူ့လိုဂစ်တာလည်းတီးတတ်၊ သီချင်းလည်း ရေးတတ်၊ ဆိုတတ်တဲ့ အဆိုတော်ကျွမ်းပြစ်နေတော့ တော်ရုံဝါသနာ ရှင်ဆိုရင် ဘယ်လိုနေမလဲ၊ စဉ်းစားကြည့်နိုင်ပါတယ်။ ကျွန်တော်က ပရိသတ်ထဲ၊ လူအုပ်စုထဲက ကြည့်နေရတော့ (ကို)လွှမ်းမိုးရဲ့ အခက် အခဲလည်းသိ တီးဝိုင်းအဖွဲ့ရဲ့ ပရမ်းပတာဖြစ်နေတာကိုလည်း သနား (ကိုယ့်ဂီတသမားအချင်းကိုယ်ချင်း စာမိတာပါ) ရှေ့ဆက်ဘယ်လိုဖြစ် ကြမှာလဲဆိုတာ စိတ်ဝင်စားနေပါတယ်။ (ကို)လွှမ်းမိုး ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာကို ကိုင်တွယ်မလဲဆိုပြီး သူ့နေရာက ဝင်ခံစားမိနေပါတယ်။ အဲဒီမှာ (ကို)လွှမ်းမိုးက အဲဒီတီးဝိုင်းရဲ့သီချင်း အနေအထားအမြန်အတိုင်း လည်းလိုက်မဆို၊ သီချင်းရဲ့ Intro ကိုလွဲမှားတီးနေတဲ့ အတီးသမားတွေ အပေါ်မှာလည်း၊ လုံးဝမျက်နှာမပျက်ပဲ (သူဘာမှမဖြစ်သလို) တီးဝိုင်းဘက်ကို လှည့်မကြည့်ဘဲ (တချို့စုန်းပြူးအဆိုတော်တွေလို ဆရာကြီးလုပ်ပြီးတီးဝိုင်းကိုရပ်ခိုင်း၊ ဘာမှမသိဘဲလှည့်ကြည့်၊ အချက်ပြတာတို့၊ ဘာမှမလုပ်ဘဲ) ပရိသတ်ကြီးကိုသာ သူတီးသလို လက်ခုပ်သံ လိုက်တီးခိုင်းပါတယ်။ သူတီးတဲ့ 'တိုင်မင်'က လက်ရှိတီး နေတဲ့တီးဝိုင်းရဲ့ 'တိုင်မင်'နဲ့ ဘာမှမဆိုင်ပါ။

အဲဒီလို ပရိသတ်နဲ့၊ သူနဲ့ လက်ခုပ်သံတူတူညီညီ တီးကြ တော့တီးဝိုင်းလည်း သူတို့မှားနေပြီဆိုတာ သိသွားတာနဲ့ ဘာမှမတီး တော့ဘဲ ရပ်လိုက်ကြပါတယ်။ အဲဒီတော့မှ ပရိသတ်တွေရဲ့ လက်ခုပ် သံတွေ (သူပေးတဲ့ တိုင်မင်အတိုင်း) တီးကြတဲ့အသံတွေနဲ့ 'လေညှင်း လေးက တိုးတိုးလေးပြောသွားတယ်။ မင်းချစ်သူ မင်းကိုမေ့ပြီ' တဲ့ဆို တဲ့စာသားလေးကို စဆိုပြီး အိန္ဒြေရှိရှိနဲ့ တီးဝိုင်းရဲ့အမှားကို ဖုံးဖိပြီး၊ ပရိသတ်ကြီး လုံးဝမသိရအောင် တစ်ပုဒ်လုံးဆိုပြီး ပွဲထိန်းခဲ့တဲ့ ပညာ ရပ်ကို ကျွန်တော်မျက်ဝါးထင်ထင် မြင်လိုက်ရမှ၊ ဒါကြောင့် 'လွှမ်းမိုး' လို့ ခေါ်တာကိုးလို့ မှတ်ချက်ချ လိုက်မိပါတော့တယ်။

၄ ရက်၊ ဇွန်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.245



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ မင်္ဂလာပွဲများ

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ပတ် ကျွန်တော်ရေးချင်တဲ့ အကြောင်းလေးကတော့ ကျွန်တော် ကျင်လည် တီးခတ်နေရတဲ့ မင်္ဂလာဆောင်တွေနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်လေးတွေ ဖြစ်ပါတယ်။

ကျွန်တော်ဂစ်တာသမားအဖြစ်နဲ့ **'Lazy Club'** တီးဝိုင်းကို စတင်တီးဖြစ်စဉ်မှာပဲ **'Aces'** တေးဂီတအဖွဲ့ရဲ့ မန်နေဂျာ ဦးစိုးအောင် (ကွယ်လွန်)က သူ မန်နေဂျာလုပ်တဲ့ **'Aces'** တီးဝိုင်းရဲ့ မင်္ဂလာဆောင်တွေကို **Lead** ဂစ်တာသမားအဖြစ် ဝင်တီးစေခဲ့ပါတယ်။ အဲဒီလို တီးဖြစ်ခဲ့တဲ့အချိန်မှာ ကျွန်တော် တော်တော်လေးကို ပျော်မိပါတယ်။ တွဲတီးခဲ့ရတဲ့ ဆရာကြီးတွေဖြစ်တဲ့ ကိုအော်စကာသန်းတင် **(Drums)** နဲ့ ကိုစိုးတင့်သောင်း **(Keyboards)** တို့ကို ကြောက်တာကလွဲလို့ပါ။ အဲဒီဆရာကြီးတွေကိုတော့ ကိုယ်အရမ်းကြိုက်ခဲ့တဲ့ စီးရီးတွေ တီးခတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဂီတပညာရှင်ကြီးတွေ ဖြစ်နေလို့ အလကားနေရင်း လန့်နေတာပါ။ သူတို့က သဘောကောင်းကြပါတယ်။ တကယ်တော့ 'Aces' ဆိုတဲ့ တေးဂီတ အဖွဲ့ကြီးထဲဝင်ဖို့ဆိုတာ ကျွန်တော်မမှန်းရဲတဲ့ အိပ်မက်တစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ပထမနှစ် ကျောင်းတက်နေချိန်မှာ ဝင်ငွေတစ်ဖက်တစ်လမ်းက ရအောင်ဆိုပြီး (ကန်ထရိုက်တိုက်ခန်း) ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ ဂိုထောင်မှူးပုံစံမျိုး စတိုခန်းသော့ကိုင်ရတဲ့ဝန်ထမ်း ဝင်လုပ်ခဲ့ပါတယ်။

ကိုယ့်စိတ်ထဲမှာက ဂီတပဲရှိနေတော့ လုပ်ငန်းခွင်ထဲကိုလည်း ဂစ်တာတစ်လုံးယူထားပြီး အလုပ်သမားတွေ ပစ္စည်းလာထုတ်ပြီးပြီဆိုရင် ဂစ်တာတီးတော့တာပါပဲ။ အဲဒီတုန်းက ဝင်လုပ်ခဲ့ရတဲ့တိုက်ခန်းက (၂၂)လမ်းနဲ့ မဟာဗန္ဓုလလမ်းမပေါ်က တိုက်ခန်းကြီးတစ်ခုပါ။ အလုပ်သမားတွေ အလုပ်သိမ်းကြပြီဆိုရင် အဲဒီ (၃)ထပ်တိုက်ကြီးရဲ့ အပေါ်ဆုံးထပ်ကိုတက်၊ နောက်ထပ် ခေါင်မိုးပေါ်ကို ထက်ပြီး တွယ်တက်၊ အပေါ်ဆုံးအမိုးပေါ် ရောက်ပြီဆိုရင် လသာလမ်းမှာရှိတဲ့ 'မူတိုင်' မင်္ဂလာခန်းမကြီးကို မြင်ရပါတယ်။

တရုတ်တန်းမှာရှိတဲ့ 'မူတိုင်' ခန်းမကြီးထဲမှာ ညနေ (၆)နာရီလောက်ဆိုရင် မင်္ဂလာပွဲတွေက ရှိနေပါပြီ။ ဂီတအသံတွေလည်း ကြားနေရတော့ ကျွန်တော် ညနေဆို တိုက်ခေါင်မိုးပေါ် ရောက်နေပါပြီ။ 'မူတိုင်'မှာ အမြဲတမ်းလိုလို တီးဖြစ်တဲ့ဝိုင်းကတော့ အဲဒီ 'Aces' တီးဝိုင်းပါပဲ။ 'Aurora' ဝိုင်းလည်း တီးတာ တွေ့ခဲ့ဖူးပါတယ်။

အဲဒီ 'Aces' တေးဂီတဝိုင်းနဲ့ အဆိုတော်တွေ တီးခတ်ပြီး သီဆိုကြတာတွေကို အနုပညာပိုးမသေတဲ့ ကျွန်တော်က ပြတင်းကျမှာ



www.burmeseclassic.com

www.burmeseclassic.com



မကြောက်မရွံ့ တိုက်ခေါင်မိုးပေါ်ကနေ အားပေးခဲ့တာပါ။ အဲဒီ အနုပညာရှင် အဆိုတော်တွေ (ဒေါ်နွဲ့ယဉ်ဝင်း၊ ကော်နီ . . . စသဖြင့်) နဲ့လည်း ရင်းနှီးခွင့်ရမယ်လို့ အဲဒီအချိန်က မစဉ်းစားမိခဲ့ ပါဘူး။ အဲဒီလို ဝါသနာရှင်ဘဝကနေ ဂီတသမားတစ်ယောက်အဖြစ်နဲ့ တဖြည်းဖြည်း ဂီတအသိုင်းအဝိုင်းထဲကို ရောက်ဖြစ်ခဲ့ရတော့ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင်ကို ဖြစ်ခဲ့ရပါတယ်။

အဲဒီလိုအနုပညာသမားတွေ၊ ဂီတသမားတွေ၊ အဆိုတော်တွေနဲ့ လက်တွဲပြီး မင်္ဂလာဧည့်ခံပွဲတွေ မရပ်မနားနိုင်လောက်အောင် တီးရတော့မှ အဆိုတော်တွေ၊ အတီးသမားတွေ၊ တီးဝိုင်းမန်နေဂျာတွေရဲ့ ဘဝဟာ ငယ်စဉ်က တိုက်ခေါင်မိုးပေါ်ကနေ ကြည့်ခဲ့ရတုန်းက ထင်ခဲ့မိသလို ပျော်စရာကြီးလို့ မထင်ရတော့ပါဘူး။ အချိန်ကိုက် လှုပ်ရှားကြတဲ့ စက်ရုပ်တွေလို တစ်ချိန်တည်းမှာ မင်္ဂလာဆောင် ၄/၅ပွဲမီအောင် ပြေးပြီးဆိုရ။ တီးတဲ့သူတွေကလည်း တစ်နေ့ကို မင်္ဂလာပွဲ (၄)ပွဲတီးပြီးရင် အိမ်ပြန်ရောက်တော့ မလှုပ်ရှားချင်လောက်အောင် ပင်ပန်း၊ တီးဝိုင်းမန်နေဂျာခမျာလည်း အဆိုတော် မရောက်လာခဲ့ရင် နှလုံးရောဂါရမတတ် သနားစရာကောင်းလောက်အောင် စိတ်ပူပင်ရပါတယ်။ အဲဒီလို ပင်ပန်းကြရတဲ့အထဲ တချို့အဖြစ်အပျက်လေးတွေကလည်း ကျွန်တော့အတွက် အမှတ်တရ ဖြစ်စေပါတယ်။ ဥပမာပေါ့ . . . ။

တစ်နေ့ ဆီဒိုးနားမှာ မင်္ဂလာပွဲတီးနေတုန်း သီချင်းဆိုဖို့ တေးသံရှင် မာရဓ္ဓအလှည့် ရောက်လာပါတယ်။ သူက ကျွန်တော်တို့ကို ဂီတသင်္ကေတစာရွက် လာပေးပါတယ်။ ကျွန်တော်လည်း နုတ်စ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချိတ်နေတုန်း မာရဇ္ဇက မင်္ဂလာစင်မြင့်နောက်က ဆိုင်းဘုတ်စာလုံးကို စောင်းပြီးကြည့်နေပါတယ်။

ကျွန်တော်က 'ကိုမာရဇ္ဇ၊ ဘာတွေကို ကြည့်နေတာလဲ' လို့ မေးတော့ 'သတို့သမီး နာမည်ကြည့်နေတာ' လို့ဖြေပါတယ်။ ဘာဖြစ်လို့ကြည့်တာလဲ မေးတော့မှ အဖြေကိုသိရပါတယ်။ သူဆိုမယ့် သီချင်းနာမည်က 'ရင်သို့တိုးဝေ့ဆဲပါခိုင်' ဆိုပြီးဖြစ်နေတော့ သတို့သမီး နာမည် 'ခိုင်' ပါမပါ ကြည့်နေတာဖြစ်ပါတယ်။ တကယ်လို့ သတို့သမီးနာမည်မှာ 'ခိုင်' ပါခဲ့ရင် သတို့သားနဲ့ ပြဿနာတက်မှာ ကြောက်တယ်ထင်ပါတယ်။ (သူ့မှာလည်း အတွေ့အကြုံရှိခဲ့လို့လား မသိပါဘူး) ဒါကြောင့် ကျွန်တော်က နောက်မင်္ဂလာပွဲတွေမှာ 'ရင်သို့ တိုးဝေ့ဆဲပါခိုင်' သီချင်းဆိုမယ် ဆိုတိုင်း ကိုမာရဇ္ဇကို စလေ့ရှိပါတယ်။ သတို့သမီးနာမည်လည်း ကြည့်ဦးနော်လို့။ အဲဒီအဖြစ် အပျက်ကို စကားကြုံလို့ ပြောကြရင်း ကိုရင်ဂိုကလည်း သူ့ခံစားချက်ကို ပြောပါတယ်။ သူဆိုနေကျသီချင်း 'အမြဲတမ်းပဲချို' ဟာလည်း သတို့သမီး နာမည်နဲ့ တူနေရင် ပြဿနာဖြစ်မှာစိုးလို့ သတို့သမီးနာမည်မှာ 'ချို' မပါတဲ့ မင်္ဂလာပွဲမှ ဆိုရပါတယ်လို့ ရင်ဖွင့်ပြန်ပါတယ်။

နောက်တစ်ခါ သူဆိုထားခဲ့တဲ့ 'ပိုင်ရှင်ပြန်လာရင်' သီချင်းကို မင်္ဂလာဆောင်ပွဲတွေမှာ မသီဆိုတော့ကြောင်းလည်း ပြောပြပါတယ်။ (သတို့သားဘက်က ပြဿနာကြောင့် ထင်ပါရဲ့)

အဆိုတော် 'ဟဲလေး' ကျတော့ တစ်မျိုးပါ။ မင်္ဂလာပွဲတစ်ခုမှာ 'စိုးရိမ်တယ်၊ ညီမလေး . . . စိုးရိမ်တယ်' ဆိုတဲ့ အဆိုတော်ကြီး စိုင်းဆိုင်မောဝ်ရဲ့ သီချင်းကို ပြန်ဆိုပါတယ်။ အဲဒီ သီချင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



စိုင်းဆိုင်မောဝ်ရဲ့ Live Show မှာ သူတို့ရဲ့ 'Teens' အဖွဲ့ ဆိုထားတဲ့ သီချင်းပါ။ ညကျတော့ သူရဲ့ သူငယ်ချင်းက ဖုန်းဆက်ပြီး ပြောပါတော့တယ်။ 'မင်းဘယ်လိုလုပ်လိုက်တာလဲ' တဲ့။ သူ (ဟဲလေး) လည်း ဘာမှမသိတော့ ဘာဖြစ်လို့လဲ ပြန်မေးပါတယ်။ အဲဒီတော့မှ အဖြေရပါတော့တယ်။ မင်္ဂလာပွဲက ပိုက်ဆံရှိတဲ့အန်ကယ်ကြီးက ပိုက်ဆံမရှိတဲ့ ကောင်မလေးကို အကြွေးနဲ့ သိမ်းသလိုမျိုး လက်ထပ်တဲ့ပွဲ ဖြစ်နေလို့ပါ။ သူဆိုတဲ့သီချင်းစာသားက 'စိုးရိမ်တယ်၊ ညီမလေး . . . . စိုးရိမ်တယ်' ဆိုပြီး ဆိုလေ၊ ပရိသတ်တွေက သတို့သားကြီးကို ဝိုင်းပြီး သရော်ကြလေ ဖြစ်လို့ပါတဲ့။ သူလည်း ကြားထဲက အားနာသွားပြီး 'စိုးရိမ်တယ်၊ ညီမလေး' သီချင်းကို မင်္ဂလာဆောင်မှာ လုံးဝ မဆိုတော့ပါလို့ ကြေညာပါတယ်။

ကျွန်တော်လည်း ငယ်ငယ်တုန်းက မင်္ဂလာဆောင်တစ်ခုကို ဂစ်တာ တီးဖြစ်ခဲ့ပါတယ်။ သူငယ်ချင်း ဘော့စ်သမားက သူ့အစ်ကို မင်္ဂလာဆောင်မှာမို့ ကူညီတီးပေးဖို့ မေတ္တာနဲ့ ခေါ်တာပါ။ (တီးရရင် ကျေနပ်ပြီး၊ ပိုက်ဆံ လုံးဝ မမျှော်လင့်ခဲ့တဲ့ အရွယ်ပေါ့) ကိုယ်ကလည်း မင်္ဂလာဆောင် မတီးဖူးတော့ ဘာတွေ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ လုံးဝ မသိနားမလည်၊ သူငယ်ချင်းကလည်း နားမလည်နဲ့ တီးကြတာပါ။ သီဆိုသူတွေကလည်း အပျော်တမ်းတွေပါပဲ။ ဗျိုင်းရေအိုးစင် ရပ်ကွက်ထဲက ခန်းမတစ်ခုမှာပါ။ သတို့သား၊ သတို့သမီး ပွဲထွက်တော့မယ် ဆိုပြီး တီးဝိုင်းကို လူတစ်ယောက်က လာပြောပါတယ်။ အခမ်းအနား စတော့မယ်ပေါ့။ သတို့သား၊ သတို့သမီး မင်္ဂလာစင်မြင့် ပေါ်ကို လာမယ့်အချိန်မှာ တီးရမယ့်တီးလုံး ရှိမှန်းတောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com




မသိသေးပါဘူး။ ဒါကြောင့် သူငယ်ချင်း ဘော့စ်သမားကို မင်းနဲ့ငါ ဘာသီချင်းတီးမလဲလို့ တိုင်ပင်ပါတယ်။ သူကလည်း သီချင်း အရမ်းဆိုချင်နေတော့ သူ့အစ်ကိုအရင်းရဲ့ မင်္ဂလာဆောင်မှာ ဆိုရပြီ ဆိုပြီး ပျော်နေပါတယ်။ ဒါကြောင့် မင်းတီးချင်တာတီးဆိုပြီး ကျွန်တော့်ကို ပြန်မေးပါတယ်။ ကျွန်တော်ကလည်း ဂစ်တာလက်စွမ်းပြလို့ ကောင်းတဲ့သီချင်း ဘာရှိလဲလို့ စဉ်းစားရင်း သူငယ်ချင်း ဘော့စ်သမား ဆိုလေ့ရှိတဲ့ သီချင်းကို သွားသတိရပါတယ်။ ဒါကြောင့် အဲဒီသီချင်းရဲ့ အင်ထရိုကို တီးလိုက်တော့ ဒီကောင်လည်း သီချင်းစဆိုပါတော့တယ်။ အဲဒီမှာ မင်္ဂလာ သတို့သား၊ သတို့သမီးလည်း တိုက်ပုံတွေ၊ ထိုင်မသိမ်းတွေနဲ့ ကျွန်တော်တို့ကိုကြည့်ပြီး မကျေမနပ် စင်မြင့်ရှိရာကို လာရတော့တာပါပဲ။ လူတွေကလည်း ဝိုင်းရယ်ကြတာပေါ့။ ကျွန်တော်တီးတဲ့ သီချင်းက အဲဒီအခါချိန်မှာခေတ်စားနေတဲ့ **'LABAMBA'** ဆိုတဲ့ စပိန်သီချင်းဖြစ်ပြီး သူငယ်ချင်းကလည်း စပိန်လိုမတတ်ဘဲ မပီကလာ ပီကလာနဲ့ ပေါက်ကရတွေဆိုတော့ မြန်မာဆန်ဆန်ဝတ်စုံနဲ့ သတို့သား၊ သတို့သမီး ဘယ်လောက် စိတ်ဆိုးမလဲ စဉ်းစားသာ ကြည့်စေချင်ပါတယ်။

၅ ရက်၊ မတ်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် **Vol.3 No.233**



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်နှင့် ဟုမ္မလင်းခရီးအလွဲများ

www.burmeseclassic.com

www.burmeseclassic.com

'ဟုမ္မလင်း' မြို့မှာနေတဲ့ ကျွန်တော်နဲ့ ကျောင်းနေဘက် ရန်ကုန်တက္ကသိုလ်မှာ ဥပဒေမေဂျာ အတူတူတက်ခဲ့ကြတဲ့ သူငယ်ချင်း တစ်ယောက်က ကျွန်တော့်ကိုဖုန်းဆက်ပြီး 'စတိတ်ရှိုးတစ်ပွဲ သူတို့မြို့ မှာလုပ်ချင်တယ်။ အဲဒီပွဲကလည်း သူတို့မြို့မှာရှိတဲ့ လူမှုကူညီရေး အဖွဲ့အတွက် ရန်ပုံငွေပွဲဖြစ်နေလို့ အဆိုတော်တွေကို ဈေးသက်သက် သာသာနဲ့ ရဖို့လည်းကူညီပါ' လို့ ပြောလာတာကြောင့် ကျွန်တော် လည်း မနေသာတော့ဘဲ ဝင်ကူညီရပါတော့တယ်။ (လွန်ခဲ့တဲ့ (၂)နှစ် လောက်ကပါ။)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်သူငယ်ချင်းက ဝန်ထမ်းဘဝကနေ ဆေးပင်စင်နဲ့ အငြိမ်းစားယူပြီး သာသနာရေး၊ လူမှုရေးဓောက်ချ လုပ်နေသူတစ်ယောက်ဖြစ်နေလို့ ကုသိုလ်လည်းရ၊ သူတို့မြို့ကိုလည်း ရောက်ဖူးချင်တာကြောင့် တာဝန်ယူပေးဖြစ်တာပါ။ တကယ်လုပ်ဖြစ်တော့ အဆိုတော်တွေကလည်း ကျွန်တော့်မျက်နှာကြောင့် ထင်ပါရဲ့၊ သီဆိုပေးတဲ့ အနုပညာခကြေးကိုလည်း တော်တော့်ကို လျှော့ယူပေးကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(တချို့အဆိုတော်မလေးတွေကတော့ သူတို့ယူတဲ့ဈေးထက် ပိုပြီး အခြား အဆိုတော်မလေးတွေကို မပေးရဘူးလို့ ခြိမ်းခြောက်တာကို ကျွန်တော့်သူငယ်ချင်းခမျာ ပြုံးပြုံးကြီးနဲ့ ခံရပါသေးတယ်။)

ဒီလိုနဲ့ အဆိုတော်တွေရဲ့ သတ်မှတ်တဲ့ အနုပညာကြေး စရန် ပေးပြီးချိန်မှာ ခရီးထွက်ဖို့ ဖြစ်လာပါတယ်။ ကျွန်တော် ဟုမ္မလင်း





www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ မင်္ဂလာဒုံလေဆိပ်ရောက်တဲ့အချိန် အဆိုတော်တွေအားလုံး ရောက်နေကြပါပြီ။ သူငယ်ချင်းက ကြိုဆိုပြီး အဆိုတော်တွေရဲ့ ခရီးဆောင်အိတ်တွေ ချိန်တွယ်တာကအစ ကူညီပေးပါတယ်။ (သူတို့မြို့ရဲ့ပထမဆုံးစတိတ်ရှိုးဖြစ်လို့ သူက တက်ကြွနေတာ ဖြစ်မှာပါ။) အားလုံးရဲ့ ခရီးဆောင်အိတ်တွေ ချိန်တွယ်ပြီးလို့ လေယာဉ်ပေါ် မတက်ခင်၊ နားရမယ့်အခန်းမှာ သွားထိုင်ပြီး ထိုင်နေကြချိန်မှာပဲ၊ သူငယ်ချင်းက အဆိုတော်တွေ အားလုံးကို သူတို့မြို့က လူမှုကူညီရေးအသင်းရဲ့ စာရင်းရှင်းတမ်းလေး ဖတ်ကြည့်လိုက်တော့မှ မျက်လုံးပြူးသွားပါတော့တယ်။ ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီဆိုပြီး စိတ်ထဲကလည်း ပူသွားပါတယ်။ သူက ဝန်ထမ်းပီပီ ရှင်းရှင်းလင်းလင်း လုပ်တာ အရိုးစွဲနေတော့ အဆိုတော်အားလုံးရဲ့ အနုပညာကြေးတွေကို များတဲ့သူကစပြီး တန်းစီပြီး ချရေးပြထားတော့ အဆိုတော်တွေ တစ်ယောက်နဲ့ တစ်ယောက်ကြား ပိုက်ဆံမနည်း,နည်းအောင် ညာပြီး ဈေးဆစ်ထားတဲ့ ကျွန်တော့်မှာ သူလုပ်ချလိုက်တာကြောင့် အဆိုတော်တွေနဲ့ မျက်နှာချင်းမဆိုင်ရဲတော့ပါဘူး။ (ဈေးဆစ်ကြတုန်းက သူလည်းပါ, ပါတယ်။)

ဒါကြောင့် သူကို အဆိုတော်တွေရဲ့ သီဆိုခတွေကို မင်းတို့မြို့မှာ စာရင်းရှင်းတမ်းဝေတာ ကိစ္စမရှိဘူး။ ဘာဖြစ်လို့ မဆီမဆိုင် အဆိုတော်တွေရဲ့လက်ထဲ သွားထည့်ရတာလဲ။ဈေးနည်းတာ၊ များတာ တွေသိသွားလို့ သူတို့မဆိုတော့ဘူးဆိုရင် ငါလည်းမတတ်နိုင်ဘူးလို့ ကျိတ်ပြီးဆူရပါတယ်။ အဲဒီတော့မှ သူ့အဖြစ် သူသိသွားပြီး အဆိုတော်တွေကို ဒီကောင် လိုက်ချော့ပါတော့တယ်။ ဘာစားချင်သလဲ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သောက်ဦးမလဲပေါ့။

ဒီလိုနဲ့ ဟုမ္မလင်းလေယာဉ်ကွင်းကို ရောက်တော့ သူတို့မြို့က (Town Ace) ကားအကြီးတစ်စီးနဲ့ အဆိုတော်တွေ၊ တီးဝိုင်းအဖွဲ့ (ကျွန်တော်နဲ့ ကျောင်းနေဘက်သူငယ်ချင်း ကီးဘုတ်သမား) ကို လာကြိုကြပါတယ်။ လေဆိပ်အပြင်မှာလည်း အဆိုတော်တွေကို မြင်ဖူးချင်ကြလို့ လာကြည့်ကြတာ ပရိသတ်တွေ အပြည့်ပါပဲ။ ကျွန်တော်တို့လည်း သူတို့ မြို့သူ၊ မြို့သားတွေရဲ့ရှေ့မှာ လာကြိုတဲ့ ကားကြီးပေါ်တက်၊ စမတ်ကျကျထိုင်ပြီး လေဆိပ်က ထွက်ခဲ့ကြပါတယ်။

အဆိုတော်တွေနေရမယ့် အိမ်အပေါ်ထပ်တစ်ခုလုံးမှာ အဆိုတော်မိန်းကလေးတွေက တစ်ခန်း၊ အဆိုတော် ကိုခင်မောင်တိုး၊ ကိုဂျေမောင်မောင်တို့က တစ်ခန်း၊ ကျွန်တော်တို့ပါလာတဲ့ ယောကျ်ားလေးတွေကတော့ ဘုရားခန်းမှာ နေရာယူကြပါတယ်။ သူတို့ဟုမ္မလင်းမြို့ရဲ့ ဧည့်ခံကြိုဆိုရေးကော်မတီက တော်တော့်ကို တာဝန်ကျေပါတယ်။ ညအိပ်မယ့်အချိန် ရောက်လာတော့လည်း ည (၁၀)နာရီအထိ မီးစက်နှိုးထားပေးထားပြီး ၁၀နာရီကျော်လာတာနဲ့ မီးစက်ပိတ်လိုက်ပါတော့တယ်။ ကျွန်တော်တို့လည်း ခရီးပန်းတာကြောင့် အိပ်ကြရပါတော့တယ်။ အိပ်ပျော်မယ်ကြံရုံ ရှိပါသေးတယ်၊ ဂစ်တာသံတွေ၊ လူသံတွေကြားရလို့ နားစွင့်လိုက်မိတော့မှ ဒေသရဲ့ဖျော်ဖြေရေးအဖွဲ့တွေ ဖြစ်နေတော့တာပါပဲ။

သူတို့မြို့က လူငယ်တွေ၊ ဂစ်တာသမားလေးတွေက ရန်ကုန်ကလာတဲ့ အဆိုတော်တွေကို ဟုမ္မလင်းမြို့မှာလည်း သီချင်းဆိုကောင်းတဲ့ လူငယ်တွေရှိကြောင်း အစွမ်းပြချင်ကြလို့နဲ့ တူပါရဲ့။ တစ်ဖွဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖွဲ့ ဂစ်တာသံနဲ့ သီချင်းလာဆိုကြတာကို အဆိုတော်တွေက အိပ်နေရင်း သီချင်းနားထောင်ကြရပါတယ်။

မြို့ခံလူငယ်လေးတစ်ယောက်ဆိုရင် 'Lလွန်းဝါ' ရဲ့ အချစ်မျက်ဝန်းသီချင်းကို အဆိုတော်ကြားရရင် ငိုင်သွားအောင်ကို အပီအပြင်ဆိုပြပါတယ်။ (L လွန်းဝါ)ကတော့ ဟုမ္မလင်း ခရီးမှာ မပါပါ။ ကျွန်တော်လည်း နားထောင်ရင်းနဲ့ အိပ်ပျော်ချင်လာပါတယ်။ အိပ်ပျော်နေဆဲ ညတစ်နာရီလောက်မှာ လန့်နိုးပါတော့တယ်။ နိုးရတဲ့အကြောင်းရင်းက သူတို့ဖျော်ဖြေရေးအဖွဲ့ တွေချင်း ပြိုင်ကြရင်း ဘယ်လိုဖြစ်တယ် မသိပါဘူး။ တစ်ဖွဲ့က သီချင်းဆိုလို့အားမရဘဲ (အသင့်ပါလာပုံရတဲ့) ကက်ဆက်ကြီးနဲ့ အင်္ဂလိပ်သီချင်း (Dance Music) ကို အသားကုန်ဖွင့်ပြီး လက်စွမ်းပြပါရော၊ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်တဲ့မြို့လေးရဲ့ညမှာ ကက်ဆက်ကြီးဖွင့်ပြီး အဆိုတော်တွေကို လက်စွမ်းပြတော့ အောက်ထပ်မှာ စောင့်အိပ်ပေးနေတဲ့ကော်မတီဝင်လူကြီးက ဘယ်လိုမှ သည်းမခံနိုင်တော့လို့ ဆဲဆိုပြီး တုတ်ယူ ခြောက်လှန့်လိုက်တဲ့အသံ၊ ကက်ဆက်ပိုင်ရှင်က ကက်ဆက်ကိုပိုက်ပြီး ပြေးတဲ့ ဖိနပ်သံဟာ ဒီဗွီဒီကားတွေထဲက ၅.၁ စနစ်လို တဖြည်းဖြည်းချင်း ဝေးပြီး အသံကို သဲ့သဲ့လေးကြားရတော့တဲ့အထိပဲ။ ကျွန်တော်လည်းအိပ်နေရာကနေ သဘောကျနေမိပါတယ်။ (ကက်ဆက်ပိုင်ရှင်ရဲ့ စိတ်ကူးကိုပါ။) နောက်တစ်နေ့မနက်မှာ မနက်စာစားကြရင်း အဆိုတော်တွေနဲ့ အဲဒီအဖြစ်လေးကို ပြောဖြစ်ကြပါသေးတယ်။

ညပိုင်း စတိတ်ရှိုးတီးမယ့်အချိန်ရောက်လာတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကီးဘုတ်သမား သူငယ်ချင်းလည်း စင်ပေါ်မှာ လက်စွမ်းပြသီချင်း တီးပြီး စတိတ်ရှိုးကို စပါတော့တယ်။ ကျွန်တော့်သူငယ်ချင်းက စား သောက်ဆိုင်တွေမှာ ကီးဘုတ်တီးနေသူပါ။ ဒါကြောင့် အဆိုတော် တစ်ယောက်က သီချင်းဆိုဖို့ Note ပေးလိုက်တိုင်း၊ သူ့ကီးဘုတ်ရဲ့ ရစ်သမ်ဘောက်စ်လို့ခေါ်တဲ့ သံစုံထွက်တဲ့ ခလုတ်ကိုဖွင့်တယ်။ ပြီး တော့ ပရိသတ်တွေအားလုံးကြားရအောင် စပီကာကြီးတွေက အသံ ထုတ်ပြီး 'တုန်ချပ်၊ တုန်ချပ်'နဲ့ အသံနှေးရာကနေ မြန်လာအောင် လုပ်ပြန်တယ်။

သီချင်းအနှေး၊ အမြန် အသံအကျယ်ကြီးဖွင့်ချိန်ဟာ ပြဿနာ မရှိပေမယ့် အခုလို စတိတ်ရှိုးကြီးမှာ အကျင့်ပါပြီး ပရိသတ်ပါ ကြား ရတဲ့အထိ အနှေးအမြန်ချိန်တာ သီချင်းများလာတော့ ကျွန်တော်လည်း ပရိသတ်ကို မျက်နှာပူလာပြီး ဒီကောင့်ကို မလုပ်ဖို့ ပြောရပါတော့ တယ်။ ကျွန်တော်တို့တီးဝိုင်းလိုက်ပြီး စတိတ်ရှိုးတီးကြရင် တေးသွား အနှေးအမြန် ချိန်တာကို ပရိသတ်သိမှာ၊ ကြားမှာစိုးလို့ တိုးတိုးလေးပဲ ဒရမ်မာက Timming ပေးကြပါတယ်။ တကယ်တော့ သူက အကျင့် ပါနေတာပါ။

စတိတ်ရှိုးတီးပြီး နောက်တစ်နေ့ညနေမှာ ကျွန်တော် ဘာလို အပ်နေလဲဆိုတာ၊ ဘာစွဲနေလဲဆိုတာကို သိလာပါတယ်။ ကျွန်တော် တကယ်တော့ လိုအပ်နေတာ၊ စွဲနေတာက လက်ဖက်ရည်ပါပဲ။

ကျွန်တော်က ညနေဆို လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ဖက် ရည် သောက်လေ့ရှိသူ (သီချင်းသွင်းတဲ့နေ့တွေဆိုရင်လည်း စတူဒီယို မှာ သောက်လေ့ရှိသူ) ဆိုတော့ ဟူမွလင်းမြို့မှာ တစ်ရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင် မထိုင်ရတာကို မနေနိုင်တော့လို့၊ အဆိုတော် ကိုခင်မောင်တိုးနဲ့ ကိုဂျေမောင်မောင်ကို လက်ဖက်ရည် သွားသောက်ဖို့ ဆွယ်ရပါတော့တယ်။ သူတို့ကလည်း လက်ဖက်ရည် ဆိုင်လိုက်ဖို့ သဘောတူပါတယ်။ ကီးဘုတ်သမား သူငယ်ချင်းကလည်း လိုက်မယ် ဆိုလို့ ပွဲစီစဉ်သူ သူငယ်ချင်းကို လက်ဖက်ရည်ဆိုင် ထိုင်ချင်တယ် ဆိုပြီး ပူဆာရပါတယ်။ သူကလည်း လေဆိပ်မှာ ကျွန်တော်တို့ကို လာကြိုတဲ့ကားကြီးနဲ့ လက်ဖက်ရည်ဆိုင်ကို လိုက်ပို့ပေးဖို့ ကားဆရာ ကို တာဝန်ပေးလိုက်ပါတယ်။ ကားဆရာကလည်း လိုက်ပို့ပါတယ်။ ဒါပေမယ့် သဘောမတွေ့နိုင်တာ တစ်ခုက ကားဆရာရဲ့ အမူအရာ ပါပဲ။

ကျွန်တော်တို့သွားတဲ့ လက်ဖက်ရည်ဆိုင်မှာရော၊ တခြားဈေး ဝင်ဝယ်တဲ့နေရာတွေမှာပါ ကားဆရာက ကျွန်တော်တို့နဲ့ ရှောင်ဖယ် ရှောင်ဖယ် လုပ်နေတာပါ။ သူကားပေါ်မှာပဲနေခဲ့ပြီး ကားကို ဟိုရွှေ့၊ ဒီရွှေ့နဲ့ အကြောင်းပြနေလေရဲ့။ ဒါကြောင့် လက်ဖက်ရည်ဆိုင်မှာ အဆိုတော် ကြီးတွေနဲ့ တစ်ဝိုင်းတည်း လက်ဖက်ရည်သောက်ဖို့ ကား ဆရာကို အတင်းအကျပ် တောင်းဆိုရပါတယ်။ ကားဆရာက ကား ရပ်ပြီး ကိုတိုးကြီး (ကိုခင်မောင်တိုးနဲ့ကိုဂျေမောင်မောင်) တို့ ကားပေါ် က ဆင်းနိုင်အောင် လုပ်ပေးပြီး ကျွန်တော် ဘယ်လိုပဲခေါ်ခေါ် မလိုက် ဘဲ၊ ကားကိုမောင်းထွက်သွားပါတယ်။ အဆိုတော်တွေနဲ့ မထိုင် ချင်ဘူးဆိုတဲ့သဘောလား မသိပါဘူး။

ဒါနဲ့ ကျွန်တော်လည်း သူ့ကို ဘယ်လိုမှ ခေါ်လို့မရတဲ့အဆုံး (သူ့ကားပေါ်က မဆင်းတာကြောင့်) တစ်ယောက်တည်း လက်ဖက်




www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်ထဲ ဝင်ခဲ့ပါတယ်။ သူက ကားနဲ့ ချက်ချင်းထွက်သွားပါတယ်။ လက်ဖက်ရည်သောက်ပြီးလို့ ဆိုင်အပြင်ထွက်ပြီး သူ့ကိုရှာတော့ ခပ်ဝေးဝေးက သစ်ပင်ရိပ်မှာ ကားရပ်ပြီး ထိုင်စောင့်နေပါတယ်။ ဒါကြောင့် ကျွန်တော်လည်း မကျေမနပ်နဲ့ တည်းခိုတဲ့အိမ်ကို ပြန်ခဲ့ကြပါတယ်။ အိမ်ရောက်တော့ မြို့ခံ စီစဉ်သူ သူငယ်ချင်းကိုကားဆရာရဲ့ခပ်တန်းတန်းနေပုံ၊ လက်ဖက်ရည်ဆိုင် ဝင်မထိုင်ဘဲ ကားမောင်းထွက်သွားပုံတွေကို ပြောပြဖြစ်ပါတယ်။ အဲဒီတော့မှ သူငယ်ချင်းက ပြန်ရှင်းပြပါတယ်။

သူက ရှင်းပြတော့မှပဲ ကျွန်တော့်တို့ ကားဆရာက ကျွန်တော်တို့နဲ့ လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားရပ်ပြီး အတူတူထိုင်ပြီး လက်ဖက်ရည်မသောက်တာက အဲဒီကားရပ်ရင် ဆိုင်ရှင်တွေက မကြိုက်ကြလို့။ ဘာဖြစ်လို့လဲဆိုတော့ ဟုမ္မလင်းမြို့၊ နာရေးကူညီမှု အသင်းပိုင်ကားဖြစ်နေလို့၊ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ စီးနေတဲ့ကားကြီးက





www.burmeseclassic.com

www.burmeseclassic.com



အသုံးဘာကားကြီး ဖြစ်နေလို့ပဲဆိုတာ သိလိုက်ရတော့မှပဲ လေဆိပ်မှာ မြို့သူ၊ မြို့သားတွေ ကျွန်တော်တို့ကို ကြည့်ကြပုံကို သဘော ပေါက်သွားပါတော့တယ်။

ကိုယ့်ကိုယ်ကိုလည်း မြို့သူ၊ မြို့သားတွေ ကြည့်နေလို့ ဘဝင်မြင့်သွားမိတဲ့ အကောင်၊ အခုတော့ ကားလှလှကြီးစီးရတာ မှတ်ပြီလားလို့ ဆုံးမလိုက်ရပါတော့တယ်။

**(မေ့နေသည့်အဖြစ်အပျက်လေးကို မထင်မှတ်ဘဲ အစပြန်ဖော်ပေးသည့် အဆိုတော် ကိုခင်မောင်တိုး အား ကျေးဇူးတင်လျှက်)**

၁၈ ရက်၊ ဇွန်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်

အမှတ်စဉ် Vol.3 No.247



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် L ဆိုင်းဇီ

www.burmeseclassic.com

www.burmeseclassic.com

'လှည့်ကြည့်ပါဦး' ဆိုတဲ့ သီချင်းလေးကို အော်ဒီယိုစီဒီခွေ ဖွင့်ပြီး၊ တစ်ယောက်ထဲ စင်ပေါ်မှာဆိုသွားတဲ့ ကောင်မလေးတစ်ယောက်ကို လွန်ခဲ့တဲ့ (၃၊ ၄)နှစ်လောက်က မြရိပ်ညိုဟိုတယ်ရဲ့ စတိတ်ရှိုးစင်ပေါ်မှာ ကျွန်တော် တွေ့ခဲ့ဖူးပါတယ်။

ကျွန်တော်တို့ 'လေးဧီးကလပ်' ဝိုင်းနဲ့ ဟစ်ဟော့အဖွဲ့ တော်တော်များများ တွဲပြီး၊ ဖျော်ဖြေကြတဲ့ပွဲတစ်ခုလို့ မှတ်မိနေပါတယ်။ အဲဒီကလေးမလေးရဲ့ သတ္တိကိုလည်း ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပြောမိပြီး ချီးမွမ်းမိပါတယ်။

သူများတွေက စင်ပေါ်မှာ (၄၊ ၅)ယောက်လောက်ပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုကြတာတောင် ရင်တုန်၊ ဒူးတုန် ဖြစ်နေကြတာ သူက တစ်ယောက်တည်း (တီးဝိုင်းလည်းမပါဘဲ) တက်ဆိုရဲတာကို ရှားရှားပါးပါး တွေ့မိလို့ပါ။ သူ့နာမည်ကတော့ L ဆိုင်းဇီလို့ ကြေငြာသံကြားလိုက်ရပါတယ် . . .

ဒါပေမယ့် အဲဒီ 'လှည့်ကြည့်ပါဦး' သီချင်းက 'L လွန်းဝါ' ဆိုတယ်လို့ပဲ သိထားတော့ သူများသီချင်းကို ဘာလို့တက်ဆိုတာလဲ၊ အသံလည်းကောင်းရဲ့သားနဲ့လို့ ထင်မိပါသေးတယ်။

နောက်မှ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က အဲဒီသီချင်းကို L ဆိုင်းဇီ ရေးတာလို့ပြောပြတော့၊ သီချင်းရေးတာလည်းမဆိုးဘူး။ မိန်းကလေးထဲမှာ တော်တော်ရှားတာပဲ။ တစ်ချိန်ချိန်မှာ နာမည်ကြီးလာနိုင်တယ်လို့ မှတ်ချက်ချမိပါတယ်။

အဲဒီတုန်းက နာမည်မကြီးသေးတဲ့ 'L ဆိုင်းဇီ' ရဲ့ တစ်ကိုယ်တော်ခွေကို ထုတ်မယ်ဆိုပြီး၊ ကျွန်တော်တို့ 'လေးဇီးကလပ်'နဲ့ 'နဝရတ်'မှာ သွင်းပေးမယ့် ပရိုဂျူဆာက အခု 'ရောသမမွှေ'နဲ့ နာမည်ကြီးနေတဲ့ 'ဒီဂျေသားစိုး'ပါ။

ကျွန်တော့်စိတ်ထင် သီချင်း (၄)ပုဒ်လောက် နဝရတ် စတူဒီယိုမှာ သွင်းဖြစ်ပါသေးတယ်။ (အဲဒီအခွေက ဆက်ပြီး မလုပ်ဖြစ်တော့လို့ အခုတော့ ရပ်သွားပါပြီ) သူရဲ့သီချင်းသွင်းမယ့်နေ့ကို စတူဒီယိုမှာ စကားမပြောရဲ၊ မဆိုရဲနဲ့ လာထိုင်နေတတ်ပါတယ်။ ကျွန်တော်ကတောင် သူငယ်ချင်းတွေကို နောက်မိပါသေးတယ်။ (သူမသိအောင်ပေါ့) သွက်လက်တဲ့သွေးတွေကို သူ့ရဲ့ အစ်ကို(ဝမ်းကွဲ) 'L လွန်းဝါ' နဲ့ အစ်မဝမ်းကွဲ 'ရေဗက္ကာဝင်း' တို့က ရခိုင်နှန်းတော်တော်များများ

www.burmeseclassic.com



ယူသွားလို့ သူတို့အမျိုးထဲမှာ အေးတဲ့၊ ငြိမ်တဲ့၊ စိတ်မပူတဲ့၊ စိတ်ခါတ်တွေ၊ သေွးတွေကို အဲဒီကောင်မလေး (L ဆိုင်းဓိ)ပဲ၊ ရသွားတာထင်တယ်လို့ စမိပါတယ်။ (သူတို့ (၃)ယောက်ကလည်း မောင်နှမတော်ကြပါတယ်) အဲဒီအချိန်က 'L လွန်းဝါ' က နာမည် ရနေပါပြီ။

'ရေဗက္ကာဝင်း' ကလည်း လူသိများနေပါပြီ။ သူ (L ဆိုင်းဓိ) ကသာ ငိုင်တိငိုင်တိုင်၊ အေးတိအေးစက်နဲ့မို့ စ,မိတာပါ။

သူက လူသာအေးပေမယ့် ဂစ်တာတီးပြီး သီချင်းဆိုပြတော့ ဟုတ်လို့ပါပဲ။ ကျွန်တော်က သူရေးတဲ့သီချင်းတွေကို Arrangement လုပ်ပေးရတော့ သူ့သီချင်းတွေကို အရင်ဆုံး နားထောင်ရပါတယ်။ တက်လမ်းရှိတယ်လို့ပဲ သူ့ငယ်ချင်းတွေကလည်း မှတ်ချက်ပေးကြပါတယ်။ သူ့သီချင်းသွင်းတော့ ဒုတိယနေ့မှာ ထူးခြားချက်တစ်ခုက သီချင်းခွေကြမ်း စီဒီကူးဖို့ အခွေလွတ် မရှိလို့ စမိုင်က Junction 8 မှာ ကျွန်တော်တို့တီးဝိုင်းရဲ့ Notes တွေချိတ်၊ လက်တိုလက်တောင်းခိုင်းရတဲ့ (ရီးယက်စ်)ဆိုတဲ့ကလေးကို စီဒီအခွေအလွတ် စီးတီးမတ်ဆိုင်မှာ ဝယ်ခိုင်းမိပါတယ်။

အဲဒီကလေးက စီးတီးမတ်ဆိုင်က ဝယ်အပြီး ကျွန်တော်တို့ရဲ့ စတူဒီယိုကိုရောက်တာနဲ့ စီးတီးမတ်ဆိုင်မှာ ဗုံးပေါက်ကွဲမှု ဖြစ်တယ်ဆိုပြီး သတင်းရလို့ ချက်ချင်းအပြေးအလွှား သွားကြည့်ရပြီး သူ့ရဲ့ အသံသွင်းအစီအစဉ်လည်း ရပ်လိုက်ရပါတယ်။ သူရဲ့ သီချင်းအတွက် စီဒီခွေဝယ်တဲ့ကလေးလည်း (၅) မိနစ်လောက်သာခြားပြီး အသက်ဘေးက လွတ်ခဲ့ရပါတယ်။

ဒီလိုနဲ့ သူ့ရဲ့နာမည်ဟာလည်း တစ်နေ့တခြား ထင်ရှားလာရာ



www.burmeseclassic.com

www.burmeseclassic.com



က 'မိုးရာသီထဲ' သီချင်းနဲ့ တစ်နိုင်ငံလုံး မသိသူမရှိလောက်အောင် အောင်မြင်သူ ဖြစ်ခဲ့ပါတယ်။ အဲဒီ'မိုးရာသီထဲ' သီချင်းဟာ ဘယ်လောက်အောင်မြင်သလဲဆိုရင် အပတ်စဉ်ထုတ်လွှင့်တဲ့ အဆိုပြိုင်ပွဲတစ်ခုမှာ 'မိုးရာသီထဲ' သီချင်းကို ယှဉ်ပြိုင်ခွင့်မပြုရလောက်အောင် စာရင်းပေးသူ ဝါသနာရှင်တွေ များတယ်လို့ အဲဒီ စီစဉ်သူထဲမှာပါတဲ့ တေးရေးဆရာတစ်ယောက်က ကျွန်တော့်ကို ပြောပြဖူးပါတယ်။ သူကတော့ နာမည်သာကြီးလာတာ အရင်တုန်းက နာမည်မရခင်တုန်းကလို အေးမြ၊ ငိုင်မြ၊ စိတ်မပူမြ၊ (ဟဲဟဲ၊ အချိန်နောက်ကျမြ) သတိမေ့တတ်ဆဲပါပဲ၊ သူ့မှာ ကောင်းတဲ့အချက် တစ်ချက်က သီချင်းဆိုဖို့ ချိန်းထားတဲ့ပွဲတွေမှာ ဘယ်လိုပဲမေ့မေ့၊ နောက်ကျနောက်ကျ၊ တွေ့တာနဲ့ ပျာပျာသလဲ တောင်းပန်မြ၊ ရှင်းပြမြပါပဲ။ (နာမည်ကြီးလို့ ဂရုမစိုက်ဘူးတို့၊ တောင်းပန်စရာမလိုဘူးတို့) စတဲ့ အောက်ခြေလွတ်တဲ့ စိတ်တွေကိုလည်း မတွေ့မိပါဘူး။ (အမြင်အတိုင်းပြောပြတာပါ) ရိုးရိုးပဲတွေးပြီး၊ အခုထိ ကလေးတစ်ယောက်လို အတေးအမှတ်မရှိပါဘူး။

ဒီနှစ် သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့က၊ မော်လမြိုင် (ကမာဝက်ကျေးရွာ) မှာ ကျွန်တော်တို့အဖွဲ့နဲ့သွားပြီး စတိတ်ရှိုးကိတပွဲဖျော်ဖြေကြတော့ သူ(L ဆိုင်းဇီ)လည်း ပါ,ပါတယ်။ သူဆိုတဲ့သီချင်းတစ်ပုဒ် (အရှုံးမလုပ်ပါနဲ့) သီချင်းကိုတီးတော့ သူကတဲ့ 'စတိုင်' ပြောင်းနေပါတယ်။ ဒီတစ်ခါတော့ L ဆိုင်းဇီ ပုံစံပြောင်းသွားပြီလို့ ထင်လိုက်ပါတယ်။ ဒါကြောင့်စင်အောက်ရောက်တော့ 'ဟဲ့၊ နင် ဒီတစ်ခါ သိပ်ပြီး မပြေးမလွှားပါလား၊ မလှုပ်ပါလား၊ တစ်နေရာထဲမှာ ငြိမ်ငြိမ်နဲ့ က,နေတာ ငါတွေ့ရတယ်' လို့ မေးဖြစ်ပါတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဆိုင်းဇီ ပုံစံပြောင်း မှာပေါ့၊ ဒေါက်ဖိနပ်က အောက်က သစ်သားကြမ်းခင်းနဲ့ ညှပ်နေလို့၊ သီချင်းဆိုရင်းနဲ့ မသိမသာ ဆွဲနှုတ်နေတာ' တဲ့။

အဲဒီလို အမူအရာကောင်းပါတယ်။ အဲဒီတော့မှပဲ ကျွန်တော် လည်း သူ့အခက်အခဲကို သိသွားရပါတယ်။ တစ်ခါတစ်ခါ အနုပညာ သမားဆိုတာ စင်ပေါ်ရောက်လို့ ဖြစ်လာတဲ့ အခက်အခဲကို ဉာဏ်သုံး ပြီး အဖြေရှာတတ်ရပါတယ်။

နောက်တစ်ခါထပ်ဆိုတော့ ဖိနပ်ချွတ်ပြီး ဆိုတော့တာပါပဲ။ ပရိသတ်က စင်အောက်က မော့ကြည့်နေတော့ ဖိနပ်မပါတာ၊ ပါတာ သတိထားမိမယ် မထင်ပါဘူး။ (အကြံပေးသူက ကျွန်တော်ပါ)။

အမှတ်တရ သင်္ကြန်ဖျော်ဖြေပွဲလေးကို သင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက် မြရိပ်ညိုဟိုတယ်မှာ ကျွန်တော်တို့ တီးဖြစ်ပါတယ်။ (Lဆိုင်းဇီ လည်းပါပါတယ်) ဖြစ်ချင်တော့ ကျွန်တော်တို့က မနက်ကျ ရင် အစောဆုံးလေယာဉ်နဲ့ ကမ္ဘောဇဘဏ်ကပြုလုပ်တဲ့ တောင်ကြီး သင်္ကြန်ဖွင့်ပွဲ တီးရမှာဖြစ်နေလို့ တီးဝိုင်းရဲ့ အကူအညီပေးဖို့ ကလေး တစ်ယောက်ကို (၂)ရက်လောက် ရထားနဲ့ ကြိုပြီး တောင်ကြီးကို လွှတ်ထားရပါတယ်။

စင်ပေါ်မှာ ဂစ်တာသယ်ဖို့၊ နတ်စ်ချိတ်ဖို့၊ ရေဘူးတွေ လိုက် ဝေဖို့ 'ကိုစိန်ပီတာ' တစ်ယောက်တည်း မနိုင်မနင်းမဖြစ်ရအောင် ရုပ်ရှင်လောကထဲက ရှုတင်မန်နေဂျာလည်းလုပ်၊ တစ်ခါတစ်ခါလည်း ဝင်သရုပ်ဆောင်တဲ့ 'မျိုးကြီး' ဆိုတဲ့ ညီငယ်ဝါသနာရှင်တစ်ယောက်ကို အကူအညီတောင်းရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဟိုးအရင်တုန်းက ကျွန်တော်တို့နဲ့တွဲနေကျပါ။ သူက အရမ်းစိတ်ပါပြီး ဝင်ကူညီပါတယ်။ စင်ပေါ်မှာ နုတ်စ်စာရွက် လာချိတ်တော့ လက်တွေတုန်နေလို့ ကျွန်တော်ကတောင် ဂစ်တာတီးရင်းနဲ့ လှမ်းဆူရပါသေးတယ်။ သူ (မျိုးကြီးဆိုတဲ့ အကူအညီကောင်လေး)က 'ကျွန်တော်စတိတ်ရှိုးစင်ပေါ် မတက်တာကြာသွားတော့ ပရိသတ်တွေအောက်က ဆူသံကြားရင် ကြောက်လာတယ်လို့ ဖြေပါတယ်'

အဲဒီလိုနဲ့ Lဆိုင်းဇီ ဆိုမယ့်အလှည့် ရောက်လာတော့ တခြားသီချင်းတွေကိုဆိုအပြီး သူရဲ့ ဟစ်ဖြစ်နေတဲ့ သီချင်းဖြစ်တဲ့ 'မိုးရေထဲက ပုန်းရှောင်သူ'(နာမည်မှားရင်ခွင့်လွှတ်ပါ) ဆိုတဲ့ သီချင်းကို ဆိုတော့တာပါပဲ။ ပရိသတ်ကလည်း တအား, အားပေးကြပါတယ်။

အဲဒီသီချင်းရဲ့ ရက်ပ်အပိုဒ်မှာ ကူညီသီဆိုပေးဖို့ (တကယ်လည်းအခွေထဲမှာဆိုထားတဲ့) ဟစ်ဟော့အဆိုတော် 'ယုန်လေး'က ပရိသတ်တွေ အံ့အားသင့်အောင် ရုတ်တရက် စင်ပေါ်တက်လာပြီး ရက်ပ်ဆိုဖို့ မိုက်ယူလိုက်ပါတယ်။ လက်ထဲမှာလည်း သကြၤန်အထိမ်းအမှတ်အဖြစ် ရေသန့်ဘူးထဲကရေတွေနဲ့ Lဆိုင်းဇီ ကို လောင်းလိုက်ပါတယ်။ ပရိသတ်ကလည်း လက်ခုပ်တီးပြီး အားပေးကြတာပေါ့။ အဲဒီမှာ ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ ကိုရွှေမျိုးကြီး (အကူကောင်လေး)က Lဆိုင်းဇီ ကို ရိုးရိုးပရိသတ်က ရေတက်လောင်းတယ်၊ မိုက်ကရိုဖုန်းကို လာလုတယ်လို့ယူဆပြီး ယုန်လေးကို ဝင်ချုပ်တော့တာပါပဲ။ အားလုံးကလည်း ကြောင်ကြည့်နေပါတယ်။ ယုန်လေးကလည်း 'ကျွန်တော်သီချင်းဆိုမလို့' ပြောပြီးရုန်းတာပါပဲ။ မျိုးကြီးကလည်း မလွှတ်ပါဘူး။ 'ကျွန်တော်ဆိုရမယ့် ရက်ပ်အပိုဒ် ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်လွှတ်'လို့ မျိုးကြီးကို 'ယုန်လေး' ကပြောနေတာကိုလည်း တွေ့နေရပါတယ်။ ကျွန်တော်က နောက်ဆုံးကျတော့ 'ပျော့ကောင် မျိုးကြီး၊ လွှတ်လိုက်ကွ၊ အဲဒါ အဆိုတော်'ဆိုတဲ့ ကျွန်တော့်အမိန့်ရမှ လွှတ်ပေးလိုက်ပါတယ်။ တကယ်အားကိုးရတဲ့ မျိုးကြီးပါပဲ။

ပွဲပြီးလို့ စင်အောက်ရောက်တော့မှ 'အဲဒီသီချင်းကို ကျွန်တော်မသိလို့ပါ၊ ရက်ပ် ဆိုတဲ့ အဆိုတော်ကို Lဆိုင်းဇီ သီချင်းဆိုတာကို ရေတာက်လောင်းတဲ့သူလို့ထင်မိလို့ ဖမ်းချုပ်မိတာပါလို့' ရုပ်ရှင်ရိုက်ရင် မင်းသား၊ မင်းသမီးကို နှောင့်ယှက်သူတွေရှိရင် ဖမ်းချုပ်လေ့ရှိတဲ့ 'ကိုရွှေမျိုးကြီး'က ဝန်ခံချက်ပေးပါတယ်။ ဒါနဲ့ပဲ ရုပ်ရှင်နဲ့ဂီတ နှစ်ခုကြားက ကိုယ့်ဆရာကို အပြစ်မတင်ရက်တော့ပါဘူး။

အဲဒီအဖြစ်လေးတွေက Lဆိုင်းဇီနဲ့ ခရီးသွားရင်း စင်ပေါ်မှာ သီဆိုတီးခတ်ရင်း မတော်တဆ ရယ်စရာ အမှတ်တမဲ့ အဖြစ်အပျက်လေးတွေပါ။

*(ညီမငယ် Lဆိုင်းဇီ သို့ အမှတ်တရ)*

၂၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၀၇ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.223



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်နဲ့ ကြေးစားသင်္ကြန်

www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်ရောက်တော့မယ်ဆိုတိုင်း ငယ်ငယ်တုန်းက စိတ်ထဲမှာ ပျော်မိပါတယ်။ ဘယ်လိုရေလောင်းမယ်၊ သင်္ကြန်ကားတွေ ကြည့်မယ်၊ မဏ္ဍာပ်တွေ လျှောက်ကြည့်မယ်၊ သူငယ်ချင်းတွေနဲ့ ရေပွတ်တိုက်ပွဲလုပ်မယ် စသဖြင့်ပေါ့။ သင်္ကြန်မတိုင်မီည အိပ်ပျော်သွားလို့ မနက်မိုးလင်းလည်းလင်း၊ အိမ်ရှေ့က သူငယ်ချင်းတွေရေပက်သံ၊ သင်္ကြန်ကားတွေရဲ့ အော်ဟစ်သံတွေ ကြားရပြီဆိုရင် သင်္ကြန်ကျပြီဟေ့လို့ အော်ရင်း မျက်နှာ ကမန်းကတန်းသစ်၊ အိမ်ရှေ့က တိုင်ကီထဲက ရေတွေကို ပုံးတွေထဲထည့်ပြီး၊ လမ်းသွားလမ်းလာတွေကို ရေပြေးပက်ရတဲ့ဘဝလောက် အခုအချိန်မှာ ပျော်စရာမကောင်းနိုင်တော့တာကိုလည်း လက်ခံနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအနေအထားအရ စင်မြင့်ပေါ်မှာ ဂစ်တာတီးနေရပေမယ့် ရေစိုရွှဲနေတဲ့ သူတွေကို မနာလိုဖြစ်ရမတတ်၊ ပူလောင်တဲ့စင်မြင့်ပေါ်မှာ ရေထိလို့မရတဲ့ ဂစ်တာတွေ လျှပ်စစ်ပစ္စည်းကိရိယာတွေရဲ့ကြားက ကျွန်တော့ဘဝဟာ တကယ်တော့ ငယ်ငယ်က ပျော်ရွှင်ခဲ့ရတဲ့ ဘဝနဲ့ ပြန်လဲလို့ရခဲ့ရင် လဲလိုက်ချင်ပါသေးတယ်။

ဒါပေမဲ့လည်း ကိုယ့်တာဝန်ကိုယ်သိရမယ့် အရွယ်ရောက်နေပြီဆိုတော့ စင်မြင့်ပေါ်မှာ ဂစ်တာတီးရင်း ပရိသတ်တွေကို ဖျော်ဖြေလို့ လူတွေ ပျော်ရွှင်နေကြတာကို မုဒိတာပွါးရင်း၊ ချွေးစက်တွေ ရွှဲနစ်နေတဲ့ကြားက ရေတွေစိုရွှဲနေတဲ့ ပရိတ်သတ်တွေကိုကြည့်ရင်း ပျော်နိုင်အောင် ကြိုးစားတတ်လာပါပြီ။

ကျွန်တော့်ရဲ့ ဂစ်တာသမားဘဝ အစဟာ တကယ်တော့ သင်္ကြန်ကစတယ်လို့ ပြောလို့ ရနိုင်ပါတယ်၊ ကျွန်တော်ဆယ်တန်း ဖြေအပြီး အောင်စာရင်းမထွက်ခင် သင်္ကြန်ကားတစ်ခုမှာ ဂစ်ဝ သမားအဖြစ် ဝင်တီးဖို့ ဖြစ်လာပါတယ်။

အဲဒီသင်္ကြန်ကားရဲ့အမည်ကတော့ 'ပြည်တော်ဝင်' ဆိုတဲ့ သဃ်န်းကျွန်းမြို့နယ်ကထွက်တဲ့ သံချပ်(သင်္ကြန်ကား)ပါဘဲ။ အဲဒီ သင်္ကြန်ကားမှာ ဝင်တီးဖြစ်ခဲ့တဲ့ကိစ္စလေးက ကျွန်တော့်ရဲ့ ဂစ်တာ ပညာသင်ပေးတဲ့ ဆရာကိုခင်မောင်မြင့်၊ အခု ဂစ်တာတီးနည်း စာအုပ်တွေ ရေးသားထုတ်ဝေနေတဲ့ ဆရာကိုနိုင်(ရှုပ)နဲ့ စတွေ့ခွင့်ရခဲ့လို့ပါ။

ကိုခင်မောင်မြင့်က အဲဒီသင်္ကြန်ကားမှာ ဒရမ်တီးသူအဖြစ်နဲ့ ရောက်လာတာပါ၊ ကျွန်တော်က လီဒ်သမားပေါ့။ ဘေ့စ်တီးသူက အောင်နိုင်ဆိုတဲ့ ကျွန်တော့်ငယ်ငယ်က သူငယ်ချင်းပါ။ သူက ရွှေသွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြုံးနေအောင် တပ်ထားလို့ ရွှေသွားအောင်နိုင်လို့ ခေါ်ကြပါတယ်။ (ကျွန်တော်ရေးခဲ့တဲ့ မင်္ဂလာဆောင်များစာစုထဲက သူ့အစ်ကို မင်္ဂလာဆောင်မှာ စပိန်သီချင်းဆိုတာ သူပါဘဲ။)

ကျွန်တော် သင်္ကြန်ကားမှာ တီးခွင့်ရခဲ့တော့ တော်တော့်ကို ပျော်မိပါတယ်။ အဲဒီအချိန်တုန်းက ဟော်လိုဂစ်တာသာ တီးဖူးသူဖြစ်တော့ အလက်ထရောနစ်ဂစ်တာကို ကိုင်နေရရင်၊ တီးနေရရင်ကို ကျေနပ်မိပါတယ်။ ကျွန်တော့်ဆရာဖြစ်လာမယ့် ဒရမ်တီးခတ်သူ ကိုခင်မောင်မြင့်ကတော့ 'မင်းကို သေသေချာချာ လေ့ကျင့်ပေးလိုက်ရင် ဂစ်တာသမားတစ်ယောက် ဖြစ်လာနိုင်တယ်' ဆိုပြီး မှတ်ချက်ချပါတယ်။ (ဒါကြောင့်သင်္ကြန်ပြီးတော့ သူနေတဲ့ ကျောက်မြောင်း၊ နိကြောလေမ်းကို သွားပြီး ဂစ်တာပညာ သင်ယူခဲ့ရပါတယ်။)

ကျွန်တော့်ဆရာက စကားပြောရာမှာလည်း အတည်ပြောသလိုနဲ့ ရယ်စရာဖြစ်အောင် ပြောတတ်ပါတယ်။ အဲဒီသင်္ကြန်ကားမှာ ခင်မင်ပြီး အတူတူ တွဲတီးကြချိန်၊ ကျွန်တော်တို့တီးဝိုင်းက အဖွင့်သီချင်း တီးပေးပြီး အလယ်မှာ သံချပ်တိုင်တဲ့အချိန် ရောက်ခဲ့လို့ ကိုယ်တီးရမယ့်သီချင်း မပါခဲ့ရင် ခဏနားခွင့်ရပါတယ်။ ပြိုင်ပွဲဝင်မဏ္ဍပ် (၁၀)ခု (၁၅)ခုလောက် ကျော်လာတော့ နားရမယ့် အချိန်ကို သိလာပါပြီ။ အဲဒီလိုနားချိန်မှာ သင်္ကြန်ကားပေါ်ကဆင်းပြီး ပွဲကြည့်ပရိတ်သတ်တွေကြားမှာ သွားနေကြပါတယ်။ လူတွေရဲ့စကားသံ၊ မှတ်ချက်ချသံကိုလည်း နားထောင်ရင်းပေါ့။ မဏ္ဍပ်တစ်ခုမှာ ဆင်းပြီး နားချိန်၊ ကောင်မလေး ငယ်ငယ်ချောချော အုပ်စုကြားမှာ ကျွန်တော်တို့ တီးဝိုင်း အဖွဲ့သားတွေ ရောက်သွားပါရော။ ကျွန်တော်တို့အဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန် ကားက ဂစ်တာအဖွဲ့လို့ သိသွားတော့ ကောင်မလေးတွေက ကွက်ကြည့် ကွက်ကြည့်နဲ့ပေါ့။ အဲဒီမှာ သီချင်းဆိုတဲ့ မြင့်ဆွေဆိုတဲ့ ပုဂ္ဂိုလ်လေးက ဖောက်တော့တာပဲ။ သူက ပြိုင်ပွဲအပြီး သင်္ကြန်ကား အတွက်မှာ 'သင်္ကြန်မိုး' သီချင်းကို ဆိုရမယ့်သူဆိုတော့ သူ့ကို ကောင်မလေးတွေ စိတ်ဝင်စားစေချင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့် ဆရာကို စကားခေါ်လိုက်ပါတယ်။ (သူ့အသံကိုလည်း ကောင်မလေး တွေကြားအောင် ခပ်ကျယ်ကျယ် ပြောလိုက်ပါတယ်) 'အစ်ကို အခု ပြိုင်ပွဲဝင်တဲ့ အဖွဲ့က ကောင်းတော့ကောင်းပါတယ်။ တီးဝိုင်းအဖွဲ့တွေ လည်း မဆိုးပါဘူး။ သံချပ်တွေကလည်း ခေတ်မီပါတယ်။ ဒါပေမယ့် တကယ်ကောင်းတာက သင်္ကြန်ကားအတွက်မှာ 'သင်္ကြန်မိုး' သီချင်း ဆိုတဲ့သူကမှ ရုပ်ကလည်း အရမ်းချော၊ အသံကလည်း ရက်ရက် စက်စက် ကောင်းတာ။ သူ့ကို ကြည့်မိတဲ့သူတိုင်း လက်ဖျားခါလောက် အောင်ကောင်းတာ' လို့ (ကောင်မလေးတွေ စိတ်ဝင်စားအောင် ပြောလိုက်ပါတယ်။) ကောင်မလေးတွေကလည်း ဒီကောင်ပြောတာကို ယုံသွားပါတယ်။ (ဒီကောင်က အဲဒီလိုကောင်မလေးတွေစိတ်ဝင်စားမှ အပိတ်သီချင်း သင်္ကြန်မိုးကို သူ တက်ဆိုမယ်။ ကောင်မလေးတွေ ကလည်း စောင့်ကြည့်နေမယ်) ဆိုပြီး ပြောလိုက်တာပါ။ အဲဒီမှာ ကောင်မလေးတွေကလည်း စိတ်ဝင်စားသွားပါတယ်။ ဒါကြောင့် ကျွန်တော့်ဆရာ ကိုခင်မောင်မြင့်က 'အေးကွ၊ အဲဒီသင်္ကြန်မိုးသီချင်းဆို တဲ့ အဆိုတော်က ရုပ်လည်း မတရားချော၊ အသံလည်း အရမ်း ကောင်းပါတယ်။ ဒါပေမယ့် သူများသားပျို၊ သမီးပျိုလေးတွေကို လိုက်ဖျက်ဆီးတဲ့စိတ်ဓာတ်ကိုတော့ ငါမကြိုက်ဘူး' လို့ ကောင်မလေး တွေကြားအောင် ပြန်အော်ပြောလိုက်ပါတယ်။ အဲဒီမှာ မြင့်ဆွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဒုက္ခရောက်တော့တာပါပဲ။ 'ခင်ဗျာ'ဆိုပြီး ကြက်သေ၊ သေနေပါတော့တယ်။ ကိုခင်မောင်မြင့် ပြန်စတာကို သူကသိပေမယ့် ကောင်မလေးတွေကတော့ တကယ်ထင်သွားပါတယ်။ ဒါကြောင့် ပွဲသိမ်း သီချင်းဆိုမယ့် အသံကောင်း၊ ရုပ်ချော၊ အကျင့်ပျက်အဆို တော်ဆိုတာကို အရမ်းကို တွေ့ချင်နေကြတော့တာပါပဲ။ ကိုခင်မောင် မြင့်က အတည်ပေါက်နဲ့ နောက်ပြီး သင်္ဘောကားပေါ် ပြန်တက် ဒရမ် တီးတော့တာပါပဲ။ သင်္ဘောကားထွက်လို့'သင်္ကြန်မိုး' သီချင်းကို ဆိုမယ့်အချိန် ခုနကမြင့်ဆွေ သင်္ကြန်ကားပေါ် တက်ဆိုလည်းဆိုရော၊ ကောင်မလေးတွေအုပ်စုက ဒီကောင့်ကို ဝိုင်းလှောင့်တော့တာပါပဲ။ အဲဒီလိုအစအနောက်သန်သူတွေနဲ့ တီးခွင့်ရခဲ့တော့ သင်္ကြန် အတီး သမားဘဝဟာ ပျော်စရာကြီးပါ။ ဒီလိုနဲ့ သင်္ကြန်ရက်တွေ ဖြတ်သန်း ရင်း သင်္ကြန်အတက်နေ့ည ရောက်လာပါတယ်။ အဖွဲ့သားတွေလည်း မဏ္ဍပ်တစ်ခုနဲ့တစ်ခု အသွားကားပေါ်မှာ အိပ်ငိုက်နေကြပါပြီ။ ပင်လည်း ပင်ပန်းနေကြလို့ပါ။ တချို့ဆို အသံတောင် မထွက်ကြ တော့ပါဘူး။ မနက်မိုးလင်းရင် ကိုယ့်သင်္ကြန်ကား ဘယ်မဏ္ဍပ်မှာ ဗွယ်စုံဆု ရမလဲဆိုပြီးလည်း သိချင်ကြပါတယ်။

မနက် (၂) နာရီလောက် သုဝဏ္ဏဘက်က မဏ္ဍပ်တစ်ခုမှာ ပြိုင်ပွဲဝင်ဖို့ ရောက်သွားပါရော၊ ကျွန်တော်တို့လည်း လူးလဲထ၊ ဂစ်တာတွေ ထတီးပြီး မဏ္ဍပ်ထဲကို သင်္ကြန်ကား ဝင်ခဲ့ပါတယ်။ စောင့်နေတဲ့ပရိသတ်ကတော့ အများကြီးပါ။ သံချပ်တိုင်ကြမယ့် အဖွဲ့သူ အဖွဲ့သားတွေ မဏ္ဍပ်ရဲ့စင်ပေါ် တက်ကြပါတယ်။

ပြိုင်ပွဲက စပါပြီ။ မဏ္ဍပ်ကြီးက မိုးလုံအောင် အမိုးမိုး



www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်။ ပြိုင်ပွဲဝင်သူတွေ၊ သံချပ်တွေ၊ တစ်ခန်းရပ်ဟာသတွေနဲ့ ယှဉ်ပြိုင်နေချိန်မှာ သင်္ကြန်မိုး ရွာပါတော့တယ်။ မိုးကလည်း တဖြည်းဖြည်းချင်း သည်းလာပါတယ်။ ပြိုင်ပွဲဝင်သူတွေ ရေမစိုပေမယ့် သင်္ကြန်ကားပေါ်က ဂစ်တာတီးတဲ့ကျွန်တော်နဲ့ ရွှေသွားအောင်နိုင်ကတော့ ရေတွေစိုစပြုနေပါပြီ။ ဗုံတွေ၊ ဒိုးတွေကတော့ ရေမစိုအောင် ကားအမိုးအောက်မှာ တီးကြပေမယ့် ကျွန်တော်တို့ဂစ်တာသမား နှစ်ယောက်ကတော့ ဘယ်မှရွှေ့စရာ နေရာမရှိပါဘူး။ ဂစ်တာကြိုး အတိုတွေကြောင့်ပါ။ အဲဒီမှာ ကျွန်တော်တို့ရဲ့လျှပ်စစ်ဂစ်တာတွေက ရေစိုတာကြောင့် ဓာတ်လိုက်တော့တာပါပဲ။ ကျွန်တော်တို့ တစ်ယောက်ချင်းလည်း ဓာတ်လိုက်ပြီး နှစ်ယောက်ထိမိရင်လည်း ဓာတ်လိုက်တော့ မိုးရွာထဲမှာ ဘရိတ်ဒန့်စ်'က'သလို ဂစ်တာတီးနေတဲ့ ကျွန်တော်တို့ ဂစ်တာသမားနှစ်ယောက်ကို ပရိသတ်တွေက မိုးလုံလေလုံ ကြည့်နေကြရင်း သနားကြပါတယ်။ ဒါကြောင့် မဏ္ဍပ်တာဝန်ရှိသူတွေက ပြိုင်ပွဲကို 'ရပ်မလားဆိုပြီး' လာမေးပါတယ်။ ကျွန်တော်တို့က ရပ်ဖို့မလိုပါဘူး။ ဆက်တီးပါမယ်။ ပြိုင်ပွဲဝင်သူတွေ စိတ်အနှောင့်အယှက်မဖြစ်ဘဲ ဆက်ပြိုင်ကြပါလို့ ရေရွှဲရွှဲစိုနေတဲ့ကြားက ပြန်ဖြေပါတယ်။ ပရိသတ်တွေက ကျွန်တော်တို့နှစ်ယောက်ရဲ့ စိတ်ဓာတ်ကို လက်ခုပ်တီးပြီး အားပေးကြပါတယ်။

မိုး ဘယ်လောက်ရွာသလဲဆိုရင် ကြာလာတော့ အင်္ကျီချွတ်ပြီး တောင် ရေညှစ်ချရပါတယ်။ ဒီလိုနဲ့ ပြိုင်ပွဲလည်း ပြီးဆုံးသွားပါတယ်။ ကျွန်တော်တို့ပြိုင်ပွဲဝင်သင်္ကြန်ကား မထွက်ခင် မဏ္ဍပ်က ကြေညာလိုက်ပါတယ်။ ဒီလိုမိုးထဲ၊ လေထဲက ပြိုင်သွားတဲ့ 'ပြည်တော်ဝင်'



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို အမှတ်တရဆု ချီးမြှင့်ပေးပါမယ်။ အထူးအစီအစဉ်အနေနဲ့ ဆုများကိုပေးဖို့ ရည်ရွယ်တာဖြစ်ပါတယ်ဆိုပြီး ကြေညာပါရော။ ပရိသတ်တွေက သက်စွန့်ဆံဖျား မိုးရေထဲမှာတီးတဲ့ ကြွက်စုတ် ဂစ်တာသမားနှစ်ယောက်ကို ဝိုင်းကြည့်ကြပါတယ်။ ကျွန်တော်နဲ့ သူငယ်ချင်း ဘော့စ်သမားလည်း ကိုယ့်ကိုယ်ကို ဂုဏ်ယူမိတာပေါ့။ အဲဒီမှာ အစီအစဉ်ကြေညာသူက ပထမဆုံးပေးရမှာ အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး၊ ခဏလောက်ရပ်နားပြီးမှ နောက်ထပ် တစ်ဆုကတော့ သံချပ်ထိုးကြတဲ့ အဖွဲ့သားအားလုံး (ကိုယ်စား) ပေးမှာ ဖြစ်ပါတယ် ဆိုတဲ့ ကြေညာသံ ထွက်လာပြီး ဆုပေးနေချိန်မှာ မိုးရေကြားက ဂစ်တာတီးခဲ့တဲ့ ကျွန်တော်တို့ဂစ်တာသမားတွေအတွက်တော့ ဘာဆုမှ ထည့်မတွက်ကြပါလား ဆိုပြီး ကိုယ့်ဂစ်တာသမားဘဝကို ကြေကွဲမိပါတော့တယ်။

ကိုယ့်ကိုကိုယ်လည်း ဝမ်းနည်းသွားပြီး မိုးရွာနေတဲ့ကြားက မျက်နှာပေါ်ကျနေတဲ့ မိုးစက်တွေနဲ့ရောပြီး မျက်ရည်တွေ ကျလာပါတယ်။ လူတွေက သနားတဲ့အကြည့် တွေနဲ့ ကြည့်ခံခဲ့ရတဲ့ ကိုယ့်ဘဝကိုလည်း စိတ်နာလာမိပါတယ်။ ဒီလိုနဲ့ သင်္ကြန်ကားကြီး ထွက်ခဲ့လို့ ဆုပေးမဏ္ဍပ်နဲ့ တဖြည်းဖြည်းချင်း ဝေးလာမှ ကိုယ့်ဘဝကို ကိုယ်သိပါတော့တယ်။ နားလည် လာပါတော့တယ်။

တကယ်တော့ ကျွန်တော်က အခကြေးငွေယူပြီး ဂစ်တာတီး ပေးဖို့ လိုက်လာတဲ့ ကြေးစားဂစ်တာသမားပါပဲ။ သူတို့လိုအနုပညာရှင်မှ မဟုတ်တာ။ ဒါကြောင့် ကြေးစားတွေအတွက် ဆုမှမရှိဘဲ။ ငါက အနုပညာသမားစိတ်ဓာတ် ဝင်သွားလို့ အဲဒီဆုကို လိုချင်မိတာဖိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အနုပညာသမားဖြစ်အောင် ကြိုးစား၊ ကြေးစားဘဝနဲ့တော့ ဘာဆုမှ မမျှော်မှန်းနဲ့လို့ ကိုယ့်ကိုယ်ကို စိတ်နာနာနဲ့ ဆုံးမခဲ့ပြီး အမှောင်ထဲက သကြိန်ကားကြီးနဲ့ အလင်းရောင်ပျပျလေး ရှိနေတဲ့ ဘက်ကို ရှေ့ ခရီးဆက်ခဲ့ပါတော့တယ်။

**(ကြေးစားဘဝနဲ့ မကျေနပ်မိဖို့ လူငယ်ဂီတဝါသနာရှင်များအား တိုက်တွန်းရင်း)**

၉–ရက်၊ ဧပြီလ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်

အမှတ်စဉ် Vol.3 No.238



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နဲ့ တယောဆရာကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ ခင်မင်တဲ့ တယောဆရာကြီးတွေထဲက ပထမဆုံးရေးချင်တာကတော့ ဆရာ တယောဦးတင်ရီအကြောင်း ဖြစ်ပါတယ်။

ကျွန်တော်က ဦးတင်ရီကို 'အဘ' လို့ ရိုရိုသေသေ ခေါ်ပါတယ်။ အဘဦးတင်ရီက ဒီနေ့အထိတွေ့တိုင်း 'မင်းက ငါ့ကို ပစ်ထားတယ်' ဆိုပြီး၊ စကားနာ ထိုးလေ့ရှိပါတယ်။

ဘာကြောင့် အဲဒီလိုပြောသလဲဆိုရင် ကျွန်တော်နဲ့တွေ့တိုင်း ကျွန်တော်က ဘယ်လိုခမ်းနားတဲ့ Live Show ကြီးတွေ၊ Instrumental တွေ၊ Band ကြီးတွေ၊ အဘနဲ့ပေါင်းပြီး လုပ်ကြမယ်ဆိုပြီး အမြဲတမ်း မစားရ ဝခမန်း ပြောလေ့ရှိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဘကလည်း အမြဲတမ်း ဆန်းသစ်ချင်တဲ့ ပညာရှင်ကြီး ခေတ်မီသူ ဂီတပညာရှင်ကြီးတစ်ယောက်ဖြစ်တော့ ပြောဖြစ်တိုင် စိတ်ပါလာပြီး လုပ်ကြမယ်လို့ ကတိပေးပါတယ်။

တကယ်တမ်း အလုပ်ခွင်ထဲမှာ Live Show လုပ်ရပြီလည်း ဆိုရော စရိတ်စက ကုန်ကျတာတွေ မတတ်နိုင်ကြလို့ ကုန်ကျ လျှော့ချကြရင်း အဘနဲ့ပြောခဲ့တဲ့အဆင့်ကို မရောက်နိုင်ခဲ့ပါဘူး။

အဘနဲ့ကျွန်တော် ခင်မင်ဖြစ်ခဲ့တာက ကျွန်တော် ကီးဘုတ် ဂစ်တာ စတီးခဲ့တဲ့ စားသောက်ဆိုင်တစ်ခုဖြစ်တဲ့ 'ရွှေရှုခင်း'ဆိုင်က စရပါလိမ့်မယ်။ အဲဒီဆိုင်က မြန်မာမှုစားသောက်ဆိုင် ဖြစ်နေတော့ စတီရီယိုသီချင်းဆိုသူတွေအပြင် မြန်မာအက၊ ဆိုင်းဝိုင်း၊ မျက်လှည့် ရုပ်သေး စသဖြင့် ယဉ်ကျေးမှုဇာတ်သဘင်အဖွဲ့ကြီးလို လူစုံတက်စုံ အလုပ်လုပ်ကြ၊ ဖျော်ဖြေကြရတော့ ပျော်စရာကြီးပါ။ အဲဒီဆိုင်မှာ တယောပညာရှင်အဖြစ် တီးခတ်သူက ဆရာဦးသန်းမြင့် (ယခု ယဉ် ကျေးမှုတက္ကသိုလ်) ဖြစ်ပါတယ်။ ဆရာဦးသန်းမြင့်က အဲဒီအချိန် တုန်းက ယဉ်ကျေးမှုတက္ကသိုလ် မရောက်သေးဘူးထင်ပါတယ်။ ကျွန် တော်နဲ့ ညတိုင်း တီးဝိုင်းခဏနားချိန်မှာ လက်ဖက်ရည်ဆိုင် သွားထိုင် ရင်း ဂီတအကြောင်း ဆွေးနွေးတိုင်ပင်လေ့၊ အကြံပေးလေ့ရှိပါတယ်။

ဆရာဦးသန်းမြင့်နဲ့ပတ်သက်ပြီး 'ရွှေရှုခင်း' ကိုလာလေ့ရှိတဲ့ တယောဝါသနာရှင် လူငယ်သေးသေးလေး တစ်ယောက်ရှိပါတယ်။ သူကလည်း တယောဝင်ထိုးတတ်ပါတယ်။ အဲဒီ လူငယ်လေးက လည်း နောင်အခါမှာ 'ချမ်းဟိန်းကြွယ်' ဆိုတဲ့ တယောဂုရုလေး ဖြစ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ ကျွန်တော်တို့ဆိုင်ရဲ့ ပိုင်ရှင်ဖြစ်သူက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေ အကြိုက်ဖြစ်တဲ့ သံစုံတယောတီးဝိုင်းနဲ့ ဖျော်ဖြေဖို့ စီစဉ်ခိုင်းပါတယ်။ အဲဒီစားသောက်ဆိုင်ရဲ့ ဂီတမန်နေဂျာက အဘ 'ဖိုးဆိုချင်(ဦး)ခင်မောင်ညွန့်' ပါ။ အဲဒီလိုစီစဉ်မှုကြောင့် တယော သံစုံဝိုင်းလေးဖြစ်မြောက်အောင် ဆရာဦးသန်းမြင့်နဲ့အတူ ကျွန်တော် အဘဦးတင်ရီအိမ် သွားခဲ့ရပါတယ်။ ဆရာဦးသန်းမြင့်က အဘရဲ့လက်စွဲပါ။ ကျွန်တော့်ကို အဘနဲ့မိတ်ဆက်ပေးတဲ့အချိန်မှာ ပထမဆုံးသတိပြုမိတာက အဘရဲ့မျက်လုံးပါပဲ။ အဘရဲ့မျက်လုံးဟာ စူးရှလွန်းလို့ အရောင်တောင် ထွက်နေသလား ထင်ရပါတယ်။ စာရေးဆရာကြီး ရွှေဥဒေါင်းရဲ့ဇာတ်လိုက်ဖြစ်တဲ့ စုံထောက်ဦးစံရှားရဲ့ မျက်လုံးလို အရောင်ထွက်နေသလိုပဲဆိုတာ အဘဦးတင်ရီကို တွေ့တဲ့အချိန်မှာ သဘောပေါက်သွားခဲ့ပါတယ်။

အဲဒီလိုနဲ့ တီးကြဖို့အဘက သဘောတူလိုက်တော့ သီချင်းတိုက်ဖို့ အဘအိမ်ကို ခဏခဏရောက်ရပါတယ်။ ကျွန်တော်က ပော့်လို ဂစ်တာဝင်တီးပေးရင်းနဲ့ ဘယ်လိုသီချင်းတွေ တီးသင့်သလဲဆိုတာ အကြံပေးသူပါ။ အဲဒီအချိန်က နိုင်ငံကျော် တယောဆရာကြီး အဘဦးတင်ရီက ကျွန်တော့်လို မတောက်တခေါက် ဂစ်တာသမားပေါက်စလေးရဲ့ စကားကို အသိအမှတ်ပြုပြီး သီချင်းတွေ ရွေးခဲ့ပါတယ်။

ကျွန်တော် နောက်ထပ် သတိပြုမိတဲ့ အချက်တစ်ခု ရှိပါသေးတယ်။ အဲဒီကိစ္စကတော့ ဂမ္ဘီရ နည်းနည်း ဆန်ပါတယ်။ အဘနဲ့ သီချင်းတိုက်ဖြစ်တိုင်း အဘထိုးလေ့ရှိတဲ့ လွမ်းလွမ်းဆွေးဆွေး သီချင်းလေး (နိုင်ငံခြားသီချင်းပါ) တစ်ပုဒ်ရှိပါတယ်။ နာမည်တော့ မမှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အဲဒီ သီချင်းလေးတိုက်တဲ့၊ တီးတဲ့အချိန်ရောက်တိုင်း မိုးရွာပါတယ်။ ကျန်တဲ့သီချင်းတွေ တီးပြီးလို့ အဲဒီသီချင်း တိုက်မယ့်အလှည့်ရောက်ပြီ၊ ဂယောတစ်လက်တည်း သံစဉ်ကိုထိုးပြီး၊ ကျွန်တော်က နောက်ကနေ ပလက်ကင်ဆန့်ဆန့် တီးပေးရပြီဆိုရင် မိုးရွာတော့တာပါပဲ။ နှစ်ခါ၊ သုံးခါ ဖြစ်လေ့ရှိတော့ တစ်ရက်မှာ ကျွန်တော်က ဒီနေ့ဘယ်လို နေမလဲ စောင့်ကြည့်ပြီး သီချင်းတိုက်ပါတယ်။ အဲဒီနေ့တီးတော့လည်း မိုး ရွာချပါတယ်။ မိုးနတ်သားကပါ လွမ်းပြီး မိုးရွာသလို၊ ဖြည်းဖြည်းလေးနဲ့ ဖွဲဖွဲလေးရွာတာပါ။ မိုးတွင်းမို့ ရွာတာလည်း မဟုတ်ပါ။ မိုး စ,ဝင်ကာစ အချိန်လေးပါ။ တိုက်ဆိုင်မှုဆိုတာတောင် တော်တော်ကို တိုက်ဆိုင်တယ် ပြောရမှာပါ။ (ဒါက ကျွန်တော့်ရဲ့ ဂမ္ဘီရဆန်ဆန် သရုပ်ခွဲ လေ့လာမှုပါ)

အဘနဲ့တွေ့တိုင်း အဲဒီသီချင်းလေးအကြောင်း မေးလေ့ရှိပါတယ်။ အဘကတော့ အဲဒီသီချင်းနာမည် သိပါတယ်။ မှတ်လည်းမှတ်မိပါတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်နဲ့အဘ ဝေးသွားခဲ့ရပြီး(၂)နှစ်၊ (၃)နှစ်လောက်အတွင်း ပြန်ဆုံကြရာမှာတော့ အဘကို ကျွန်တော့်ခွေထဲမှာ တယောထိုးပေးဖို့ ပူဆာဖြစ်ခဲ့ပါသေးတယ်။

လှည်းတန်းက အဘအိမ်ကို လေးငါးဆယ်ခါလောက် အဘကို ထိုင်စောင့်ပြီး တီးဖြစ်အောင် တိုက်တွန်းခဲ့ပါတယ်။ တကယ်တန်းကျ အဘက ILBC မှာလည်း၊ တယောသင်တန်းပေး၊ အိမ်ပြန်ရောက်တော့လည်း သင်တန်းသားတွေက ပညာသင်ဖို့ ထိုင်စောင့်နေနဲ့၊ ညပိုင်းကျပြန်တော့လည်း၊ အဘအသက်အရွယ်နဲ့ ကျန်းမာရေးကြောင့် တယောတီးဖို့မဖြစ်၊ နောက်ဆုံးတော့ လက်လျှော့ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်က Savoy Hotel မှာ နိုင်ငံခြားက တယော ပညာရှင်တစ်ယောက် လာပြီး ဂီတဖျော်ဖြေပွဲလေးလုပ်လို့ ဖိတ်စာရ တာနဲ့ သွားကြည့်ဖြစ်ခဲ့ပါတယ်။ အဲဒီပညာရှင်က တယောကို နောက် ထပ်ကြိုးနှစ်ချောင်း ထပ်တိုးထည့်ပြီး (၆) ကြိုးတပ်တယောနဲ့ အပီအပြင် တီးပြပါတယ်။ ပုံမှန်တယောတွေက (၄) ကြိုးပဲရှိတာပါ။ အဲဒီပွဲကို အဘဦးတင်ရီ လာကြည့်ပါတယ်။ ခဏနားချိန် Rest Room ထဲမှာ အဘနဲ့တွေ့တော့ ကျွန်တော်က 'အဘ၊ အဘလည်း တယောက ကြိုး (၄)ချောင်းကို ရိုးသွားပြီ၊ နိုင်ငံခြားသားထက်သာအောင် (၇)ကြိုး ဂစ်တာလို (၇)ကြိုးတယောလုပ်ပါလား'လို့ ကြောက်ကြောက်ရွံ့ရွံ့နဲ့ စ,မိပါသေးတယ်။ အဘက ကျွန်တော့်အသံကြားမှ ကျွန်တော့်ကို မှတ်မိသွားပါတယ်။ (အဘဦးတင်ရီ ကျမ်းမာချမ်းသာပြီး အနုပညာ အလုပ်တွေ ဆက်လက် ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ပါစေလို့ ဒီစာလေးထဲ က ဆုတောင်းပေးလိုက်ပါတယ်။)

အဘလိုပဲ နောက်ထပ် အမှတ်ရဆဲ တယောဆရာကြီးတစ် ယောက်ရှိပါသေးတယ်။ အဲဒီ ဆရာကြီးကို နာမည်မမှတ်မိတော့ပါဘူး။ ကျွန်တော့်သူငယ်ချင်း (ဇော်နိုင်)ရဲ့ စီးရီးခွေအတွက် Hi Star တေး ဥယျာဉ် စတူဒီယိုမှာ အသံသွင်းကြပါတယ်။ အဲဒီသီချင်းတွေထဲက တစ်ပုဒ်ရဲ့ Solo က တယောသံလေးနဲ့ဆိုရင် တော်တော်လွမ်းစရာ ကောင်းမယ်ဆိုပြီး တယောဆရာတစ်ယောက်ခေါ်ထိုးဖို့ ဆုံးဖြတ် လိုက်ပါတယ်။

အဲဒီမှာ အဆိုတော်ဖြစ်တဲ့ ဇော်နိုင်က သူနဲ့သိတဲ့၊ ခင်တဲ့ တယောဆရာကြီးတစ်ယောက် ရှိတယ်။ ခေါ်ကြည့်မယ်။ တီးနိုင်မ



www.burmeseclassic.com

www.burmeseclassic.com



လား စမ်းကြည့်ရအောင်လို့ အကြံပေးပါတယ်။

ကျွန်တော်တို့ကလည်း သီချင်းသာ ကောင်းသွားမယ်ဆိုရင် အိုကေပဲ ရတယ်ပေါ့။ အဲဒီလိုနဲ့ နောက်တစ်နေ့ အဲဒီတယောဆရာကြီး ပါလာပါတယ်။ ကျွန်တော်ရေးပေးတဲ့ နုတ်စ်တွေကို ကြည့်ပြီး တယောထိုးပြတာ အိုကေပါပဲ။ အဆင်ပြေပါတယ်။ သေချာပြီဆိုမှ သီချင်းခွေသွင်းထားတဲ့ တိတ်ရီကော်ဒါနဲ့ ဖွင့်ပြပြီး လိုက်တယောထိုးခိုင်းတော့လည်း အဆင်ပြေပါတယ်။ တကယ် (Final) အချော သပ် ထိုးမယ်ဆိုပြီး မှန်ခန်းထဲ ဝင်သွားပါတယ်။ အဲဒီမှန်ခန်း (အသံသွင်းခန်း)က အသံဖမ်းတဲ့အခန်းနဲ့ တော်တော်ဝေးပါတယ်။ စတူဒီယိုကလည်း တော်တော်ကျယ်လို့ပါ။ တကယ် တီးလည်း တီးရော ဆရာကြီးက တိုင်ပင် (Timming) မဝင်ပါဘူး။ ကျွန်တော်တို့ဂီတလောကမှာ တိုင်ပင်မဝင်ရင် လုံးဝ သီချင်းဆိုလို့ မရပါဘူး။ တီးလို့မရပါဘူး။ ကီးမဝင်တာကမှ တော်ပါသေးတယ်။ အဲဒီဆရာကြီးက တိုင်ပင်အောက်နေတော့ သူငယ်ချင်းအားလုံး စိတ်ညစ်သွားကြပါတယ်။ ဘယ်လိုမှ တီးလို့မရပါဘူး။

အဲဒါနဲ့ 'အဘ၊ ကျွန်တော်တို့ အသံဖမ်းခန်းထဲ ပြန်လာပါဦး' လို့ခေါ်ပြီး သီချင်းဖွင့်ပြ၊ တယောလိုက်တီးခိုင်းတော့လည်း အိုကေပါတယ်။ သေချာပြီဆိုမှ မှန်ခန်းထဲသွားခိုင်းပြီး တယောထိုးတော့လည်း တိုင်ပင်မကိုက်နဲ့ ကြာလာတော့ ကျွန်တော်တို့ စိတ်မရှည်နိုင်တော့ပါဘူး။

တယောမထိုးခိုင်းဘဲ ပြန်ခိုင်းရအောင်လည်း မျက်နှာပူရ၊ သူ့ကိုလည်း သနား၊ ဘယ်လိုလုပ်ရမှန်း မသိချိန်မှာ မှန်ခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com




အဲဒီတယောဆရာကြီးက 'ငါ့တူတို့ရယ်၊ အဘကို အသံလေးကြားအောင်လုပ်ပေးကြပါလား' ဆိုမှပဲ၊ တယောဆရာကြီးရဲ့ နားကျပ်ကြီးက ဘာအသံမှ မကြားရတဲ့အဖြစ်ကို သတိရကြတော့တာပါပဲ။ သူ့ရဲ့နားကျပ်က ဂျက်ပင်မှာ မတပ်ရသေးဘဲ ဘာမှ မကြားရတော့ဘဲ ကျွန်တော်တို့ သီချင်းဖွင့်လိုက်တာနဲ့ သူကြားရသလောက် လိုက်တီး၊ ဒုက္ခတွေရှောက်ပြီး၊ ဘယ်လိုလုပ် တိုင်ပင်ကိုက်တော့မှာလဲဆိုတဲ့ အဖြစ်မှန်ကို သိရမှ 'အဘ ကန်တော့-ကန်တော့၊ ကျွန်တော်တို့ နားကျပ်က အသံမထည့်ရသေးလို့ပါ' ဆိုပြီး၊ တယောဆရာကြီးကို ကပျာကယာ မျက်နှာပူစွာနဲ့ တောင်းပန်ပြီးမှ နားကျပ်ဂျက်ပင်ကို သေသေချာချာ တပ်ပေးလိုက်ရပါတယ်။ အဲဒီလိုလုပ်ပေးလိုက်မှပဲ တစ်ခေါက်တည်းနဲ့ Solo တီးနိုင် သွားပါတယ်။ (တကယ်တော့ သူ့အမှားမဟုတ်ဘဲ ကျွန်တော်တို့ အမှားပါ။)

၂၀ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.231



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် တော်မီကျော်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စာရေးရတဲ့အကြောင်းရင်းတွေ အများကြီးထဲက တစ်ခုသောအကြောင်းရင်းကို ရေးပြဖို့ လိုမယ်ထင်ပါတယ်။

အဲဒါကတော့ လူသိများ ထင်ရှားတဲ့ အနုပညာသမားတွေ လက်ရှိခေတ်မှာ နာမည်ကြီးနေတဲ့သူတွေကိုသာ တွေ့ဆုံမေးမြန်း ရေးသားကြသူ အများအပြား ရှိနေကြပြီး နာမည်မရှိတော့ဘဲ ကန့်လန့်ကာနောက်ကွယ်ရောက်သွားတဲ့ အနုပညာရှင်ကြီးတွေကို သတိတရနဲ့ မေးမြန်း ရေးသားသူတွေ နည်းပါးနေတယ်လို့ ထင်မိတာကြောင့် အားနည်းတဲ့ဘက်ကို ဝင်ကူညီမယ်လို့ ဆုံးဖြတ်ပြီး စာရေးဖို့ စိတ်ကူးမိတာ တစ်ချက် ပါဝင်ပါတယ်။

www.burmeseclassic.com



လူပုဂ္ဂိုလ်ကို မြှောက်ပင့်ရေးတာမျိုးလည်း မဖြစ်စေရဘဲ ကိုယ်တကယ်တွေ့ တကယ်ကြုံခဲ့တဲ့ အဖြစ်အပျက်ထဲက သိသင့်သိထိုက်တဲ့ သင်ခန်းစာယူမယ်ဆိုရင် ယူလို့ရမယ့် လူတွေရဲ့ စိတ်မွန်းကျပ်မှုကို ထွက်ပေါက်ဖြစ်စေမယ့် ရယ်စရာ တကယ့်ကိစ္စလေးတွေကို ကာယကံရှင် အနုပညာသည်ကြီးတွေ စိတ်မငြိုငြင်ရအောင် ဂရုစိုက်ပြီး ရေးခဲ့တာပါ။

ပြည်သူချစ်တဲ့ အနုပညာသည်ဆိုတာ လွယ်မယောင်နဲ့ခက်ပါတယ်။ နာမည်တက်နေတုန်းမှာတော့ ပရိသတ်အားပေးတာကို ကြည့်ပြီး ဆုံးဖြတ်ချက်ချမယ်ဆိုရင် ပြည်သူချစ်တဲ့ အနုပညာသည်လို့ ကိုယ့်ကိုယ်ကို အနုပညာရှင်တိုင်း ထင်မိမှာပါ။ တကယ်တော့ နာမည်ကျသွားချိန်၊ စန်းမရှိတော့ချိန်မှာ ရိုးရိုးပြည်သူတွေထဲမှာ ပြုံးပြုံးရွှင်ရွှင် တန်းတူညီတူ သွားလာနိုင်တဲ့ အနုပညာသည်မျိုးဖြစ်မှသာ ပြည်သူချစ်တဲ့ အနုပညာသည်လို့ ကျွန်တော်ထင်မိလို့ပါ။ (ဒါက ကျွန်တော့်ရဲ့ကိုယ်ပိုင်အမြင်ပါ။ မှားရင်လည်း မှားနိုင်ပါတယ်) ဘာကြောင့်လဲဆိုတော့ တချို့အနုပညာရှင်တွေဆိုရင် နာမည်ရချိန်မှာ ပရိသတ်ကို မောက်မာရိုင်းစိုင်းမှုတွေကြောင့် နာမည်မရှိ စန်းမရှိတော့တဲ့အချိန်မှာ အိမ်တွင်းပုန်းဘဝနဲ့ ကိုယ့်ကိုယ်ကို ပြန်ကြောက်နေရသူမျိုးတွေတောင် တွေ့ဖူး ကြားဖူးပါတယ်။ ဒါဟာလည်း သင်ခန်းစာယူစရာပါ။ (ရိုးရိုးသားသား တစ်ကိုယ်တည်းနေလိုသူ အနုပညာရှင်များကို မဆိုလိုပါ)

ကျွန်တော်နဲ့ သိကျွမ်းခင်မင်ဘူးတဲ့ L.P.J တေးဂီတအဖွဲ့မှာ ဘေ့စ်ဂစ်တာတီးခတ်တဲ့ (ကိုတော်မီလို့ ကျွန်တော် ခေါ်လေ့ရှိတဲ့) တော်မီကျော်နိုင်ကတော့ ပရိသတ်ချစ်မွေး တော်တော်ကို ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ထဲက L.P.J စတိုက်ရှိုးတွေကို တိုးဖေ့ကြည့်ကြရင် ကိုယ့်ဘေးပတ်ဝန်းကျင်က ကြည့်ကြတဲ့ လူငယ်အားလုံး လိုလိုက ကိုတော်မီကိုကြိုက်ကြလို့ (ဘာကြောင့်ကြိုက်ကြသလဲ မသိ) ဝိုင်းအော်ကြတာကို အမြဲကြားရပါတယ်။ 'ကိုတော်မီ၊ ဟိုင်းဝေးစတား ဆိုပါဗျို့' ဆိုပြီး ပွဲတိုင်း Highway Star ဆိုတဲ့သီချင်းမဆိုရင် မရလောက်အောင်ကို လူချစ်လူခင် များပါတယ်။ ကိုတော်မီ စင်ပေါ်မှာ Bass တီးရင်း သီချင်းဆိုလို့ ဖိနပ်မပါရင်လည်း ကြိုက်ပါတယ်။ ပက်လက်လန် လဲကျသွား (အိုက်တင်ပါဖောမင့်) လုပ်ပြရင်လည်း ကြိုက်ကြပါတယ်။ သူဆိုသမျှ သီချင်း ခပ်ကြမ်းကြမ်းတွေ(သင်္ဘောသားကား)(SMOKE ON THE WATER)တို့ကိုလည်း လူငယ်တွေ ကြိုက်ကြပါတယ်။ အဲဒီလို သီချင်းဆိုပြမှ ပရိသတ်တွေက ကိုတော်မီကို ဝိုင်းပြီး လက်ခုပ်တီးအားပေးရင်း အိမ်အပြန်လမ်းမှာ ပါ ကိုတော်မီအကြောင်း ပြောပြီး ပြန်ကြပါတယ်။ (L.P.J ခေတ်လွမ်း စရာပေါ့) ဒီလိုနဲ့ L.P.J အဖွဲ့လည်း မရှိတော့ဘဲ ကျွန်တော် ဂစ်တာ သမားပေါက်စဘဝမှာ ကိုတော်မီနဲ့ တွဲတီးခွင့်ရခဲ့ပါတယ်။ 'Metal Seven' ဆိုတဲ့ အဖွဲ့လေးတစ်ခုကို (တီးဝိုင်းမန်နေဂျာ) ဖြစ်ချင်တဲ့ ကိုစန်း (ယခု သြစတေးလျ) ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပိုက်ဆံအကုန်ခံပြီး ဖွဲ့ခဲ့တာပါ။ သူ့ရဲ့ ငွေကြေးအကုန်ကျခံ စိုက်ထုတ်မှုကြောင့် အဖွဲ့ သားတွေ သီချင်းစုတိုက်၊ ဂီတအကြောင်း ဆွေးနွေး၊ ဂီတ ဗီဒီယိုခွေ တွေကို သူ့အိမ်မှာနေပြီး လေ့လာခွင့်ရခဲ့ပါတယ်။ ဂစ်တာသမားဖြစ်တဲ့ ကျွန်တော်ကတော့ အားလုံးထဲမှာ အငယ်ဆုံးပေါ့။ သူတို့လူကြီးတွေ စုရုံးပြီး၊ (၁၉)လမ်းမှာသွား၊ ဘီယာသောက်၊ အပြင်နဲ့ သောက်ကြရင်လည်း ကျွန်တော်က ဘေးကလိုက်ထိုင်ရပါတယ်။ အဲဒီမှာချမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော်မီရဲ့ တကယ့်ပရိသတ်တွေနဲ့ တွေ့ရတော့တာပါဘဲ။ အမြည်း လိုက်ရောင်းသူ၊ စီးကရက်–ကွမ်းယာရောင်းသူ၊ အချဉ်ပေါင်းရောင်း သူ၊ မြေပဲပြုတ်ရောင်းသူ စတဲ့ ဘဝသမားတွေဟာ ကိုတော်မီကိုတွေ့ ရင် တအားကို ခင်မင်လေးစားပြီးကို လာနှုတ်ဆက်ကြပါတယ်။ ကို တော်မီ့ ပုံစံကိုက သူတို့အမြင်မှာ ဟီးရိုးဖြစ်နေတယ် ထင်ပါရဲ့။ ကိုတော်မီက သူ့ကိုလာနှုတ်ဆက်တဲ့ အမာခံပရိသတ်တွေကို တွေ့ တိုင်း ဖော်ဖော်ရွေရွေ ပြန်စကားပြောပါတယ်။ တစ်ခါတစ်ခါ အဲဒီ ပုဂ္ဂိုလ်တွေက 'ကျွန်တော့်ကို မှတ်မိရဲ့လား' စသဖြင့် ပြန်မေးရင်လည်း တော်တော့်ကို (အတိအကျ) ပြန်ပြောနိုင်ပါတယ်။ ဒါကြောင့် လူတော် တော်များများကို မှတ်မိတဲ့ ကိုတော်မီကြီးကို ကျွန်တော် လေးစားမိလို့ မေးမိပါတယ်။ 'ကိုတော်မီ တွေ့သမျှပရိသတ်တွေကို မှတ်မိပြီး စကား ပြန်ပြောနိုင်အောင် မှတ်ဉာဏ် အရမ်းကောင်းပါလား။ ကျွန်တော် ဆိုရင် အဲဒီလိုသာ လူအများကြီးနှုတ်ဆက်ရင် မှတ်မိမှာ မဟုတ်ဘူး' လို့ မေးမိပါတယ်။ သူက 'ကိုယ်လည်း မမှတ်မိပါဘူး။ သူတို့နဲ့တိုက် ဆိုင်မယ့်စကားတွေ ပြန်ပြောပြီး သိချင်ယောင်ဆောင်နေတာပါ' လို့ ရိုးရိုးသားသား ဝန်ခံပါတယ်။

သူတို့ကို တကယ်မှတ်မိတယ်ထင်ရအောင်ကို ပရိယာယ် ကောင်းကောင်းနဲ့ စကားပြန်ပြောနိုင်တဲ့ ကိုတော်မီကြီးကြောင့် သူ့ကို နှုတ်ဆက်တဲ့ ပရိသတ်တွေကတော့ ဝမ်းသာကြတာပေါ့။ အဲဒါလည်း သူ့ရဲ့ပညာရပ် တစ်ခုပါပဲ။

ဒီလိုနဲ့ ကျွန်တော်တို့ 'မယ်တယ်ဆဲဗင်း' အဖွဲ့လေးဟာ အလုပ် သိပ်မဖြစ်ပေမယ့် အတွေ့အကြုံရအောင်ဆိုပြီး သန်လျင်မြို့ကို ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျောင်းတစ်ခုမှာ ပြုလုပ်တဲ့ အလှူပွဲတစ်ခုမှာ သွားတီးကြပါတယ်။ ညနေပိုင်းလောက်မှာ သန်လျင်ဘုန်းကြီးကျောင်းကို ရောက်ခဲ့ပြီး ခဏ အနားယူကြပါတယ်။ တီးရမယ့် ညပိုင်းအချိန်ရောက်လာတော့ အဝတ်အစား လဲကြပေါ့။ ကိုတော်မီကတော့ သူ့ရဲ့ဝတ်စုံတိုင်း PEACE တံဆိပ်ကြီးပါတဲ့ အင်္ကျီတောင် ဝတ်ပါသေးတယ်။ (L.P.J တေးဂီတအဖွဲ့ မရှိတော့တာ ကြာပေမယ့် သူက သူ့ဝတ်စုံကိုတော့ သိမ်းထားပုံ ရပါတယ်) အဲဒီပွဲမှာ ပွဲသိမ်းသီဆိုသူကတော့ ကိုတော်မီပဲပေါ့။ 'Smoke on the water' 'High Way Star' စတဲ့ Deep Parple အဖွဲ့ရဲ့ Rock သီချင်းတွေကိုဆိုပြီး ပွဲသိမ်းလိုက်ပါတယ်။ သူကလည်း မဆိုရတာကြာပြီဖြစ်လို့ မုဒ်အပြည့်နဲ့ အားကုန်ဟစ်တာပါပဲ။ ပရိသတ်တွေကလည်း အရမ်း အားပေးကြတာပေါ့။ ပွဲပြီးလို့ စင်ပေါ်ကအဆင်း ဘုန်းကြီးကျောင်းကိုပြန်ကြတော့ လမ်းမှာ လူငယ်တစ်ဖွဲ့စောင့်ပြီး ကိုတော်မီကို လာနှုတ်ဆက်ကြပါတယ်။ သူကလည်း ထုံးစံအတိုင်း စကားပြန်ပြောပါတယ်။ အဲဒီ လူငယ်တွေက ကိုတော်မီကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေကြပုံ ရပါတယ်။ 'ကိုတော်မီကြိုးစားစမ်းပါဗျာ။ ဇော်ဝင်းထွဋ်၊ လေးဖြူတို့ကို ကျော်နိုင်အောင် လုပ်စမ်းပါ။ တက်လမ်းရှိပါတယ်' ဆိုပြီး အခုမှ ဒီလောကထဲ စတီရီယိုသီချင်း စဆိုမယ့် ဘိုးတော်ကြီးထင်ပြီး (သူတီးခဲ့တဲ့ L.P.J ခေတ်ကို မသိကြသူကလေးတွေပီပီ) အတင်း တိုက်တွန်းနေကြတော့ ကိုတော်မီကြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေတာကို ကျွန်တော်က ကြိတ်ရယ်နေမိပါတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း စတီရီယိုလောကထဲ တစ်စတစ်စနဲ့ ရောက်မှန်းမသိ ရောက်ခဲ့ရပြီး ဗွတ္တလစ်ရပ်ကွက်မှာ ပြုလုပ်တဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ညပိုင်းစတိတ်ရှိုးမှာ ကိုတော်မီနဲ့ ပြန်တီးခွင့် ရခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော်တို့တီးဝိုင်းတီးဖို့ (တီးခတ်မယ့်)လူ စုံနေချိန် နာရီဝက်လောက်အကြာမှာ ပွဲစမယ်လို့ပွဲစီစဉ်သူကပြောတုန်း၊ သူက ဝေဘာဂီမြို့သစ်မှာနေတဲ့ သူ့မိသားစုကိုသွားခေါ်မယ်ဆိုပြီး လုပ်ပါ လေရော။ ပွဲလုပ်သူ တာဝန်ခံတွေကလည်း တောင်းပန်၊ အချိန်နီးလို့ မသွားပါနဲ့ဆိုလည်း မရ၊ သူကိုယ်တိုင် သွားခေါ်မယ်၊ ပွဲအမီပြန်လာ မယ်ဆိုပြီး (မဖြစ်နိုင်မှန်းသိလျက်နဲ့) အတင်းကို တောင်းဆိုတော့တာ ပါပဲ။ ဒါနဲ့ စက်ဆရာတစ်ယောက်က သူ ဘေ့စ်တီးတတ်ပါတယ်။ ကိုတော်မီမရောက်ခဲ့ရင် ဝင်တီးပေးပါ့မယ်ဆိုတာနဲ့ စိတ်မချစွာ သူ့ကို ပြန်လွှတ်လိုက်ပါတယ်။ နာရီဝက်လောက်ကြာတော့လည်း မရောက် လာ။ တစ်နာရီလောက်အထိ ကြာလာတော့ ပွဲစီစဉ်သူတွေက စ,တီး ခိုင်းပါတော့တယ်။ ကျွန်တော်လည်းဘေ့စ်သမား မရောက်လာသေး တော့ ကိုရွှေစက်ဆရာကိုပဲ ဘေ့စ်တီးခိုင်းရပါတော့တယ်။ ကိုတော်မီ့ ကိုလည်း စိတ်ဆိုးတာပေါ့။ အဖွင့်တီးလုံး စ,တီးလို့ 'ဆိုလို' အပိုဒ်မှာ ကျွန်တော်လည်း စင်အရှေ့ကိုသွားပြီး အပီအပြင်တီးရော ဘေ့စ်သံ လုံးဝ မကြားရတော့ပါဘူး။ ဒါကြောင့် ကျွန်တော်လည်း စိတ်ပူပြီး နောက်လှည့်ကြည့်လိုက်တော့ ဘေ့စ်ဂစ်တာကြီးက စင်ပေါ်မှာ ထောင် ရက်သားကြီးနဲ့ ရှိနေပြီး တီးခတ်ပေးတဲ့ ကိုရွှေစက်ဆရာက စင်အောက် မှာ အသံတွေကို စိတ်ပါလက်ပါ ချိန်နေပါတယ်။ (ဘေ့စ်တီးတာ သူ့အ လုပ်မဟုတ်တော့ ပစ်ထားခဲ့တာပေါ့) ကျွန်တော့်မှာ ဘေ့စ်အသံ မကြား၊ တီးမယ့်သူမရှိဘဲ လည်ပင်းရှည်မတတ် သူ့ကို မျှော်ရပါတော့တယ်။ လာတာကလည်း ကြည့်ပါဦး။ ဟီးနိုးကားကြီး တစ်ကြီးလုံးအပြည့် သူတို့ဝေဘာဂီမြို့သစ်က ဝါသနာရှင် ပွဲကြည့်မယ့်သူတွေကို သူက ဦးဆောင်ပြီး ခေါ်လာတာပါ။ ပွဲပြီးချိန်မှာ သူ့ကို ကျွန်တော်က စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကြည်မလင်ဖြစ်ပြီး 'ဘာလို့ ဝေဘာဂီ ပြန်သွားတာလဲ' လို့ မေးမိပါတယ်။ သူက (ပြန်ဖြေပါတယ်) 'ကိုယ်ပြန်ခေါ်မှ ဖြစ်မှာ၊ တီးဝိုင်းကြည့်ချင်တဲ့ ဝေဘာဂီက သူငယ်ချင်းအပေါင်းအသင်းတွေကို ကိုယ်ပြန်မခေါ်ရင် ဘယ်သူမှ ဒီလောက် လူအများကြီး ခေါ်လာခွင့်ပေးမှာမဟုတ်ဘူး။ ခေါ်ချင်ကြမှာ မဟုတ်ဘူး' လို့ မျက်နှာညှိုးငယ်စွာ ပြန်ပြောပါတယ်။ အဲဒီလို သူငယ်ချင်း ဝါသနာရှင်တွေကို ခင်မင်တတ်တဲ့သူ့ကိုကြည့်ပြီး ကျွန်တော် တော်တော့်ကို စိတ်မကောင်း ဖြစ်သွားမိပါတယ်။ ကျွန်တော်တို့ရဲ့ အငြိုးအငြင်ကိုခံပြီး စတိတ်ရှိုးကြည့်ချင်တဲ့သူ့ရပ်ရွာကလူတွေကို အလေးပေး ဂရုစိုက်တဲ့သူ့ကို ဘာကြောင့် ပရိသတ်တွေ ချစ်ကြသလဲဆိုတာကို ကျွန်တော်ကိုယ်တိုင် အတွေ့အကြုံအရ သိခွင့်ရခဲ့ပါတယ်။

**(မတွေ့ဖြစ်တာ တော်တော်ကြာပြီဖြစ်တဲ့ ဝေဘာဂီမြို့နေ ဘော့စ်ဂစ်တာသမားကြီး ဆရာ (ကို) တော်မီကျော်နိုင်အတွက် အမှတ်တရ)**

(၇) ရက်၊ မေလ၊ ၂၀၀၈ ခုနှစ်ထုတ်၊ နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.241



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရေးခဲ့တဲ့ စာစုလေးတွေထဲက 'ကိုရီးယားအလွဲများ' ဆိုတဲ့ ဆောင်းပါးလေးကို ကြိုက်နှစ်သက်ကြကြောင်း စာဖတ်သူ တော်တော်များများက တွေ့တိုင်း အားပေးစကားပြောတာ ကြားခဲ့ရလို့ ကျွန်တော်သွားခဲ့ဘူးတဲ့ 'နိုင်ငံရပ်ခြားစတိုက်ရှိုး' ခရီးစဉ်တွေရဲ့ အမှတ်တရဖြစ်ရပ်လေးတွေကို ထပ်ရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်က ခရီးတစ်ခုကို သွားတိုင်းလူအများနဲ့ လိုက်လျောညီထွေနေတတ်တဲ့ ဝါသနာ မပါသူ တစ်ယောက်ပါ။ တကယ်တော့ ကျွန်တော် နိုင်ငံခြားခရီးထွက်တဲ့အချိန်တွေဟာ ပျော်ဖို့မကောင်းပါဘူး။

အခုတစ်ခေါက်ရေးပြချင်တဲ့ မလေးရှားနိုင်ငံမှာ လေးဇီးကလပ်တီးဝိုင်းနဲ့ ဖျော်ဖြေဖို့ သွားစဉ်က ကျွန်တော်နဲ့ ဟိုတယ်မှာ အတူတူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



(အခန်းဖော်)က အဆိုတော်ကြီး(ကို)ခင်မောင်တိုးပါ။ ကျွန်တော်က(ကိုတိုးကြီး) လို့ခေါ်လေ့ရှိတဲ့ (ကိုခင်မောင်တိုး) နဲ့ ဟိုတယ်မှာ တစ်ခန်းထဲတည်းရတာ ပိုသဘောကျပါတယ်။

ဘာကြောင့်လဲဆိုတော့ (ကိုတိုးကြီး) က ညနေစောင်းပြီဆိုဘယ်မှ မသွားတော့ဘဲ တရားထိုင်(ပုတီးစိပ်) လုပ်နေတော့ ကျွန်တော်လိုအခန်းအောင်းနေတဲ့သူအတွက် မပျင်းရတော့ပဲ အဖော်ရနေလို့ပါ။

ဒီလိုနဲ့ ခရီးထွက်ခဲ့ပြီး မလေးရှားနိုင်ငံကို ညနေ (၃)နာရီလောက် ရောက်ခဲ့ပါတယ်။ အဲဒီမှာ လာကြိုတဲ့ကားတွေနဲ့ ကွာလာလမ်ပူမြို့ကို ခရီးဆက်ခဲ့ပါတယ်။ မိုးကလည်း တော်တော်သည်းပါတယ်။ အဲဒီ မလေးရှားနိုင်ငံကို ရောက်ခဲ့တုန်း သူတို့ဆီက မြန်မာတွေ ပြောပြတာက မလေးရှားက တစ်နှစ်လုံး မိုးရွာတယ်။ ဒါကြောင့် နွေနဲ့မိုးနှစ်မျိုးပဲ ရှိတယ်ဆိုပြီး ကြားခဲ့ရပါတယ်။ သူတို့ ဆိုလိုချင်တာက တစ်နှစ်လုံး နေ့တိုင်း ဒါမှ မဟုတ်ရက်ခြား မိုးရွာတာကြောင့် ဆောင်းဥတုပျောက်နေပုံ ရပါတယ်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရောက်တဲ့ ညနေမှာပဲ။ ပွဲစီစဉ်သူ အစ်မကြီးရဲ့အိမ်ကို သွားကြပါတယ်။ သူ့ကိုနှုတ်ဆက်ပြီးမှ ကျွန်တော်တို့ တည်းမယ့် ဟိုတယ်ကို လိုက်ပို့ပါတယ်။ အဲဒီလို ခဏနားပြီးတာနဲ့ မြန်မာနိုင်ငံက မြန်မာတွေ(ရွှေ)ရှိတဲ့ ညဈေးတန်းကို သွားပြီးထမင်းလိုက်ကျွေးပါတယ်။ ကျွန်တော်တို့လည်း မလေးရောက် မြန်မာပရိသတ်တွေနဲ့ တွေ့ရမယ်ဆိုပြီး ညဈေးရောက်တော့ ဆိုင်ခန်းလေးတွေမှာ မြန်မာလူမျိုးတွေကို လိုက်ရှာပါတယ်။ ဘီယာသောက်နေ၊ အကင်စားနေကြတဲ့ သူတွေထဲမှာ မြန်မာဘယ်သူလဲဆိုတာ ဘယ်လိုခွဲမလဲသိချင်ကြပါလိမ့်မယ်။ ကျွန်တော်တို့နဲ့ပါလာတဲ့ အနုပညာရှင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာနဲ့ ဝမ်းသာအားရဖြစ်ရင် ရွှေမြန်မာတွေပါပဲ။ နိုင်ငံခြားသားတွေကတော့ ဘယ်သိလိမ့်မလဲ။ ဒါပေမယ့် အဲဒီဈေး တစ်ဝက်လောက်ဖြတ်လျှောက်ပြီးချိန်အထိ မြန်မာပရိသတ် အားရလောက်အောင် မတွေ့ရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ထမင်းစားမယ့် ဆိုင်ရောက်နေပြီဆိုတာနဲ့ ဆိုင်ထဲဝင်ခဲ့ကြပါတယ်။ ဆိုင်ထဲဝင်တယ်ဆိုရင်ပဲ စားပွဲထိုးလေးတွေ၊ အကြော်ဆရာတွေ၊ ထမင်းချက်တွေ ထွက်လာလိုက်တာအားလုံးဟာ မြန်မာတွေပါပဲ။ (အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတဲ့ စကားပုံအတိုင်း သမာအာဇီဝ အသက်မွေးကြတာကို ချီးကျူးမိပါတယ်)။ မီးဖိုချောင်ထဲမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြတဲ့ ညီငယ်၊ အစ်ကိုကြီးတွေကို တွေ့ရတော့ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရပါတယ်။ (သွေးကစကားပြောတာ ထင်ပါရဲ့) ဒါကြောင့် သူတို့အားလုံးကို ပျော်ရွှင်စွာစကားပြောနှုတ်ဆက်ကြ၊ တခြားဆိုင်တွေကလာပြီး နှုတ်ဆက်ကြတဲ့ ရွှေမြန်မာတွေကိုလည်း အနုပညာသမားအားလုံးက ခင်ခင်မင်မင် နှုတ်ဆက်ကြပြီး ဟိုတယ်ကို ပြန်ခဲ့ကြပါတယ်။

နောက်တစ်နေ့ မိုးလင်းတော့ မြို့ထဲကို ဈေးဝယ်ထွက်ကြပါတယ်။ ကျွန်တော် အဲဒီ မလေးရှားရောက်တုန်း သဘောကျမိတဲ့ အချက်နှစ်ချက် ရှိပါတယ်။

ပထမအချက်က သူတို့ မလေးရှားရဲ့ လမ်းမကြီး(ဥပမာ) မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်လမ်းမကြီး၊ (ဗိုလ်ချုပ်ဈေးရှေ့)လို နေရာတွေမှာဆိုရင် တစ်လမ်းမောင်း လမ်းမကြီးလုပ်ထားပေမယ့် လမ်းရဲ့အစွန်ဆုံးကားတစ်စီးစာလောက် အကျယ်နေရာ(ရန်ကုန်က ဘတ်စ်ကားတွေပဲမောင်း ရတဲ့ နေရာမျိုးမှာ) မျက်နှာချင်းဆိုင်က ကားတစ်စီးလာလို့ရတဲ့ နှစ်လမ်းမောင်းလည်း မဟုတ်၊ တစ်လမ်းမောင်းလည်းမကျတဲ့လမ်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ (၄)ပုံ (၁)ပုံကို မျက်နှာချင်းဆိုင်က ကားတွေ လာလို့ရတဲ့ နှစ်လမ်းမောင်း အသေးစားလေး လုပ်ပေးထားပါတယ်။ ဒါပေမယ့် ဒီလိုလမ်း စနစ်က စည်းကမ်းရှိတဲ့ နိုင်ငံမို့ အဆင်ပြေတာပါ။ ကျွန်တော်တို့ဆီမှာလည်း အဲဒီတစ်လမ်း ဖွင့်ပေးတာကိုပဲ ကားတွေက ကျော်တက်ချင်ရင် မျက်နှာချင်းဆိုင်က ကားတွေနဲ့ ပြဿနာတက်နိုင်လို့ ကားသမားတွေ စည်းကမ်းရှိမယ်ဆိုရင်တော့ ကောင်းမွန်တဲ့ မလေးရှားနိုင်ငံက လမ်းပိတ်ဆို့မှုကို ကာကွယ်တုံ့ပြန်ထားတဲ့ စနစ်လေး တစ်ခုကို သဘောကျလို့ ကျွန်တော်ရဲ့အမြင်လေးကို တင်ပြလိုက်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်သဘောကျတဲ့ အချက်လေးက သူတို့ မလေးရှားနိုင်ငံရဲ့ မြို့တွင်းသွားတဲ့ (လျှပ်စစ်ရထား) စနစ်ပဲ ဖြစ်ပါတယ်။

သူတို့ ကွာလာလမ်ပူမြို့ရဲ့ လမ်းမတွေက (တချို့နေရာတွေမှာ အနော်ရထာလမ်း) ပိုလ်ချုပ်လမ်းလောက်ပဲ ရှိပါတယ်။ (ဆူးလေဘုရားလမ်းလို ကျယ်တာတွေလည်း ရှိပါတယ်)။ အဲဒီလမ်းတွေရဲ့ လမ်းအလယ်မှာ တီပုံစံ အုတ်တိုင်ကြီးတွေရဲ့အပေါ်မှာ ရထားလမ်း လုပ်ထားပါတယ်။ အဲဒီတော့ လမ်းမကြီးတစ်ခုထဲမှာ ရထားလမ်းက အပေါ်က၊ ကားလမ်းက အောက်က ဖြစ်နေပြီ။ နှစ်ထပ်လမ်းမလည်း မဟုတ်တဲ့ ကားလမ်းမအလယ် အုတ်တိုင်ကြီးပေါ်က ရထားလမ်းဆိုတော့ ရထားစီးမယ့်သူတွေက ကားပိတ်တဲ့ဒုက္ခ၊ ကားစောင့်ရတဲ့ ဒုက္ခလည်း ကင်းပြီး ကိုယ်သွားချင်တဲ့နေရာလည်း ကွက်တိရောက်၊ မြေအောက်ရထားလို မြေကြီးလှန်တူးစရာလည်း မလို၊ လမ်းအသစ် ထပ်ဖောက်စရာလည်း မလိုဘဲ ရှိပြီးသားလမ်းတွေရဲ့ အလယ်က တံတားတိုင်စိုက်ပြီးလျှပ်စစ်



www.burmeseclassic.com

www.burmeseclassic.com



ရထားမျိုးတွေ တွေ့ရတော့ ကျွန်တော် သဘောကျမိပါတယ်။ (ဒီဘက်ခေတ်မှာ ရှေးတုန်းကလို ဓာတ်ရထားလည်း အဆင်မပြေနိုင်ပါဘူး . . .)

အဲဒီလိုကောင်းတဲ့ အချက်လေးတွေ တွေ့မိသလို တချို့ကိစ္စလေးတွေလည်း တင်ပြဖို့လိုလာပါရော။

ကျွန်တော်တို့ ဟိုတယ်ကနေ ညပိုင်း ဖုန်းဆက်ဖို့ ကဒ်ပြားကုန်သွားလို့ ဖုန်းကဒ်ရောင်းတဲ့ လမ်းထိပ်(အဲဒီ လမ်းထိပ်ကလည်း သိပ်မဝေးပါဘူး)ဖုန်းကဒ်သွားဝယ်ဖို့လုပ်နေတုန်း သူငယ်ချင်းတွေက ဝိုင်းပြီးတားကြပါတယ်။ လမ်းထိပ်ကို ညပိုင်းမသွားဖို့၊ ဘာလို့လဲဆိုတော့ လမ်းမှာပတ်စပို့ကို လုသူတွေ၊ ပိုက်ဆံအိတ်လုသူတွေ ရှိလို့ပါပဲ။ အဲဒီလမ်းကလေးကနေလမ်းထိပ် တစ်လျှောက်မှာဆိုလည်း မကောင်းတဲ့အမျိုးသမီးတွေ၊ လမ်းတွေပေါ်မှာလည်း လူမိုက်လို့ထင်ရတဲ့ ပုဂ္ဂိုလ်တွေက ရပ်နေကြပါတယ်။

အဲဒီလို မက္ကရာနယ်မြေပေါ်က ဖြတ်ပြီးလမ်းထိပ်လမ်းမကြီးကဖုန်းဆိုင်မှာ ဖုန်းကဒ်သွားဝယ်ဖို့ ကျွန်တော်ခေါင်းမာမာနဲ့ ထွက်ခဲ့ပါတယ်။ ခုတ်တာက ပတ်စပို့ ယူမသွားရင်လည်း ရဲကမေးရင် ဒုက္ခရောက်မယ်။ ယူသွားရင် အလုခံရနိုင်တယ်ဆိုတော့ ကျွန်တော်လည်းလွယ်အိတ်ထဲက ပတ်စပို့(နိုင်ငံကူးလက်မှတ်)ကိုထုတ်၊ ဘောင်းဘီအိတ်ထဲ ထည့်ပြီး ခပ်တည်တည်နဲ့ လူမိုက်တွေ ရှေ့ကနေ သတ္တိရှိတဲ့ပုံနဲ့လမ်းလျှောက်သွားရပါတယ်။ နည်းနည်း မှောင်တဲ့နေရာဖြစ်တော့ကျောကတော့ခပ်စိမ့်စိမ့်ပါ။ မကောင်းတဲ့ မိန်းမတွေက သူတို့ဘာသာစကားတွေနဲ့ ဖြတ်သွားတော့ လှမ်းပြောကြပါတယ်။ လူမိုက်တွေကလည်း ကျွန်တော် ခပ်တည်တည်နဲ့ တစ်ယောက်ထဲ လျှောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာလက်နက်ပါလဲဆိုပြီး အကဲခတ်နေပုံ ရပါတယ်။ ကျွန်တော်က လည်း အိုက်တင်အပြည့်နဲ့ လူမိုက်ပုံစံဖမ်းပြီး၊ ဘယ်သူမှ ဂရုမစိုက် သလို သူတို့ ရှေ့က ဖြတ်လျှောက်နေရပေမယ့် လိုအပ်ရင် ဟိုတယ်ကို ပြန်ပြေးဖို့ တော့ အသင့်ပြင်ထားရပါတယ်။ (အဲဒီအချိန်က ဆံပင်ရှည် ထားတဲ့ အချိန်ဖြစ်နေလို့ ကျွန်တော်ပုံက လူမိုက်နဲ့ ပိုတူနေပုံ ရပါတယ်။ အခုတော့ မတူတော့ပါဘူးနော်၊ ဟဲဟဲ)

ကျွန်တော်လည်း အပေါ်က ထပ်ဝတ်ထားတဲ့ ဂျာကင်အိတ်ထဲ ကို လက်နှိုက်ပြီး အထဲမှာ ဓားမြှောင်၊ ဒါမှမဟုတ် တစ်ခုခုပါချင်ဟန် ဆောင်ပြီး ဆိုင်ထဲက ထွက်ခဲ့ပါတယ်။ လမ်းမှာ နောက်ကနေ လိုက်လာ တဲ့ အသံက ကြားနေရပါတယ်။ အဲဒီလမ်း တိုတိုလေးဟာ ကျွန်တော့် အတွက်တော့ တစ်ကမ္ဘာလောက်ကြာအောင် လျှောက်နေရသလိုပါပဲ။ ဟိုတယ်ကို လှမ်းမြင်ရတဲ့ လမ်းအကွေ့ရောက်ရော ဝမ်းသာလိုက်တာ မပြောပါနဲ့၊ ဟိုတယ်ဘက်ကို ခပ်မြန်မြန်လျှောက်ခဲ့ပြီး ဟိုတယ်ဧည့် ခန်းထဲမှာ စိတ်ပူပြီးစောင့်နေတဲ့ သူငယ်ချင်းတွေတွေ့တော့မှ သက်ပြင်း ချနိုင်ပါတော့တယ်။ သူတို့ကတော့ ကျွန်တော် တော်တော် သတ္တိ ကောင်းတယ်ထင်ကြမှာပါ။ ကျွန်တော့်မှာသာ ဖုန်းမဆက်ဖြစ်ရင် မိန်းမစိတ် ကောက်မှာစိုးလို့ အသက်နဲ့ရင်းပြီးလူမိုက်ဟန်ဆောင်ပြီး ဖုန်းကဒ်သွားဝယ်ခဲ့ရတာပါ။

စတိတ်ရှိုးတီးပြီး နောက်တစ်ရက်ညနေမှာ(ဈေးသက်သာပြီး လက်ဆောင်ပစ္စည်းတွေ ဝယ်လို့ကောင်းတဲ့) စူပါမားကက်ကြီးတွေရှိတဲ့ နယ်မြေဘက်ကို ကျွန်တော်တို့နဲ့ ကိုတိုးကြီး ဈေးဝယ်ထွက်ခဲ့ကြပါတယ်။ လက်ဆောင်ပစ္စည်းတွေဝယ်ပြီး ချိန်မှာ မိုးရွာချလိုက်တော့ တက္ကစီသမားတွေလည်းမလာ၊ ကားလည်း ငှားဖို့ မရတော့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



(ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းနဲ့ ခပ်ဆင်ဆင်) တူတဲ့ ဆင်ဝင်အောက်မှာ မိုးခိုကြရပါတယ်။ ဈေးကတော့ ပိတ်နေပါပြီ။ တချို့ဆိုင်တစ်ခု၊ နှစ်ခုလောက်က ဖွင့်ပါသေးတယ်။ သူတို့လည်း တကယ်တော့ ဆိုင်သိမ်းဖို့ပြင်နေကြပါပြီ။

ကျွန်တော်နဲ့ ကိုတိုးကြီး(ကိုခင်မောင်တိုး)တို့ တက္ကစီတားပေမယ့် မိုးရွာထဲမှာ ခရီးသည်တွေ ပါနေလို့ ရပ်မပေးကြပါဘူး။ မျက်နှာချင်းဆိုင်ဘက် အခြမ်းကလည်း လူနေအိမ်တိုက်ခန်းတွေရဲ့ နောက်ဘက်နံရံတွေမို့ လူပြတ်ပါတယ်။

ကျွန်တော့်ကို အုပ်စုနဲ့ ဆိုင်ခန်းတစ်ခန်းကျော် ဆင်ဝင်အောက်မှာ တရုတ်မလေးတစ်ယောက် မိုးခိုရင်းနဲ့ ဟန်းဖုန်းပြောနေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ကိုခင်မောင်တိုးတို့ ဆင်ဝင်အောက်မှာမိုးခိုနေတုန်း လူငယ်နှစ်ယောက်၊ မိုးရွာထဲကနေ ကျွန်တော်တို့ ဆင်ဝင်ဘက်ကို လျှောက်လာပါတယ်။ ပုံစံကြည့်ရတာ အင်ဒိုနီးရှားလူမျိုး ပုံစံတွေပါ။ ကျွန်တော်က မိုးခိုနေရင်း မိုးရွာထဲက ဖြတ်လာနေတဲ့ သူတို့နှစ်ယောက်ကို ကြည့်မိချိန် တစ်ယောက်က ရေအိုင်ထဲမှာကျနေတဲ့ (မြွေရေခွံအိတ်အဖြူစ) တစ်ခုကို ကောက်ယူပြီး ခေါင်းပေါ်မှာ မိုးလိုက်ပါတယ်။

ကျွန်တော်က ရေအိုင်ထဲမှာ ကျနေတဲ့ အိတ်စကို ယူပြီး ခေါင်းပေါ်မိုးလိုက်တဲ့ သူတို့ကို ကိုယ့်ရဲ့ခေါင်းပေါ်ကို အထွတ်အမြတ် မထားဘဲ လမ်းဘေးက အိတ်စုတ်ကို တင်တယ်ဆိုပြီး မြန်မာပီပီ အယူအဆနဲ့ ဘယ်လိုလူတွေလဲဆိုပြီး၊ သတိထားလိုက်မိပါတယ်။ အဲဒီ လူနှစ်ယောက်က ကျွန်တော်တို့ မိုးခိုနေရာကနေ ဖြတ်သွားပြီး တစ်ဆိုင်ကျော်ကဆင်ဝင်အောက်မှာ မိုးခိုနေတဲ့ တရုတ်မလေးရဲ့ စလင်းဘတ် အိတ်ကို ဝင်လုပါတယ်။ အခုလို လူတွေရှေ့မှာ ဗြောင်ကျကျ လုလိမ့်မယ်လို့ မထင်ထားမိတဲ့ ကျွန်တော်တို့ ကြက်သေသေပြီး ကြည့်နေပါတယ်။ ဘာလုပ်ရမှန်း ရုတ်တရက် မစဉ်းစားမိပါဘူး။ တရုတ်မလေးက သူ့အိတ်ကို ပြန်ဆွဲယူပြီး မလေးရှားစကားနဲ့ ပြန်အော်ပါတယ်။ အဲဒီ နှစ်ယောက်က တော်တော်ကြာအောင် လုလို့မရတော့ မျက်နှာချင်းဆိုင်က လမ်းကြားထဲကို ဝင်ပြေးသွားကြပါတယ်။ လျှပ်တစ်ပြက် အချိန်လေးမှာ အခုလို လုယက်တာကို ရုတ်တရက်မြင်လိုက်ရတဲ့ ကျွန်တော်တို့လည်း တရုတ်မလေးကို ဘာအကူအညီပေးရမလဲ သွားမေးချင်ပေမယ့် ကိုယ်ကလည်း တခြားနိုင်ငံသားဖြစ်နေ၊ သူတို့ စကားလည်းမတတ်။ သူကလည်း မသိတဲ့ ယောကျ်ားတွေ လာမေး



www.burmeseclassic.com

www.burmeseclassic.com



တာကို ပိုလန့်သွားမှာစိုးလို့ ရပ်ကြည့်နေပြီး ဘယ်လိုကူညီရမလဲ စဉ်းစားနေကြပါတယ်။ တရုတ်မလေးက တစ်ယောက်ထဲ ထိုင်ငိုနေပါတယ်။ အဲဒီနေရာကနေတော့ ထွက်မသွားပါဘူး။

ကျွန်တော်တို့လည်း သူ့ကို အဝေးကနေ ရပ်ကြည့်ပြီး (သူတစ်ယောက်ထဲ အားမငယ်ရအောင်) တတ်နိုင်သမျှ အဖော်ရအောင် စောင့်ပေးနေကြပါတယ်။ ခဏနေတော့မှ သူဖုန်းခေါ်ပုံရတဲ့ ကားတစ်စီးလာကြိုတော့မှပဲ ကျွန်တော်တို့ အဖွဲ့လည်း လုံခြုံမှုရှိတဲ့ ကိုယ့်မြန်မာပြည်နဲ့ နှိုင်းယှဉ်လိုက်ရင် ကြောက်စရာကောင်းလောက်အောင် ဆိုးသွမ်းမှုတွေကို ပြောင်ကျကျလုပ်ကိုင်တာ မြင်လိုက်ရတဲ့ မလေးရှားပါလားလို့တွေးပြီး ဟိုတယ်ကို ပြန်ခဲ့ကြပါတယ်။ အပြန်လမ်းမှာ စိတ်မကောင်းဖြစ်မိကြလို့ စကားတောင် မပြောဖြစ်ခဲ့ကြပါဘူး။

နောက်တစ်နေ့ ညနေ မလေးရှားနိုင်ငံရဲ့ အမြင့်ဆုံး အဆောက်အဦးကြီး နှစ်ခုရှိတဲ့ KLCC က ရှုပါမားကက်ကြီးမှာ ဂစ်တာစာအုပ်လေ့ကျင့်ခန်းစာအုပ်တွေ ဝယ်လို့ရနိုင်တယ်။ သတင်းရတာနဲ့ အိမ်ပြန်ခါနီးရှိသမျှ ပိုက်ဆံအကုန်ဖြုန်းမယ်ဆိုပြီး ချီတက်ခဲ့ကြပါတယ်။

ပီထရိုနပ် မျှော်စင်ကြီးရဲ့ အောက်ခြေရောက်တော့ ညနေခင်းလက်ဖက်ရည်သောက်ချိန်ဖြစ်လို့ ဗိုက်ကလည်း ဆာလာပါပြီ။ ဒါကြောင့် အပေါ်မတက်ခင် အောက်ခြေစားသောက်ဆိုင်မှာ မုန့်ဝယ်စားမယ်ဆိုပြီး အဖွဲ့သား (၄) ယောက် (ကိုဂျင်ပီ၊ ကိုမရ၊ ကိုတိုးကြီး၊ ကျွန်တော်)တို့ ကဖေးဆိုင် တစ်ဆိုင်ထဲကို ဝင်ခဲ့ကြပါတယ်။

အဲဒီမှာ မနက်ဖြန် ရန်ကုန်ပြန်မယ်ဆိုတော့ လက်ဆောင်တွေဝယ်ဖို့ ကိုယ်လိုချင်တဲ့ စာအုပ်တွေဝယ်ဖို့၊ ပိုက်ဆံချန်ထားပြီး တတ်နိုင်သလောက် ဈေးသက်သာတာပဲ ဝယ်စားကြမယ်လို့ စိတ်ထဲက ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ပါတယ်။ ဒါကြောင့် ကော်ဖီ (၄) ခွက်မှာပြီး မုန့်ဘာစားရင် ကောင်းမလဲလို့ စဉ်းစားမိရင်းနံရံမှာ ပြထားတဲ့ မုန့်ဘောင်တွေထဲက ကြက်သားကြော်တုံးကြီး (၄)ခုနဲ့ မုန့်ဘူးကို စိတ်ဝင်စားသွားပါတယ်။ ဈေးကလည်း တော်တော်ကို သက်သာပါတယ်။ တခြား မုန့်တွေထက် သက်သာသလို ကြက်သားလို့လည်း အင်္ဂလိပ်လို စာတမ်းထိုးထား တော့ အားလုံးစားလုံးရပြီဆိုပြီး မုန့်ဘောင်ထဲက ကြက်ကြော်တုံးကြီး (၄)ခုကို လက်ညှိုးထိုးပြီး စားပွဲထိုးကောင်မလေးကို မှာလိုက်ပါတယ်။

စားပွဲထိုးမလေးလည်း မုန့်ရှီးကော့စ်ကြီးထဲ ဝင်သွားပြီး ခဏ နေတော့ ကော်ဖီ (၄)ခွက်လာချပေးပါတယ်။ သူက ကော်ဖီခွက်နဲ့ အချဉ် ခွက်ရော၊ တစ်ရှူးစက္ကူတွေရောပေါင်းပြီး လာချပေးသွားပါတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့လည်း ကော်ဖီကို အချိန်ဆွဲသောက်ပြီး ကြက်သားကြော် လာချမှာ စောင့်နေကြပါတယ်။ တော်တော်နဲ့ ကြက်သားကြော်က ရောက်မလာပါဘူး။ အချိန်အရမ်းကြာလာတော့ အားလုံးစိတ်တိုနေကြ ပါပြီ။ အပေါ်က မျှော်စင်ပေါ်လည်း တက်ချင်စိတ်က ရှိနေတော့ သည်း မခံနိုင်တော့ပဲ စားပွဲထိုးမလေးကို ခပ်မာမာနဲ့ ခေါ်လိုက်ပါတယ်။ ကောင် မလေးလည်း ရောက်လာတော့မှ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က အင်္ဂလိပ်လို "ငါတို့မှာထားတဲ့ မုန့်ကြာလှပြီ မရသေးဘူးလား" ဆိုပြီး ခပ်မာမာ မေးလိုက်ပါတယ်။ နံရံပေါ်မှာ ပြထားတဲ့ ကြက်သားကြော် (၄)တုံး ပုံကိုလည်း လက်ညှိုးထိုးပြလိုက်ပါတယ်။ ကောင်မလေးလည်း ပျာပျာသလဲနဲ့ ရပါပြီလို့ပြောတယ်။ ဒါနဲ့ ဒါဆိုရင် လာပေးတော့လေ ဆိုပြီး ပြောလိုက်တော့ ကောင်မလေးက "ပေးပြီးပြီလို့" ပြောပါတယ်။ "ပေးပြီးပြီဆိုရင် စားပွဲပေါ်မှာလည်း မရှိပါလား" လို့မေးတော့မှ ကောင်မလေးက စားပွဲပေါ်တင်ထားတဲ့ သွားကြား ထိုးတံထည့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးလောက်ရှိတဲ့ စက္ကူဘူးလေးကို လက်ညှိုးထိုးပြီး ဖွင့်ပြတော့မှ ကျွန်တော်တို့ မှာလိုက်တဲ့ ကြက်သားကြော် (၄)တုံးဟာ ကျွန်တော်တို့ ထင်သလို အကြီးကြီးမဟုတ်ဘဲ မုန့်လက်ညှိုးလောက် လေးတွေ (၄)ခုကို ကင်မရာနဲ့ အနီးကပ်ရိုက်ပြီး အဆပေါင်းများစွာ ချဲ့ပြီးမှ မုန်ဘောင် ပေါ်မှာ အကြီးကြီးလို့ထင်ရအောင် ပြထားတာပါ လားလို့ သိလိုက်ရပြီး စားပွဲထိုး ကောင်မလေးကို ခပ်ရှက်ရှက်နဲ့ တောင်းပန်။ ခပ်မြန်မြန် စားပြီးတာနဲ့ အဲဒီ ကဖေးဆိုင်ထဲက အောင်မြင်စွာ ပြေးခဲ့ရပါတော့တယ် ခင်ဗျား။

၉ရက်၊ ဇူလိုင်လ၊ ၂၀၀၈ခုနှစ် ထုတ် နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.250



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'အနုပညာသမားတစ်ယောက်' မွေးဖွားလာနိုင်ဖို့ ပြည်သူတွေရဲ့ကြားထဲမှာ သူရဲ့ အနုပညာတွေ ပျံ့နှံ့သွားဖို့ ငယ်စဉ်ထဲက ကြိုးစားရတဲ့ အချိန်ကာလဆိုတာ အောင်မြင်တဲ့ အနုပညာသမားတိုင်း မလွဲမသွေဖြတ်သန်းခဲ့ကြရပါတယ်။ တချို့က အချိန်သိပ်မကြာလိုက်ဘဲ ပရိသတ်က မြှောက်စားတာခံကြရပြီး တချို့ကတော့ အချိန်အကြာကြီးဒုက္ခခံ၊ လမ်းမှားတွေ၊ လမ်းဆိုးတွေရောက်၊ ခက်ခက်ခဲခဲကို သွားမယ့်လမ်းကို ကိုယ်တိုင်ရှင်းပြီးမှ ရောက်ခဲ့ရတာပဲကွာမှာပါ။ ပင်ပန်းခံကြရတာတော့ အတူတူပါပဲ။

ကျွန်တော်ဒီလိုစာရေးဖြစ်တဲ့ အကြောင်းရင်းထဲမှာ ကိုယ်ငယ်ငယ်က အပင်ပန်း အဆင်းရဲခံ၊ ဒုက္ခရောက်ပြီး ကြိုးစားခဲ့ရတဲ့ အချိန်ကာလတုန်းက ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတွေကို နောက်တခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လူငယ်အနုပညာသမားလေးတွေ ဖတ်မိခဲ့လို့ သူတို့အလှည့် ရောက်ခဲ့လို့ မကောင်းတာတွေပြင်ပြီး၊ ကောင်းတဲ့ အချက်လေးတွေ ယူစေချင်လို့ ရေးမိတာလည်း တစ်ချက်ပါ ပါတယ်။

ငယ်ငယ်တည်းက ဒီအနုပညာလောကထဲ ရောက်ချင် နေချိန် မှာ ကူညီပေးခဲ့တဲ့ နောင်တော်ကြီး အနုပညာရှင်တွေကိုလည်း ဂုဏ်ပြု ချင်ပါသေးတယ်။ လက်တွဲခေါ်ကြတယ်ဆိုတဲ့ စကားဟာ နားထောင် လို့ကောင်းသလောက် ခေါ်တဲ့လူကလည်း စိတ်ကောင်းနဲ့ခေါ်၊ တွဲ တက်ရ မယ့်လူကလည်း၊ ကျေးဇူးတရားသိသိနဲ့ ကိုယ့်ကို အပေါ်ဆွဲ တင်ပေးတဲ့လူကိုလည်း သိတတ်မှ နှစ်ဦးနှစ်ဖက် ကြည်နူးစရာ အမြင် ရှင်းရှင်းနဲ့ ဘဝတစ်လျှောက်လုံး အတူတူလျှောက်ခွင့်ရကြတာပါ။

ကျွန်တော်နဲ့ ရှမ်းအဆိုတော်ကြီး ကိုစိုင်းဆိုင်မောဝ်တို့ရဲ့ ငယ်စဉ်က ခင်မင်မှု လေးတွေကို အခုလို စာတစ်တန်၊ ပေတစ်တန်နဲ့ ရေးသားဖေါ်ပြခွင့်ရခဲ့လို့လည်း ကိုယ့်ကိုကိုယ် တော်တော်လေး ကျေ နပ်မိပါတယ်။

စာဖတ်ပရိသတ်ကလည်း ဒီစာလေးကိုဖတ်ရတာ မပျင်းဘဲနဲ့ ရသတစ်ခုခု ခံစားခဲ့မယ်ဆိုရင်တော့ . . . အတိုင်းထက်အလွန် ကျွန် တော်ပျော်ရွှင်ရမှာပါ။

ကျွန်တော်ရဲ့ ဂစ်တာသင်ဆရာတစ်ယောက်ဖြစ်ခဲ့တဲ့ ကိုခင် မောင်မြင့်လို့ ခေါ်တဲ့ ဆရာနိုင်ကျော်(ဂစ်တာနည်းပြ)ဟာ အဆို တော်ကြီး (ကို)စိုင်းဆိုင်မောဝ်နဲ့ သူငယ်ချင်းပါ။ ဒါကြောင့် ကိုစိုင်း ဆိုင်မောဝ်ရဲ့ ရှမ်းသီချင်းစီးရီးတွေဆိုရင် ကိုခင်မောင်မြင့်တို့အဖွဲ့နဲ့ပဲ မေစတူဒီယိုမှာ တီးပါတယ်။ အဲဒီလို စတူဒီယိုတွေမှာ သီချင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သွင်းကြတယ်လို့ကြားတိုင်း ဂစ်တာသမားဖြစ်ချင်တဲ့ ကျွန်တော်က သူတို့သီချင်းသွင်းတာ ဘယ်လိုအသံဖမ်းကြသလဲ၊ ဘယ်လိုတီးကြသလဲ၊ သိချင်လွန်းလို့ လိုက်ကြည့်ချင်စိတ်က အမြဲတန်းမနေနိုင်မထိုင်နိုင်အောင် ဖြစ်ရပါတယ်။

ကျွန်တော့်ရဲ့ဆရာကိုတော့ အားနာလို့ မပူဆာရဲပါဘူး။ ဒါပေမယ့် ကျွန်တော့်ကို ငယ်စဉ်ထဲက အလိုက်သိသိနဲ့ ပညာသင်ကြားပေးခဲ့တဲ့ ဆရာကိုခိုင် (ကိုခင်မောင်မြင့်) က တစ်ရက်မှာ ဂစ်တာသွားသင်ရင်း ဒီနေ့ညပိုင်း မေစတူဒီယိုမှာ သီချင်းသွင်းကြမယ်၊ မင်းလိုက်ခဲ့မလားလို့ခေါ်ပါတယ်။ ကျွန်တော်ကလည်း နှစ်ခါ မခေါ်ရပါဘူး။ လိုက်ချင်နေပါပြီ။

ဒါကြောင့် ကိုခင်မောင်မြင့်တို့အိမ်ကို ည(၆)နာရီ လောက်အရောက်ပြန်လာခဲ့ပါတယ်။ ည(၇)နာရီခွဲလောက်မှာ အတီးသမားတွေကို လာခေါ်တဲ့ကား ရောက်လာပါတယ်။ အဲဒီကားနဲ့ မေစတူဒီယိုဆိုတာကို ပထမဆုံး ရောက်ဖူးခဲ့ပါတယ်။ ရွှေတောင်ကြားထဲမှာပါ။ ဒီလိုနဲ့ သီချင်းသွင်းကြမယ့်အချိန်မှာ ကိုစိုင်းဆိုင်မောဝ် ရောက်လာပါတယ်။ သူ့လို နာမည်ကြီး အဆိုတော်ကို ဒါပထမဆုံး အရှင်လတ်လတ်တွေ့ဖူးတာလို့ ကျွန်တော်ထင်မိပါတယ်။ သူကတော့ ကျွန်တော့်ကို ဝါသနာရှင် ကလေးတစ်ယောက်ဆိုပြီး အသိအမှတ်ပြုစကားပြောပါတယ်။

ကျွန်တော်က အဲဒီည တစ်ညလုံး ကိုစိုင်းဆိုင်မောဝ် သီချင်းတီးကြတာကို ကြည့်ရင်း သီချင်းနားထောင်ရင်းနဲ့ အိပ်ပျော်သွားတဲ့အရသာကို ခုထိမမေ့သေးပါဘူး။ မနက် (၆)နာရီလောက် တစ်စီးရဲ



www.burmeseclassic.com

www.burmeseclassic.com



လုံးသွင်းပြီးမှ ကျွန်တော့်ကို ဆရာကိုခင်မောင်မြင့်က လာနှိုးပါတယ်။ အဲဒီတော့မှ အိပ်နေရာက လူးလဲထပြီး ကားပေါ်တက်ရပါတယ်။

မနက်အစောကြီး ရွှေဂုံတိုင်မီးပွိုင့်နား အုတ်လမ်းထိပ်က ထမင်းကြော်ဆိုင်မှာ ကိုစိုင်းဆိုင်မောဝ်ကျွေးတဲ့ ထမင်းကြော်ကို အားနာနာနဲ့ အရသာရှိရှိ စားခဲ့ရတာလည်း မှတ်မိပါသေးတယ်။

ဒီလိုနဲ့ အချိန်တော်တော်ကြာမှ ကိုစိုင်းဆိုင်မောဝ်နဲ့ ပြန်ဆုံရပါတယ်။ ဆုံဖြစ်ခဲ့တာက မြန်မာ့အသံမှာ ရုပ်မြင်သံကြား ရိုက်ပေးဖို့ဖြစ်လာတာပါ။ ကိုစိုင်းဆိုင်မောဝ်ရဲ့ 'ကြိုးမဲ့ပန်း' စီးရီးထွက်ခါစမှာ ရုပ်မြင်သံကြားရိုက်ပေးဖို့ ကိုခင်မောင်မြင့်ကို အတီးသမားသရုပ်ဆောင်ပေးမယ့် ကလေးတွေ ရှာခိုင်းပါတယ်။ ကိုခင်မောင်မြင့်က သူ့ရဲ့တပည့်တွေဖြစ်တဲ့ ကျွန်တော်တို့ကို တီးပေးဖို့ပြောပါတယ်။ ကျွန်တော်တို့လည်း ပထမဆုံး တီဗွီရိုက်ရမှာဆိုတော့ အရမ်းတက်ကြွနေကြပါတယ်။ ဒီလိုနဲ့ မြန်မာ့ရုပ်မြင်သံကြားမှာ အင်္ကျီအဝါရောင်လေးတွေဆင်တူနဲ့ သီချင်းလေးပုဒ်ကို နောက်ခံတီးခတ်သူအဖြစ် ဝင်သရုပ်ဆောင်တီးပေးခဲ့ပါတယ်။

တစ်ခါတစ်ခါ မြန်မာ့ရုပ်မြင်သံကြားမှာ အဲဒီသီချင်းပြန်လွှင့်တာ ကြည့်ခွင့်ရခဲ့ရင် ကျွန်တော်ငယ်ငယ်ကပုံကို တွေ့နိုင်ပါတယ်။ (တကယ်တီးပေးတဲ့တီးဝိုင်းက ACES ဖြစ်ပါတယ်)

ကျွန်တော်ဂီတာသမားအဖြစ်နဲ့ လူစတင်သိလာချိန် JUKE BOX တီးဝိုင်းနဲ့ တာချီလိတ်၊ ကျိုင်းတုံကို သွားတီးဖို့ ဖြစ်လာခဲ့ပါတယ်။

အဆိုတော် မာရဇ္ဇနဲ့ ကျွန်တော်တို့သူငယ်ချင်းတွေ ပူးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့အချိန်ပေါ့။ အဲဒီပွဲမှာ အဆိုတော်ကြီး စိုင်းဆိုင်မောဝ်နဲ့ ပြန်ဆုံပါတယ်။

ကျွန်တော့်ငယ်ဘဝ အကြောင်းလေးပြောပြီး သူ့ကို ပြန်မိတ်ဆက်ရပါတယ်။ သူကလည်း ကျွန်တော့်ဆရာနာမည်နဲ့ ပြန်သတိရသွားပါတယ်။ အဲဒီပွဲမှာလည်း အမှတ်တရဖြစ်စရာ ကိစ္စတစ်ခုကဖြစ်လာပါသေးတယ်။ တာချီလိတ်မြို့က မနက်ပိုင်း ကားနဲ့ထွက်ခဲ့ကြတာလမ်းမှာ ကားပျက်တာကြောင့်ထင်ပါရဲ့၊ ကျိုင်းတုံမြို့ကို ညနေ(၆)နာရီလောက်မှ ရောက်ခဲ့ပါတယ်။ ရာသီဥတုကလည်း မတရားအေးနေတဲ့အချိန် ကျိုင်းတုံဘောလုံးကွင်းထဲက စတိတ်ရှိုးစင်မှာ တီးဝိုင်းစက်ချိန်ဖို့ အချိန်မရှိတော့လို့ ဟိုတယ်မှာ မနားနိုင်သေးဘဲ စင်ပေါ်တန်းတက်ကြရပါတယ်။

အောင်အောင်က ဒရမ်အသံချိန်ပါတော့တယ်။ ကျွန်တော်တို့လည်း သူ့ဒရမ် TUNNING ညှိနေတာကြည့်မယ်ဆိုပြီး (ဒရမ်ဆက်ကိုဖုံးထားတဲ့) အဝတ်ကိုလှန်လိုက်တဲ့အခါ အောင်အောင် မျက်နှာပျက်သွားတာ မြင်လိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတီးမဲ့ဒရမ်ရဲ့မျက်နှာပြင်တွေက သစ်သား(သုံးထပ်သား)ပြားတွေ ဖြစ်နေပါတယ်။ သူလည်း ဒရမ်အသံမထွက်တဲ့ PAD တွေဖြစ်နေလို့ အသံကို မိုက်ကရိုဖုန်းနဲ့ ချိန်စရာမလိုတော့ဘူးဆိုပြီး ဒရမ်အသံတွေ ထွက်တဲ့မော်ကျူးလို့ခေါ်တဲ့ Effect ကိုပါဝါဖွင့်လိုက်ပြီး ဒရမ်စတီးပါတော့တယ်။ အဲဒီမှာ ဒုက္ခ စတွေ့ပါတယ်။ သူက ဘေ့စ်ဒရမ်ကို ခြေထောက်ကနင်းရင် Effect က ဝီဇီသံထွက်ပါတယ်။ သူက SNARE ကိုအားရပါးရတီးလိုက်ရင် SNARE လို့ အသံမထွက်ဘဲ လင်္ဂခွင်ပ်



www.burmeseclassic.com

www.burmeseclassic.com



သံထွက်လိုထွက်၊ သူတီးသမျှ အသံပြောင်းပြန်တွေ ထွက်တော့တာပါပဲ။ စက်သမားလည်းမရှိတော့ သူ့မှာ ဒရမ်သာ တီးတယ်၊ ဖြစ်ချင်သလို ဖြစ်နေတော့တာပဲ။ ကျွန်တော်တို့ကလည်း ဝိုင်းရယ်ကြတော့ သူစိတ်တို နေပါတော့တယ်။ သူနဲ့ ကျွန်တော်တို့ စက်ချိန်လို့မရလောက်အောင် ဒုက္ခတွေ့နေတုန်း စတိတ်ရှိုးကန်ထရိုက်လုပ်တဲ့ အစ်မကြီးလင်မယားလည်း ပြာပြာသလဲ စင်ပေါ်ရောက်လာပြီး ပွဲစတီးဖို့ တောင်းပန်တော့တာပါပဲ။ ဘော်လုံးကွင်းတစ်ကွင်းလုံးမှာ လူ (၂)ယောက်၊ (၃)ယောက်ပဲ ရှိသေးတာ တွေ့နေရလို့ ကျွန်တော်တို့က ရေလဲမချိုးရသေး၊ အဝတ်လဲ မလဲရသေးလို့ ဟိုတယ်ကိုပြန် အဝတ်လဲ၊ ရေချိုးပြီးမှတီးပါရစေ၊ အဆိုတော်တွေလည်း အခုမှဟိုတယ်ရောက်ကြမှာမို့ ခုချက်ချင်း မိတ်ကပ်မလိမ်းရသေးဘဲ စင်ပေါ်တက်မှာ မဟုတ်ဘူး။ ဒါကြောင့် နာရီဝက်၊ တစ်နာရီလောက် အချိန်ပေးပါ။ လူလည်းမရှိသေးလို့ပါလို့ တောင်းပန်တာတောင် ကန်ထရိုက် အစ်မကြီးက သူ့အကြောင်းနဲ့သူ ရှိနေတာမို့ ချက်ချင်းကို စတိတ်ရှိုး စတီးပါတော့ဆိုပြီး တောင်းဆိုတော့တာပါပဲ။ လူမရှိလို့ ရှုံးရင်လည်း သူခံပါမယ်။ ကျွန်တော်တို့သာ ချက်ချင်းတီးပေးပါဆိုပြီး ပြန်ပြောပါတယ်။ ဒီလိုရှုပ်ရှက်ခတ်နေတုန်း ကယ်တင်ရှင်ကို တွေ့လိုက်ရပါတယ်။ သူကတော့ ကိုစိုင်းဆိုင်မောဝ်ပါပဲ။ သူက သူ့တီးဝိုင်းနဲ့သူ လိုက်လာတာပါ။ ဒါကြောင့် ကျွန်တော်က 'အစ်ကိုအခုချက်ချင်း ရေသွားချိုးပြီး အစ်ကို့တီးဝိုင်းနဲ့ ချက်ချင်းပြန်လာခဲ့ပါ။ ကျွန်တော်တို့ တီးလုံးတွေတီးထားပြီး အချိန်ဆွဲထားပါ့မယ်။ အဆိုတော်တွေလည်း မိတ်ကပ်လိမ်း၊ အဝတ်အစားလဲခိုင်းထားလိုက်ပါ့မယ် ကျွန်တော်တို့ အကျီတွေ၊ ဘောင်းဘီတွေလဲပြီး ဖုန်တွေပေကျံနေလို့ပါ။ ထမင်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ တောက်လျှောက်တီးပါမယ့်။ အစ်ကို နာရီဝက်၊ တစ်နာရီလောက်ထဲ One Man Show လုပ်ပေးထားပါလို့' တောင်းပန်ရပါတယ်။ ကိုစိုင်းဆိုင်မောဝ်က ကျွန်တော်တို့တီးဝိုင်းရဲ့ ဖြစ်နေတဲ့ ဒုက္ခကို နားလည်နိုင်တဲ့ ဝါရင့်အဆိုတော်ကြီးပီပီ ချက်ချင်းပဲ ရေပြန်ချိုး၊ အဝတ်လဲပြီး သူ့တီးဝိုင်းအဖွဲ့သားတွေကို ခေါ်လာခဲ့ပါတယ်။ အဲဒီတော့မှပဲ စက်သမားလည်း ပါလာပြီမို့ ဒရမ်မာအောင်အောင် (ရော့ခ်မုဆိုး) လည်း တကယ့်ဒရမ်အသံ့ရသွားပြီး အားရပါးရတီးနိုင်ပါတော့တယ်။ ကျွန်တော်တို့လည်း ညစ်ပတ်ပေရေပြီး၊ ခေါင်းပေါ်မှာ ဖုံတွေနဲ့ ဂစ်တာတီးနေရာကနေ ကယ်တင်ရှင်ကြီး ကိုစိုင်းဆိုင်မောဝ်ကို ကျေးဇူးတင်စွာနဲ့ ဂစ်တာပေးပြီး၊ ဟိုတယ်ကိုအမြန်ပြန်၊ ရေချိုး၊ ထမင်းစားပြီး သူ့ဆီပြန်သွား၊ ဂစ်တာပြန်ယူပြီးမှ မနက်(၃)နာရီ၊ (၄)နာရီ အထိ တစ်ညလုံး တောက်လျှောက်တီးခဲ့ရတဲ့ ကျိုင်းတုံ စတိတ်ရှိုး အတွက် ကိုစိုင်းဆိုင်မောဝ်ရဲ့ ကျေးဇူးကို အခုထိ သတိရစွာနဲ့ ရေးသား လိုက်ရပါတယ်။

**(ကျွန်တော့်အကြောင်း ဂျာနယ်မှာရေးမယ်ဆိုလို့ အပတ်တိုင်း စောင့်ဖတ်နေတယ်လို့ တွေ့တိုင်း ပြောတဲ့၊ အဆိုတော် ကိုစိုင်းဆိုင်မောဝ်သို့ အမှတ်တရ)**

၁၂ ရက်၊ မတ်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.234



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ 'နာဂစ်' ဆိုတဲ့ မုန်တိုင်းနာမည်က လူတိုင်းလို လိုသိကြ၊ ခံစားကြရလို့ စာတစ်တန်၊ ပေဖွဲ့ပြီးရေးဖို့ ရိုးတောင်ရိုးနေပါပြီ။

သူ့ကြောင့် လူတွေသေကြေပျက်စီးကြ၊ လယ်ယာ၊ ကျွဲ၊ နွားတွေလည်း ပျက်စီး၊ ရေလွှမ်းမိုးကြ၊ လူနေအိမ်တွေလည်း ပြိုကျကြနဲ့၊ သူနဲ့ပတ်သက်တဲ့ ကိစ္စတွေမှန်သမျှ ဒုက္ခချည်းပဲ ကြားနေရတာပါ။

ကျွန်တော်လည်း 'နာဂစ်' စပြီးဝင်ချိန်မှာ တော်တော်ဒုက္ခရောက်ပါတယ်။ လေအပြင်းဆုံးတိုက်တဲ့ မနက် (၇)နာရီလောက်မှာ ကျွန်တော့်အိမ်ရဲ့ မိုးရေမဝင်အောင်ကာထားတဲ့ တံစက်မြိတ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



အောက်ကို ပြုတ်ကျတော့မှာမို့ လမ်းပေါ်က ဖြတ်သွားလျှက်လာ လူတွေပေါ်ကျမှာ၊ ကိုယ့်ပြဿနာဖြစ်မှာစိုးလို့ ဝါးလုံးတိုင်တစ် ခင်း နဲ့ သံအမိုးကြီးကို မိုးရေထဲမှာ အံကြိတ်ပြီး (ချမ်းအေးတဲ့ဂ ဂ) ထောက်ထားရတာ၊ ရုတ်တရက် ကျွန်တော့်ကို မြင်တဲ့သူတွေဆိုရင် 'ရုရှားမှာရှိတဲ့ အလုပ်သမားရုပ်ထုတွေလို' 'နိုင်ငံတော်အလံလွှင့် နေတဲ့ရုပ်ထု' လိုလိုဖြစ်နေပါတယ်။

နောက်ပိုင်းမှ ဝါးလုံးရှည်ရှည်ရှာပြီး နံရံနဲ့ကန်ထားလို့ ကျွန်တော်လည်း ကျောက်ရုပ်ဘဝက လွတ်ခဲ့ရပါတယ်။ မုန်တိုင်း တိုက်ပြီး ညနေမှာ ကားပေါ်မှီသားစုတင်ပြီး၊ အပျက်အစီးတွေ ကြည့် မိတော့မှ ကိုယ့်ကိုယ်ကို အမေရိကန်မင်းသား ဝီလ်စမစ်ရဲ့ ရုပ်ရှင် 'I am Legend' ထဲ ရောက်နေသလို ဖြစ်နေတော့တာပါပဲ။ အဲဒီ ရုပ်ရှင်ထဲမှာ နယူးယောက်မြို့ကြီးက လူတစ်ယောက်မှ မရှိဘဲ၊ လမ်းမ ပေါ်မှာ သစ်ပင်တွေပေါက်နေ၊ ကုန်တိုက်ကြီးတွေကလည်း သစ်ပင် တွေကြားကနေ ဝယ်မယ့်သူမရှိ လမ်းတိုင်းမှာ အပျက်အစီးတွေနဲ့၊ မြို့ပျက်ကြီးလိုဖြစ်နေတဲ့ ဇာတ်ဝင်ခန်းလို၊ ကျွန်တော့်မှာလည်း အနော်ရထာလမ်းမရဲ့ ရေပြင်ကြီးထဲ၊ သစ်ပင်ကြီးတွေ လဲနေတဲ့ကြား ကကွေ့ပတ်ပြီး ကားမောင်းနေရတော့၊ တစ်ခါမှ မရဖူးတဲ့၊ ခေတ်လွန် မြို့ပြယဉ်ကျေးမှုတစ်ခုကို နဖူးတွေ့၊ ဒူးတွေ့ တွေ့ရတော့တာပါပဲ။

မနက်တုန်းက 'နာဂစ်' ဝင်ချိန်မှာ မီးကြိုးတွေပြတ်၊ ဓါတ်တိုင် တွေလဲဖြစ်နေတဲ့ကြား၊ သစ်ပင်တွေလဲ၊ မိုးတွေရွာ၊ လေပြင်းတိုက်တဲ့ ကြား 'စနေနေ့' ဖြစ်နေလို့ မင်္ဂလာဆောင် သွားတီးရမယ့် တာဝန်က လည်း ရှိနေလေတော့ 'ACES' တီးဝိုင်းအဖွဲ့ရဲ့ တာဝန်ရှိသူတွေဆီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး 'လာရတော့မလား'ဆိုပြီး၊ မုန်တိုင်းထဲမှာကားမောင်းပြီး မကြောက်မရွံ့သွားတီးဖို့ ကြိုးစားရပါသေးတယ်။

'မလာခဲ့နဲ့တော့ ဘယ်သူမှလည်း အပြင်ထွက်လို့မရဘူး။ မင်္ဂလာဆောင်ပိုင်ရှင်တွေ မကျေနပ်လည်း တောင်းပန်ပြီး အလျော်ပြန်ပေးမယ်' ဆိုတဲ့ စကားရတော့မှ အိမ်မှာလုံးလုံး နေလိုက်ရပါတယ်။

မုန်တိုင်းကျပြီး နောက်ရက်တွေမှာ ထုံးစံအတိုင်း မီးမရ၊ ရေမရတော့ ကျွန်တော့် မိသားစုက သူတို့ဆွေမျိုးတွေ ရှိရာသွားပြီး၊ နေ့လယ်ပိုင်း လိုအပ်သမျှ အိမ်မှုကိစ္စတွေ သွားလုပ်ကြပါတယ်။ ကျွန်တော်ကတော့ လက်ဖက်ရည်ဆိုင်ထိုင်၊ ဂစ်တာတီး၊ ဘာသာပြန်ဝတ္ထုဖတ်၊ စာရေးစသဖြင့် အချိန်ဖြုန်းနေတော့တာပါပဲ။ အဲဒီအချိန်မှာလည်း မီးမလာ၊ ရေမရကြလို့ ကန်ထရိုက် တိုက်ခန်းတွေမီးစက်ငှားရေ တင်ကြတာတွေ့ရပါတယ်။ မီးစက်ငှားတဲ့ သူတစ်ယောက်က ကျွန်တော့် ရှေ့မှာ ညည်းနေသံလည်း လက်ဖက်ရည်ဆိုင်မှာ ကြားရပါသေးတယ်။

မီးစက်ငှားခတစ်သောင်းနဲ့ တိုက်ခန်းတစ်ခန်းကို ရေတင်ပေးမိပါတယ်။ သူ့ခများ ရေတင်တာ မပြည့်မပြည့်နဲ့ ကြာလှချည်လား့ဆိုပြီး၊ နာရီတကြည့်ကြည့်နဲ့ စောင့်နေရပါတယ်။ (ဆီဖိုးရှုံးမယ့်သဘောဖြစ်နေတာပေါ့) အပေါ်ထပ်က တိုက်ခန်းပိုင်ရှင်တွေက မီးစက်နှိုးပြီး ရေ့စတင်တာနဲ့ အောက်ကမီးစက်ပိုင်ရှင်မသိအောင် ဘုံဘိုင်ခေါင်းဖွင့်ပြီး၊ အိမ်မှာရှိသမျှအဝတ်တွေ ထိုင်လျှော်ကြပါတယ်။ အဝတ်လျှော်ကြဖို့ ဘုံဘိုင်ခေါင်းကို အပေါ်ထပ်မှာဖွင့်ထားသော အောက်ထပ်က မီးစက်ငှားသူခများမှာ ရေမပြည့်သေးလို့ စိတ်ညစ်နေချိန်၊ တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



သားလုံးက အလှည့်ကျ ရေချိုးရုံတင်မကသေးဘဲ၊ တခြားလမ်းက ရေမချိုးရတဲ့ အမျိုးတွေပါ သွားခေါ်ခိုင်းတော့ တိုက်ခန်း လှေခါးက တစ်ယောက်ပြီးတစ်ယောက် ပြေးတက်သွားကြတာမြင်ရပြီး၊ ပြန်ဆင်း လာတာမမြင်ရတဲ့ မီးစက်ပိုင်ရှင်ခမျာ အဖြစ်မှန်ကို သိချိန်ကြမှ စိတ်နာပြီး၊ လက်ဖက်ရည်ဆိုင်မှာ 'နောက်ဆိုရင် နာရီဝက်ပဲ သတ်မှတ် မယ်၊ သူတို့ဘာသာ ဘာလုပ်လုပ်' ဆိုပြီး၊ အချိန်နဲ့ ရေတင်တဲ့စနစ်ကို စမယ်ဆိုပြီး၊ ညည်းတွားသံကိုလည်း ဗဟုသုတအဖြစ် ကြားရပါ တယ်။ (နောက်ပိုင်းလည်း အချိန်နဲ့ပဲ မီးစက်နဲ့ ရေတင်ပေးကြတာ တွေ့ရပါတယ်။)

ဒီလိုနဲ့ နာဂစ်ဒုက္ခပေးလို့ စာသင်ကျောင်းထဲမှာနေရတဲ့ အိုးအိမ်ပျက်စီးသူတွေ အတွက် လှူကြ၊ တန်းကြတဲ့အသံတွေ စ,ကြားရ ချိန်မှာ ကျွန်တော့်ဆီမှာလည်း 'နံနက်ခင်းဂျာနယ်' မှာ ပင်တိုင်ဆောင်း ပါးရေးလို့ရတဲ့ စာမူခတွေရယ်၊ ဖြူတီမဂ္ဂဇင်း၊ ဖက်ရှင်မဂ္ဂဇင်း၊ အလင်္ကာဂျာနယ်၊ နန်းမြင့်ဂျာနယ်တွေမှာ ရေးလို့ရတဲ့ စာမူခလေးတွေ ကို စုဆောင်းထားတာ၊ အားလုံးပေါင်း ငွေကျပ် တစ်သိန်းကျော်ကျော်ရှိ နေပါတယ်။

ဒါကြောင့် လိုအပ်တဲ့ငွေတွေကို စိုက်ထုတ်ပြီး၊ ပထမဆုံး အလှူအနေနဲ့ တွံတေးမြို့က ကယ်ဆယ်ရေးစခန်းတွေလှူဖို့၊ လိုမယ့် ဆန်အိတ်ဝယ်ဖို့ အရင်ဆုံးငွေလှူဖြစ်ပါတယ်။

ဒုတိယအလှူအနေနဲ့က သာကေတမြို့နဲ့မဝေးလှတဲ့ 'ကွင်းမ' ဆိုတဲ့ရွာလေးမှာ လေဘေးဒဏ်ကြောင့် ဘုန်းကြီးကျောင်း သုံးကျောင်း နဲ့၊ စာသင်ကျောင်းလေး နှစ်ကျောင်းမှာ ခိုလှုံ နေတဲ့မိသားစုများအတွက်



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လိုအပ်နေတဲ့ ညမနက်စာဟင်းလျာဖိုးကို အနုပညာရှင်မောင်နှမများ (မင်္ဂလာဆောင်များမှာ သီဆိုသူ အဆိုတော်များဖြစ်ကြတဲ့ မဟေမာနေဝင်း၊ သီရိဂျေမောင်မောင်၊ ကိုဂျေမောင်မောင်၊ ကဗျာဘွဲ့မှူး၊ မငြိမ်းငြိမ်းအိ၊ ကိုတူးတူး စသဖြင့် အဆိုတော်များနဲ့) စုပေါင်းပြီး၊ ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ ကားမောင်းပြီး၊ ဒုက္ခရောက်နေတဲ့မိသားစုတွေရဲ့ လက်ထဲကို သွားလှူခဲ့ပါတယ်။

တတိယအလှူအနေနဲ့ မုန်တိုင်းကျအပြီးမှာ တောင်ဥက္ကလာ (၁)ဝိုင်း၊ ဘုန်းကြီးကျောင်းက မိဘမဲ့ကလေးတွေ စားသောက်စရိတ်အတွက် မိသားစုပါခေါ်ပြီး၊ တာဝန်ရှိတဲ့ လက်ထောက်ဆရာတော်ထံမှာ ငွေကျပ် ရှစ်သောင်းတိတိ လှူဒါန်းနိုင်ခဲ့ပါတယ်။ (ကျွန်တော်ရေးတဲ့ ဆောင်းပါးလေးတွေထဲမှာပါတဲ့ အနုပညာရှင်တွေရဲ့ အလှူလည်းဖြစ်ပါတယ်)

ကျွန်တော်လည်း 'စာမူခကိုလှူပါမယ်' လို့ အဓိဋ္ဌာန်ထားပြီး၊ ကတိအတိုင်း လှူဖြစ်ခဲ့လို့ ပီတိဖြစ်မိပါတယ်။ စာမူခရသမျှအပြင်၊ ကိုယ်လည်း အနုပညာကြေးထဲကစိုက်လှူပြီးလို့ စိတ်ပေါ့ရုံရှိပါသေးတယ်။ သူငယ်ချင်း 'ရှော့ခ်မုဆိုးအောင်အောင်' က ဖုန်းဆက်ပါတယ်။ 'မင်း ဧလဘေးဒုက္ခသည်တွေကို လှူဖို့မလုပ်ဘူးလား။ ငါတို့လည်း တစ်ခုခုကူညီပြီး လုပ်ကြမှကောင်းမှာ'ဆိုပြီး တိုင်ပင်လာတော့၊ ကျွန်တော်ကလည်း 'ငါတော့၊ ရှိသမျှစာမူခရော၊ တီးခထဲကရော တတ်နိုင်သလောက်တော့ လှူပြီးပြီ။ မင်းဘာထပ်လုပ်ချင်လဲ' ဆိုတော့၊ သူက 'ငါကတော့၊သူငယ်ချင်းတွေစုပြီး၊ တတ်နိုင်သမျှနဲ့ လေဘေးကျတဲ့နေရာကို သွားချင်တယ်။ မင်းလည်းလိုက်ခဲ့နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်' ဆိုတော့ ကျွန်တော်လည်း ပါဝင်ရတော့တာပေါ့။

ဒါကြောင့် သူ့အသိထဲက ရေဘေးရော၊ လေဘေးရော ဒုက္ခတွေ့ခဲ့တဲ့ အသက် အန္တရာယ်သေမယ့်ဘေးက လွတ်မြောက်ခဲ့သူ တစ်ယောက်ရဲ့ ရွာဖြစ်တဲ့ ပင်လယ်ဝ 'လက်ခုပ်ကုန်း' ပတ်ဝန်းကျင်က 'တော်ကူး'ဆိုတဲ့ရွာလေးက 'ဘုန်းကြီးကျောင်း'မှာ စုရုံးနေတဲ့ မိသားစုဝင်တွေကို လှူဖို့ (၁၆.၅.၀၈)မနက် ၁၀နာရီလောက် ကျွန်တော့်ရဲ့ ကားနဲ့ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ Lite Ace ကားနှစ်စီးနဲ့ လှူဖို့ပစ္စည်းတွေတင်ပြီး၊ ရန်ကုန်ကနေ ထွက်ခဲ့ကြရပါတော့တယ်။ ရန်ကုန်ကနေ ပန်းလှိုင်တံတား၊ တွံတေးတံတားတွေဖြတ်ပြီး၊ လမ်းကြမ်းမောင်းရပါတယ်။ မိုးကလည်း သဲသဲမဲမဲကို ရွာပါတော့တယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရန်ကင်းက မုန့်ဆိုင်တစ်ဆိုင်မှာ သကြားလုံးထုတ်တွေ အများကြီး ဝယ်လာခဲ့ပါတယ်။ လမ်းမှာ တွေ့သမျှကလေး၊ လူကြီး သကြားလုံးချိုချဥ်နဲ့ ပူတင်းပေါင်မုန့်တွေ ဝေပေးပါတယ်။

တကယ်တော့ တော်ကူးရွာမှာရှိတဲ့ ခိုလှုံသူတွေကို ကျွန်တော့်ရဲ့အင်္ကျီတွေအထုပ်ကြီး ၂ထုပ်နဲ့ မျှဝေပေးဖို့ ယူသွားတာပါ။ (ကျွန်တော့်အင်္ကျီတွေက အကောင်းတွေပါ။ Live Show ရိုက်တုန်းက ဝတ်တဲ့အင်္ကျီတွေတောင် ပါပါတယ်။ ဘာလို့ဝေပေးရလဲဆိုတော့ ကျွန်တော်ရိုးသားစွာ ဝန်ခံရရင် အင်္ကျီတော်တော်များများ ကျွန်တော် ဝတ်လို့မရတော့ပါဘူး။ ကျွန်တော်က အစားပုပ်တာကြောင့် မတော်တော့လို့ပါ . . ဟဲ . . ဟဲ၊ အခုတော့ ပြန်ပိန်အောင် လုပ်နေပါပြီ)

တွံတေးမြို့ကနေ ကော့မှူးကို ကားနဲ့အသွားမှာ ဒီလမ်းမကြီးဟာ နာဂစ်မုန်တိုင်း ကျွန်တော်တို့ဆီကိုလာခဲ့တဲ့လမ်းပဲ။ ဒါကြောင့် ငါတို့ဟာ နာဂစ်ရဲ့ခြေရာကို လိုက်ခံနေတဲ့မုန်တိုင်းရဲ့သဲလွန်စ ရှာနေတဲ့မုန်တိုင်းရဲ့ မုဆိုးတွေပါလားဆိုပြီး၊ စုံထောက်ဝတ္ထုဆန်ဆန် ကားမောင်းရင်းနဲ့ အူကြောင်ကြောင် တွေးမိနေပါသေးတယ်။

တစ်နေရာရောက်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ကားခဏရပ်ပြီး သူငယ်ချင်းယူလာတဲ့ ဟမ်ဘာဂါနဲ့ လက်ဖက်ရည်ကိုသောက်ကြ၊ စားကြပါတယ်။

အဲဒီမှာ လက်ဖက်ရည်ဆိုင်ဘေး ကွမ်းယာဆိုင်က လူငယ်တွေက ကျွန်တော့်ကို မှတ်မိသွားပြီး၊ 'ကိုနိုင်ဇော်ကြီး၊ ဘယ်သွားမလို့လဲ၊ ဒုက္ခသည်တွေလှူဖို့လာတာလား' ဆိုပြီး ဝိုင်းမေးကြပါတယ်။ ကျွန်တော်လည်း ဒုက္ခသည်တွေကို အဝတ်အစားတွေ လာလှူတာပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖြေလိုက်ပြီး၊ ကျွန်တော်ဝတ်တဲ့အင်္ကျီတွေ Live Show တွေမှာ ဂစ်တာတီးရင်းဝတ်တဲ့အင်္ကျီတွေ လှူမယ်လို့ ပြောလိုက်တာနဲ့ ချာတိတ်တွေ ကားဆီဝိုင်းလာပြီး၊ သူတို့ကို တစ်ထည်စီပေးဖို့ တောင်းကြပါတယ်။ ကျွန်တော်က 'ညီလေးရာ၊ မင်းတို့တွေက တတ်နိုင်တဲ့သူတွေပါကွာ၊ ဟိုကလူတွေက မိုးစိုရင်တောင် အင်္ကျီလဲစရာမရှိတဲ့သူတွေပါ။ မယူကြပါနဲ့' ဆိုတော့၊ သူတို့ထဲက တစ်ယောက်က 'ကျွန်တော်တို့က အမှတ်တရယူချင်လို့ပါ။ အစ်ကို TV ထဲမှာ ဂစ်တာတီးတုန်း ဝတ်တဲ့အင်္ကျီဆို တော့ ပိုတန်ဖိုးထားလို့ တစ်ထည်လောက်တော့ ပေးခဲ့ပါ' ဆိုပြီး ဈေးဆစ်တာနဲ့ ကျွန်တော်တီးခဲ့ဖူးတဲ့ MTV ခွေတစ်ခုဖြစ်တဲ့၊ အဆိုတော်အဲလက်စ်ရဲ့ 'သူ၏သီချင်းများ' ဗီစီဒီ ချောင်းသာမှာ ရိုက်တုန်းကဝတ်တဲ့ တီရှပ်အနက်ရောင် တစ်ထည်ပေးလိုက် တော့ အဲဒီလူငယ်က ချက်ချင်းခေါင်းပေါ် ထပ်ဝတ်လိုက်ပြီး၊ အဲဒီနား ကလမ်းတွေထဲ၊ ဘာအကြောင်းမှမရှိဘဲ၊ ခေါက်တုန့်ခေါက်ပြန် လမ်းသလားပြ နေတာကိုကြည့်ရင်း (လိုအပ်တဲ့ ဒုက္ခသည်တွေကို မပေးဘဲ၊ ပရိသတ်ဆိုသူကိုပေးလိုက်လို့ တစ်မျိုးမထင်ပါနဲ့၊ ရှင်းပြခွင့်ပြုပါ) နယ်မြို့တွေကို ဂစ်တာသွားတီးရင်၊ အင်္ကျီနဲ့ပတ်သက်ပြီး တော်တော် သတိထားရပါတယ်။

တစ်ခါက မြို့ကြီးတစ်မြို့မှာ စတိတ်ရှိုးတီးဖြစ်တော့ တီရှပ်ကုမ္ပဏီတစ်ခုရဲ့ပိုင်ရှင် အစ်မကြီးက တီးဝိုင်းအဖွဲ့သားအားလုံး၊ အဆိုတော်၊ သူပိုင်တဲ့ BRAND တီရှပ်ကို စပွန်ဆာပေးပြီး စင်ပေါ်မှာ ဝတ်ပေးဖို့တောင်းဆိုပါတယ်။ ကျွန်တော်လက်ဆောင်ရတဲ့ တီရှပ်အရောင်လေးက နံ့သာရောင်လေးဖြစ်နေလို့၊ အဲဒီတီရှပ်လေးဝတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တီးရတာ တော်တော်ကြိုက်နေပါတယ်။

ပွဲအပြီးမှာ လူငယ်တစ်ယောက်က စင်အောက်ကနေ အစ်ကို့ အင်္ကျီနဲ့ ကျွန်တော့်အင်္ကျီ လဲမယ်ဆိုပြီး၊ အော်တော့တာပါပဲ။ ကျွန်တော် လည်းအခုမှ လက်ဆောင်ရပြီး၊ ပူပူနွေးနွေးဝတ်ရတဲ့ အင်္ကျီလှလှလေး နှမျောပြီး၊ မပေးချင်တာကြောင့် 'ကိုယ်ကလဲချင်ပါတယ်၊ ဒါပေမယ့် စပွန်ဆာ ပေးထားတဲ့ ပိုင်ရှင်သိရင် စိတ်ဆိုးမှာမို့ လဲလို့မရလို့ပါ' ဆိုပြီး၊ ဝေ့လည်ကြောင်ပတ် လုပ်ရပါတော့တယ်။

ချာတိတ်ကလည်း ထုံးစံအတိုင်း 'အစ်ကိုစတိတ်ရှိုးတီးတဲ့ အင်္ကျီ အမှတ်တရ လိုချင်လို့ပါ။ ပိုင်ရှင်လည်း မကြည့်တော့ပါဘူး။ ပြန်သွား လောက်ပါပြီ' ဆိုပြီး ထပ်တောင်းတာကြောင့် ကျွန်တော့်မှာ အားနာ လာပြီး 'ကဲကွာ၊ ဒီလောက် မင်းလိုချင်နေရင်လည်း ယူလိုက်တော့'





www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးသူ့ကို အင်္ကျီချွတ်ပေးလိုက်ရပါတယ်။ သူပြန်ပေးတဲ့အင်္ကျီကို ဝတ်ကြည့်တော့မှ ကိုယ်လုံးကလည်းမတော် (သေးနေလို့ ဝတ်လို့မရ) အင်္ကျီမှာ ဆွမ်းတံထွေးတွေလည်း အပြည့်၊ အရက်ကလည်း သောက်ထားတော့ အရက်နံ့၊ တိုးဝှေ့ကခုန်ထားတော့ ထွက်တဲ့ ချွေးနံ့နဲ့ပေါင်းပြီး၊ ရန့်ကြိုင်နေတော့ ရေမွှေးနံ့ကိုနှစ်သက်တတ်သူ မဟုတ်တဲ့ ကျွန်တော့်မှာ အင်္ကျီမပါဘဲနဲ့ စင်အောက်ကိုဆင်းလာခဲ့ရဖူးပါတယ်။

တစ်ခါကလည်း မြို့တစ်မြို့မှာ စတိတ်ရှိုးစီးအပြီး စင်အောက်က ကလေးတွေက ကျွန်တော့်ရဲ့ ဂစ်တာလက်ခတ်ကို တောင်းကြလို့ စင်ပေါ်ကနေ သူတို့လက်ထဲ ဂစ်တာလက်ခတ် ပလပ် စတစ်ပြားလေးတွေ လှမ်းပေးရပါတယ်။ အောက်က လူငယ်တွေက များပြီး ကိုယ့်လက်ကို လှမ်းဆွဲနေတော့ ကိုယ်ပါစင်ပေါ်က အောက်ကို လိမ့်ကျမှာစိုးလို့ စင်အပေါ်ကနေ အောက်ကလက်တွေ ဆွဲလို့မရအောင် လက်ခတ်ပြားလေးတွေကို သူတို့လက်တွေပေါ် ပစ်ချပေးရပါတယ်။ အဲဒီလိုပေးအပြီး အပြန်ထွက်ပေါက်မှာ မိတ်ဆက်စကားပြောတဲ့ လူငယ်တွေကြားက လူတစ်ယောက်က ကျွန်တော့်ကိုလှမ်း ပြောပါတယ်။ 'ဟေ့ကောင်၊ ငါတို့ နယ်သားတွေကို တောသားလို့ မထင်နဲ့ကွ' ဆိုပြီး၊ အသားလွတ် ပေါက်ကွဲတော့တာပါပဲ။

ကျွန်တော်လည်း သူဘာကြောင့်ပြောသလဲသိချင်တာကြောင့် 'ဘာဖြစ်လိုလဲ၊ ကျွန်တော်ဘာလုပ်မိလို့လဲ' လို့ပြန်မေးရပါတော့တယ်။ သူက 'မင်းက၊ မင်းရဲ့ပက်ထရံ(လက်ခတ်) တွေကို အပေါ်ကနေပြီး ပစ်ပေးတာ၊ ငါတို့ကို တောသားတွေထင်ပြီး အသားချင်း မထိချင်လို့လား' ဆိုပြီး၊ စွတ်ပြောပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ပါလာတဲ့ ကျွန်တော့်သူငယ်ချင်းက စိတ်ဆိုးပြီးပြဲသနာရှာမိတော့မှာမို့ ကျွန်တော်က သူ့ကို ဆက်မေးရပါတော့တယ်။ 'အစ်ကိုကို ကျွန်တော် တောသားလို့ မထင်ပါဘူး။ အပေါ်က ပက်ထရံပစ်ပေးမိတာတောင်းပန်ပါတယ်ဗျာ' ဆိုပြီး သူကျေနပ်သွားအောင် ချော့လိုက်ရပါတယ်။ ကျွန်တော်က ပြေလည်အောင် ပြောနေတာကို မြို့ခံဝါသနာရှင် လူငယ်လေးတွေကလည်း အားနာလာပြီး၊ အဲဒီလူကို စိတ်ဆိုးကြပုံ တွေ့ရပါတယ်။ အဲဒီလူက ကျွန်တော့်ကို 'ဟေ့ကောင်၊ ငါ့ကို နယ်မှာနေတယ် ဆိုပြီး၊ အထင်မသေးနဲ့။ ငါ့အင်္ကျီ တွေ့လား၊ (တံဆိပ်ကိုရှာပြီးပွတ်ပြပါသည်) Puma ဦးထုပ်ကို ကြည့်ထား (တံဆိပ်ကိုလှန်ပြပါသည်) Nike အစစ်ကွ၊ အတုဝတ်တဲ့ကောင် မဟုတ်ဘူး။ လူကိုအထင်မသေးနဲ့' လို့ အသားလွတ်ကြီး ကြွားတော့မှ





www.burmeseclassic.com

www.burmeseclassic.com



ဩဘ်–ဒီလူခင်များ သူ့အကျီ၊ ဦးထုပ်က အမှန်အကန် ဖြစ်နေတာကို တခြားလူ၊ ဘေးကလူတွေသိအောင် ကျွန်တော့်ကို ပြသနာ လုပ်ပြီး ကြွားနေပါလား ဆိုပြီး၊ သူ့ရဲ့ သိမ်ငယ်စိတ်ကို ဖုံးကွယ်ချင်တဲ့ ဒေါသကို ရုတ်တရက် မြင်တွေ့ခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော့်မှာ ခဲမှန်ဖူးတဲ့စာသူငယ်လို၊ အကျီလို ချင်တဲ့ အဲဒီမြို့က ပုဂ္ဂိုလ်ကို ချက်ချင်း အကျီတစ်ထည် ထုတ်ပေးလိုက် ရတာပါ။ (နို့မဟုတ်ရင်၊ သူ့အကျီတံဆိပ်တွေ ရှာပြီး၊ လက်ညှိုးထိုးပြ မလားဆိုပြီး ကြောက်တဲ့စိတ်လည်းပါတာပေါ့။)

ဒါကြောင့် အနုပညာသမား၊ ဂစ်တာသမားဆိုပြီး၊ ပရိသတ် ဝါသနာရှင်တွေက ကျွန်တော့်ကို မကြောက်ကြပါနဲ့။ ကျွန်တော်ကသာ ဝါသနာရှင်တွေကို ကြောက်ရတဲ့ ဂီတသမားတစ်ယောက်ဆိုတာ 'နာဂစ်ရဲ့လာရာလမ်း' မှာတွေ့ခဲ့ရတဲ့ ဖြစ်ရပ်လေးနဲ့ သက်သေပြပါ ရစေ။

- ၂၈ ရက်၊ မေလ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်းသတင်းဂျာနယ် အမှတ်စဉ် Vol.3 No.244



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်တော့်လို စာရေးပျင်းတဲ့ လူတစ်ယောက် ဂျာနယ်တစ်စောင်မှာ အပတ်စဉ် စာရေးဖို့ဆိုတာ မစဉ်းစားသင့်တဲ့၊ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပါ။ အဲဒီလို မဖြစ် နိုင်တဲ့ကိစ္စလို့ ကိုယ်ထင်ထားတာကို အခုလိုစာမျိုးဖြစ်လာအောင်၊ ဖတ်ရအောင်၊ ရေးဖို့တိုက်တွန်းခဲ့တဲ့သူတစ်ယောက်ကြောင့် ဒီစာရေးဖြစ်ခဲ့တာပါ။ အဲဒီလို တိုက်တွန်းခဲ့တဲ့အကြောင်းလေးတော့ စရေးမှ ဖြစ်တယ်ထင်တယ်။

တစ်မနက်တော့ ကျွန်တော့်ဆီ အင်တာဗျူးလုပ်ဖို့ နံနက်ခင်း ဂျာနယ်က 'ကိုတင်မောင်ဆွေ' ဖုန်းဆက်တော့ ကျွန်တော်တခြားချိန်းထားတဲ့ကိစ္စတွေကို နောက်ဆုတ်ပြီး 'လပြည့်ဝန်း ပလာဇာ' အောက်က ကော်ဖီဆိုင်လေးမှာ တွေ့ကြဖို့ ချိန်းဖြစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးမလုပ်ခင် သူသိပ်လိုချင်တဲ့ သတင်းမျိုးဖြစ်မယ့် ကျွန်တော်တို့တီးဝိုင်းနဲ့ အဆိုတော်ကိစ္စကို ပွဲဆူအောင်မရေးဖို့ ကြိုတင်ပြီး စည်းကမ်းသတ်မှတ်ရသေးတယ်။ မဟုတ်ခဲ့ရင် မျက်နှာချင်းဆိုင်ခါတ်ပုံတွေနဲ့ ဆောင်းပါးနှစ်ခု မျက်နှာချင်းဆိုင် ပါလာပြီး၊ ကိုယ်နဲ့အဆိုတော် ပြဿနာတက်ပြီလို့ ထင်ကုန်မှာစိုးလို့ပါ။ သူကလဲပြော မနာ၊ ဆိုမနာလောက်အောင် ခင်မင်နေတော့ လက်ခံပါတယ်။

ဒါနဲ့ သူမေးချင်တဲ့ကိစ္စကို တော်တော်လေးရှောင်ပြောပြီး အင်တာဗျူးလုပ်ပါတယ် နောက်ဆုံးမှ နိုင်ငံခြားမှာ ဂီတာသွားတီးတဲ့ အတွေ့အကြုံကို မေးရင်းနဲ့ ကျွန်တော်လည်း သူလိုချင်တဲ့ သတင်းရအောင် 'ဘာကယ့်ကော်ပီသီချင်းတီးရတဲ့ဒုက္ခ'ကို ဥရောပတိုက်သားတစ်ချို့ရဲ့မျက်နှာ အမူအရာနဲ့ ကိုယ်ခံစားခဲ့ရပုံကို ဖြေခဲ့ပါတယ်။ အဲဒီလိုအဖြေရမှပဲ သူကျေနပ်သွားပါတယ်။

အဲဒီလို အင်တာဗျူးအပြီး လမ်းခွဲခါနီးမှာ နေပြည်တော် ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတီးဖူးသလားလို့ ကျွန်တော့်ကိုမေးတော့ ကျွန်တော်က ကိုယ်တိုင်တီးဖူး၊ ကြုံဖူးတဲ့အဖြစ်လေးတွေကို ရယ်စရာနှစ်ခု၊ သုံးခုပြောပြတော့၊ သူသဘောကျသွားပြီး၊ အသံဖမ်းစက်နဲ့ပြန်ဖမ်းပါတယ်။ ပြီးတော့ သူကကျွန်တော့်ကို အဲဒီလို အကြောင်းလေးတွေ စာရေးဖို့ပြောပါတယ်။ ကိုနိုင်ဇော် ကိုယ်တိုင် ရေးမှကောင်းမှာ၊ ရေးမယ်ဆိုရင် 'နံနက်ခင်းဂျာနယ်'မှာ အပတ်စဉ်ရေးပါ။ ကျွန်တော်တို့ ထည့်ပေးပါ့မယ်လို့ တောင်းပါတယ်။

ဒါနဲ့ပဲ ကျွန်တော်ကလည်း 'ရေးပေးပါ့မယ်။ ခင်ဗျားသာ ကျွန်တော့်ဆီ ဖုန်းဆက်ပြီးသတိပေးပါ' လို့ ကတိပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ကျွန်တော်လည်း ပွဲစဉ်တွေနဲ့ ခရီးစဉ်တွေ ပြည့်နေတာမို့ မကြုံကြပြန်ပါဘူး။

ဒီလိုနဲ့ ကိုတင်မောင်ဆွေရဲ့ စာမူတောင်းတဲ့ဖုန်းဝင်လာတော့၊ လေးဇီးကလပ်နဲ့ စတိတ်ရှိုးတီးပြီး အပြန်လမ်းခရီး ပဲခူးမှာပါ။

ဒါနဲ့ ကျွန်တော်လည်း တနင်္လာနေ့ရေးပေးပါ့မယ်လို့ ပဲခူးမှာ ကတိပေးလိုက်ရပါတယ်။ ရန်ကုန်ကို ညနေ (၃)နာရီရောက်၊ မြရိပ်ညိုကို (၆)နာရီအရောက်သွားပြီး၊ တန်ဆောင်မုန်းလပြည့်နေ့ လေးဇီးကလပ်ရဲ့ စတိတ်ရှိုးတီးပြီးမှပဲ ဒီစာလေးကို အားချင်း ရေးရပါတော့တယ်။

ကျွန်တော်က စာလဲသိပ်မရေးတတ်၊ စာရေး ကျွမ်းကျင်သူလဲ မဟုတ်၊ စာပေဝါသနာရှင်တစ်ယောက်အနေနဲ့ ကျွန်တော်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတွေကိုသာ ရိုးရိုးသားသား မှတ်တမ်းတင်ချင်လို့ ဂီတလောက ရယ်စရာ၊ စိတ်လှုပ်ရှားစရာ၊ ဝမ်းနည်းစရာကိစ္စလေးတွေကို အများပရိသတ်တွေသိဖို့ ရေးသားရခြင်းဖြစ်ပါ တယ်။ ကျွန်တော်ရေးတဲ့ စာလေးတွေ ဖတ်ရလို့ တစ်စုံတစ်ရာကို ခံစားရရင်ဖြင့် ကျေနပ်ပါပြီ။ ပထမဆုံးရေးမယ့် အကြောင်းအရာလေးကိုတော့ ကိုတင်မောင်ဆွေလိုချင်တဲ့ 'သီတင်းကျွတ်နေပြည်တော်၊ ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူပွဲ' က စကြရအောင် . . . .။

နေပြည်တော်၊ ပျဉ်းမနားမြို့မှာ သီတင်းကျွတ်လမှာ ပြုလုပ်လေ့ရှိတဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲဟာ ဂီတသမားတွေ၊ အဆိုတော်တွေရဲ့အောင်မြေပဲလို့ ကျွန်တော်ငယ်ငယ်က ကြားဖူးပါတယ်။

Play Boy တို့ L.P.J တို့ စတဲ့ နာမည်ကြီးအတင်ကရ



www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းကြီးတွေဟာ အဲဒီ ပွဲတီးဖူးမှ၊ တီးပြီးမှ ပိုပြီးနာမည်ကြီး လာကြတယ်လို့တောင် သိရပါတယ်။ အဆိုတော်သစ်တွေဆိုရင်လည်း နေပြည်တော်၊ ပျဉ်းမနားမှာ သွားဆိုပြီးမှ နာမည်ကြီး အဆိုတော်တွေဖြစ်ခဲ့ကြတာကြားဖူးပါတယ်။ တစ်ညလုံးမိုးလင်းတဲ့အထိ တီးရတော့ တော်ရုံဝီရိယနဲ့တော့ မဖြစ်နိုင်ပါဘူး။ ဖွဲ့ကောင်းအပင်ပန်း ခံနိုင်မှ ဖြစ်မှာပါ။

ကျွန်တော် ၁၀တန်း ဒုတိယနှစ်မှာ သူငယ်ချင်းတွေနဲ့ ကျူရှင်အပြီး သူငယ်ချင်းတစ်ယောက်ရဲ့ လက်ဆောင်ပစ္စည်းတွေသွားပေးဖို့ ရန်ကုန်ဘူတာကြီးကို သွားခဲ့ကြပါတယ်။

'ရန်ကုန်-မန္တလေး' ရထားထွက်မယ့် ညနေ (၆)နာရီ ဝန်းကျင်လောက်၊ ဘူတာကြီး ရောက်သွားတော့ ရထားစင်္ကြန်မှာ ခရီးသည်တွေကိုကြည့်ရင်းနဲ့ ကိုယ်ပါခရီးသွားချင်လာပါတယ် ကျောင်းသားဆိုတော့ အိမ်ကလည်း ဘယ်မှလည်း ဝေးဝေးလံလံမသွားရပါဘူး။ ခရီးတော့အရမ်း ထွက်ချင်နေပါတယ်။ အဲဒီလိုဘူတာကြီး လူတွေရှုပ်နေချိန်မှာ ကျွန်တော်တို့ သူငယ်ချင်းတွေကြိုက်တဲ့တီးဝိုင်း (New Wave) ဝိုင်းက အတီးသမားတွေဖြစ်တဲ့ ကိုဟန်ငွေထွန်း၊ ကိုချိုတီးတို့နဲ့ မကော်နီ အပါအဝင် အဆိုတော်အချို့ကို ရန်ကုန်ဘူတာကြီးမှာ ခရီးဆောင်အိတ်တွေနဲ့တွေ့ရတော့ပျော်စရာကြီးပါ။

သူတို့နေပြည်တော်၊ ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူဘုရားပွဲမှာ ဖျော်ဖြေဖို့ဆိုတာ သိလိုက်ရတယ်။ ဒါနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း သူတို့လှုပ်ရှားမှုတွေကို ထိုင်ကြည့်နေကြပါတယ်။ အဲဒီအချိန်မှာ နာမည်အရမ်းကြီးနေတဲ့ ကိုဂျေမောင်မောင်လည်း ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။

သူ့အခွေ 'အချစ်ရေ'ကလည်း၊ တအားပေါက်နေတော့ သူ့ရဲ့စတိုင် (ပေါ့ပေါ့ပါးပါး) ဖြစ်နေပုံကို ကြည့်ရတာ တအား မိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်း'သက်ထွန်း' (ယခုUSA) ကသွားမိတ်ဆက်မယ်လို့ ပြောပါတယ်။ ကျွန်တော်က အဆိုတော်တွေကိုကြောက်ပြီး၊ မလိုက်ရဲလို့ မသွားပါနဲ့လို့ တားပါသေးတယ်။ ဒီကောင်တွေက လူနောက်တွေဆိုတော့ ဘယ်လိုမှတားလို့ မရပါဘူး။ ဒါနဲ့ သူတို့နောက်က လိုက်ခဲ့ရပါတယ်။

ကိုဂျေမောင်မောင်ကို ကျွန်တော့်သူငယ်ချင်းတွေက 'ကိုဂျေကြီး၊ ဘယ်သွားမလို့လဲ' လို့ ခပ်တည်တည်သွားမေးတော့ 'ပျဉ်းမနားသွားမလို့' ဆိုပြီးပြန်ဖြေပါတယ်။

ကျွန်တော်တို့ရဲ့ ကျောင်းဝတ်စုံကိုကြည့်ပြီး၊ ကလေးတွေကို ဆက်ဆံသလိုမျိုး မဟုတ်ဘဲ၊ တန်းတူရည်တူ လူကြီးတွေကို ပြောသလို၊ လိုလိုချင်ချင် စကားပြောပါတယ်။

ဒါနဲ့ကျွန်တော်တို့အုပ်စုလည်း ရထားမထွက်သေးခင်မေးကြပါတယ်။ ကျွန်တော့် သူငယ်ချင်း 'ကျော်မင်းနိုင်' က သူ့ရဲ့ 'ဝစ်သားရင်းဟိုက်' စာအုပ် အင်္ဂလိပ်စာပြဋ္ဌာန်းချက်စာအုပ်ရဲ့ အတွင်းဘက်မှာ အော်တိုရေးပေးပါဆိုပြီး ရေးခိုင်းပါတယ်။

တကယ့် အော်တိုစာအုပ် မဟုတ်ဘဲ ကျောင်းစာအုပ် အတွင်းဖုံးမှာ ရေးခိုင်းလို့ ရေးပေးပါ့မလားဆိုပြီး၊ စိတ်ပူမိပါတယ်။ အဆိုတော်ကြီးကို နောက်သလိုထင်မှာလည်း စိုးရိမ်မိပါတယ်။ (ကိုဂျေမောင်မောင်)က အဲဒီစာအုပ်ထဲမှာ အမှတ်တရစာသားလေးနဲ့ ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းရေးပေးပါတယ်။ အခုထိ ကျွန်တော်မှတ်မိနေပါသေးတယ်။ အဲဒါက 'လမ်းပေါ်မှာ သဘောသိပ်ကောင်းတဲ့ ကိုယ့်အချစ်၊ မင်းပိုက်ဆံနည်းနည်း ခဏချေးကွယ်' ဆိုတဲ့ စာသားလေးပါ။ ဘာအဓိပ္ပါယ်နဲ့ ရေးပေးလိုက်မှန်းတော့ မသိကြပါဘူး . . .။

နာမည်ကြီး အဆိုတော်ကြီးက ရေးပေးလိုက်လို့ ကျွန်တော်တို့လည်း သူ့ဆီကလက်မှတ်နဲ့ စာသားလေးရလို့ ဝမ်းသာပြီးပြန်လာခဲ့ကြပါတယ်။ အဲဒီစာသားလေးဟာ သူ့ရဲ့ နောက်ထွက်မယ့် စီးရီး Title ဖြစ်တဲ့ 'လမ်းပေါ်မှာ' ထဲက စာသားလေးဖြစ်မှန်း နောက်အခွေထွက်မှ သိခဲ့ရပါတယ်။


အဲဒါကတော့ ကိုယ်သွားချင်တဲ့စိတ် ဖြစ်ခဲ့ရတဲ့ ငယ်ငယ်က နေပြည်တော် ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူပွဲနဲ့ အဆိုတော် ကိုဂျေမောင်မောင်ကို တွေ့ခဲ့ရတဲ့ အကြောင်းလေးပါ။ ကိုယ်လေးစားတဲ့ အဆိုတော်တွေရဲ့ နေပြည်တော်၊ ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူပွဲ အကြောင်းနဲ့ပတ်သက်ပြီး ထပ်ရေးပါဦးမယ်။

၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၀၇ခုနှစ်ထုတ် နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.220



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နဲ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ခရီးတစ်ခုသွားပြီး စတိစ်ရှိုး တီးတော့မယ်ဆိုရင် နယ်မြို့တစ်မြို့မှာ ရက်ကြာကြာနေရသလို ဂီတကိစ္စအတွက်သွားရမယ်ဆိုရင် (ဥပမာ–သင်္ကြန်(၇)ရက်လောက် မန္တလေးမှာ တီးတာမျိုးပေါ့) ကျွန်တော် ပထမဆုံးပြုလုပ်တဲ့ ပြင်ဆင်မှုက ဖတ်ရမယ့်စာအုပ်စုတော့တာပါပဲ။ တစ်ခါတစ်ခါ ကိုယ်မဖတ်ရသေးလို့ ငှားလာခဲ့တဲ့စာအုပ်က နယ်မြို့ရောက်တော့မှ ဆွဲဆောင်မှုမရှိ စိတ်ဝင်စားစရာမကောင်းတဲ့ စာအုပ်ဖြစ်နေခဲ့ရင် ဘယ်လိုမှနေလို့ထိုင်လို့ မရလေအောင် ဒုက္ခရောက်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုနှစ် သင်္ကြန် တောင်ကြီးမှာ တစ်ပတ်နေပြီး၊ သင်္ကြန်အပြီး မိသားစုနဲ့ ဘုရားဖူးခရီးအဖြစ် အင်းလေး၊ ပင်းတယ၊ ကလော စသဖြင့် (၅)ရက်လောက် ခရီးဆက်သွားဖြစ်ပါတယ်။ (၁၁)ရက်လောက် ညတိုင်း အားလပ်ချိန် စတိတ်ရှိုးတီးပြီးအပြန် မအိပ်ခင်ဟိုတယ်မှာ စာကြည့် မီးဖွင့်ပြီး ရသလောက်ဖတ်လိုက်တာ၊ ကလောမြို့လည်း ရောက်ရော ဖတ်စရာစာအုပ် ကုန်သွားတဲ့ဘဝ ရောက်သွားပါတယ်။ ဒါကြောင့် စာဖတ်ချင်တဲ့ပိုးက မနေနိုင်တာနဲ့ ကလောမြို့လယ်က စာအုပ်ဆိုင် တစ်ဆိုင်ကိုဝင်၊ "စာအုပ်ငှားချင်လို့ပါ"လို့ပြော၊ သူတို့ဆီက ဘာသာပြန်ဝတ္ထု စာအုပ်စင်မှာ ဝင်မွှေနှောက်ပြီး စိတ်ကြိုက် တစ်အုပ်တွေ့ပြီ ဆိုတာနဲ့ စာအုပ်ဖိုး ကျသင့်တာထက်ပိုပြီး စပေါ်တင်ပြီး ငှားရပါတော့တယ်။ ဖြစ်ချင်တော့ သူတို့စာအုပ်ဆိုင် မိသားစုက ကျွန်တော့်ကို ဂစ်တာသမားမှန်း မှတ်မိသွားကြတာမို့ "စပေါ်ငွေ မယူပါဘူး။ ငှားသွားပါ" ဆိုပြီး ခွင့်ပြုရုံမက၊ ပိုင်ရှင်အစ်ကိုကြီးက ကဗျာဆရာ နိုင်မွန်အောင်သွင် ဖြစ်နေလို့ သူ့ရဲ့ ကဗျာစာအုပ်တောင် ကျွန်တော်ကို လက်ဆောင် ပေးလိုက်ပါသေးတယ်။ စာအုပ်ဆိုင် နာမည်က 'နှင်းဆီတစ်ရာ'ပါ။ ကျွန်တော်ကိုမှတ်မိတာ သူ့ရဲ့ သားကလေးက "ကျွန်တော် ဝတ်ထားတဲ့ တီရှပ် အရိုးခေါင်းပုံကို စိတ်ဝင်စားပြီး ကြည့်နေလို့ မှတ်မိတာပါ" လို့ပြောပါတယ်။

ကျွန်တော်က စာအုပ်ဆိုင်နာမည်မြင်လိုက်တာနဲ့ မဂ္ဂဇင်းတွေထဲက ကဗျာဆရာရဲ့ဆိုင်ဆိုတာ သိပြီးသားပါ။ အခွင့်အရေးယူတယ်လို့ ထင်မှာစိုးလို့ သူ့ကို သိချင်ယောင်ဆောင်ပြီး မိတ်ဆက်၊ စာအုပ်မငှားပဲ ရိုးရိုးစာဖတ်ဝါသနာရှင်အနေနဲ့ စပေါ်ငွေပေးပြီး စာအုပ်ဝင်ငှားခဲ့တာပါ။ ကံကောင်းချင်တော့ ကဗျာစာအုပ်တစ်အုပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင် ရလိုက်ပါတယ်။

ကျွန်တော်က စာဖတ်တဲ့ပုံစံကလည်း ထူးဆန်းပါတယ်။ ရှင်းပြပါရစေ။ ပထမဆုံး စာအုပ်ဆိုင်မှာ ငှားဖတ်တယ်။ သိပ်ကြိုက်တယ်။ ဝယ်သိမ်းသင့်တယ်လို့ ယူဆရင် စာအုပ်အရောင်းဆိုင်တွေမှာ လိုက်ဝယ်တယ်။ ခရီးသွားတိုင်းမေ့လောက်ပြီဆိုရင်ပြန်ဖတ်တယ်။ (ဆရာသော်တာဆွေတို့၊ ဆရာကံချွန်တို့၊ ဆရာနေဝင်းမြင့်၊ ဆရာညီပုလေး တို့လို စာအုပ်မျိုးတွေပေါ့။) ဒီထက်ပိုပြီး အရမ်းကြိုက်သွားပြီဆိုခဲ့ရင် အဲ့ဒီစာအုပ်ကို ဝယ်တော့ဝယ်ပါတယ်။ ဒါပေမယ့် ထပ်မဖတ်တော့ဘူး(မခံစားနိုင်လို့ပါ)။ စိတ်ထဲမှာ Delete မလုပ်ဘဲ၊ တစ်သက်လုံး Store လုပ်ထားလိုက်ပါတယ်။ (ဥပမာ–ဆရာမောင်ထွန်းသူရဲ့ 'ရဲတိုက်'။ ဆရာမောင်မိုးသူရဲ့ 'အခုမကြည့်နဲ့ဦး' ဆရာလယ်တွင်းသားစောချစ်ရဲ့ 'ပန်းမြိုင်လယ်က ဥယျာဉ်မှူး'၊ ဆရာတင်မောင်မြင့်ရဲ့ 'အရိပ်မဲ့ရုပ်ပုံလွှာ' တို့ပေါ့။) ကျွန်တော့်အကြိုက်အပေါ် ဘာကြောင့်ကြိုက်တယ်ဆိုတာ မရှင်းပြချင်ပါဘူး။ (တခြားသူတွေရဲ့ အမြင်တွေနဲ့ အကြိုက်ချင်းမတူခဲ့ရင်တော့ ခွင့်လွှတ်ပါ။)

တက္ကသိုလ် ကျောင်းသားဘဝက ကျွန်တော့်အကြိုက်ဆုံးစာရေးဆရာ၊ ဝတ္ထုစာရေးဆရာကတော့ ဆရာနွမ်ဂျာသိုင်းပါ။ ဆရာနွမ်ဂျာသိုင်းရဲ့ ဝတ္ထုတွေထဲက 'ခပ်ညံ့ညံ့သူငယ်ချင်း' ကို အကြိုက်ဆုံးပါပဲ။ ဂီတပဒေသာမဂ္ဂဇင်းမှာ အခန်းဆက်ပါတုန်းကရော၊ လုံးချင်းဝတ္ထုထွက်တော့ရော အထပ်ထပ်ဖတ်ဖြစ်ခဲ့ပါတယ်။

တက္ကသိုလ် ကျောင်းစတက်တော့လည်း ကိုယ့်ကိုယ်ကို 'ခပ်ညံ့ညံ့ပဲသူငယ်ချင်း' ဝတ္ထုရဲ့ဇာတ်လိုက် 'နိုးတူး' ပုံစံနဲ့ ကျောင်းတက်ရမလား၊ မိုးဆွေဆိုတဲ့ ဇာတ်ပို့ပုံစံနဲ့ပဲ ကျောင်းတက်ရမလားလို့ပြီး ရှုမိ



www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ်။ တကယ်တော့ 'နိုးတူးလို ကျွန်တော်က မစွံပါဘူး'။

တက္ကသိုလ် (၅)နှစ်တက်ပြီး (ဥပဒေမေဂျာက ၅နှစ်တက်ရပါတယ်) Thesis တင်ဖို့ RC ထဲသွားရာက ကျွန်တော်ငယ်ငယ်က ကြိုက်ခဲ့ရတဲ့ သူငယ်ချင်းမကို ပြန်တွေ့၊ သူက ဓာတုဗေဒ တက်နေလို့ ပြန်ဆုံကြပြီး ပထမဆုံးရည်းစားရ၊ သူနဲ့ပဲ အိမ်ထောင်ပြုဖြစ်တာမို့ ကျွန်တော်က ဖြစ်ချင်းဖြစ်ရင် 'မိုးဆွေ' လို မစွံတဲ့ ဇာတ်ပို့ပဲ ဖြစ်နိုင်မှာပါ။ (ကိုယ်က အချစ်ရေးမှာ မစွံတာလည်း ဝန်ခံပါတယ်)။

ကျွန်တော် မန္တလေးကို အဝေးပြေးကားနဲ့ သွားတိုင်း မိတ္ထီလာ ရောက်ခဲ့ရင် ဆရာနွမ်ဂျာသိုင်းဝတ္ထု 'နေရာရွေး၍နားပါမည်' ထဲက ဇာတ်ဝင်ခန်း နေရာတွေဆိုပြီး မိတ္ထီလာကန်နဲ့ မြို့ကိုကြည့်ပြီး အမြဲတမ်း စိတ်ကူးယဉ်မိပါတယ်။ တစ်ခါက မိဘမဲ့ ကလေးတွေအတွက် ရံပုံငွေ ကဗျာရွတ်ပွဲမှာ နောက်ခံဂီတ တီးပေးဖို့ သွားကြတဲ့ ခရီးမှာ ဆရာနွမ်ဂျာသိုင်း ပါ ပါတယ်။ အသွားက မီးရထားနဲ့ပါ။ ဆရာနဲ့ လုံးလုံးမသိသေးတော့ စကားမပြောဖြစ်ခဲ့ပါဘူး။ ဖြစ်ချင်တော့ အဲဒီ ကဗျာရွတ်ပွဲက ကျွန်တော်ရဲ့ မွေးနေ့ ဩဂုတ်လ (၃၀)ရက်၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတော့ မန္တလေး၊ ရန်ကုန်၊ ပြင်ဦးလွင်က ကဗျာဆရာတွေ ပါလာသမျှက 'အိုရီရင့်တယ်ဟောက်စ်' (မန္တလေး)မှာ ကျွန်တော့် မွေးနေ့ အမှတ်တရ ညစာစားပွဲနဲ့ ဧည့်ခံပြီး၊ ကျွန်တော်အတွက် ကဗျာရွတ်ကြပါတယ်။ ဆရာကလည်း အမှတ်တရ စကားပြောပေးပါတယ်။ အဲ့ဒီ ခရီးမှာ ဆရာနဲ့ရင်းနှီးသွားတော့ ကားနဲ့အပြန်လမ်း မိတ္ထီလာမြို့ကိုအဝင်၊ ကားပေါ်မှာ ပါလာတဲ့သူတွေကို 'နေရာရွေး၍နားပါမည်' ဝတ္ထုအကြောင်း ဇာတ်စုံပြန်ခင်းပြတာကို ဆရာက ပြုံးပြုံးကြီး ပြန်နားထောင်နေတာလည်း အခုထိ သတိရမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဝတ္ထုထဲက ဇာတ်လိုက်ရဲ့ အနစ်နာခံမှုကိုလည်း အရမ်းသဘော ကျမိပါတယ်။

ဆရာကြီး'မင်းသိခ်'ရဲ့စာအုပ်တွေက 'ဒဿန' တွေဆိုရင် သည်း အရမ်းကြိုက်လို့ စကားပြောတဲ့ ကိစ္စကြုံတိုင်း အဲဒီဝတ္ထုတွေထဲက ဥပမာ ဟာသလေးတွေ အမြဲထည့်ထည့် ပြောဖြစ်ပါတယ်။ ကျွန်တော် က 'ဆားပုလင်းနှင်းမောင်' ရဲ့ အမာခံပရိတ်သတ်ပါ။ (ဒါဆိုရင် ဆရာကြီး ရွှေဥဒေါင်းရဲ့ 'စုံထောက်မောင်စံရှား' ကိုကြိုက်မယ်ဆိုတာ ထည့်ပြောစရာ မလိုတော့ဘူး ထင်ပါတယ်)။ ဆရာမြသန်းတင့်ရဲ့ ခရီးသွား ဆောင်းပါးတွေ၊ ဆရာသိန်းဖေမြင့်၊ ဆရာသိပ္ပံမောင်ဝ စသည်ဖြင့် ဆရာကြီးတွေရဲ့ ခရီးသွားစာပေတွေလည်း ကြိုက်နှစ်သက် သူတစ်ဦးပါ။

အခုတလော ကျွန်တော် လေးစားမိတဲ့ စာရေးဆရာကတော့ ဆရာအဏ္ဏဝါစိုးမိုးပါ။ အဲဒီဆရာကြီးရဲ့ ရိုးသားစွာ တင်ပြမှုတွေကို (အဏ္ဏဝါခရီးသည်နဲ့ ပင်လယ်ပျော်ကြီး) ဝတ္ထုမှာ ဖတ်ရတော့ ကျွန်တော် ပိုတောင် လေးစားသွားပါတယ်။ (သူရဲ့ပွင့်လင်းမှုကိုပါ)။

နောက်ပြီးတော့ ကျွန်တော့်ရဲ့စာအုပ်ဆိုင်မှာ စာအုပ်ငှားဖတ် တဲ့ ကြောင်တောင်တောင် အမှုအကျင့်ကိုလည်း ရှင်းပြချင်ပါသေး တယ်။ ကျွန်တော်က စာအုပ်တစ်အုပ် ငှားဖတ်ပြီဆိုခဲ့ရင် အဲဒီစာအုပ် ဖတ်လို့မပြီးသေးဘဲ၊ နောက်ထပ် တစ်အုပ်ထပ်ပြီး မငှားပါဘူး။ ကိုယ် ပိုက်ဆံပေးငှားတာပဲ၊ ဘယ်နှအုပ်၊ ဘယ်နှခါငှား၊ငှားဆိုပြီး စိတ်မျိုး ထားလို့မရပါဘူး။ ဒါကြောင့် စာအုပ်တစ်အုပ် အထားမှားလို့ ရှာမတွေ့ တာတို့၊ သူများ ငှားသွားတာတို့ကြုံခဲ့ရင် အဲဒီစာအုပ် ပြန်မတွေ့မချင်း စာအုပ်ဆိုင်ကို ထပ်မငှားမိအောင် ဝေးဝေးမှာ နေပါတယ်။(ကိုယ့်အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြာ ကိုယ်မလုံတာပါ)။

တစ်ခါက ကျွန်တော် ကူညီတီးခတ်ပေးနေရတဲ့(Aces)တေး ဂီတအဖွဲ့ရဲ့မန်နေဂျာ(ဦးစိုးအောင်)နဲ့ဇနီး အန်တီမော်လီတို့ ဇနီး မောင်နှံ မြောက်ဥက္ကလာပ၊ အောင်မင်္ဂလာ အဝေးပြေးဂိတ်အလွန်မှာ သူတို့စီးလာတဲ့ Nissan(Bluebird) ကားနဲ့ဘိလပ်မြေဖျော်တဲ့ကား ခေါင်းချင်းဆိုင်အတွေ့မှာ ရှောင်တိမ်းရင်း မျက်နှာချင်းဆိုင်ဘက်က အုတ်သယ်ကားနဲ့ တိုက်မိပြီး အန်တီမော်လီက ပွဲချင်းပြီး သေဆုံးသွား ပါတယ်။ ပါးပါးလို့ ကျွန်တော်တို့ ခေါ်ကြတဲ့ 'Aces' ဝိုင်းရဲ့ဆက်ဆို ဖုန်း တူရိယာပညာရှင် ဦးစိုးအောင်ကတော့ သတိ လုံးဝပြန်မလည် လာဘဲ ဆေးရုံကြီးမှာ အရေးပေါ်ခန်းထဲ စက်အကူအညီနဲ့ အသက် ဆက်ရှင်နေပါတယ်။ (ဦးစိုးအောင်ဟာ ထူးအိမ်သင်ရဲ့ 'ဝေးသွားတဲ့ အခါ' တူးတူးရဲ့ 'အသည်းရက်စက်ထယ်' စသဖြင့် နာမည်ကြီး သီချင်း တော်တော်များရဲ့ ဆက်ဆိုဖုန်းပညာရှင်ကြီးပါ . . .)

သူတို့ဇနီးမောင်နှံက သားသမီး လုံးဝမရှိဘဲဖြစ်နေတော့ ကျွန် တော်ကပဲ ဆေးရုံကြီးမှာ ညစဉ် သွားစောင့်အိပ်ပြီး တစ်ညလုံး ပါးပါး ရဲ့ ကွန်ပျူတာက အချက်အလက်တွေကို စောင့်ကြည့်နေပေးရပါ တယ်။

ဆရာဝန်တွေ ပြောထားတဲ့ အနေအထား ကိန်းဂဏန်းစက် ပေါ်မှာ ပြလာပြီဆိုရင် သူတို့ကို သွားခေါ်ပေးရပါတယ်။ တစ်ညလုံး မအိပ်ဘဲ ဘေးချင်းကပ် ခုတင်နှစ်လုံးက လူနာစောင့်တွေ၊ သူနာပြု ဆရာမတွေနဲ့ စကားပြောကြရင်း မိုးအလင်းစောင့်ရပါတယ်။ ကြောင့် ဖတ်စရာစာအုပ်တစ်အုပ်ကို အရေးပေါ်ခန်းထဲ အမြဲယူသွား ပါတယ်။ စာအုပ်ဖတ်ရင်း ကွန်ပျူတာစက်တွေက အသံမြည်သံ နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေရပါတယ်။ (၃)ရက်မြောက်ည ရောက်တော့ သူနာပြု ဆရာမတွေနဲ့ပါ ခင်မင်လာကြပြီး လက်ဖက်ရည်အတူသောက်၊ လက်ဖက်သုပ် စားကြနဲ့ သူတို့ကလည်း ကျွန်တော် ငှားလာတဲ့ စာအုပ်တွေကို ငှားပြီး ဖတ်ကြပါတယ်။ ကျွန်တော်လည်း သူနာပြု ဆရာမတွေကို စာအုပ်ပေးဖတ်ပြီး မနက်(၆)နာရီလောက် မိုးလင်းတော့ လူနာအစောင့်လဲပြီး ရေချိုး၊ တစ်ရေအိပ်ဖို့ အိမ်ပြန်ခဲ့ပါတယ်။

မနက် (၁၁)နာရီကျော်လောက် ဆေးရုံပြန်သွားတော့ ပါးပါး (ဦးစိုးအောင်) က ဆုံးသွားပါပြီ။ ဒါကြောင့် သူရဲ့ရုပ်ကလာပ်ကို ဆေးရုံကြီး အအေးခန်းထဲပို့ဖို့ လုပ်ကြရတော့တာပါပဲ။ ကိစ္စအားလုံးပြီးလို့ စိတ်မကောင်းစွာနဲ့ အန်တီမော်လီရဲ့ အလောင်းရှိရာ မြောက်ဥက္ကလာပ ဆေးရုံကြီးမှာ သွားပြီး စီစဉ်သင့်တာစီစဉ်နဲ့ လင်မယားနှစ်ယောက် လုံးရဲ့ ဈာပနတွေကို ပြိုင်တူသဂြိုဟ်ဖို့ ကိစ္စတွေ ကူညီစီစဉ်ပေးပြီး ညနေ ကျတော့ စာအုပ်ဆိုင်မှာ ကျွန်တော်ငှားလာတဲ့ 'ဆရာမကြီး လူထုဒေါ်အမာ' ရေးတဲ့ ရှားပါးစာအုပ် ဆေးရုံက သူနာပြုဆရာမတွေဆီမှာ မေ့ပြီး ကျန်ခဲ့တာ သတိရလာပါတယ်။ စာအုပ်ကို နှမြောပေမယ့် ဆေးရုံကိုလည်း မသွားချင်တော့လို့(ပါးပါးကို သတိရလို့ ဝမ်းနည်းနေတာကြောင့်) စာအုပ်ဆိုင်ကို အလျော်ပေးဖို့ သွားဖို့ ငွေပေးလျော်ခဲ့ပါတယ်။

ဒါပေမယ့် စာအုပ်က ရှားပါးစာအုပ်ဖြစ်နေလို့ ဆိုင်က ပိုက်ဆံမယူချင်ဘဲ၊ ဖြစ်နိုင်ရင် စာအုပ်ပဲ ပြန်ပေးပါလို့ တောင်းဆိုတာကြောင့် ကျွန်တော်လည်း ကြံရာမရဖြစ်ပြီး ဆေးရုံကြီးကို ချီတက်ရပြန်ပါတယ်။ ဆေးရုံကြီးရောက်ပြီး အရေးပေါ် လူနာထားတဲ့ မှန်ပြူတင်းပေါက်ကို ချောင်းကြည့်လိုက်တော့ သူနာပြုတွေ၊ ဆရာဝန်တွေ အလုပ်ရှုပ်နေကြပြီး ဆရာဝန်မကြီး တစ်ယောက်ရဲ့ စိတ်တိုပြီး အော်ဟစ်နေသံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြားရပါတယ်။ လူနာရှင်တွေလည်း တုတ်တုတ်တောင် မလှုပ်ရဲကြပါဘူး။ အဲဒီလို ဝုန်းဒိုင်းကျဲနေတဲ့ အခန်းထဲကို ကြောင်တောင်တောင်နဲ့ ကျွန်တော် ဝင်သွားပါတယ်။

သူနာပြုဆရာမတွေ ထိုင်နေလေ့ရှိတဲ့ စားပွဲမှာ ဒေါသတကြီး စိတ်ဆိုးနေတဲ့ ဆရာဝန်မကြီးထိုင်နေပါတယ်။ ကျွန်တော်က သူ့ရှေ့မှာလည်း ရပ်လိုက်ရော စိတ်ဆိုးနေရင်း "မင်းက ဘာကိစ္စလဲ" ဆိုပြီး မေးပါတယ်။ ကျွန်တော်က "ကျွန်တော့်စာအုပ် လာယူတာပါ"လို့ပြန်ဖြေလိုက်ရော သူကလူနာကိစ္စ အလုပ်ရှုပ်နေချိန်မှာ ကျွန်တော်က သူ့ကို လာနှောက်နေတယ်ထင်ပြီး ကျွန်တော့်ကို "ဒီမှာဘာစာအုပ်မှ မရှိဘူး။ လာရှုပ်မနေနဲ့" ဆိုပြီး ရန်တွေ့တော့တာပါပဲ။ "ကျွန်တော့် စာအုပ်ကို သူနာပြုဆရာမတွေ ငှားဖတ်တာ ကျွန်တော်မေ့ပြီး အိမ်ပြန်သွားမိလို့ စားပွဲအံဆွဲထဲမှာ ရှိနိုင်ပါတယ်" လို့ ပြောတော့လည်း လက်မခံ ရုံမက၊ ကျွန်တော့်ကိုပါ ဆေးရုံခန်းထဲက ထွက်သွားဖို့ မောင်းထုတ်ပါတော့တယ်။

အဲဒီမှာ ကျွန်တော်လည်း အနုပညာသမားပီပီ လူသူပရိသတ်မကြောက်တဲ့စိတ်ရော၊ မခံချင်စိတ်ရော ပေါ်လာပြီး အခန်းထဲက လူအားလုံးရဲ့ ဝိုင်းကြည့်နေတဲ့ကြားက "ဆရာမကြီး၊ ကျွန်တော်က တကယ့်ကို စာအုပ်ဖိုး အလျော်ပေးလို့ မရလို့ စာအုပ်လာရှာရတဲ့သူပါ၊ ကျွန်တော့်လူနာလည်း မနက်ကပဲ ဆုံးသွားပါပြီ။ စာအုပ်စာပေကို ချစ်မြတ်နိုးလွန်းလို့ လာယူတဲ့သူကို ဒီလိုမောက်မောက်မာမာ မပြောသင့်ပါဘူး။ ဒီမှာ ကျွန်တော့်လိုပဲ ဝမ်းနည်းခံစားနေရတဲ့ လူတွေချည်းပါ။ ဝမ်းသာလို့ ဆေးရုံတက်တဲ့လူ တစ်ယောက်မှမရှိပါဘူး။ ဒုက္ခဖြစ်နေတဲ့ လူနာတွေ၊ လူနာစောင့်တွေကို အခုလို ဒေါသရှေ့ထားပြီး မပြောသင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ တကယ့်ကို လူနာတွေအတွက် ဆေးကုသဖို့ အားကိုးရသလို၊ စကား ကို ချိုချိုသာသာလည်း ပြောသင့်ပါတယ်။ ဒါမှ ကျွန်တော်နဲ့ ဘဝတူ လူနာရှင်တွေခမျာမှာ ဆရာမကြီးတို့ကို အားကိုးရကျိုးနပ်မှာပါ"လို့ ရဲဝံ့စွာ ပြန်ဖြေရှင်းပြီး၊ အံ့အားသင့်နေတဲ့ ဆရာဝန်မကြီးရဲ့ အကြည့်ကို ကျော်ခိုင်းပြီး စာအုပ်ဖိုး အလျော်ပြန်ပေးဖို့ စာအုပ်ဆိုင်ကိုပဲ ကားမောင်း ပြန်ခဲ့ရပါတော့တယ်။

**(လူမှုဆက်ဆံရေး ပြေပြစ်သော အသိပညာရှင်၊ အတက် ပညာရှင်များ ကျွန်တော်တို့ နိုင်ငံမှာ ပိုမိုများပြားလာစေချင်တဲ့ စစ်မှန်သော စေတနာနဲ့)**

၁၆ရက်၊ ဇူလိုင်လ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်းသတင်းဂျာနယ် အမှတ်စဉ် Vol.3 No.251



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဆရာသိုက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့ငယ်ဘဝမှာ ရင်းနှီးခွင့်ရခဲ့တဲ့၊ အတုယူလောက်အောင်စိတ်သဘောထားမြှတသူတွေကို၊ ဒီစာလေးတွေထဲမှာ အခွင့်သင့်သလိုရေးရင်း၊ ပရိသတ်တွေဆီကို တင်ပြချင်ပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်က မကျေနပ်ရင်လည်း၊ ပွင့်ပွင့်လင်းလင်းပြော တတ်ပြီး၊ ကျေနပ်ရင်လည်း ဟန်မဆောင်တတ်တဲ့ သူတစ်ယောက်ဖြစ်နေလို့ပါပဲ။ တစ်ခါတစ်ခါ ဟန်ဆောင်သူတွေများတဲ့အထဲကို ရောက်သွားရင်၊ မနေတတ်၊ မထိုင်တတ် မွန်းကျပ်တဲ့စိတ်မျိုး ဖြစ်နေရပါတယ်။ ဒါကြောင့် အဲဒီလိုဟန်ဆောင်ရမှာကို မနှစ်သက်လို့၊ အမြဲပဲလူစုလူဝေးနဲ့လုပ်တဲ့ အပျော်တမ်းပွဲတွေကို (အလုပ်ကိစ္စမရှိခဲ့ရင်) သွားလေ့မရှိပါဘူး။ အဲဒီလိုဟန်ဆောင်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို မတွေ့ချင်ပေမယ့် ကျွန်တော်တွေ့ချင်တဲ့ လူမျိုးတွေရော မရှိဘူးလားဆိုတော့ အများကြီးရှိပါတယ်လို့ ဖြေရမှာပေါ့။ ဘယ်သူတွေလဲလို့မေးရင် ဒီစာထဲမှာထည့်ရေးရတော့မယ့် 'ဆရာသိုက်'လို ကျွန်တော်တို့ သိကြ ပြီး၊ စာဖတ်ပရိသတ်တွေ၊ ပန်းချီဝါသနာရှင်တွေ၊ အနုပညာသမားတွေ အားလုံးသိနေကြတဲ့ 'ပန်းချီ(ဦး)မောင်မောင်သိုက်' လို လူမျိုးတွေလို့ပဲ ကျွန်တော်ဖြေရပါလိမ့်မယ်။

ကျွန်တော် ဂစ်တာသမားမဖြစ်ခင် လမ်းဘေးမှာ ဂစ်တာထိုင်တီးတဲ့အချိန်တုန်းက ကျွန်တော့်ရဲ့အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ရှိခဲ့ဘူးပါတယ်။ သူက တကယ်တော့ ကျွန်တော် အခုလို ဖြစ်လာဖို့ အများကြီးပေးဆပ်ခဲ့သူပါ။ ကျွန်တော် 'Piano' သင်တန်း Y.W.C.A မှာ တက်ချင်လို့ (ပိုက်ဆံမရှိဘူး)ဆိုပြီး ညည်းညူမိရင်လည်း၊ သူဒီဇိုင်းဆွဲလို့ရတဲ့ပိုက်ဆံနဲ့ ကျွန်တော့်ကို သင်တန်းတက်စေခဲ့ပါတယ်။ နောက်ဆုံး ဂျင်းဘောင်းဘီမရှိလို့၊ လက်ဖက်ရည်ဖိုးမရှိလို့ စသဖြင့် သူက (ကျွန်တော်ဂစ်တာသမားတစ်ယောက်ဖြစ်လာစေဖို့) တခြားအလုပ်ဝင်မလုပ်ရဘဲ၊ တကယ့် ဂစ်တာသမားတစ်ယောက်ဖြစ်အောင်နေ့တိုင်း အထောက်အပံ့ပေးခဲ့သူပါ။ အဲဒီသူငယ်ချင်းက 'စည်သူ' လို့ခေါ်ပါတယ်။ သူက သူရဲ့ဦးလေးတော်သူ ပန်းချီ (ဦး)မောင်မောင်သိုက်၊ ကျွန်တော် တို့ရဲ့အခေါ် 'ဦးသိုက်' အိမ်မှာနေပြီး၊ ဒီဇိုင်းဆွဲရင်းနဲ့ စီးပွားရေးတက္ကသိုလ်တက်သူပါ။ ကျွန်တော့် သူငယ်ချင်း(စည်သူ)နဲ့ ပတ်သက်ပြီး၊ နာမည်ကြီးပန်းချီဆရာကြီး (ဦး)မောင်မောင်သိုက်ကို စတင် တွေ့ဖူးပါတယ်။

ကျွန်တော်ကိုယ်တိုင်ကလည်း ကျောင်းအဆင့်၊ မြို့နယ်အဆင့်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပန်းချီဆုတွေ၊ ကာတွန်းဆုတွေရပြီး၊ တိုင်းအဆင့် အထိ (အ.ထ.က (၄) ပုဇွန်တောင်)ကျောင်းကို ကိုယ်စားပြုပြီး၊ ပန်းချီပြိုင်ပွဲတွေ ဝင်ပြိုင်ဖူးသူဆိုတော့၊ ပန်းချီဆရာကြီးတွေကို လေးစား အားကျမိတာပေါ့။ ဒီလိုနဲ့ ကျွန်တော့်သူငယ်ချင်းနေတဲ့ (ဦးသိုက်)တို့အိမ်ကို ဝင်ထွက်သွားလာရင်း 'ဦးသိုက်' နဲ့လည်း တဖြည်းဖြည်းချင်း သိလာပါတယ်။ ကျွန်တော်ကလည်း သူ့ကိုလေးလေးစားစားနဲ့ မပြောရဲ၊ မဆိုရဲပုံစံကနေ၊ နည်းနည်းတော့ ခေါ်ရဲလာပါပြီ။ တကယ်တမ်းကျတော့ ဦးသိုက်နဲ့ စကားပြောဖြစ်တဲ့ အခါမှာ ဦးသိုက်ကလည်း၊ ကျွန်တော့်ကို နိုင်ငံကျော် ပန်းချီဆရာကြီးဆိုတဲ့လေသံနဲ့ လုံးဝမပြောပါဘူး။ သူ့တူဖြစ်သူရဲ့ သူငယ်ချင်းဆိုပြီးတော့လည်း၊ အပေါ်စီးကနေ အထင်မကြီး,ကြီးအောင် လေသံမျိုးနဲ့လည်း မပြောပါဘူး။ ကျွန်တော့်ကို သူနဲ့အတူတူ ပေါင်းသင်းနေကျ ပုံစံမျိုးနဲ့ဘဲ ပျော်ပျော်ရွှင်ရွှင် ပြောလေ့ရှိပါတယ်။ အဲဒီလိုမျိုးအထင်ကြီးအောင်၊ တမင်မလုပ်ခဲ့တာကိုပဲ၊ ကျွန်တော်က အထင်ကြီးသွားပါတယ်။ ဒါကြောင့် ဦးသိုက်တို့လူစုရှိတဲ့ (၄၂)လမ်းက၊ ဆိုင်တွေ နေရာတွေကို ကျွန်တော်ရောက်ဖြစ်ပါတယ်။ သူတို့ရဲ့ဝိုင်းမှာရှိတဲ့ ကျွန်တော့်သူငယ်ချင်း(စည်သူ)ဆီသွားရင်း၊ သူတို့ပြောကာနားထောင်၊ သူတို့ရဲ့အမြည်းကို ဘေးက နှိုက်စားပေါ့။ အဲဒီအချိန်မှာ ဦးသိုက်က 'ဝါနီပြာ' ဆိုတဲ့ ပန်းချီမဂ္ဂဇင်းကို ထုတ်နေချိန်ဆိုတော့ ဆရာ(ဦး)အောင်ပြည့်တို့တောင် ရှိပါတယ်။

တစ်ညမှာ (၄၂)လမ်းက၊ သူတို့လူစုလည်း ဝိုင်းသိမ်းပြီး၊ ကြယ်ငါးပွင့်ရုံးရှေ့ (သိမ်ဖြူလမ်းပေါ်)မှာ ကျွန်တော့်ကို ဂစ်တာတစ်လုံး ပယူပေးပြီး၊ 'မင်းကဂစ်တာသမား ဖြစ်ချင်တဲ့သူ၊ အဲဒီတော့ ငါတို့ဆိုတာတွေကို လိုက်သာတီးပေတော့' ဆိုပြီး၊ လမ်းမီးတိုင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့ဝွေ စိတ်ထဲရှိသမျှ၊ ဆိုသမျှ (တွံ့တေးသိန်းတန်သီချင်း အထိပေါ့) ကျွန်တော်က လက်တန်းလိုက် စတီရီယိုသီချင်းကနေ တီးပါတယ်။ ပြီးတော့လည်း ကျွန်တော်တီးနေကျ (စုံတောမြိုင်) သီချင်းကို ဂစ်တာလက်စွမ်း ပြခိုင်းပြီး၊ သူတို့အားလုံး လေတဖြူးဖြူးနဲ့ အရသာခံ နားထောင်ကြပါတယ်။ ပန်းချီဆရာတွေဟာ ဂီတကိုလည်း ချစ်မြတ်နိုးကြလို့ သူတို့နဲ့သွားရတာ ကျွန်တော့်လို ဂစ်တာဝါသနာ ရှင်တစ်ယောက်အနေနဲ့တော့ ပျော်စရာကြီးပါပဲ။ သူတို့ကလည်း ကျွန်တော့်ကို Professional ဂစ်တာသမားတစ်ယောက် ဖြစ်စေ ချင်ကြပါတယ်။

တစ်နေ့မှာတော့ ကျွန်တော်သိပ်ကြည့်ချင် (မကြည့်ဖူး)တဲ့ နိုင်ငံခြားက တီးဝိုင်းတစ်ဝိုင်းရဲ့ Live Show Video ခွေတစ်ခွေကို သူငယ်ချင်းတစ်ယောက်ဆီက တောင်းတောင်းပန်ပန်နဲ့ ငှားလို့ရလာ ပါတယ်။ အဲဒီခေတ်က အိမ်တိုင်းတောင် တီဗွီမရှိသေးတော့ အောက် စက်ဆိုတာ ဝေလာဝေးပေါ့။ (ကျွန်တော့်လိုလူမျိုး အတွက်ပေါ့) ကိုယ့်မှာ တီဗွီတောင်မရှိပဲ၊ ဘယ်လို ဗီဒီယိုခွေကို ကြည့်ရမလဲဆိုပြီး၊ စဉ်းစားတော့ ဦးသိုက်တို့အိမ်ကို သွားသတိရပါတယ်။ ဦးသိုက် တို့အိမ်မှာတော့ (အပေါ်စက်၊ အောက်စက်) အပြည့်အစုံ ရှိပါတယ်။ ဒါနဲ့ပဲ (၄၄) လမ်းကို ဗီဒီယိုခွေလေးကိုင်ပြီး၊ ရေကျော်ကနေ လမ်း လျှောက်ခဲ့ပါတယ်။ ဦးသိုက်တို့အိမ်အောက်က လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်သူ ငယ်ချင်း (စည်သူ)ရော၊ ဦးသိုက်တို့ ပန်းချီဆရာကြီး တွေအုပ်စုရော လူစုံနေကြပါပြီ။ ဒါနဲ့ ကျွန်တော်လည်း အပူကပ် နေကြသူငယ်ချင်းကိုပဲ 'ငါ၊ ဒီစတိတ်ရှိုးခွေ ကြည့်ချင်လို့ကွာ၊ ဖွင့်ပေး ပါဦး' ဆိုပြီး ၊ ပြောရပါတယ်။ သူကလည်း အိမ်အပေါ်မှာ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com


မကြည့်ရင်တော့ ဖွင့်လို့ရမယ်ထင်တယ်ဆိုပြီး ပြန်ပြောပါတယ်။ အဲဒီလိုကျွန်တော်တို့နှစ်ယောက် ဗီဒီယိုခွေကိုင်ပြီး တိုးတိုးတိုင်ပင်နေတာကို အိမ်ရှင်ဖြစ်တဲ့ ဦးသိုက်က ဘာလဲကွဆိုပြီး မေးပါတယ်။ ကျွန်တော်ကလည်း ဒီ ဗီဒီယိုခွေထဲမှာပါတဲ့ တီးဝိုင်းက အရမ်းကောင်းလို့ ကြည့်ချင်လို့ပါဆိုပြီး ဖွင့်ပြောလိုက်ပါတယ်။ ဒါနဲ့ ဦးသိုက်က 'အဲဒါဆိုရင် မင်းတို့လက်ဖက်ရည် အေးအေးဆေးဆေးသောက်ကြ၊ ငါတို့(ပန်းချီဆရာ)အဖွဲ့တွေ အခုပဲ အပေါ်တက်တော့မလို့ (သူ့အိမ်က ၃ထပ်မှာပါ) မင်းတို့ စတိတ်ရှိုးခွေလည်း ငါတို့ကြည့်ချင်တယ်။ ငါတို့လည်း လူငယ်တွေပါကွ' ဆိုပြီး၊ ကျွန်တော့်ဆီက အခွေတောင်းယူသွားပါတယ်။ ကျွန်တော်လည်း ကိုယ်ကြည့်ချင်တဲ့ နိုင်ငံခြားက တီးဝိုင်းတီးတာ ကြည့်ရတော့မယ်ဆိုပြီး၊ အခုမှပျော်နိုင်ပါတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့ (၁၅)မိနစ်လောက် စကား ပြောပြီး၊ ဗီဒီယိုကြည့်မယ်ဆိုပြီး၊ အိမ်ပေါ်တက်ခဲ့ကြပါတယ်။ အိမ်အပေါ်ရောက်တော့ တိတ်ဆိတ် နေပါတယ်။ တီဗီရော၊ အောက်စက်ရောပိတ်ထားပါတယ်။ မီးပျက်လို့လားဆိုတော့လည်းမီးလည်း မပျက်ပါဘူး။ ဒါနဲ့ဦးသိုက်တို့လူစုကို 'ကျွန်တော်ပေးလိုက်တဲ့ဗီဒီယိုခွေမကြည့်ဘူးလားလို့' မေးလိုက်တော့ သူတို့အားလုံးက 'ကြည့်ပြီးပြီ' လို့ပြောပါတယ်။ ဒါဆိုဘာလို့ထိုင်နေကြသလဲ၊ ပြီးအောင်မကြည့်ကြဘူးလားလို့ မေးမိပါတယ်။ သူတို့အားလုံးက 'ငါတို့၊ မင်းကြိုက်တဲ့တီးဝိုင်းကို ခဏကြည့်ပြီး ငါတို့လည်း အဲဒီလိုသီချင်းဆိုတတ်သွားပြီ။ အဲဒီတီးဝိုင်းလို လုပ်တတ်သွားပြီ'ဆိုပြီး ပြောကြပါတယ်။ ကျွန်တော်လည်း ဘာဖြစ်လို့လဲလို့ မေးကြည့်တော့၊ မင်းကြည့်ချင်တဲ့ နိုင်ငံခြားက ဝိုင်းက၊ အဆိုတော်လို ဆိုဖို့က အသံကောင်းဖို့မှ မလိုဘဲ၊ ဝက်ဝံတွေလို 'ဂယား၊ ဂယား' လို့



www.burmeseclassic.com

www.burmeseclassic.com


အော်၊ ခေါင်းကိုငုံ့ပြီး၊ ဆံပင်ကို ဆန်ကောပိုင်းလို ဆယ့်လေးငါးခါ လှည့်တတ်ရင် လူ့အုပ်ထဲကို ဒိုင်ဗင်ထိုးချတတ်ရင် ရပြီဆိုပြီးပြော ပါတယ်။ ဦးသိုက်က ရယ်ရယ်မောမောနဲ့ ခေါင်းကို ငါးခါလောက် လှည့်ကြည့်ပါသေးတယ်။ ပြီးတော့မှ 'မလွယ်ဘူးကွ၊ အဲဒီပညာ တော့မယှဉ်နိုင်ဘူး၊ ခေါင်းတော်တော်မူးတယ်' လို့မှတ်ချက်ချကြပါ တယ်။ အဲဒီတော့မှ ကျွန်တော်လည်း အခွေဖွင့်ကြည့်တော့ သူတို့ ပြောသလိုပါပဲ။ အဲဒီဝိုင်းက 'Trash Metal' နာမည်ကြီးဝိုင်း 'Sepultura' ဖြစ်ပါတယ်။ ပျော်တတ်တဲ့ အနုပညာရှင်တွေနဲ့ ခင်မင်ခွင့်ရတာ ပျော်စရာကောင်းပါတယ်။

၂ ရက်၊ ဇန်နဝါရီလ၊၂၀၀၈ခုနှစ်ထုတ်နံနက်ခင်းသတင်းဂျာနယ် အမှတ်စဉ် Vol.3 No.224


www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နဲ့ ဇာတ်သဘင်

www.burmeseclassic.com

www.burmeseclassic.com

ဒီစာစုလေးရဲ့ ခေါင်းစဉ်ဖတ်လိုက်ပြီး ကျွန်တော်တော့ 'နာဂစ်' မုန်တိုင်းကျပြီး၊ ဂီတအလုပ်တွေ၊ တီးဝိုင်းတွေရပ်သွားလို့ ဓာတ်သဘင်အဖွဲ့တစ်ခုခုမှာ သွားပြီး ဂစ်တာတီးတဲ့အကြောင်း၊ ဒါမှမဟုတ် အခုနာမည်ကြီးနေတာ Hip-Hop အဆိုတော်လေးလို ဓာတ်ထဲမှာ လိုက်ပြီး သီချင်းလိုက်ဆို၊ လိုက်တီးဖို့ကြိုးစားနေတဲ့ အကြောင်းတွေ၊ ဖတ်ရတော့မယ်လို့ မထင်လိုက်ပါနဲ့။ ကျွန်တော် တကယ်ရေးပြချင်တာက ကျွန်တော်ရဲ့ဓာတ်သဘင်နဲ့ ပတ်သက်တဲ့ ခံစားမှုလေးတွေကိုသာ တင်ပြချင်လို့ ဒီစာစုလေးရဲ့ ခေါင်းစဉ်လေးကို 'ကျွန်တော်နဲ့ဓာတ်သဘင်' ဆိုပြီး ပေးလိုက်ရတာပါ။

ကျွန်တော်ငယ်ငယ်ထဲက ကြည့်ဖူးသမျှ ဓာတ်အဖွဲ့တွေထဲမှာ ဘယ်အဖွဲ့ကို အကြိုက်ဆုံးလဲလို့မေးခဲ့ရင်၊ ပထမဆုံးကြိုက်တဲ့ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



သဘင်ရှိပါတယ်။ အဲဒီအဖွဲ့က 'ဆရာမောင်ယဉ်အောင်ရဲ့ မြို့တော်အင်အားစု' ဖြစ်ပါတယ်။ ဘာကိုကြိုက်တာလဲဆိုရင် ပြဇာတ်တွေကို ကြိုက်တာပါ။ တီထွင်ထားတဲ့ ဆက်တင်တွေကို ကြိုက်တာပါ။ ကျွန်တော်ငယ်စဉ်ကတည်းက ကျွန်တော်တို့ မောင်နှမတွေ မြို့တော်(ဦး)သိန်းအောင်ဇာတ်ရဲ့ 'မိုးလား၊ တိမ်လား၊ မြူလား' ပြဇာတ်ကို ကြည့်ခဲ့ဖူးကြပါတယ်။ တံတားတွေကျိုးသွားတာ၊ ဆက်တင်တွေလုပ်ထားတာတွေကိုလည်း ကလေးပီပီ အရမ်းကြိုက်ခဲ့ပါတယ်။ (ဟဲ . . . ဟဲ . . . ဇာတ်သဘင် အနုစ်သာရ အကြောင်းတော့ သိပ်ပြီးမရေးဘဲ၊ ပြဇာတ်အကြောင်းတွေပဲ ရေးပြနေလို့ တစ်မျိုးတော့ မထင်လိုက်ပါနဲ့။ ဇာတ်သဘင်ပညာက ကျွန်တော် နားမလည်တဲ့ အကြောင်းမို့လို့ ထည့်ပြီးမရေးပြတာပါ။)

ငယ်ငယ်က ကျွန်တော်တို့နေတဲ့ ရေကျော်ရပ်ကွက်နားမှာရှိတဲ့ ဇာတ်ရုံတွေမှာ ဇာတ်အဖွဲ့တွေဝင်ပြီဆိုရင် ကျွန်တော့်အဖေက ကျွန်တော့်ကိုခေါ်ပြီး၊ ဇာတ်အဖွဲ့တွေမစခင် လူခေါ်တဲ့အချိန်မှာတီးတဲ့ ညှိခံတီးလုံးကို သားအဖနှစ်ယောက်ရပ်ပြီး ကြည့်ကြပါတယ်။ (ကျွန်တော့်အဖေက ဘယ်နေရာမှာ ဆိုင်းဝိုင်းရှိသလဲ၊ ရှိခဲ့ရင် ကျွန်တော့်ကိုပါခေါ်ပြီး၊ ဆိုင်းတီးတဲ့လက်သံကို တမေ့တမော သွားနားထောင်လေ့ရှိပါတယ်။) ဒီလို တီးလုံးတွေချည်း ငယ်ငယ်တည်းက နားထောင်ခဲ့၊ ကြည့်ခဲ့ရလို့၊ ကျွန်တော်ကြီးလာတော့ Instrumental တီးလုံးသက်သက်စီးရီးတွေ ထုတ်ဖြစ်ခဲ့တာလို့ထင်ပါတယ်။ ဒီလိုတေးသားသက်သက်၊ နားထောင်တတ်လာအောင် သင်ကြားခဲ့တဲ့ ကျွန်တော့်ရဲ့ဖခင်ကြောင့် ကျွန်တော်ပါ ဇာတ်အဖွဲ့တွေ မစခင်တီးတဲ့ တီးလုံးတွေကို အရသာခံနားထောင် တတ်လာခဲ့ပြီး၊ တစ်နေ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်အင်အားစု ဇာတ်သဘင်ရဲ့ တီးဝိုင်းဧည့်ခံတေး၊နားထောင် ရုံတင်မကတော့ပဲ၊ တစ်ညလုံးကြည့်ချင်လာလို့ ကျွန်တော်ဖေ့ဖေ့ကို ပြဖို့ ပူဆာပါတော့တယ်။

အဲဒီညပြမယ့် ပြဇာတ်က နာမည်ကြီးပြဇာတ်ဖြစ်တဲ့ 'ဓါးတောင်ကို ကျော်၍မီးပင်လယ်ကိုဖြတ်မည်' ဆိုတဲ့ ဆရာ 'မြသန်းတင့်' ရဲ့ဝတ္ထုကို ပြဇာတ်အဖြစ်၊ အသွင်ပြောင်းထားတာမို့ ဘယ်လို ပြဇာတ် 'က' မလဲ၊ ဒီလိုရေပြင်ကြီးနဲ့၊ လူ (၃)ယောက်လောက်ပဲ ရှိတဲ့ ကျွန်းပေါ်က ပြဇာတ်ကို ဘယ်လိုစိတ်ဝင်စားအောင် လုပ်ပြမှာလဲ ဆိုတာ၊ တအားသိချင်နေပါပြီ။ ကျွန်တော်က (၉)တန်းကျောင်းသား အရွယ်ပဲ ရှိပါသေးတယ်။ စာအုပ်တွေကတော့ ဖတ်နေပါပြီ။ ကျွန်တော့် အဖေက လက်ထောက်ညွှန်မှူး (စာရင်းရုံး) ဘဝက အငြိမ်းစားယူပြီး၊ ရပ်ကွက်သမဝါယမဆိုင်မှာ အချိန်ပိုင်းစာရင်းကိုင် လုပ်နေလေတော့၊ ညတစ်ညလုံး စာရင်းတွေလုပ်ရမှာမို့ မအားရာပါဘူး။ ကျွန်တော့်ရဲ့ တောင်းဆိုမှုကိုလည်း မပယ်ရှားချင်တော့ ဒီဇာတ်ရုံထဲမှာ တစ်ယောက် တည်းကြည့်ဖို့ 'ကုလားထိုင်တစ်လုံး ဝယ်ပေးမယ်၊ မနက်မိုးလင်းလင်း ချင်း ငါလာခေါ်မယ်။ ဇာတ်ရုံထဲက ဘယ်မှ မသွားပါနဲ့' ဆိုပြီး၊ ကတိ တောင်းပါတယ်။ ကျွန်တော့်ဆီက ကတိရမှ လက်မှတ်နဲ့ ကုလားထိုင် ဝယ်ပေးပြီး ပြန်သွားပါတယ်။

ကျောင်းသားဖြစ်တဲ့ ကျွန်တော်လည်း အဲဒီမှာ 'ဓါးတောင်ပြဇာတ်' ကို အရသာရှိရှိ ကြည့်ခဲ့ရပါတယ်။ အဲဒီပြဇာတ်ကို တင်ဆက်ထားပုံကလဲ တကယ့်ကို ကောင်းပါတယ်။ အခုထိလည်း၊ မမေ့နိုင်လောက်အောင်ကို ကြိုက်ပါတယ်။ မိုးလင်းမှာ ကျွန်တော့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရုံမှာ လာခေါ်တဲ့အထိ ထိုင်စောင့်နေရပါတယ်။

ဒီလိုနဲ့ ဂစ်တာပညာသင်ကြားကြရင်း ဂစ်တာသမား တစ်ယောက် (အပျော်တမ်း) ဖြစ်လာပါပြီ။ ရပ်ကွက်ထဲမှာလည်း ဟိုနေရာမှာတီး၊ ဒီနေရာမှာတီး၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆို လည်း၊ စတိတ်ရှိုးလုပ်ဖို့ စုရုံးကြရင်းနဲ့ ကြာလာတော့ သူငယ်ချင်း တစ်ယောက်ရဲ့အစ်ကိုက 'မင်းဒီလောက်တောင် ဂစ်တာ တီးချင်နေတဲ့ ကောင်၊ ငါနဲ့သိတဲ့ဓာတ်ထဲမှာ ဂစ်တာသမားလိုနေတယ်။ လိုက်တီး မလားလို့ မေးလာပါရော' ကျွန်တော်ကလည်း 'အီလက်ထရောနစ် ဂစ်တာ' တီးရရင်ပြီးပြီဆိုပြီး၊ တီးမယ်ကတိပေးလိုက်ပါတယ်။

ကျွန်တော့်အိမ်ကိုလည်း ဂစ်တာသမားဖြစ်ချင်လို့ ဓာတ်ထဲ လိုက်ပြီး ဂစ်တာတီးတော့မယ်ဆိုပြီး ခွင့်တောင်းပါတယ်။ အိမ်ကလည်း သဘောမတူချင်ပေမယ့် ကျွန်တော် ဝါသနာကြီးလွန်းတာ သိထား တော့ 'ကဲကဲ သွားတီးကြည့်ပါဦး ဖြစ်ရဲ့လားလို့၊ အရင် တီးကြည့် ပါဦး'ဆိုပြီး မလွှတ်ချင်၊ လွှတ်ချင် လွှတ်လိုက်ပါတယ်။ အဲဒီညက တာမွေမြို့နယ်က ဓာတ်ရုံတစ်ရုံမှာ ကနေတဲ့ ဓာတ်ဆီ ကျွန်တော့်ကို ကျွန်တော့်သူငယ်ချင်းရဲ့ အစ်ကိုက ခေါ်သွားပါရော။ ဓာတ်အဖွဲ့ထဲ ရောက်တော့ ည (၇)နာရီ ကျော်ကျော်လောက် ရှိနေပါပြီ။ အဲဒီ ဓာတ်အဖွဲ့ရဲ့ မန်နေဂျာနဲ့လည်း မိတ်ဆက်ပေးရော၊ မန်နေဂျာ ပုဂ္ဂိုလ်က 'အတော်ပဲ၊ ဂစ်တာသမားတစ်ယောက် လိုနေတယ်။ ညီလေးလိုလူငယ် ဝါသနာရှင်မျိုးဆိုရင် အဆင်ပြေပြီ' ဆိုပြီး၊ ခေတ်ပေါ်တီးဝိုင်းပစ္စည်းတွေ ထားတဲ့ ဓာတ်စင်ရဲ့အရှေ့ဘက်ထောင့် မှာနေရာလိုက်ပြပေးရင်း ဂစ်တာတစ်လက်ကို လက်ထဲထိုးထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ကျွန်တော့်ကို တီးပြခိုင်းပါတယ်။ စမ်းသပ်တဲ့သဘောပေါ့။ ကျွန်တော်ကလည်းအိမ်မှာ ဟော်လိုဂစ်တာပဲ တီးနေရတော့လျှပ်စစ်ဂစ်တာလည်းကိုင်ရတော့ 'ရေငတ်တုန်း၊ ရေတွင်းထဲကျ' ဆိုသလို အသားကုန်တီးတော့တာပါပဲ။ ကျွန်တော် ဂစ်တာလက်စွမ်းပြတာကို ကျန်တဲ့တီးဝိုင်းသမားတွေလည်း လာကြည့်ကြလို့ မန်နေဂျာက 'ဂစ်တာသမားတစ်ယောက်တော့ အသစ်ရပြီဟေ့၊ မင်းတို့နဲ့တွဲတီးကြည့်ပါဦး' လို့ ဆိုပါတယ်။ ကီးဘုတ်ဆရာရေ၊ ဘေ့စ်သမားရော၊ ဒရမ်မာပါပေါင်းပြီး၊ ဧည့်ခံတီးလုံးတွေ တီးကြပါတယ်။ ကျွန်တော်ရထားတဲ့သီချင်းတွေဖြစ်လို့ ကျွန်တော့်အတွက် အေးအေးဆေးဆေးပါ။ ဒီလိုနဲ့ ဓာတ်ပွဲစဖို့ရုံထဲကလူတွေတောင် ရှင်းထုတ်နေပါပြီ။ ကျွန်တော်လည်း လျှပ်စစ်ဂစ်တာ တီးရတော့မယ်။ ညတိုင်းလည်း မုန့်ဖိုး (ညကြေး) ရတော့၊ အိမ်ကိုကန်တော့နိုင်တော့မယ်ဆိုပြီး ပျော်နေမိပါတယ်။

ကျွန်တော်တီးနေတာကို ဘေးကငုတ်တုတ်ထိုင်ကြည့်နေတဲ့ ဆံပင်ဖရိုဖရဲ နီကြောင်ကြောင်၊ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ အရက်သမားကြီးတစ်ယောက်ကို ခဏနေတော့ သတိထားမိလာပါတယ်။ သူက ကျွန်တော်ဘာတီးတီး လိုက်ကြည့်နေတာပါ။ ကျွန်တော်လက်စွမ်းတွေပြနေလည်း မျက်လုံးကမခွါပါဘူး။ ဒါကြောင့် ကျွန်တော်လည်း သူ့ကို 'အစ်ကိုကြီး ဘာလို့ကြည့် နေတာလဲ၊ ဘာလိုချင်လို့လဲ' ဆိုပြီး၊ မေးလိုက်ပါတယ်။

သူက ကျွန်တော့်ကို 'ဂစ်တာခဏတီးချင်လို့၊ ခဏပေးပါ' ဆိုပြီး တောင်းပါတယ်။ ကျွန်တော်လည်း သူ့ရဲ့တောင်းဆိုချက်ကို အသေနာ



www.burmeseclassic.com

www.burmeseclassic.com



လာတာကြောင့် သူ့လက်ထဲကို ကျွန်တော် တီးနေတဲ့ ဂစ်တာထည့်ပေးလိုက်ပါတယ်။ သူ့ရဲ့လက်ထဲလည်း ဂစ်တာရောက်သွားရော၊ အဲဒီအရက်သမားကြီးက စတီးတော့တာပါပဲ။ သူ့ဆီက ဂစ်တာသံလည်းထွက်ရော ကျန်တဲ့ အတီးသမား (၃)ယောက် က သူ့ကိုဝိုင်းပြီး အားဖြည့်တီးပေးကြတာ မြိုင်ဆိုင်လှပါတယ်။ အဲဒီအချိန်မှာပဲ ဇာတ်စင်ဟိုဘက်ခြမ်းက၊ ဆိုင်းဝိုင်းတွေဘက်ကလည်း၊ အပေးအယူလုပ်ပြီး၊ မြန်မာသံနဲ့ စတီရီယိုနှစ်ခုပေါင်းပြီးတီးတဲ့ တီးလုံးတစ်ပုဒ်ကို တီးကြတော့ ကျွန်တော်လည်း အံ့အားသင့်နေပါတယ်။ အရက်သမားကြီးရဲ့ လက်သံကလည်း၊ မထင်မှတ်လောက်အောင် ကောင်းပါတယ်။ သူ့လို လက်စွမ်းလက်စရှိတဲ့လူက ဒီဇာတ်ထဲမှာ ဘာလာလုပ်နေတာပါလိမ့်ဆိုပြီး သိချင်လို့၊ သီချင်းအတီးဆုံးပြီး၊ အရက်သမားကြီး တစ်ယောက်တည်း (solo) လက်စွမ်းပြတီးနေတုန်းမှာ၊ ဘေးမှာ ထိုင်နေတဲ့ (Bass) တီးပေးတဲ့ အစ်ကိုကြီးကို တိုးတိုးလေး မေးရပါတော့တယ်။

'အစ်ကို ဒီလူကြီးက ဘယ်ကလူကြီးလဲ၊ ဂစ်တာဝင်တီးတာကျတော့ ဟုတ်နေတာပဲ လူကတော့ အရက်သမားပုံကြီး'ဆိုပြီး မေးလိုက်မှ၊ ဘေ့စ်သမားအစ်ကိုကြီးက 'အေး၊ အဲဒီလူက ဒီဇာတ်ထဲ လက်ရှိဂစ်တာတီးတဲ့သူပဲ။ ဒီဇာတ်ထဲမှာ အရက်အရမ်းသောက်လို့ ဇာတ်ဆရာက သူ့ကို ထုတ်လိုက်ဖို့ပြောထားတာ။ ဒီနေ့ သူမတီးရတော့ဘူး။ ဒါကြောင့် ညီလေးကို ခေါ်ပြီးထားတာပေါ့။ သူကမနေနိုင်လို့ ဂစ်တာဝင်တီးနေတာ' လို့ ပြန်ဖြေပါတယ်။

ကျွန်တော်လည်း သူ့ကို တော်တော်သနားသွားပါတယ်။ ကိုယ်ကဘာမသိ၊ ညာမသိ နဲ့ သူ့ထမင်းအိုး ဝင်လုတဲ့လူ ဖြစ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လားလို့လည်း၊ စိတ်မကောင်းစွာ တွေးမိသွားပါတယ်။

သူ့တို့တီးဝိုင်းအဖွဲ့သားချင်း အပေးအယူညီမျှနေတဲ့အပေါ်မှာ ကိုယ်ဝင်ရှုပ်မိနေပြီဆိုတာကိုလည်း ချက်ချင်းသိလိုက်ပါတယ်။ ကိုယ်ကရမယ့်ပိုက်ဆံက အပျော်တမ်းမုန့်ဖိုး၊ သူ့အတွက်ကတော့ ဘဝနဲ့ရင်းပြီး၊ ရမယ့်ပိုက်ဆံပါလားဆိုပြီး၊ သိလိုက်မိတာနဲ့ ကျွန်တော့်ရဲ့ အဝတ်အစားထည့်တဲ့အိတ် ကလေးကို ကောက်ကိုင်ပြီး ထွက်ခဲ့ပါတယ်။ သူတို့တီးဝိုင်းအဖွဲ့သားတွေကတော့ ပျော်စရာသီချင်း တစ်ပုဒ်တီးနေကြလေရဲ့ . . .။

ကျွန်တော်ပြန်ထွက်လာတာတွေ့သွားတဲ့ မန်နေဂျာကြီးက 'ညီလေး၊ ဘယ်သွားမလို့လဲ' လို့ လိုက်မေးပါတယ်။ ကျွန်တော်က 'ပြန်တော့မလို့'ဆိုပြီး အဖြေပေးလိုက်ပါတယ်။ 'ညီလေး အခုဂစ်တာတီးတဲ့သူကို အစ်ကိုတို့ထုတ်လိုက်ပြီ။ ညီလေး ပြန်ဝင်တီးပါ။ သူ့ဆီကဂစ်တာ အစ်ကိုတောင်းပေးပါ့မယ်' ဆိုပြီး မန်နေဂျာက ကျွန်တော့်ကို ဖျောင်းဖျပါတယ်။ ကျွန်တော်က ' အဲဒီဂစ်တာကို သွားမယူပါနဲ့တော့အစ်ကို၊ ကျွန်တော်က တကယ်တော့ဘာမှသိပ်ပြီး မတီးတတ်တဲ့သူပါ။ အခုတီးတဲ့ သူ့ရဲ့လက်သံကို ကြားလိုက်ရတော့ ကျွန်တော်ဘယ်လိုမှ လိုက်မမီအောင်ကို ကောင်းလွန်းလို့၊ သူ့နေရာလည်း မဝင်ရဲလို့ပါ။ သူ့ရဲ့အဆင့်ကိုလည်း မမီလို့၊ သူ့ကိုသာဆက်ပြီးတီးခိုင်းပြီး၊ နောက်ထပ်အရက်ဆက်မသောက်ဖို့သာ အစ်ကို သတိပေးလိုက်ရင် သူလည်းနားထောင်မှာပါ။ ကျွန်တော်ဟာ အညံ့စားဂစ်တာသမားတစ်ယောက်ပါ' လို့ မန်နေဂျာကြီးယုံအောင် ပြောခဲ့ပြီး အောင်မြင်စွာအရှုံးပေး၊ ဇာတ်ရုံကြီးထဲကထွက်ပြီး၊ တစ်အိမ်သားလုံး



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဇော် (Lazy Club)

အိပ်မောကျနေမယ့် ကျွန်တော့်ရဲ့အိမ်ဆီ ညမှောင်မှောင်ထဲမှာ ပြန်ခဲ့ပါတော့တယ်။

(သန့်ရှင်းစွာနဲ့ ဂစ်တာတီးစေချင်ပြီး အရက်ရဲ့ကျေးကျွန် မူးယစ်ဆေးဝါးရဲ့ သားကောင် ဂစ်တာသမားတွေမဖြစ်စေဖို့ လူငယ်တွေအတွက်၊ ကျွန်တော့်ရဲ့ အမှတ်တရ အဖြစ်အပျက်လေးနဲ့ . . .)

၁၁ ရက်၊ ဇွန်လ၊ ၂၀၀၈ ခုနှစ် ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.246



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီစာစုလေးကို ရေးမယ်လို့ ဆုံးဖြတ်ပြီး 'အဲဒီအချိန်တုန်းက အဖြစ်အပျက်လေးတွေကို မှတ်မိသေးလား' လို့ အင်းလျားလိတ် ဟိုတယ်မှာပြုလုပ်တဲ့ ညစာစားပွဲ တီးခတ်အပြီးမှာ ကိုညွန့်နဲ့တွေ့ပြီး ပြန်မေးခဲ့၊ အတည်ပြုခဲ့၊ ခွင့်ပြုချက်တောင်းခဲ့ပါတယ်။ သူကလည်း ပြန်ပြီး မှတ်မိပါတယ်။ ကျွန်တော်ရေးဖို့လည်း ခွင့်ပြုခဲ့ပါတယ်။

ကျွန်တော် ဒီလို စာရေးဖြစ်ခဲ့တာဟာ အနုပညာသမားတွေရဲ့ မတော်တဆ အဖြစ်အပျက်လေးတွေကို ပရိသတ်တွေ ဗဟုသုတရစေ ချင်လို့၊ ပျော်ရွှင်စေချင်လို့၊ အခက်အခဲကြုံလာရင် သင်ခန်းစာယူ တတ်စေဖို့ ရေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုရေးသားမိလို့ ကာယကံရှင် အနုပညာသည်တွေ စိတ်အနှောင့်အယှက်မဖြစ်အောင် သိက္ခာကျစေရာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရအောင်လည်း သတိထားရေးရပါတယ်။ မဟုတ်ခဲ့လို့ အရေးခံရသူက မကျေနပ်ခဲ့လို့ ဂီတအစည်းအရုံးတိုင်ခဲ့ရင် ကိုယ့်အမှု ကိုကိုယ်ပါဝင်တဲ့ပြဿနာ ဖြေရှင်းပေးရတဲ့ အစည်းအရုံးကအဖွဲ့နဲ့ ပြန်တွေ့ ဖြေရှင်းနေရမှာ စိုးလို့ပါ။

ဒီလိုရေးသားခဲ့လို့ရတဲ့ စာမူခတွေကိုလည်း ကျွန်တော် လုံးဝမထုတ်ဘဲ၊ မသုံးဘဲ၊ ဂျာနယ်တိုက်တွေမှာပဲ သိမ်းထားခဲ့စေပါတယ်။ ပြီးမှပဲ နှစ်နှစ်တစ်ခါလောက် တကယ်နွမ်းပါး အကူအညီလိုတဲ့ မိဘမဲ့ ကလေးတွေ ကျောင်းတို့၊ ဆေးရုံတို့ စိတ်ဝေဒနာရှင်တွေဖို့ စသည်ဖြင့် လိုတဲ့ပိုက်ဆံကို ကျွန်တော်ထပ်စိုက်ပြီး လှူဒါန်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ရဲ့စာထဲမှာ ပါဝင်ရေးသားခံရတဲ့ မှတ်တမ်းတင်ခံရတဲ့ အနုပညာရှင်တွေရဲ့အလှူလိုပဲ ကျွန်တော်က ခံယူထားပါတယ်။

ကဲ . . . စလိုက်ရအောင် 'ကိုညွန့်'လို့ ကျွန်တော်တို့ခေါ်ကြတဲ့ အဆိုတော်(ချစ်ကောင်း)ကို ပထမဆုံး တွေ့ဖူးတာကတော့ ကျွန်တော်တို့ ရေကျော်မှာ ပြုလုပ်တဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်မှာပါ

ကိုညွန့်(ချစ်ကောင်း)သီချင်းလာဆိုမယ်ဆိုလို့ အဲဒီ ရေကျော်လမ်းမက စတိတ်ရှိုးကို စာမေးပွဲမပြီးသေးတာတောင် အမြဲသွားကြည့်ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက 'ကော်ဖီခါးခါး'နဲ့ တစ်နိုင်ငံလုံးကို သိမ်းပိုက်ထားတဲ့အချိန်ပါ။

မှတ်မှတ်ရရ ပထမနေ့က 'ကော်ဖီခါးခါး' ကို ဆိုသွားတဲ့ ကျွန်တော်တို့ရေကျော်သား (အပျော်တန်း) အဆိုတော်တစ်ယောက်ရဲ့အသံဟာ ကိုညွန့်ရဲ့ အသံအတိုင်းပါပဲ။ တကယ်တမ်း နောက်ဆုံးနေ့မှာ ကိုညွန့်ကိုယ်တိုင်ဆိုတော့ (ကျွန်တော့်စိတ်အထင်) အဲဒီ အပျော်



www.burmeseclassic.com

www.burmeseclassic.com



တမ်း အသံတုအဆိုတော်လောက်တောင် ကက်ဆက်ထဲကအသံနဲ့ မတူဘူးလို့ (ကလေးပီပီ) မှတ်ချက်ချခဲ့ဖူးပါတယ်။

ကျွန်တော်လည်း ဂီတလောကကို စပြီး အခြေချရာကနေ ပျဉ်းမနား (အဲဒီတုန်းက နေပြည်တော်မပေါ်သေးပါ။ အချိန်ကာလအရ ပျဉ်းမနားလို့ဘဲ ရေးခွင့်ပြုပါ) နှစ်ကျိပ်ရှစ်ဆူပွဲမှာ သွားတီးဖြစ်တဲ့ အချိန်မှာ ကိုညွန့်က 'လေလွင့်ငှက်ရဲ့ခြေရာများ' သီချင်းနဲ့ တစ်နိုင်ငံလုံးကို ဒုတိယအကြိမ် ပြန်သိမ်းပိုက်ပြီးပါပြီ။

ဒါကြောင့်မို့ ကိုညွန့်ရဲ့သီချင်းတွေကို တီးပေးဖြစ်ဖို့ တော်တော်ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲမှာ တီးဖို့ ရန်ကုန်ကအလာ ရထားစီးတုန်းက အဆိုတော် အချို့က ပျဉ်းမနားကို ကြိုပြီး ရောက်နှင့်နေပါပြီ။ အဲဒီအဆိုတော်တွေထဲမှာ ကိုညွန့်လည်း ပါ,ပါတယ်။ ကိုညွန့်က ကျွန်တော့်သူငယ်ချင်း ဘေ့စ်တီးတဲ့ အောင်အောင် (ရှော့ခ်မုဆိုး)နဲ့ ခင်မင်ပြီးသားမို့ ကျွန်တော့်ကို အောင်အောင်က ကိုညွန့်နဲ့ မိတ်ဆက်ပေးပါတယ်။

သီချင်းတိုက်ကြတော့ ကိုညွန့်က ဆရာကြီးလိုမနေဘဲ ဟိုလူနောက်လိုက် အဆိုတော်အချင်းချင်း စလိုက်နဲ့ဆိုတော့ သီချင်းတိုက်ရတာ ပျော်စရာကြီးပါ။ ငါနာမည်ကြီး အဆိုတော်ကြီးဆိုတဲ့ ပုံစံမျိုး လုံးဝ မတွေ့ရပါဘူး။ ဒီလိုနဲ့ပဲ ဖျော်ဖြေမှုကားတွေ စထွက်ခဲ့ပြီး တီးကြ၊ ဆိုကြတာ မနက်မိုးစင်စင်လင်းပါရော။ မနက် (၁၀)နာရီအထိ မပြန်ကြသေးဘဲ မြို့ပြင်ဘက်ကအိမ်တွေမှာ အလှူလိုက်ခံနေပါတယ်။ (မနီနီဝင်းရွှေ)တို့ဆိုရင် ဆိုရလွန်းလို့ အသံတောင် မထွက်တော့ပါဘူး။ ကျွန်တော်တို့ကတော့ 'ဖိုးတီးချင်' တွေဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မပြောရဲ၊ မဆိုရဲပေါ့။ အဲဒီမှာ ကိုညွန့်က ခေါင်းဆောင်ပြီး အဆိုတော်အားလုံးကို ဆိုနိုင်ကြသေးလား မေးပါတယ်။ အားလုံးက အသံမထွက်တော့ဘူးလို့ပြောတော့မှ ကားပေါ်က ဂေါပကအဖွဲ့တွေကို ဖျော်ဖြေရေးအစီအစဉ်တွေ ဆက်မလုပ်တော့ဘဲ ပြန်နားကြဖို့ ခပ်မာမာ ပြောပါတော့တယ်။ (အဲဒီတော့မှပဲ ကျွန်တော်တို့လည်း မနက် (၁၁)နာရီလောက်မှ ညအိပ်ဖြစ်ပါတော့တယ်) အခုဆိုရင် စတိတ်ရှိုးပွဲတွေမှာ ခေါင်းဆောင်ပြီး တာဝန်ယူဖြေရှင်းရမယ့်ကိစ္စမျိုး ပေါ်လာခဲ့ရင် ကျွန်တော်က ကိုညွန့်နေရာဝင်ယူပြီး အမုန်းခံ ဖြေရှင်းပေးနေရပါတယ်။ ဒါတွေရဲ့ဆရာကတော့ ကိုညွန့်လို့ပဲ ထင်ပါတယ်။

အဲဒီလိုနဲ့ ပွဲပြီးလို့ အိမ်ပြန်ဖို့ ဖြစ်လာပါရော။ ကျွန်တော်တို့ကတော့ အတီးသမားတွေဆိုတော့ ပျော်ပျော်ရွှင်ရွှင်ပဲ ရိုးရိုးတန်း (အမြန်ရထား)နဲ့ အိမ်ပြန်ခဲ့ပါတယ်။ ကျောင်းသားလည်း ကျောင်းသားဆိုတော့ ဘာပဲစီးရစီးရ အတွေ့အကြုံရတာပေါ့လို့ တွေးမိပါတယ်။

ကျွန်တော်တို့စီးမယ့်ရထားရဲ့ ရိုးရိုးတန်းသစ်သားထိုင်ခုံနဲ့ လိုက်လာသူကတော့ နိုင်ငံကျော်အဆိုတော်ကြီး 'ချစ်ကောင်း' ပါပဲ။ သူက အထက်တန်းတွေ ဘာတွေ ရထားလက်မှတ်ကို ချေးများမနေပါဘူး။ ကိုညွန့်လို နာမည်ကြီး အဆိုတော်ကြီးက ကျွန်တော်တို့နဲ့ ရိုးရိုးတန်းက စီးတာကို အံ့အားသင့်မိပါတယ်။ သူကတော့ အေးအေးဆေးဆေးပါပဲ။ ရထားထွက်ပြီးမကြာခင်မှာဘဲ ကျွန်တော်တို့အားလုံးကို 'ကိုယ်တော့အိပ်တော့မယ်ဟေ့' လို့ ပြောပြီး၊ သစ်သားကြမ်းပြင်ပေါ်မှာ ပါလာတဲ့ ပုဆိုးကိုခင်းပြီး၊ ကျန်တဲ့ပုဆိုးတစ်ခုကိုခြုံပြီး အိပ်တော့တာပါပဲ။ ရထားကြမ်းပြင်ပေါ်က ရိုးရိုးတန်းတွဲ ခြေနင်းခုံအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းစွာ အိပ်ပျော်နေသူဟာ မြန်မာနိုင်ငံရဲ့ စတီရီယိုလောကမှာ 'ကော်ဖီခါးခါး' နဲ့ 'အလှည့်' နှစ်ခွေနဲ့ တစ်နိုင်ငံလုံးကို နှစ်ခါ သိမ်းပိုက်ဖူးတဲ့ အဆိုတော်ကြီးဆိုရင် ယုံနိုင်ကြပါ့မလား မသိပါဘူး။

ကျွန်တော်ကတော့ အဲဒီလိုနေထိုင်ပြသွားတဲ့ အဆိုတော်ကြီးတွေကို (လေအေးစက် ကားလှလှထဲ၊ မြက်ခင်းလှလှထဲက၊ အိမ်လှလှလေး)ထဲမှာနေပြီး လူတွေနဲ့ဝေးအောင်နေ၊ စိတ်ထားမြင့်မြင့် (ဘဝင်မြင့်မြင့်) ထားတတ်တဲ့ အချို့သော အနုပညာရှင်တွေ ထက်ပိုပြီး အထင်ကြီးမိပါတယ်။ ပြည်သူချစ်တဲ့ အနုပညာရှင်ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော်တို့ အနုပညာသမားတွေထဲမှာ ပြည်သူ ပရိသတ်က ကိုယ့်ကိုချစ်အောင် တွေ့တိုင်းရယ်ပြ၊ နှုတ်ဆက်၊ ကျေးဇူးတင်ကြောင်းပြော အခွေတွေလက်ဆောင်ပေး အလှအပပစ္စည်းတွေ ပြပြီး ဖမ်းစားဖို့ကြိုးစားတဲ့ အနုပညာရှင်တွေထက် ရိုးရိုးသားသားပဲ လူတွေကြားမှာ နေတတ်၊ စားတတ်တဲ့ အနုပညာရှင်၊ လူတွေထဲက လူလိုပဲနေသူ၊ ပရိသတ်တွေချစ်တဲ့ အနုပညာရှင်ဖြစ်ဖို့ ပိုခက်ခဲတယ်ဆိုတာ လက်ခံမိပါတယ်။

ကျွန်တော်သိရသလောက် ကိုညွန့်နာမည်ကြီးစဉ်က မဟာဗန္ဓုလပန်းခြံလမ်းကနေ လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း)ကို သွားတာလမ်းမှာ (၁)နာရီခွဲလောက်ကြာတယ်လို့ အဲဒီတုန်းက သူနဲ့ အတူတူ လမ်းလျှောက်တဲ့ သူငယ်ချင်းအောင်အောင်(ရှော့ခ်မုဆိုး)က ပြောဖူးပါတယ်။ ဟိန္ဒူဘုရားရှိခိုးကျောင်းနားက စာကလေးဗေဒင်ဟောသူနဲ့လည်း ဝင်စကားပြော၊ ကွမ်းယာရောင်းသူနဲ့လည်းပြော၊ လမ်းတစ်လျှောက်တွေ့သမျှ သူ အကုန်နှုတ်ဆက်နေလို့ မခံနိုင်တော့တဲ့အဆုံး



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ (ကိုညွန့်)ဆိုရင် လမ်းမလျှောက်တော့ဘူးဆိုပြီး ငြိုးတွားတာ ကြားဖူးပါတယ်။

အဲဒီလို စကားပြောကောင်းတဲ့ဆရာကြီး (ကိုညွန့်) တစ်ခါ New Yearမှာ ကုမ္ပဏီတစ်ခုရဲ့ ပျော်ပွဲတစ်ခုမှာ ကျွန်တော်ရဲ့ သူငယ်ချင်းများဝိုင်း (Juke Box)နဲ့ သီချင်းဆိုဖြစ်ပါတယ်။

သူက ပရိသတ်ကို အထိန်းအသိမ်းကောင်းလို့ (ထုံးစံအတိုင်း) နောက်ပိတ်ဆုံး ပွဲသိမ်းဆိုပေးရပါတယ်။ အဲဒီ ကုမ္ပဏီက ဝန်ထမ်းတွေကလည်း အပျော်လွန်ပြီး ရေချိန်ကိုက်နေကြပါပြီ။ သူ (ကိုညွန့်)က ပရိသတ်နဲ့အပေးအယူလုပ်ပြီး သီချင်းဆိုလေ့ရှိသူမို့ ပရိသတ်ကို စကားပြောပြီးမှ သီချင်းဆိုပါတယ်။

ဥပမာပေါ့ 'ညီအစ်ကိုတွေအားလုံးပျော်ကြလား' စသဖြင့်ပေါ့ မေးပါတယ်။ ခက်တာက သူကမေးလိုက်တိုင်း ပရိသတ်တွေဖြေကြတဲ့ အသံထက် ကျယ်တဲ့အသံကြီးက စပီကာကနေ ထွက်နေတာပါပဲ။ 'အဆင်ပြေကြလား'လို့ မေးရင် 'အဆင်ပြေပါတယ်'လို့ ပရိသတ်က ဖြေကြပေမယ့် စပီကာထဲမှာတော့ 'အဆင်ပြေပါတယ်ကိုချစ်ကောင်း၊ သီချင်းလိုက်ဆိုပါ့မယ် ကိုချစ်ကောင်း၊ ဟုတ်ကဲ့ပါကိုချစ်ကောင်း' စသဖြင့် တရားပွဲမှာ တရားထောက်ဖြေပေးတဲ့သူရဲ့အသံလို အသံကြီးကို စပီကာထဲက ထွက်နေလို့ပဲ။ ကျွန်တော်လည်း ဂစ်တာတီးရင်းနဲ့ ဘယ်သူဝင်နောက်နေလဲ မသိဘူးဆိုပြီး၊ မျက်လုံးက ဝေ့ဝိုက်ကြည့်ပြီး လိုက်ရှာပါတယ်။ ကိုညွန့်ကတော့ သတိထားမိဟန် မတူပါဘူး။ (သူ Mood နဲ့ သူမို့လားမသိဘူး) ကျွန်တော်နဲ့ တီးဖော်တီးဖက် သူငယ်ချင်းတွေကတော့ သူ့ပရိသတ်ကိုမေးလိုက်တိုင်း လိုက်ဖြေတဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



'ကိုချစ်ကောင်း' 'ကိုချစ်ကောင်း' နဲ့ဆုံးတဲ့အသံကြီးကြားတိုင်း ဝိုင်းရယ်ကြပါတယ်။ နောက်ဆုံးမှာ တရားခံပေါ်ပါတော့တယ်။ ဝန်ထမ်းထဲက အခမ်းအနားမှူးလုပ်တဲ့ ဆရာတစ်ယောက်က ရေချိန်ကိုက်ပြီး၊ အခမ်းအနားမှူး ပြောဖို့လုပ်ထားတဲ့ အောက်က စင်ကလေးကနေ ကိုညွန့်မေးသမျှကို တစ်ခွန်းမကျန် လိုက်ဖြေပြီး စကားထောက် လုပ်ပေးနေတာ ဖြစ်နေပါတယ်။ နောက်ပိုင်းသီချင်းပါ အဲဒီမိုက်ကရိုဖုန်းလေးနဲ့ ဝင်ဆိုမှ ကိုညွန့် သိသွားပါတယ်။

အခုနောက်ပိုင်း စတိတ်ရှိုးတိုင်းမှာ ကိုချစ်ကောင်းဆိုတဲ့အလှည့်ရောက်လို့ ပရိသတ်ကို မေးခွန်းတွေမေးရင် ကျွန်တော်ကတော့ လွန်ခဲ့တဲ့နှစ်အတော်ကြာက နယူးရီးယား အခမ်းအနားမှူးကိုပဲ သတိရနေမိပါတော့တယ်။


*(စကားပြောကောင်းတဲ့ ပရက်စင်တာ ကိုညွန့်သို့ အမှတ်တရ)*

၉ ရက်၊ ဇန်နဝါရီလ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်း သတင်းဂျာနယ် အမှတ်စဉ် Vol.3 No.225



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

အခုတစ်လော ကျွန်တော်ရဲ့အားလပ်ချိန်မှာ ဒီဗီဒီရုပ်ရှင်ကြည့်ပြီး အပန်းဖြေချိန်လည်း ထပ်တိုးလာပါတယ်။ ငယ်ငယ်တည်းက လက်ဖက်ရည်ဆိုင်ထိုင်၊ ဂစ်တာလေ့ကျင့်ရ၊ သီချင်းနားထောင်ရ၊ စာဖတ်ရနဲ့ နိုင်ငံခြားစတိုက်ရိုး ဗီဒီယိုအခွေတွေကိုအတုယူပြီး ပညာရဖို့ကြည့်ဖြစ်ပေမယ့် ရုပ်ရှင်ဆိုရင် အစအဆုံး အိမ်မှာကြည့်လေ့မရှိသလောက်ပါ။ အရမ်းနာမည်ကြီးတဲ့နိုင်ငံခြားကား၊ မြန်မာကား ရုံတင်ပြီဆိုမှ ရုံမှာမဖြစ်မနေသွားကြည့်ပါတယ်။ (အခုတော့သားနဲ့သမီးက အသက်အရမ်းငယ်လို့ ရုပ်ရှင်ရုံတွေထဲမှာပြတဲ့ အရုပ်တွေနဲ့လိုက်ဖက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဆမတန်ကျယ်တဲ့ အသံစနစ်တွေကို ကြောက်လို့ အိမ်မှာပဲ ဒီဗီဒီခွေဝယ်ကြည့်ရပါတော့တယ်။)

အခုတလော ဝယ်လို့ရလာတဲ့ မြန်မာစာတန်းထိုး အင်္ဂလိပ်ရုပ်ရှင်ကားတွေရဲ့ အကျိုးကျေးဇူးကြောင့် ဘာသာပြန်ရတဲ့ဒုက္ခက တော်တော်ကို သက်သာသွားလို့ရုပ်ရှင်ကို အရသာခံပြီး ကြည့်လာနိုင်ပါပြီ။ ကိုရီးယားဇာတ်လမ်းတွဲတွေကို မြဝတီ၊ မြန်မာရုပ်သံတို့ကပြလို့ တီဗီကြည့်ပရိတ်သတ်တွေညတိုင်းစောင့်ကြည့်ရသလို၊ ကိုရီးယားဇာတ်လမ်းတွဲမကြည့်တဲ့ အကျင့်လုပ်ထားတဲ့ ကျွန်တော့်မှာတော့ အနားယူချိန် မြန်မာစာတန်းထိုး ဒီဗီဒီအချပ်လေးတွေနဲ့ အဆင်ပြေပါတယ်။ (ကိုးရီးယား ဇာတ်လမ်းတွဲကြည့်တဲ့ အကျင့်မလုပ်ဘူးဆိုလို့ ကိုးရီးယားကားမကောင်းလို့၊ မကြိုက်လို့၊ မြန်မာရုပ်ရှင်ကို မမီလို့မကြည့်တာစသဖြင့် တောင်တွေး၊ မြောက်တွေး မတွေးကြပါနဲ့) ကြည့်ပြီးတဲ့သူတိုင်း စွဲသွားကြတာ တွေ့နေရလို့၊ ပုံမှန်လွှင့်တဲ့အချိန် စောင့်ကြည့်ရအောင်လည်း အလုပ်အား၊ မအားကမသေချာလို့ မကြည့်တာပါ။ (ကိုရီးယား ရုပ်ရှင်ပရိတ်သတ်ကိုတော့ ကြောက်ပါတယ်။သူတို့ အထင်လွဲမှာစိုးလို့ ကြိုတင်ဖြေရှင်းထားရတာပါ။)

အဲဒီလို ဒီဗီဒီ၊ ရုပ်ရှင်ကားတွေ ကြည့်ရင်းနဲ့ လွန်ခဲ့တဲ့တစ်ညက ကြည့်လိုက်ရတဲ့နိုင်ငံခြားကားလေးက တော်တော့်ကိုစိတ်ဝင်စားဖို့ကောင်းပြီး၊ ဇာတ်လမ်းနဲ့သရုပ်ဆောင်အင်အားကကောင်းတော့ မြန်မာဒါရိုက်တာတွေ ဒီကားကြည့်မိပါစေ



www.burmeseclassic.com

www.burmeseclassic.com



လို့ဆုတောင်းရအလိုပေါင် ဖြစ်နေပါတယ်။ နာဂစ်ကြောင့် အခုလို့ဧရာဝတီ တိုင်းက ဗီဒီယိုရုံတွေ ပျက်စီးသွားတဲ့ သတင်းတွေကြားရ၊ ရိုက်ကူးခ ငွေကြေးတွေ ဈေးကြီးနေချိန်၊ မင်းသား၊ မင်းသမီးတွေ ဈေးလျှော့ယူသင့် မယူသင့် ပြဿနာတွေ ဂျာနယ်ထဲမှာ ဖတ်နေရတော့ ဒီဇာတ်လမ်းလေး၊ ဒီရုပ်ရှင်ကားလေးကိုသာ မြန်မာလို ရုပ်ရှင်ပြန်ရိုက်လိုက်ရင် ကောင်းမယ်။ ကုန်ကျစရိတ်လည်း သူတို့ခမျှာ သက်သာမယ် ဆိုပြီး မြန်မာပြည်က ဒါရိုက်တာကြီးတွေကို အသိပေးလိုက် ပါတယ်။ ကျိန်းသေလောက်နီးနီးကို ဒါရိုက်တာတွေ ပြန်ရိုက်ချင်ကြမှာပါ။ (အကြံပေးခတော့ ပေးရမယ်နော်)

နာမည်က **'SLEUTH'** ပါ။ အဲဒီနိုင်ငံခြားကားက တစ်ကားလုံး မင်းသားကြီးနဲ့ မင်းသားငယ် နှစ်ယောက်တည်း၊ အိမ်တစ်လုံးထဲမှာ ပညာပြိုင်ကြတာကို ရိုက်ထားပါ။ မင်းသမီးဇာတ်ပို့၊ ဇာတ်ရံလည်း လုံးဝမပါ။ ခြံထဲကနေ ခြံဝအထိတောင် ထွက်စရာမလို့ဘဲ တစ်ကားလုံးသရုပ်ဆောင် နှစ်ယောက်တည်းနဲ့အပြိုင်ကျဲပြီး ဇာတ်သိမ်းထားတော့၊ အဲဒီလို ဇာတ်လမ်းမျိုးသာအခုလို အစစအရာရာ ဈေးကြီးနေတဲ့ မြန်မာရုပ်ရှင်၊ ဗီဒီယိုလောကအတွက် မသင့်တော်ရင် ဘယ်ဇာတ်လမ်း သင့်တော်ဦးမှာလဲ၊ ဟဲ . . . ဟဲ။ အခုလောက်ဆိုရင်တောင် ရိုက်ပြီးနေပြီးလားတောင် မသိပါဘူး။ ထွက်သွားပြီးတဲ့ ဗီဒီယိုဇာတ်လမ်းတွေထဲမှာ ပါသွားရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်က မြန်မာကားဆိုရင် တော်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဖြစ်လို့ပါ။ (အဲဒါလည်းစွဲသွားမှာ စိုးလို့ပါ။ မြန်မာရုပ်ရှင်ပရိတ်သတ်ကိုလည်း ကြောက်ပါတယ်။) ခရီးသွားဖြစ်တဲ့အခါ အဝေးပြေးခရီးသည်တင်ကားပေါ်မှာ ဖွင့်တဲ့ မြန်မာဇာတ်လမ်းတွေကိုတော့ ကြည့်ဖြစ်ပါတယ်။

တစ်ခါက မန္တလေးကအပြန် အဝေးပြေးကားပေါ်မှာ ရုပ်ရှင် (မြန်မာဗီဒီယိုဇာတ်လမ်း) ပြတော့ ကြည့်မိပါတယ်။ ဇာတ်လမ်းထဲ စိတ်ပါပြီး ကြည့်နေတုန်း၊ ဘေးမှာ ထိုင်လိုက်တဲ့ သူငယ်ချင်းက ဇာတ်သိမ်းခန်းကို တန်းပြောပါတယ်။

ကျွန်တော်လည်း စိတ်တိုသွားပြီး 'မင်းကြည့်ပြီးရင်တော့ ဒီလိုဇာတ်သိမ်းခန်း မပြောသင့်ဘူး' ဆိုပြီး သူ့ကိုရန်တွေ့ရပါတော့တယ်။ သူက 'ကျွန်တော် ဒီကား မကြည့်ရသေးပါဘူး။ ကျွန်တော့် ယောက္ခမကြီးကို ညတိုင်းဂျပန်ခေတ် နောက်ခံ (တောကား) တွေအခွေဆိုင်က ငှားပေးနေရတော့ အဲဒီလို ဇာတ်သိမ်းက ဗီဒီယိုကားတိုင်းမှာ ခဏခဏ ပါနေတော့ ဒီကားလည်းဒီလိုပဲ ဇာတ်သိမ်းမှာ သိပြီးသားပါ'တဲ့။ တကယ်လည်း သူပြောသလို၊ အဖေနဲ့ သားနဲ့တွေ့ပြီး သားက အဖေကို အဖေမှန်းမသိဘဲ လူဆိုးထင်၊ သေနတ်နဲ့ပစ်လိုက်ပြီး အဖေသေတဲ့အခန်းနဲ့ ဇာတ်သိမ်းသွားပါတယ်။ အံ့ဩစရာကောင်းလောက်အောင် ဇာတ်လမ်းကို ခန့်မှန်းတဲ့ပညာမှာ အကြားအမြင်ရသလား ထင်ရအောင် ခန့်မှန်းနိုင်သူက တယော 'ချမ်းဟိန်းကြွယ်' ပါ။ (အခုလိုဖော်ထုတ် ရေးပြလိုက်လို့ ချမ်းဟိန်းကြွယ်ကိုလည်း ဗီဒီယိုဆရာတွေ စိတ်မဆိုးကြပါနဲ့နော်)။



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုဆိုလို့ ကျွန်တော် အတွေ့အကြုံအရ တောင်ကြီးမြို့ကအပြန်လာတဲ့ လမ်းမှာ ခရီးသည်တင်ကားပေါ်က ခရီးသည်တွေကို ဗီဒီယိုပြပုံကလည်း တော်တော့်ကိုထူးဆန်းတာတွေ့ရပါတယ်။ ည (၈) နာရီလောက် မြန်မာကားတစ်ကားစပြပါတယ်။ ပြပြီးလို့ (၁၅) မိနစ်လောက်အကြာမှာ ခရီးသည်အားလုံးအောက်ဆင်းဖို့ ကားရပ်ပါတယ်။ ကားခဏရပ်ပြီးလို့ ပြန်ပြတော့အခွေကို ဘာကြောင့်မှန်းမသိ အစကနေစပြီး ရှေ့ကိုရီမုဒ်ကွန်ထရိုးနဲ့ ကျော်တော့တာပဲ။ ခရီးသည်တွေခမျာ၊ သူတို့ကြည့်နေတဲ့ ဇာတ်ဝင်ခန်းရောက်နေပေမယ်လည်း ကားဆရာ (ဒါမှမဟုတ်၊ စပါယ်ရာကောင်လေး) ကကျော်တာ မရပ်တော့ဘာမှမပြောဝံ့ဘဲ၊ ဒီအတိုင်းသနားဖွယ်ဆက်ပြီး ကြည့်နေကြရပါတယ်။ စပါယ်ရာ (ကားအကူကောင်လေး) က သူ့ဘာသာသူရပ်တဲ့နေရာမှာ ရပ်ပေးလိုက်တဲ့ ဇာတ်လမ်းနေရာကပဲ ဖြည့်တွေးပြီးပြတဲ့ ဇာတ်လမ်းနေရာကပဲ စကြည့်ကြရပါတယ်။ အဲဒီလိုပြနေတုန်း အခွေကအစင်းရာပါလို့ ထစ်နေတာကိုသည်းမခံနိုင်တဲ့ ကားဆရာတွေက ချက်ချင်းပဲ အခွေကိုထုတ်လိုက်ပြီး ဗီစီဒီအခွေ ဒုတိယချပ်ကို ထည့်လိုက်တော့ ဇာတ်လမ်းက တစ်ဝက်တိတိလောက် ဘာမှန်းမသိဘဲကြည့်ရပါတော့တယ်။ အဲဒီလို လုပ်ချင်တိုင်းလုပ် ထင်သလိုပြတဲ့ ဇာတ်လမ်းကိုတောင် ကားပေါ်က မြန်မာရုပ်ရှင်ချစ်သူ ခရီးသည်တွေခမျာ ခန့်မှန်းပြီး ကြည့်ကြတော့ ဇာတ်လမ်းကလည်း အိုးကြသွားပါတယ်။ 'ချမ်းဟိန်းကြွယ်' တစ်ယောက်တည်း ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းတတ်တယ် ထင်မိတဲ့ ကျွန်တော့်မှာ ကားပေါ်က လူတွေအားလုံးလည်း ဇာတ်လမ်းကို ခန့်မှန်းတာ တယ်တော်ပါလားဆိုပြီး မှတ်ချက်ချရပါတော့တယ်။ (တကယ်တော့ ကားဆရာတွေရဲ့ လုပ်ရပ်ကို စိတ်တောင် မဆိုးရဲကြတဲ့ ခရီးသည်တွေမှာတော်တော့်ကို သနားဖို့ကောင်းပါတယ်။)

ကားဆရာတွေကလည်း ကိုယ့်ရဲ့ထမင်းရှင် ခရီးသည်တွေကို ဒီလိုအပြုအမူမျိုး မလုပ်သင့်ပါဘူး။ကျွန်တော်က မနေနိုင်လို့ ထပြောပြန်ရင်လည်း ကားဆရာတွေအမြင်မှာ အနုပညာသမားတွေက လူတွင်ကျယ်လုပ်တယ်လို့ထင်မှာစိုးလို့မြိုသိပ်ပြီးပြန်လာရပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်အဆင်ပြေနေတဲ့ မြန်မာရုပ်ရှင် ပရိတ်သတ်ခရီးသည်တွေအတွက် ကျွန်တော့်မှာ လက်ရှောင်နေခဲ့ရပါတယ်။ ဒီလိုအဖြစ်လေးတွေ ရေးပြလို့မြန်မာရုပ်ရှင်တွေကို ကျွန်တော် မကြိုက်ဘူး မထင်ကြပါနဲ့။ ကျွန်တော် တကယ်ကြိုက်တဲ့ မြန်မာရုပ်ရှင်ကားတွေ အများကြီးရှိတယ်။ 'မှုန်ရွှေရည်'၊ 'အတွယ်အတာ'၊ 'ပုလဲမျက်ရည်'၊ 'ဘယ်သူပြိုင်လို့ လှပါတော့နိုင်'၊ 'တစ်ခါကတစ်ဘဝ'၊ 'ပန်းမြိုင်လယ်ကည[illegible]ယာဉ်မှူး'၊ 'သကြိန်မိုး'၊ 'ကျီးယောင်ဆောင်သောဒေါင်း'၊ 'အစဉ်သဖြင့်'စတဲ့ မရေတွက်နိုင်အောင် များလှတဲ့ မြန်မာရုပ်ရှင်ကားကောင်းတွေ ကြိုက်ခဲ့ပါတယ်။

ကျွန်တော် ကျောင်းမတက်ဘဲ၊ ကျူရှင်မတက်ဘဲ (ရုပ်ရှင်ရုံက ဇာတ်ကားပြန်မဆင်းမီ အလုအယက် ကြည့်ဖူးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်) ကြည့်ပြီးလို့ အိမ်ပြန်ချိန်မှာလည်း တသသနဲ့ပြန်ခဲ့ဘူးပါ တယ်။ ဇာတ်ဝင်ခန်းမှာပါတဲ့သီချင်း (ရုပ်ရှင်သီချင်း) တွေဆို ရင်လည်း မြန်မာအသံက ညနေပိုင်း ပုံမှန်လွှင့်လေ့ရှိတဲ့နေ့ ဆိုရင် ရေဒီယိုနားမှာကပ်ပြီး နားထောင်ရတဲ့ အရသာကို အခုထိသတိရနေဆဲပါ။ (အခုတော့ မြန်မာရုပ်ရှင်ကိုလည်း ဖြတ်ထားရပါတယ်။ ဟဲဟဲ . . . စွဲသွားမှာ စိုးလို့ပါ) မြန်မာရုပ်ရှင်ကိုကြိုက်သလို၊ နိုင်ငံခြားရုပ်ရှင်ထဲကလည်း ကြိုက် ဖူးပါတယ်။ ကျွန်တော် နိုင်ငံခြားကားတွေထဲမှာလည်းတချို့ တစ်ဝက်ကားတွေကို ကြိုက်ပြီဆိုခဲ့ရင် (ငယ်ငယ်က) ခဏ ခဏ ပြန်ကြည့်ပါတယ်။ 'ပပဝင်း'ရုံမှာတင်ခဲ့တဲ့'ဟယ်ရီဆင်ဖို့' ပါဝင်တဲ့'အင်ဒီရာနာဂျုံး'စွန့်စားခန်းရုပ်ရှင်မျိုးကို(၅)ခါလောက် ကြည့်ပြီး' On the Road ' တို့၊ ' Shogun Ninja ' တို့လို ရုပ်ရှင်မျိုးကတော့(၁၀)ခါလောက်ကို ထပ်ကြည့်ပါတယ်။ ရုပ် ရှင်ဇာတ်ဝင်သီချင်းကို ကြိုက်လွန်းလို့ ရုပ်ရှင်ရုံထဲမှာ မရ,ရ အောင် လိုက်မှတ်တာပါ။ (အခွေကလည်း ဝယ်လို့မရ၊ အခုခေတ်လို အင်တာနက်ကလည်း Download လုပ်လို့မရ တော့ရုပ်ရှင်ကြည့်ရင်း သီချင်းပါထိုင်ကျက်ရပါတယ်။) ဒီလို ရုပ်ရှင်တွေကို မလွတ်တမ်းကြည့်ခဲ့တဲ့ ကျွန်တော်ဟာတဖြည်း ဖြည်းနဲ့ အလုပ်တွေပိပြီး မြန်မာရုပ်ရှင်၊ နိုင်ငံခြားရုပ်ရှင်တွေပြ တဲ့ ရုပ်ရှင်ရုံတွေနဲ့ မသိမသာ ဝေးလာတယ်။

ရုပ်ရှင်ကြည့်မယ်ဆိုရင် တစ်ယောက်တည်း မကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ကျွန်တော့်မှာသူငယ်ချင်းအဖော်တွေကလည်း ရုပ်ရှင်ကြည့်ဖို့ သိပ်မလိုက်ချင်ကြတော့ ရုပ်ရှင်ရုံဘက် ခြေဦးမလှည့်ဖြစ်တော့ပါဘူး။ ကျွန်တော် အကြိုက်ဆုံး ဒါရိုက်တာ 'စတီဗင် စပီးဗတ်စ်' ရဲ့ 'Saving the Private Ryan' ဆိုတဲ့ အော်စကာဆု ရ ရုပ်ရှင်ကားကြီး 'နေပြည်တော်' ရုံမှာတင်ချိန်က ကျွန်တော့်ဇနီးသည်နဲ့တောင် အိမ်ထောင်မပြုရသေးပါဘူး။ ရည်းစားဘဝနဲ့ အဲဒီကားကို ကြည့်ကြတော့ သူက 'အဲဒီရုပ်ရှင်က စစ်ကားကြီး၊ ပျင်းစရာကောင်းလို့ မကြိုက်ဘူး' ဆိုတာကြောင့် ပြီးအောင် မကြည့်ဖြစ်ဘဲ အပြင်ပြန်ထွက်ခဲ့ရပါတယ်။ ဒါကြောင့် မကျေပွဲနွှဲတဲ့အနေနဲ့ ကျွန်တော်တို့ 'Lazy Club' အဖွဲ့ကို ကူညီလုပ် ကိုင်ပေးသူ 'ကိုဘကွန်း' နဲ့ညနေ (၆) နာရီပွဲ (ထင်ပါသည်) ဝင်ကြည့်ပါတယ်။ အဲဒီအချိန်က အသံပတ်လည်က ကြားရတဲ့ စနစ်ကို စတင်တဲ့အချိန် မကြာသေးတာမို့ 'နေပြည်တော်' ရုပ်ရှင်ရုံကြီးကလည်း အအေးဓာတ်ကကောင်း၊ အသံကလည်း ကောင်းဆိုတော့ တကယ့်မိုးရွာထဲက စစ်ပွဲကြီးထဲ ရောက်နေရသလိုပါပဲ။ ကျွန်တော်တို့နှစ်ယောက်လုံး ရုပ်ရှင်ထဲမှာ မျောပါသွားပါတယ်။ ရုပ်ရှင်ရဲ့ဇာတ်ဝင်ခန်းမှာ ဘုရားကျောင်းအပျက်ထဲက 'ဂျူးမိသားစု' ကို အမေရိကန်စစ်သားတွေက ဝင်ကယ်ဖို့ကြိုး စားနေချိန် မိုးရွာထဲမှာ ဂျာမန်လက်ဖြောင့် သေနတ်သမားက ချောင်းမြောင်းပြီး အမေရိကန်စစ်သားတွေကို ပစ်ဖို့ကြံနေတဲ့ အခန်းဆိုတော့ မိုးသံဖွဲဖွဲလေးကြားမှာ တိတ်ဆိတ်ပြီး တစ်ရုံလုံး ငြိမ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ကျွန်တော်တို့ရဲ့ နောက်တန်းက ထိုင်ခုံအလွတ်တွေမှာ ကမန်းကတန်းဝင်လာပြီး နေရာယူကြတဲ့ အမျိုးသားထောင်းထောင်းမောင်းမောင်း၊ စစ်ရောင်မိုးစိုဂျာကင်ဝတ်ထားတဲ့ ပုဂ္ဂိုလ်ကြီး (၅) ယောက် ဝင်လာကြပါလေရော။ သူတို့ (၅)ယောက်လုံးက ခုံမှာထိုင်ပြီးတာနဲ့ နေကြာစေ့စား၊ စကားတွေပြော၊ အချင်းချင်းနောက်ကြ၊ ပြောင်ကြတာ၊ တစ်ရုံလုံး ဆူညံနေပါတော့တယ်။ သူတို့မရောက်ခင်က ရခဲ့တဲ့ တိတ်ဆိတ်တဲ့ အရသာလေးလည်း ပျက်သွားပါတော့တယ်။ သူတို့ရဲ့ အလိုက်မသိမှုပြီးသွားမလားဆိုပြီး စောင့်နေပေမယ့် ရပ်မသွားတဲ့အပြင် ပိုတောင်ဆိုးလာပြီး စကားအကျယ်ကြီး ပြောလာပါတော့တယ်။

သူတို့အုပ်စုက အင်အားကောင်းတာကြောင့် ဖက်ပြိုင်ပြီး ရန်မရှာလိုတဲ့ ရုပ်ရှင်ကြည့် ပရိတ်သတ်ကြီးခမျာ စိတ်ညစ်ညစ်နဲ့ သူတို့ရဲ့ မသိဆိုးရွားမှုဒဏ်ကို ခံရပါတော့တယ်။ အဲဒီလို တစ်ရုံလုံး ဒုက္ခခံနေရတုန်း ရုတ်တရက် ကယ်တင်ရှင်ပေါ်လာပါတော့တယ်။ အဲဒီလူက ကျွန်တော့်ဘေးမှာ ထိုင်နေတဲ့ 'ကိုဘကွန်း' ပါ။ သူက အရပ်ကလည်း (၆) ပေကျော် ထောင်ထောင်မောင်းမောင်း နီဂရိုးကြီးလောက်ကြီးတဲ့ လူကြီးပါ။ မိုက်ကလည်းမိုက်ပါတယ်။ ရန်လည်းဖြစ်နေကြပါ။ သံယောဇဉ်အတွယ်အတာလည်း မရှိပါဘူး။ ဒါကြောင့် ခုနက အလိုက်မသိတဲ့ အမျိုးသားကြီး (၅)ယောက်ရှိရာ နောက်ဘက်ကို လှည့်ပြီး 'မင်းတို့ ပါးစပ် ပိတ်လိုက်လို့' အသံအကျယ်ကြီးနဲ့ တစ်ရုံလုံးဟိန်းအောင် ဟောက်လိုက်ရုံမက၊ 'မအေနဲ့ပါတိုင်းပြီး'



www.burmeseclassic.com

www.burmeseclassic.com



ဆဲလိုက်ပါတယ်။ သူဆဲလိုက်တာ တော်တော်ညစ်ပတ်ပေမယ့် တစ်ရုံလုံးက ပရိသတ်ကတော့ သူ့ကိုသဘောကျသွားပါတယ်။ (ဟို လူတွေကလည်း တော်တော်လွန်နေလို့ပါ) နောက်ဘက်က ထိုင်ခုံမှာ ထိုင်နေတဲ့ လူကြီး(၅)ယောက်ကတော့ အသံတိတ်သွားပါတယ်။ အဲဒီတော့မှ နောက်ကျောကနေ ကျွန်တော်တို့နှစ်ယောက်ကို ဓားနဲ့ထထိုးတော့မလား၊ လက်သီးနဲ့ပဲဝင်လာတော့မလားတွေးမိနေပြီးရုပ်ရှင်တောင် စိတ်မဝင်စားတော့ပါဘူး။ မှောင်နေတော့ သူတို့ရဲ့မျက်နှာတွေလည်းမတွေ့ရ၊ သူတို့ရဲ့အကြံကိုလည်းမမြင်ရတော့နောက်ကျောမလုံတဲ့ ဒုက္ခကိုနှစ်ယောက်လုံး ခံစားနေရပါတယ်။

ကျွန်တော်တို့ဘေးက ထိုင်ခုံတွေမှာလူမရှိကြပါဘူး။ ဒါကြောင့် အားကိုးရာမဲ့နေပါတယ်။ ကိုဘကွန်းကလည်း ဒေါသကြောင့်အော်ဆဲလိုက်မိပေမယ့် အခုလို လူကြီး (သူ့လောက်နီးနီးရှိတဲ့ (၅) ယောက်နဲ့(၂)ဆိုတော့ အင်အားမမျှလို့ နောက်ကြောင်းမအေးပါဘူး, ဆက်မကြည့်ဘဲ အပြင်ထွက် မယ်ဆိုရင်လည်း အဲဒီ(၅)ယောက်က လိုက်လာပြီး ရိုက်နှက်မှာကြောင့်)ရုပ်ရှင်ပြီးတဲ့အထိ အသည်းယားနဲ့ကြည့်ရပါတော့တယ်။

ရုပ်ရှင်ပြီးလို့မီးအားလုံးဖွင့်ပြီး ပရိတ်သတ်အားလုံး မတ်တတ်ရပ်ချိန်မှာရောယောင်ပြီး ကျွန်တော်တို့နှစ်ယောက်လည်းထရပ်ပြီး နောက်ကလူကြီး (၅) ယောက်နဲ့မျက်နှာချင်းဆိုင်ဖြေရှင်းရတော့မယ်ဆိုမှသေသေချာချာ မြင်လိုက်ရတာက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



(၅) လုံးက 'အလှဖန်တီးရှင် အကြီးစား' ကြီးတွေ ဖြစ်နေပြီး၊ သူတို့(၅) ယောက်လုံးက 'ကိုဘကွန်း' ကိုပြုံးပြုံးကြီး အားရပါးရ ကို ပြီတီတီမျက်နှာတွေနဲ့ ဝိုင်းကြည့်ကြတော့တာကြောင့် ရုံအပြင်ဘက်ကို ကျွန်တော်တို့နှစ်ယောက်လုံး အောင်မြင်စွာ ပြေးထွက်ခဲ့ရပါတော့တယ်။

**(မလေးရှားရောက် ကိုဘကွန်းအတွက် အမှတ်တရ)**

၂၅ရက်၊ဇွန်လ၊ ၂၀၀၈ခုနှစ်ထုတ် နံနက်ခင်းသတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.248



www.burmeseclassic.com

www.burmeseclassic.com




# ကျွန်တော်နဲ့ စိုင်းထီးဆို

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်တော် ဒီစာလေးရေးမယ်ဆိုပြီး ကြိုးစားခဲ့တာ လွန်ခဲ့တဲ့ ၂ပတ်၊ ၃ပတ်ခန့်ကတည်းကပါ။ ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့(ကိုထီးလို့ခေါ်ကြတဲ့) အဆိုတော်ကြီး စိုင်းထီးဆိုင်နဲ့ တွေ့ခဲ့ကြတာ သိပ်မကြာသေးပါ။

ပြီးတော့ ကိုထီး နေမကောင်းဖြစ်နေတာ ကိုယ်တိုင်တွေ့မေးခဲ့ပြီး ဒီလို အမြန်ဆုံးဂီတလောကထဲက ထွက်သွားမယ်လို့ လုံးဝမထင်မှတ်ခဲ့ရလို့၊ အေးအေးဆေးဆေးဖြစ်တော့မှပဲ ရေးတော့မယ်ဆိုပြီး ကိုထီးနဲ့ အမှတ်တရ အကြောင်းအရာလေးကို မရေးဖြစ်ခဲ့ပါဘူး။ စိတ်ထဲမှာ သိမ်းထားဖြစ်ခဲ့ပါတယ်။

၁၀-၃-၂၀၀၈ မနက် စနာရီလောက်မှာ ကျွန်တော်-ခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



ရင် အဖော်လိုက်ပေးလေ့ရှိတဲ့ ကိုစိန်ပီတာဆီက ဖုန်းလာပါတယ်။ ကိုထီး ဆုံးသွားပြီဆိုတဲ့ အသံကြားလိုက်ရချိန်မှာ သင်္ခါရတရားရဲ့ အပြောင်းအလဲမြန်ပုံကို မျက်ဝါးထင်ထင် တွေ့မိပါတော့တယ်။

ဒီလိုသိခဲ့ရချိန်မှာ ကိုထီးနဲ့ပတ်သတ်ခဲ့တဲ့ အဖြစ်လေးကို စိတ်ထဲမှာ မြင်လာမိပါတယ်။ မနက်၁၀နာရီလောက်မှာ'နံနက်ခင်း ဂျာနယ်တိုက်' ကလည်း လှမ်းပြီးသတင်းပေးပါတယ်။ ကျွန်တော် သိပြီး ဖြစ်လို့ သူတို့ကို သိပြီးကြောင်း ပြန်ဖြေပြီးချိန်မှာ ကိုထီးနဲ့ ပတ်သတ် ပြီး အမှတ်တရအဖြစ် ရေးပေးဖို့ သူတို့ကလည်း တောင်းပါတယ်။

ကျွန်တော်လည်း နေ့ပိုင်း နဝရတ်စတူဒီယိုမှာ သီချင်းသွင်းသွား ဖို့ကိစ္စရှိတာရယ်၊ ဂီတအစည်းအရုံးက အစည်းအဝေးတစ်ခု တက်ရမှာ ရယ်ကြောင့် ညကျမှ ရေးဖို့စဉ်းစားရပါတော့တယ်။

ဒါကြောင့် ည ၇-နာရီမှ ကိုစိန်ပီတာနဲ့ ကိုထီးရဲ့ နေအိမ်ရှိရာ ကျောက်မြောင်းကို ရောက်ဖြစ်ပါတယ်။ (အဲဒီမှာ တစ်ခုပြောစရာရှိတာ က ကျွန်တော့်ရဲ့ သူငယ်ချင်းကိုစိန်ပီတာဟာ ဟိုးအရင်ကတည်းက ကိုထီးရဲ့ သက်တော်စောင့် ဖြစ်ခဲ့သူပါ။ တကယ်လည်း ကိုထီးကို ဘယ် လောက် သစ္စာရှိသလဲဆိုရင် ကိုထီး ဆေးရုံတက်တယ် သတင်းကြား တာနဲ့ အလုပ်အားလုံးကို ပစ်ပြီး၊ သွားပြုစုခဲ့ရာမှာ ကိုထီး အသက် ဆုံးပါးချိန်အထိ မိသားစုနဲ့အတူတူ နေ့ညမအိပ် ပြုစုခဲ့ရှာပါတယ်။)

ကိုထီးရဲ့ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်းက နေအိမ်ရောက် တော့ ကိုထီးရဲ့ သူငယ်ချင်းဖြစ်သူတစ်ယောက်က ကျွန်တော့်ကို လှမ်း ပြောပါတယ်။

"ကိုနိုင်ဇော်၊ ကိုထီးအကြောင်း ဘာလို့ မရေးတာလဲ။ ကိုစိုင်းမောဝ်အကြောင်းဖတ်လိုက်ရလို့ ကိုထီးအကြောင်းလည်း ရေးစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်လို့ သူရဲ့ဆန္ဒကို ထုတ်ပြောခဲ့တော့မှပဲ ကျွန်တော်လည်း အိမ်ပြန်ရောက်ရောက်ချင်း ကိုထီးနဲ့ အမှတ်တရတစ်ခုကို အလွမ်းပြေ ဂုဏ်ပြုတဲ့စာစုလေးတစ်ခုအဖြစ် ကြိုးစားပြီး ရေးခဲ့ရပါတော့တယ်။

* * *

ကိုထီးနဲ့ကျွန်တော်ဟာ တကယ်တော့ စာတစ်တန် ပေတစ်တန်ရေးရလောက်အောင် တအားကြီး တွဲဖြစ်ခဲ့၊ ခင်မင်ခဲ့ကြသူတွေတော့ မဟုတ်ဘူးဆိုတာ ပထမဆုံး ဝန်ခံပါရစေ။

ကိုထီးအကြောင်းကိုလည်း ကျွန်တော့်ထက်ပိုသိတဲ့ တီးဝိုင်းသမားတွေ၊ အဆိုတော်တွေ အံမျှားကြီးရှိတယ်ဆိုတာလည်း ကျွန်တော်သိပြီးသားပါ။

ဒါပေမယ့် ကိုထီးရဲ့ သီချင်းတွေကို ငယ်စဉ်ထဲက ကြိုက်နှစ်သက်လွန်းတဲ့ ကျွန်တော်က ကိုထီးနဲ့ မင်္ဂလာဆောင်တွေ တီးဖြစ်ချိန်မှာ အမြဲတမ်း ဂရုစိုက်ပြီး တီးပေးဖြစ်ခဲ့ပါတယ်။ ကိုထီးရဲ့ ရှေးယခင်က ဂစ်တာသံစဉ်လေးတွေကို မတူတူအောင် ဂရုစိုက်ပြီး တီးပေးဖြစ်ခဲ့ပါတယ်။

ကိုထီးရဲ့သီချင်းတွေကို ကျွန်တော် ကြိုက်ပုံတစ်ခုကိုလည်း ရှင်းပြပါရစေ။

ကျွန်တော်က ကိုထီးရဲ့ သီချင်းဆိုရင် အသစ်ထက် အဟောင်းကိုပိုကြိုက်ပါတယ်။ ကိုထီးသီချင်းတွေဆိုရင် ကက်ဆက်ခွေအဟောင်းက မှိုတက်နေပစေ၊ ကျွန်တော်က သိမ်းပါတယ်။ ဖွင့်ပါတယ်။ ဖြစ်နိုင်ရင် ပြန်တီးတဲ့(New Version)ပုံစံ ဘယ်လိုပဲ ကောင်းပါစေ အဟောင်းကို ပိုကြိုက်ပါတယ်။ အဟောင်းကိုပဲ ဝယ်သိမ်းပါတယ်။ (ပြန်တီးကြတဲ့ ပုဂ္ဂိုလ်တွေရဲ့လက်သံကို မကြိုက်လို့မဟုတ်ပါ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ ရှုးသွပ်မှုသာ ဖြစ်ပါတယ်။) အဲဒီလို ပုဂ္ဂိုလ်ခင်တာကြောင့် တရားမင်တာ မဟုတ်ဘဲ၊ တရားမင်တာကြောင့် ပုဂ္ဂိုလ်ခင်သလို ဖြစ်နေတာကြောင့် ကိုထီးနဲ့ စကားနည်းနည်းပဲ ပြောဖြစ်ပါစေ၊ လေးစားမှုနဲ့ သတိထားပြောမိပါတယ်။ တကယ်တော့ ကိုထီးဟာ ရယ်စရာ အရမ်းပြောတတ်ပါတယ်။ ဥပမာတစ်ခု ရေးပြပါ့မယ်။

မှတ်မှတ်ရရ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ Live Show ကြီးတစ်ခုမှာ ကျွန်တော်ဧည့်သည် ဂစ်တာသမားအဖြစ် ဝင်တီးဖြစ်ခဲ့ပါတယ်။ အဲဒီပွဲဟာ ဂီတလောကထဲက တိုင်းရင်းသားပေါင်းစုံ တွေ့ကြတဲ့ ပွဲဖြစ်တာနဲ့အညီ တိုင်းရင်းသားရိုးရာ ခေါင်းရည်တွေကိုလည်း ဓလေ့ထုံးစံနဲ့အညီ တိုက်ကြပါတယ်။ ကိုထီးက အရမ်းပျော်တတ်တော့ တော်တော်ကို သောက်ဖြစ်လိုက်ပုံ ရပါတယ်။ အဖွဲ့လိုက် ဆိုကြတဲ့ Group Song အစီအစဉ်မှာ ကျွန်တော်ဂီတာ ဝင်တီးပေးဖြစ်ပါတယ်။ (မြန်မာလူမျိုးကိုယ်စားပေါ့။) အဲဒီမှာ ကျွန်တော်တီးတဲ့ ဂစ်တာ Effect ရှေ့မှာ ကိုထီးက သီချင်းဆိုနေပါတယ်။ သူဆိုရင်းနဲ့ ရှမ်းတိုင်းရင်းသားရိုးရာ အကကို စ,ကပါတယ်။ အဲဒီလိုကနေရင်းက ခြေချော်လို့ပဲလား၊ ရိုးရာခေါင်ရေအစွမ်းကြောင့်ပဲလား မသိလိုက်ရဘဲ အရှိန်လွန်ပြီး ကျွန်တော့်ရဲ့ ဂစ်တာ Effect အပေါ်ကို ကျသွားပါတယ်။ ကျွန်တော်လည်း Effect မှန်ပြားပေါ်ကို လူတစ်ကိုယ်လုံး အားပြုပြီး လဲတာကြောင့် ကိုစိန်ပီတာ တို့ လာထူပေးကြပါတယ်။ ဒီလိုနဲ့ စတိတ်ရှိုးစပြီး အဆိုတော်တွေ၊ အတီးသမားတွေ ပါးစပ်ဖျားမှာ ကိုထီးတစ်ယောက် ဒီပွဲမှာ အတော် မှောက်သွားတယ်ဆိုပြီး စကြတော့တာပါပဲ။

နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ မင်္ဂလာဆောင်တစ်ခုမှာ သူနဲ့ ကျွန်တော်ဆုံဖြစ်တော့ သူက ကျွန်တော့်ဂစ်တာ Effect ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တက်နင်းမိတာကြောင့် အားနာနေပုံနဲ့ ကျွန်တော့်ကို ရှင်းပြပါတယ်။ သူရှင်းပြတဲ့ စကားက "လူတွေက အဲဒီစတိတ်ရှိုးမှာ ကျွန်တော့်ကို မှောက်သွားတယ်၊ မှောက်သွားတယ်လို့ ပြောနေကြတယ်။ တကယ်လည်း မှောက်သွားတာ မဟုတ်ဘဲနဲ့။ တကယ်တော့ ကျွန်တော်က ပက်လက်လန်ကျသွားတာပါ" ဆိုပြီး ကြဲကြဲဖန်ဖန် ရယ်စရာ ပြောပါတယ်။

ကျွန်တော်လည်း ကိုထီးကို ပြန်စမိပါတယ်။ "ကိုထီး၊ ကျွန်တော့်ဂစ်တာ Effect ကိုတက်နင်းလိုက်တော့ ကျွန်တော် တော်တော်လေးစိတ်ပူသွားတယ်။ ဘာဖြစ်သွားသလဲ၊ ကျိုးသလား၊ ပဲ့သလား၊ သေသေချာချာကြည့်မိတော့ ဘာမှမဖြစ်ဘူးဆိုတာ သိရမှ ကျွန်တော် တော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ တက်လည်း နင်းသေးတယ်၊ ဘာမှလည်း မဖြစ်တော့ ကျွန်တော့်မှာ အလျော်လည်း မရ၊ ဂစ်တာ Effect လည်းနာ၊ ဘယ်လိုလုပ်ကောင်းတော့မှာလဲ" လို့ ပြန်စမိတာကို သတိရမိပါတယ်။

လွန်ခဲ့တဲ့ တစ်လ၊ ဖေဖော်ဝါရီလ ၁၁၊ ၁၂ရက်နေ့က ကျွန်တော်တို့ Lazy Club အဖွဲ့ တာချီလိတ်မြို့ကို စတိတ်ရှိုးတီးဖို့ ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီစတိတ်ရှိုးမှာ ကိုထီး(စိုင်းထီးဆိုင်)လည်း ပါဝင်ပါတယ်။ ကျွန်တော်တို့စီးတဲ့ လေယာဉ်ပျံ၊ နေ့လယ် ၁နာရီခွဲလောက်၊ တာချီလိတ်ကို ရောက်လို့ ကျွန်တော်တို့အားလုံး 'ဧရာဝဏ်' ဟိုတယ်မှာ နားဖို့ ပွဲစီစဉ်သူက စီစဉ်ပေးပါတယ်။ အဲဒီမှာ ဟိုတယ် ဧည့်ခန်းအဝင်ဝမှာ ကိုထီးတစ်ယောက်တည်း ရပ်နေတာတွေ့ရလို့ "ကိုထီး၊ ကျွန်တော်တို့ထက်စောပြီး ရောက်နေတာပေါ့။ ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား" ဆိုပြီး မေးချိန်မှာ ကိုထီးက စကားတောင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ပြန်မပြောနိုင်တာ တွေ့ရပါတယ်။ ကျွန်တော်က ဘာလို့လဲလို့ မေးကြည့်တော့ သူနေထိုင်မကောင်းတဲ့အကြောင်း လေသံပျော့ပျော့နဲ့ ပြန်ဖြေပါတယ်။ ကျွန်တော်လည်း ကိုထီး အနားယူလို့ရအောင် နှုတ်ဆက်ပြီး၊ ကိုယ့်အတွက် စီစဉ်ပေးတဲ့အခန်းထဲ ဝင်ခဲ့ပါတယ်။

ဒီလိုနဲ့ ၁၁-၂-၂၀၀၈ ညမှာ စတိတ်ရှိုး အစီအစဉ်စခဲ့ရပါတယ်။ ကိုထီးတစ်ယောက် သီချင်း (၇)ပုဒ်လောက်သာ ဆိုနိုင်ခဲ့လို့ ဟိုတယ်ပြန်ရောက်တော့ ကျွန်တော်က "ကိုထီး၊ သီချင်း ဘာလို့များများ မဆိုတာလဲ။ ပရိတ်သတ်တွေက တောင်းနေတာ ကြားရတယ်။ ကျွန်တော်တို့ ထပ်တီးပေးမှာပေါ့။ ဆိုသာဆိုပါ"ဆိုပြီး ပြောဖြစ်တဲ့အခါမှာ ဝေဒနာခံစားနေပုံနဲ့ မချိပြုံး,ပြုံးပြီး"မောနေလို့ မဆိုတော့တာပါ။ မခံနိုင်ဘူး"ဆိုပြီး ပြန်ပြောပါတယ်။

၁၂-၂-၂၀၀၈၊ မနက်အိပ်ရာက နိုးတော့ ကိုထီးတို့ဇနီးမောင်နှံနှစ်ယောက်ကို ဟိုတယ်ညှော်ခန်းမှာ တွေ့တာနဲ့ စကားပြောဖြစ်ပါတယ်။ ကိုထီးက သူ့ရဲ့ဝေဒနာ ခံစားရပုံကို ပြောပြတာကြောင့် ကျွန်တော်က"ကိုထီး သိပ်မပေါ့ပါနဲ့။ ရန်ကုန်ရောက်ရောက်ချင်း ဆေးရုံမှာ ပြကြည့်ပါလား။ ဖိဖိစီးစီးကုလိုက်ရင် ပြန်သက်သာလာမှာပါ။ ကိုထီး အစာအိမ်သွေးကြောလည်းပေါက်လို့ ဆေးရုံတက်လိုက်ရတယ် ကြားရလို့ ကျွန်တော်တို့ စိတ်ပူနေကြသေးတယ်။ ဖြစ်နိုင်ရင် ရန်ကုန်ရောက်တဲ့အခါ မင်္ဂလာပွဲတွေ လက်မခံဘဲ၊ ရောဂါကိုသာအရင်ကုပါ။ မင်္ဂလာဆောင် လက်ခံလိုက်ပြီး ဆေးမကုဖြစ်ခဲ့ရင် အခြေအနေဆိုးသွားမှ ဒုက္ခရောက်မယ်"လို့ သတိပေးဖြစ်ပါတယ်။

ကိုထီးရဲ့ ဇနီးဖြစ်သူက"အစ်မလည်း ပြောပါတယ်။ ရန်ကုန်ရောက်ရောက်ချင်း ဆေးရုံမှာ သက်ဆိုင်ရာ ဆရာဝန်တွေနဲ့ပြဖို့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ လျှော့ပြီး၊ ကျန်းမာရေး ဂရုစိုက်ဖို့ သတိပေးပါတယ်”ဆိုပြီး ရှင်းပြပါတယ်။ အခုတော့ မယ်ဆိုင်မှာရှိတဲ့ ဆေးရုံမှာသွားပြီး ဆေးစစ်ကြည့်တယ်။ နေ့လယ် အဖြေသွားယူရမယ်ဆိုပြီး ပြောရှာပါတယ်။

ဒီလိုနဲ့ ဒုတိယမြောက်နေ့ ၁၂-၂-၂၀၀၈ ညကို ရောက်လာပါတယ်။ အဲဒီညမှာ ကိုထီးအတွက် ဆုံးဖြတ်ရခက်တဲ့ ကိစ္စတစ်ခုက ပေါ်လာပါတော့တယ်။ အဲဒါက ကျွန်တော်တို့ စတိတ်ရှိုး ပြုလုပ်တဲ့ ကွင်းနဲ့ မနီးမဝေးမှာရှိတဲ့ စတိတ်ရှိုး ပြုလုပ်တဲ့ကွင်းနဲ့ မနီးမဝေးမှာရှိတဲ့ ရှမ်းဘုန်းကြီးကျောင်းဝင်းထဲမှာ ပြုလုပ်တဲ့ ရှမ်းရိုးရာပွဲတစ်ခုက ကိုထီးကို သီချင်းလာဆိုပေးဖို့ အကူအညီတောင်းလာပါတယ်။

ကိုထီးတစ်ယောက် တစ်ဖက်ကလည်း ငှားရမ်းထားတဲ့ ပွဲစီစဉ်သူကို အားနာ။ တခြားတစ်ဖက်က ရှမ်းရိုးရာပွဲဖြစ်နေတာကြောင့် ငြင်းရမှာလည်း မျက်နှာပူနဲ့ တော်တော့်ကို ဗျာများနေပုံ တွေ့ရပါတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ရဲ့ စတိတ်ရှိုးကို အရင်ဆုံးဆိုမယ်။ ပြီးတော့မှ ကီးဘုတ်တစ်လုံးတည်းနဲ့တီးမယ့် ရှမ်းရိုးရာပွဲကို သွားဆိုမယ်ဆိုပြီး(အားနာနာနဲ့)ဆုံးဖြတ် လိုက်ပုံရပါတယ်။

ဘာကြောင့် ပွဲစီစဉ်သူကို အားနာရသလဲဆိုတော့ ကျွန်တော်တို့ စတိတ်ရှိုးက ဝင်ကြေးနဲ့ဖြစ်ပြီး၊ ရှမ်းရိုးရာ ဘုန်းကြီးကျောင်းပွဲက အခမဲ့ပွဲ ဖြစ်နေလို့ပါ။ ဒါကြောင့် ပွဲစီစဉ်သူတွေအနေနဲ့ ငွေကုန်ကြေးကျခံပြီး ခေါ်ရတဲ့အတွက် ငွေကြေးဆုံးရှုံးမှာ စိုးရိမ်တာကြောင့် မျက်နှာပူတာဖြစ်ပုံရပြီး၊ ရှမ်းတိုင်းသားတွေအတွက်လည်း(တိုက်ဆိုက်ဆိုင်ဆိုင်) စတိတ်ရှိုးနဲ့ ရိုးရာပွဲ တစ်ရက်ထဲ ကျနေတာကြောင့် ငြင်းရမှာ(နောက်မဆိုပေး ဖြစ်မှာ) အားနာနေပုံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ပွဲစီစဉ်သူတွေနဲ့ တိုင်ပင်ညှိနှိုင်းရာမှာတောင် ကျွန်တော့်ကို ဝင်ပြီး ရှင်းပြခိုင်းလို့ ကျွန်တော်ဝင်ရှင်းပြပေးရပါတယ်။ (ကျွန်တော်ကတော့ ဂီတအစည်းအရုံးက ညှိနှိုင်းရေးအဖွဲ့ဝင် ဖြစ်နေတော့ ထုံးစံအတိုင်း ဝင်ပါရတော့တာပေါ့။) ဒီလိုနဲ့အားလုံးပြေလည်သွားပြီး စတိတ်ရှိုးစင်ရှိရာ ချီတက်ခဲ့ကြပါတယ်။

ကိုထီးစိတ်ထဲမှာ သူဆိုမယ့် စတိတ်ရှိုးကို ပိုက်ဆံအကုန်အကျခံပြီး လာကြည့်ကြသူတွေကို တော်တော်ကို ကျေးဇူးတင်ပုံရပါတယ်။ ဒါကြောင့် အဲဒီစတိတ်ရှိုးမှာ သီချင်း ၁၀ပုဒ်ကျော်ကျော်လောက်အထိ (နေမကောင်းတဲ့ကြားက) မမောမပန်းနိုင် ဖျော်ဖြေပါတယ်။ (ဘာကြောင့်လဲဆိုတော့ အခမဲ့ ကြည့်မဲ့သူတွေက ရှမ်းဘုန်းကြီးကျောင်းထဲမှာ စောင့်နေကြတာ သိပြီးဖြစ်နေလို့ပါ။) အဲဒီနေ့က သူဆိုတာကို တီးပေးရတာလောက် ဘယ်တုန်းကမှ မကောင်းခဲ့ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ ထင်နေမိပါတယ်။ သူဆိုဖြစ်ခဲ့တဲ့ သီချင်းတွေကလည်း ကောင်းပေ့ဆိုတဲ့ သီချင်းတွေအပြင် ကျွန်တော်ငယ်ငယ်တည်းက ကြိုက်ခဲ့တဲ့၊ သိမ်းခဲ့တဲ့သီချင်းတွေမို့ပါပဲ။ "သဘာဝရဲ့ ရင်သွေးငယ်၊ မောင့်အရိုင်းပန်း၊ ပျောက်ဆုံးနေသော၊ ခြသေ့ံလည်ပြန်၊ သံလွင်ချောင်းခြား၊ လေညာ အရပ်ကအချစ်၊ မောင့်လပြည့်ဝန်း၊ အချစ်ဆုတောင်း၊ ရေဒီယို ကမာရွတ်"စသဖြင့်ပေါ့။ အဲဒီ သီချင်းတွေထဲကမှ ဆိုလေ့ မရှိတဲ့"စဉ်းစားပါဦး"ဆိုတဲ့ သီချင်းလေးကို ပရိတ်တွေ တောင်းဆိုလို့ နုတ်စ်မပါဘဲ ကျွန်တော်တို့ရဲ့ ညှိနှိုင်းပြီး ဆိုခဲ့ပါတယ်။

အားလုံးထဲက အကောင်းဆုံးတစ်ပုဒ်ကတော့"ဘီးကလေးကိုစီး"ဆိုတဲ့ သီချင်းကို သီဆိုနေချိန်မှာ ကျွန်တော် ကြက်သီးထလောက်အောင်ကို သီချင်းက အသက်ဝင်လွန်းပါတယ်။ ပရိတ်သတ်တွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျော်ကြတာပေါ့။ ဒီလိုနဲ့ ကိုထီးနဲ့ အစီအစဉ်ပြီးခဲ့ပါတယ်။

ကျွန်တော်တို့လည်း ကျန်တဲ့အဆိုတော်တွေကို တီးပေးပြီး၊ ပွဲအပြီးမှာ ဟိုတယ်ကိုပြန်ခဲ့ကြပြီး ဟိုတယ်ရဲ့ အတွင်းဧည့်ခန်းမှာ ထိုင်ပြီး ထမင်းကြော် စားကြ ရင်းနဲ့ စကားပြောနေကြပါတယ်။ ပွဲက ပင်ပန်းတာကြောင့် ချက်ချင်း လည်း အိပ်လို့မရကြပါဘူး။ စကား ကောင်းနေကြတုန်း ကိုထီးပြန်ရောက်လာတာ တွေ့ရပါတယ်။ သူ့လက်ထဲမှာ ဂစ်တာကိုလည်း ကိုင် ထားရင်း၊ အဲဒီပွဲက လက်ဆောင် ရလာပုံရတဲ့ ရှမ်းလွယ်အိတ်အဖြူ ရောင်လေးကိုလည်း ကိုင်လာ ပါတယ်။ တော်တော်လည်း မောလာပုံ ရပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေက "ကိုထီး ပြန်လာပြီလား" လို့နှုတ်ဆက်တော့ သူ့အ ခန်းကို မသွားသေးဘဲ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်ပြီး စကားတွေ ပြောကြပါတယ်။

သူ့ရင်ထဲ ဖြစ်နေတဲ့ အားနာမှုတွေကို ရှင်းပြနေတယ်လို့ ကျွန် တော် ထင်မိပါတယ်။

"ကျွန်တော် အခုလို စတိတ်ရှိုးဆိုမယ့်နေ့မှာ ရှမ်းရိုးရာပွဲ Free Show ဆိုဖို့ လာဖိတ်တော့ ငြင်းရမှာ တော်တော်ခတ်တယ်ဗျာ။ ကျွန် တော်က ရှမ်းလူမျိုးဖြစ်နေတော့ ကိုယ့်လူမျိုးအတွက် ဆိုပေးသင့်တာ ပေါ့။ ရက်ကလည်း တိုက်ဆိုင်၊ ပွဲကန်ထရိုက်တွေကလည်း Free Show ရှိတယ်ဆိုတော့ ကန်ထရိုက်ပွဲမှာ လူမဝင်မှာစိုးရိမ်နေတယ်။ ကျွန်တော် ဒါကြောင့် စတိတ်ရှိုး(ဝင်ကြေးနဲ့ရှိုး)အရင်ဆိုပြီးမှ ဘုန်းကြီးကျောင်း အလှူ ပွဲသွားဆိုရတာပဲ။ ရှမ်းပြည်နယ်က လူကြီးတွေ ဖိတ်တာဆိုတော့ ငြင်းလို့ မကောင်းဘူး" ဆိုပြီး ရှင်းပြရှာပါတယ်။ ပြီးတော့မှ ညိုးငယ်တဲ့ မျက်နှာနဲ့ (နောက်ဆိုရင်တော့ ဆိုပေးဖို့ မလွယ်ဘူး) ဆိုပြီး ဘာကို



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ် မှန်းမသိ ပြောရှာပါတယ်။

သူပြောခဲ့တဲ့ စကားလေးအတိုင်း ရန်ကုန်ပြန်ရောက်လို့ တစ်လခန့်အကြာ(၁၀-၃-၂၀၀၈)မနက်မှာ ကွယ်လွန်သွားခဲ့တော့ သူ့ကိုယ်သူ မနေရတော့မှာ သိလို့ ဒီစကားလေးကို ပြောခဲ့တာလားဆိုတာ ကျွန်တော့်အတွက်တော့ ပဟေဠိတစ်ခုဖြစ်ခဲ့ရပါပြီ။ သူဖျော်ဖြေတဲ့ တာချီလိတ်မြို့ စတိတ်ရှိုးကနေ ရန်ကုန်ပြန်ရောက်ရောက်ချင်း (၂ရက်ခန့်အကြာမှာ)ဆေးရုံတက်ခဲ့ရတာ ဖြစ်နေလေတော့၊ သူနောက်ဆုံးဆိုသွားတဲ့ စတိတ်ရှိုးကို မထင်မှတ်ဘဲ ဂစ်တာတီးဖြစ်ခဲ့တဲ့ ကျွန်တော့်အတွက်တော့ တစ်သက်လုံး အမှတ်တရ ဖြစ်နေမှာကတော့ မလွဲမသွေပါပဲ။

**ကိုထီး ကောင်းရာမွန်ရာ**

**ရောက်ပါစေလို့ ဆုတောင်းရင်း**

**ကိုထီးရဲ့အမာခံပရိတ်သတ်ဖြစ်ခဲ့တဲ့ . . .**

၁၉ရက်၊ မတ်လ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်း သတင်းဂျာနယ်

အမှတ်စဉ် Vol.3 No.235



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် လေယာဉ်ပေါ်မှအလွဲများ

www.burmeseclassic.com

www.burmeseclassic.com

ဂီတသမားတစ်ယောက်ရဲ့ လေကြောင်းခရီးသွားရတဲ့ အတွေ့အကြုံလေးတွေ ဒီတစ်ခါရေးမယ်လို စိတ်ကူးမိလို့ ဒီစာလေးရဲ့ခေါင်းစည်းကို 'ကျွန်တော်နဲ့ လေယာဉ်ပေါ်က အလွဲများ' လို့ ခေါင်းစဉ်ပေး လိုက်မိပါတယ်။

လေယာဉ်စီးပြီး ခရီးသွားကြမယ်လို့ ပြောလိုက်တဲ့အသံ ကြားလိုက်တာနဲ့ သူငယ်ချင်းတော်တော်များများက ကျွန်တော့်ကို အထင်ကြီးသွားတတ်ပါတယ်။

ခရီးစဉ်တစ်ခုကို စတိတ်ရှိုးသွားတီးမယ်လို့ ပြောမိတိုင်း လေယာဉ်နဲ့စီစဉ်ပေးတယ်ဆိုရင် သိပ်မိုက်ပါလားလို့ ငါတို့လည်း သွားချင်လိုက်တာလို့ ဂီတသူငယ်ချင်း တော်တော်များများကလည်း မှတ်ချက်ချကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လေယာဉ်ပေါ်မှာနေရတဲ့ နာရီဝက်၊ တစ်နာရီလောက်က စွန့်စွန့်စားစား အသက်နဲ့ရင်းပြီး သွားကြရတဲ့ခရီးစဉ် တွေပါ။ မော်တော်ကားပျက်လို့ ပြဿနာမရှိပေမယ့် လေယာဉ်ပျံက တော့ နည်းနည်းလေးမှ အမှားမခံပါဘူး။ ဒါကြောင့် ကျွန်တော့် သူငယ်ချင်း လေးဖိုးကလပ်တီးဝိုင်းရဲ့ မန်နေဂျာ 'စိုးနိုင်ထွန်း'(အိုကြာကွေး) ဆိုရင် လေယာဉ်ပျံခရီးကို မတတ်သာလွန်း၊ ခရီးသွားဖို့ အချိန်မပေးနိုင်လွန်း မှ စီးပါတယ်။ ဖြစ်နိုင်ရင် မီးရထား၊ မော်တော်ကားနဲ့ သူ့ဟာသူ သွားပါတယ်။ (ပြည်တွင်းခရီးစဉ်ကို ပြောတာပါ) မဖြစ်လို့ လေယာဉ် စီးရပြီဆိုလည်း မျက်နှာကြီးနီရဲ၊ အံကြီးကိုကြိတ်ပြီး လေယာဉ်ပျံ အတက်အဆင်းလုပ်တိုင်း ဘုရားတပြီး လိုက်ပါတယ်။ တစ်ခါတစ်ခါ ဆိုရင် အမူးသောက်ပြီးမှ စီးပါတယ်။ လေယာဉ်မူးတဲ့ဒဏ်ကို ခံနိုင် အောင်လို့ သောက်တာပါဆိုပြီး အကြောင်းပြတတ်ပါတယ်။ သူလိုလူ မျိုးတွေ နိုင်ငံရပ်ခြားမှာလည်း ရှိဖူးတယ်လို့ ဂျာနယ်ထဲမှာဖတ် ဖူးပါတယ်။ အဲဒီသူတွေထဲကတစ်ယောက် ပြောရမယ်ဆိုရင် ဇဟာ သုတပေါ့။ သိပြီးသားဖြစ်ရင်လည်း ခွင့်လွှတ်ပါ။ အာဆင်နယ် ဘော လုံးအသင်းရဲ့ (အရင်က) တိုက်စစ်မှူး ဟော်လန်နိုင်ငံသား 'ဒင်းနစ် ဘားကင့်' ဆိုရင် အာဆင်နယ်အသင်း ချန်ပီယံလိဂ် ဘောလုံး ပြိုင်ပွဲတွေကန်တိုင်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အိမ်ကွင်း၊ အဝေးကွင်း ကန်ကြပြီဆိုခဲ့ရင် ရထားနဲ့ပဲ သွားပါတယ်။ သိပ်ဝေးတဲ့နိုင်ငံတွေဆိုရင် လိုက်ပြီးဘောလုံးမကန်လို့ ဘောလုံးပွဲ ကန်မယ့် လူစာရင်းထွက်တိုင်း နိုင်ငံဝေးခဲ့ရင် ဒင်းနစ်ဘားကင့်ကို ထည့်မတွက်ကြပါဘူး။

အဲဒီလောက်ထိ ကမ္ဘာသိအောင် လေယာဉ်စီးရမှာကြောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးသူရဲကောင်းပါ။

အဲဒီလူတွေက လေယာဉ်စီးရမှာကြောက်လို့ ကျွန်တော်က ရော မကြောက်ဘူးလားဆိုရင် လေယာဉ်စီးတိုင်း ကိုယ့်ဘေးမှာကပ် ရက်နေရာကျတဲ့ သူငယ်ချင်းနဲ့ စကားတပြောပြော လုပ်ရင်းနဲ့ စကြ နောက်ကြရင်း ကြောက်ဖို့တောင် သတိမရမိပါဘူး။

အဲဒီလို လေယာဉ်စီးတိုင်း ကြောက်ရမယ်ဆိုရင် လေယာဉ်ပျံ မောင်းတဲ့သူတွေ၊ လေယာဉ်မယ်တွေဆိုရင် နေ့တိုင်း ကြောက်နေကြ မှာပါ။ သူတို့အတွက်တော့ ဒါဟာအလုပ်ပဲ။ ဒါကြောင့် ငါလည်း သူတို့လို စိတ်မျိုးထားပြီး စီးရင် ဘာဖြစ်လဲဆိုပြီး တစ်ခါတစ်ခါ လေယာဉ်ပျံ လေထဲမှာ မငြိမ်မသက်ဖြစ်ခဲ့ရင်တော့ ကိုယ့်ကိုယ်ကို အားပေးရပါတယ်။

အဲဒီလို လေယာဉ်စီးရမှာ မကြောက်မိတာကလည်း ငယ်ငယ် ကတည်းက လေယာဉ်ပျံစီးပြီဆိုရင် အစအနောက်သန်ခဲ့တော့ သူများကို စ,ရတာနဲ့ ကိုယ်က မကြောက်မိတာလည်း ဖြစ်နိုင်ပါတယ်။

ကျွန်တော်နောက်ဆုံးနှစ် ဥပဒေဘွဲ့ယူဖို့ စာတမ်းပြုစုချိန် နီး နေတဲ့ကြားက 'ရွှေသံစဉ်' တီးဝိုင်း မြစ်ကြီးနားကျောင်းသား အာက စား ပွဲတော်မှာ 'မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွက်' တီးပေးဖို့ လေယာဉ်ပျံနဲ့ သွားကြရပါတယ်။

ကျွန်တော်ကဘွဲ့ယူခါနီးမို့ မလိုက်နိုင်ဘူးလို့ ငြင်းနေတဲ့ကြား က ကျွန်တော့်ထက် စီနီယာပိုကြီးတဲ့ ဥပဒေကျောင်းသားဟောင်း၊ အဆိုတော်ကိုဆက်မော် (ကွယ်လွန်)က အတင်းလိုက်ခဲ့ဖို့ တိုက်တွန်း ပြီး Thesis အတွက် လိုအပ်တဲ့အချက်အလက် ဥပဒေ အကိုးအကား



www.burmeseclassic.com

www.burmeseclassic.com



တွေကို နိုင်ငံခြားစာအုပ်တွေထဲက ဘာသာပြန်ပေးဖို့ သူလည်း ကူညီမယ်ဆိုပြီး ကတိပေးလို့ လိုက်ဖြစ်ခဲ့ပါတယ်။

တကယ်လည်း လိုက်ဖြစ်လို့ လေယာဉ်ပေါ်ရောက်တော့ သူများကို စ,ချင်စိတ် ပေါ်လာတော့တာပါပဲ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ခရီးသွားရင်းစားဖို့ ပူတင်းပေါင်မုန့်ထုပ်လေး ပါလာပါတယ်။ လေယာဉ်ပေါ်မှာ လေယာဉ်မယ်က ကော်ဖီနဲ့မုန့်လိုက်ဝေပြီးချိန်မှာ ကျွန်တော်က သူငယ်ချင်းမှာပါလာတဲ့ ပူတင်းပေါင်မုန့်ကိုတောင်းပြီးစားသလို ကျန်တဲ့သူငယ်ချင်းတွေကလည်း စားကြပါ တယ်။ အဲဒါကို တီးဝိုင်းစက်အဖွဲ့ရဲ့ တာဝန်ခံဦးလေးကြီးက မသိပါ ဘူး။ သူက လေယာဉ်ပျံလည်း ပထမဆုံးစီးဖြစ်တာ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို မကျေမနပ်နဲ့ လာပြောပါတယ်။ 'မင်းတို့ ပေါင်မုန့်တွေဘယ်ကရတာလဲ။ ငါ့ကျတော့ ရိုးရိုးကော်ဖီနဲ့မုန့်ပဲ ပေးတယ်' ဆိုပြီးရင်ဖွင့်ပါတယ်။

လေယာဉ်မယ်က သူ့ကို မျက်နှာသာမပေးဘူးလို့ ဦးလေးကြီးထင်နေတာကို ရိပ်မိလိုက်တဲ့ ကျွန်တော်က စ,ချင်တာနဲ့ 'ကျွန်တော်တို့ကို ကော်ဖီနဲ့မုန့်အပြင် ပေါင်မုန့်တွေပါ ထပ်ပေးသွားတယ်။ ဦးလေးမသိအောင် ပေးသွားတာနဲ့ တူတယ်။ ဦးလေးမကျေနပ်ရင် လေယာဉ်မယ်ဆီက ထပ်တောင်းပေါ့' လို့ စလိုက်မိပါတယ်။ အဲဒီမှာ ဦးလေးကြီး ပေါက်ကွဲတော့တာပါပဲ။ သူ့ကို လေယာဉ်မယ်က နှိမ်တယ်လို့ လုံးလုံး ဆုံးဖြတ်လိုက်ပါတော့တယ်။ ဒါကြောင့် လေယာဉ်ပေါ် မတ်တပ်ရပ်ပြီး မုန့်လိုက်ဝေတဲ့ လေယာဉ်မယ်လေးကို အော်ပြီးရန်တွေ့ပါတော့တယ်။ 'နင်တို့က ငါ့ကျတော့ ပေါင်မုန့်မပေးဘဲ တမင်



www.burmeseclassic.com

www.burmeseclassic.com



ချန်ထားခဲ့တယ်။ ငါ့ကို တောသားကြီး ထင်နေတယ်ပေါ့လေ၊ ကဲ–ပေါင်မုန့်ထပ်ပေး’ ဆိုပြီး ဒေါကြီးမောကြီးနဲ့ ရန်တွေ့တော့တာပါပဲ။ လေယာဉ်မယ်လေးတွေ ကြောင်ပြီး ကြည့်နေကြပါတယ်။ သူပြောတဲ့ စကားကိုလည်း ရုတ်တရက် နားမလည်ကြပါဘူး။ နောက်တော့မှ ပြုံးစိစိနဲ့ ဝိုင်းရယ်နေကြတဲ့ ကျွန်တော်တို့သူငယ်ချင်းတွေကို မြင်တော့မှ ကျွန်တော်တို့ သူ့ကို စ,လိုက်မှန်း ရိပ်မိသွားပါတော့တယ်။

ဒီတော့မှ ‘ဦးလေးကြီးကလည်း သူတို့က သူတို့ပေါင်မုန့်တွေ ထုတ်စားနေတာပါ ကျွန်မတို့ မပေးပါဘူး’ ဆိုပြီး ပျာပျာသလဲ ရှင်းပြကြပါတယ်။ ကျွန်တော်တို့လည်း ဝိုင်းရယ်ကြပြီး အဲဒီဦးလေးကြီးကို ကျွန်တော်တို့ယူလာတဲ့ ပူတင်းပေါင်မုန့်တွေ ထုတ်ကျွေးပြီး ပြန်တောင်းပန်ကြရပါတယ်။ အဲဒီလို အစအနောက်သန်တဲ့ ကျွန်တော်က လေယာဉ်စီးရင်း အရမ်းမကြောက်မိတာလို့ ထင်ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ဟုမ္မလင်းမြို့ကို စတိတ်ရှိုးတီးဖို့ လေယာဉ်နဲ့ သွားခဲ့ပါသေးတယ်။ အဲဒီခရီးစဉ်မှာ ရန်ကုန်လေဆိပ်ကနေ မနက် (၁၀)နာရီလောက်မှ နောက်ကျပြီး လေယာဉ်ထွက်ဖြစ်ပါတယ်။

အဲဒီခရီးစဉ်မှာ ရန်ကုန်လေဆိပ်က မန္တလေး၊ မန္တလေးကနေ ကလေးလေဆိပ်ကို ဆင်းပါတယ်။ လေထဲပျံတဲ့အချိန်ရယ်၊ လေဆိပ်မှာရပ်တဲ့အချိန်တွေရယ် ပေါင်းလိုက်တော့ ညနေ (၃)နာရီခွဲလောက်မှ ဟုမ္မလင်းကို ရောက်ပါတော့တယ်။

လေယာဉ်က ဟုမ္မလင်းခရီးစဉ်ကို ဖျက်လိုက်ဖို့ဖြစ်ပေမယ့် စတိတ်ရှိုးတီးရမယ့် အဆိုတော်တွေရယ်၊ ကျွန်တော်နဲ့သူငယ်ချင်း ကီးဘုတ်သမားအပါအဝင် တီးဝိုင်းအဖွဲ့တွေက ပွဲချိန်နီးနေပြီဖြစ်လို့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မနေ ပျံပေးပါဆိုပြီး တာဝန်ရှိတဲ့လူကြီးကို ပွဲစီစဉ်သူက ဝင်ပြီး ရှင်းပြလို့ ဟူမွလင်းကို ပျံသန်းပေးခဲ့ပါတယ်။ ဒါပေမယ့် ကလေးမြို့ကို လိုက်မယ့် ခရီးသည်တွေတော့ မန္တလေးလေဆိပ်မှာ စီးခွင့်မရခဲ့ပါဘူး။ သူတို့ရဲ့ ကုန်ပစ္စည်းတွေတော့ ကလေးမြို့တို့၊ ဟူမွလင်း မြို့တို့ကို ပို့ပေးပါမယ်လို့ ကတိပေးပြီး တင်ခဲ့ပါတယ်။ ဒါကြောင့် လေယာဉ်တစ်စီးလုံး ပစ္စည်းတွေနဲ့ အပြည့်အသိပ်ပါ။ ကလေးလေဆိပ်မှာ တာဝန်ရှိတဲ့ လေကြောင်းဖက်က လူကြီးတစ်ယောက် ကျွန်တော့်ဘေးမှာ နေရာကျပါတယ်။

အဲဒီအန်ကယ်ကြီး လေယာဉ်ရပ်နားတုန်း ပစ္စည်းတွေကို ခရီးသည်တွေ မထိခိုက်အောင် ဘယ်လိုတင်ရမယ် လူသွားလမ်း မပိတ်ဆို့အောင် ဂရုစိုက်ဖို့ စသဖြင့် လေယာဉ်အမှုထမ်းတွေကို တဖွဖွမှာနေတာကို ကျွန်တော် ကြားနေရပါတယ်။ အဲဒီ အန်ကယ်ကြီးက ·လေယာဉ်ကိုလည်း အချိန်ပြည့်ဆိုသလို စီးနေပုံရပါတယ်။

ဒါကြောင့် လေယာဉ်မယ်လေးတွေက 'အန်ကယ်၊ ဟိုတစ်နေ့က ပြန်လာတာလား' ဆိုပြီး မေးနေတာကိုလည်း ကြားရပါတယ်။ သူစိတ်ပူလောက်အောင် ပစ္စည်းတွေ လေယာဉ်ပေါ်မှာ များနေပေမယ့် အတွေ့အကြုံရင့်ကျက်တဲ့ အဲဒီအန်ကယ်ကြီးဘေးမှာ ထိုင်လိုက်ရမယ်ဆိုတော့ စိတ်အေးမိပါတယ်။ သူ့ရဲ့တည်ငြိမ်မှုကြောင့် ကိုယ်လည်း အားရှိမိပါတယ်။ တကယ် လေယာဉ်ပျံထွက်ချိန်လည်းကျရော လေယာဉ်ဖြည်းဖြည်းလေး ဘီးလိမ့်တာနဲ့ ကျွန်တော့်ဘေးက အဲဒီအန်ကယ်ကြီးက ဘယ်ကဘယ်လို သိမ်းထားလဲမသိရတဲ့ ပုတီးအကြီးကြီးတစ်ကုံးကို ထုတ်ယူပြီး အသားကုန် စိပ်တော့တာပါပဲ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်ပုံရပါတယ်။ သူ့တကိုယ်လုံးကထွက်တဲ့ချွေးတွေက သူ့လက်ရှည်အင်္ကျီကထွက်ပြီး ကျွန်တော့်ရဲ့လက်ကိုပါ လာထိပါတယ်။ နဂိုက သိပ်မကြောက်တဲ့ ကျွန်တော့်မှာ လေယာဉ်အတွေ့အကြုံ ရင့်ကျက်တဲ့ အဲဒီအန်ကယ်ကြီး အဲဒီလောက်ကြောက်နေတာ မြင်တော့မှ ဒီလေယာဉ်ဟာ အန်ကယ်ကြီး ကြောက်လောက်အောင် လူတွေ၊ ပစ္စည်းတွေ များပါလားဆိုပြီး ဆင်းပြေးချင်စိတ်တွေ ပေါ်လာပါတော့တယ်။ 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး' ဆိုတဲ့ စကားပုံလို ဖြစ်နေပြီလို့ တွေးမိရင်း ကြောက်ကြောက်လန့်လန့်နဲ့ ဟုမ္မလင်းလေဆိပ်ကို ညနေပိုင်းမှာ အောင်မြင်စွာ ရောက်ခဲ့ရပါတော့တယ်။

၂ ရက်၊ ဧပြီလ၊ ၂၀၀၈ ခုနှစ်ထုတ် နံနက်ခင်း သတင်းဂျာနယ်
အမှတ်စဉ် Vol.3 No.237



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် စည်သူလွင်တို့သားအဖ

www.burmeseclassic.com

www.burmeseclassic.com

ဒီစာစုလေးတွေကို ရေးတော့မယ်ဆိုတိုင်း အမှန်တကယ် ပါဝင်ရေးသားခံရမယ့် အနုပညာရှင်တိုင်းကို တတ်နိုင်သလောက် ခွင့်တောင်းပြီးမှ ကျွန်တော်စားရေးလေ့ ရှိပါတယ်။ ကာယကံ ရှင်က ခွင့်ပြုမှတာတို့၊ ကိုယ်တိုင်အဖြစ်အပျက်ကို မှားရေးမိတာ မျိုးတို့ စသဖြင့်မတော်တဆ အမှားအယွင်းတွေကို ကြောက်လို့ ပါပဲ။ အခုရေးမယ့် အကြောင်းလေးတွေကိုလည်း မရေး ခင် Traders ဟိုတယ်ရဲ့ အခမ်းအနားပွဲတစ်ခုမှာ ညီငယ်စည်သူ လွင်ကို ခွင့်တောင်း။ သူ့ရဲ့ပြောပြချက်လေးတွေကို နားထောင်၊ ကိုယ်ရေးရမယ့် ကိစ္စလေးတွေကို ရှင်းပြပြီး သူခွင့်ပြုမှ စရေးခဲ့တာပါ . . .။

'စည်သူလွင်'နဲ့ စပြီးခင်မင်ခဲ့တဲ့အချိန်က ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ဒုတိယနှစ်ကျောင်းသား၁၀



www.burmeseclassic.com

www.burmeseclassic.com



လောက် ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော် တက္ကသိုလ် စာမေးပွဲအတွက် စာကျက်နေရတဲ့အချိန် စာမေးပွဲစဖြေရမယ့်နေ့ မရောက်ခင်တစ်ရက်မှာ စည်သူလွင်ဖြစ်လာမယ့် ညီငယ်လေးက သူ့ရဲ့TV မှာ ဆိုရမယ့် သီချင်း(၅)ပုဒ်လောက်ကို Keyboards တီးပေးမယ့် သူငယ်ချင်းက နယ်ပြန်သွားလို့ ကျွန်တော့်ကို Keyboards တီးပေးဖို့ ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ယောက် (အဲဒီ တစ်ယောက်ရဲ့ နာမည်ကလည်း စည်သူပါပဲ)က တစ်ဆင့် အကူအညီတောင်းပါတယ် . . .။ ကျွန်တော်က ဂစ်တာသာ တီးပေမယ့် ဟိုစပ်စပ်ဒီစပ်စပ်မို့ ကီးဘုတ်လည်း မတောက်တခေါက် တီးပါတယ်။ စည်သူလွင်ကိုယ်တိုင်ကတော့ Lead ဂစ်တာတီးပါတယ်။ အသံသွင်းတဲ့ Studio ဘိုကလေးဈေးလမ်းက 'အမိုင်း' စတူဒီယိုပါ။ ကျွန်တော်ကလည်း မနက်ဖြန်စာမေးပွဲရှိတာတောင် ဂရုမစိုက်ဘဲ 'စည်သူလွင်' သီချင်းမှာ သွားတီးပေးပါတယ်။ (စာမေးပွဲခန်းထဲ ရောက်တော့လည်း. . .အကြံအဖန်လုပ်ရတာပေါ့)။ အဲဒီလို တီးပေးဖြစ်ရတဲ့ အကြောင်းကလည်း အဲ့ဒီအချိန်က ပထမဆုံးအခွေတောင် မသွင်းရသေးတဲ့ ဝါသနာရှင်၊ အဆိုတော်၊ ဂစ်တာသမားလေးရဲ့ စိတ်ဓာတ်ကို ကြိုက်လို့ ကူညီပေးခဲ့တာကတစ်ကြောင်း၊ ကျွန်တော် ကြိုက်တဲ့ ကာတွန်းဆရာကြီး ဦးငွေကြည်ရဲ့ သားဖြစ်လို့က တစ်ကြောင်း ကူညီခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့က သီချင်း သွင်းတော့ ဆရာဦးငွေကြည်နဲ့ ဇနီးလည်း လိုက်လာပါတယ်။ သူတို့ရဲ့ သားလေး သီချင်းသွင်းတဲ့နေ့ဆိုတော့ လိုက်အားပေးတာပါ။ ကျွန်တော်ကိုလည်း လိုအပ်ချက်မရှိအောင်ကို ဂရုစိုက်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်က အခုလိုစားရေးဖို့ အဲဒီအချိန်ထဲက စိတ်ပါနေလို့လားမသိပါဘူး။ ဆရာဦးငွေကြည်ရဲ့ ကာတွန်းတွေက ဘာလို့ရယ်ရတာလဲ၊ လူကိုယ်တိုင်ကရော အပြင်မှာ 'အိုင်ဒီယာ'တွေ'အတွေးအမြင်'တွေ ဘယ်လိုလဲဆိုတာကို လေ့လာနေပါတယ်။ တစ်ခုလောက်ဖြတ်ပြီး ရှင်းပြပါရစေ . . . ကျွန်တော်ငယ်ငယ်ထဲက ကြိုက်ခဲ့ရတဲ့ မဂ္ဂဇင်း( (ရှုမဝ) ဖြစ်မယ်ထင်တယ်) ထဲက ဆရာဦးငွေကြည်' ရေးတဲ့ကာတွန်းလေးတစ်ကွက်ကို အခုထိ မမေ့သေးပါဘူး။ ကာတွန်းထဲမှာ လူငယ်(၄)ယောက် မျက်နှာချင်းဆိုင်ပြီး လက်ဖက်ရည်ဆိုင်တစ်ခုထဲမှာ ထိုင်စကားပြောနေကြပါတယ်။ အဲဒီလူငယ်(၄)ယောက်ရှေ့မှာ လည်းသောက်ပြီးတဲ့ လက်ဖက်ရည်ခွက်လေးတွေနဲ့ပါ။ သူတို့ထဲက တစ်ယောက်ကပြန်တော့မယ်ဆိုပြီး မတ်တပ်ရပ် လျှက်က သူ့သူငယ်ချင်း(၃)ယောက်ကို လှမ်းပြောပါတယ်။ 'ဟေ့ကောင်တွေ ငါအိမ်ပြန်တော့မလို့၊ မင်းတို့ငါ့အတင်းမပြောကြနဲ့နော်' လို့ ပြောလိုက်တဲ့ ကာတွန်းလေးပါ။ ထိုင်နေတဲ့ သူငယ်ချင်း (၃)ယောက်ကလည်း ပြုံးစိစိနဲ့ ပုံတွေက အသက်ဝင်ပါတယ်။ ကျွန်တော်ဘာလို့ ဒီကာတွန်းလေးကို ကြိုက်ရသလဲဆိုတော့ လူငယ်ဘဝနဲ့နီးစပ်လို့ပါပဲ။ ကျွန်တော်တို့ သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင်ထိုင်ကြပြီဆိုရင် တစ်ယောက်ယောက်ကထသွားတာနဲ့ သူ့အကြောင်းကို ရယ်စရာရော၊ စိတ်ပျက်စရာရော ပြောမိတတ်ကြပါတယ်။ မိန်းမတွေ အတင်းပြောတာကိုသာ လူသိပြီး ကာတွန်းရေးလေ့ ရှိကြဖေမယ့် ယောကျ်ားလေးတွေပြောကြတဲ့ အတင်းဆန်ဆန် ရောက်တတ်ရာရာ ကိစ္စတွေကို



www.burmeseclassic.com

www.burmeseclassic.com



တော့ တခြားကာတွန်း ပညာရှင်တွေက ဝေဖန်လေ့ မရှိကြပါဘူး။ (ယောကျ်ားချင်းမို့ ညှာတာလဲ ဖြစ်ပါလိမ့်မယ်)။ အဲဒီလို ပြောင်မြောက်တဲ့ ဝေဖန်မှုတွေကို ကြိုက်လို့ပါပဲ။ နောက်ကာတွန်းတစ်ခုမှာလည်း 'ကားမှတ်တိုင်တစ်ခုမှာ ဆံပင်ရှည်ထားတဲ့ လမ်းသရဲလူငယ်တစ်ယောက်နဲ့ တိုက်ပုံအကျီ၊ သူ့လက်ထဲမှာလည်း အတက်ချိုကော့ကို ဆွဲထားတဲ့ သားသားနားနား လူကြီးတစ်ယောက် ရပ်နေကြပါတယ်။ သူတို့နှစ်ယောက်ရဲ့ရှေ့က တောင့်တောင့်ဖြောင့်ဖြောင့် ကောင်မလေးတစ်ယောက်ဖြတ်သွားပါတယ်။ အဲ့ဒီမှာ တိုက်ပုံနဲ့လူကြီးက လေချွန်သံပေးလိုက်ပါတယ်။ ကောင်မလေးက စိတ်ဆိုးပြီး ဆံပင်ရှည်နဲ့ လမ်းသူရဲ လူငယ်ကို ပါးရိုက်ပါတယ်။ အဲ့ဒီကာတွန်းလေးကိုလည်း အရမ်းကြိုက်နှစ်သက်ပြီး ကိုယ်ဆံပင်ရှည်ထားမိတဲ့ အချိန်ရောက်တော့ လူအထင်အမြင်သေး မခံရအောင် အမြဲ ဂရုစိုက်ပြီးနေရပါတယ်။ ဒီလိုကာတွန်းလေးတွေနဲ့ လမ်းပြခဲ့တဲ့ 'ဆရာဦးငွေကြည်' ကိုလည်း သူ့ပညာရပ်ကို လေးစားလို့ ဆရာ့ရဲ့ စိတ်ခံစားအမူအရာကို ဂရုစိုက်နေမိတာ ဖြစ်ပါတယ်။ ဆရာဦးငွေကြည်ကတော့ ကျွန်တော် သူ့ကိုသတိထားကြည့် နေတာ သိပုံမရပါဘူး။ စကားလည်း လိုသလောက်ပဲ ပြောပါတယ်။ လူကလည်း အေးအေးပါပဲ။ သူရဲ့ ကာတွန်းတွေထဲကလို သရော်တဲ့ပုံစံ မတွေ့ရပါဘူး။

ဒီလိုနဲ့ နေ့လည် (၁) နာရီလောက်ထိုးတော့ ထမင်းစားနားကြပါတယ်။ သီချင်းကလည်း (၂) ပုဒ် (၃) ပုဒ်လောက်ပြီးဆိုတော့ ခဏနားကြတာပေါ့။ အနီးဆုံးထမင်းဆိုင်အဖြစ်နဲ့ ကြယ်



www.burmeseclassic.com

www.burmeseclassic.com



ငါးပွင့်ရုံးရဲ့ မျက်စောင်းထိုးက ထမင်းဆိုင်ကြီးတစ်ခုမှာ ထမင်းလိုက်ကျွေးပါတယ်။ ထမင်းဆိုင်ကလည်း သားသားနားနားနဲ့ ဟင်းအမည်တွေကို ဖောင်းကြွသစ်သားစာလုံးနဲ့ အတန်းလိုက်ကပ်ထားပါတယ်။ ဆိုင်က စားပွဲထိုးမလေးတွေက ဆရာဦးငွေကြည်ကို ပထမဆုံးမေးလိုက်ပါတယ်။ "အန်ကယ် ဘာဟင်းနဲ့စားမလဲ?"။ ဆရာဦးငွေကြည်က ဟင်းအမည်တွေကပ်ထားတဲ့ နံရံကိုတစ်ချက်ကြည့်ပြီး "မင်္ဂလာပါ"တစ်ပွဲပေးပါလို့ ခပ်တည်တည် ပြောလိုက်ပါတယ်။ အဲဒီလိုပြောလိုက်တော့ ကျွန်တော်တို့ရော၊ ထမင်းဆိုင်က ကောင်မလေးတွေပါ နားမလည်လို့ နံရံက ဟင်းအမည်တွေကို သေသေချာချာ ကြည့်လိုက်တော့မှ ဟင်းနာမည်အားလုံးရဲ့အပေါ်မှာ စာလုံးရော၊ ဆေးရောင်ရော အကြီးအသေး အရွယ်အစားရော အတူတူနဲ့"မင်္ဂလာပါ"စာတန်းကို ဟင်းနာမည်တွေရဲ့ ထိပ်ဆုံးမှာ ကပ်ထားမိတဲ့ ထမင်းဆိုင်ရဲ့ အားနည်းချက်ကို တွေ့ရပါတော့တယ်။ ဒီလို လျှက်တစ်ပြက်အချိန်ကလေးမှာ ချက်ချင်းမြင်၊ ချက်ချင်းသရော်နိုင်တဲ့ ပညာတွေ၊ အတွေးအခေါ်တွေကြောင့်သာ ကာတွန်းတွေကို ပြောင်မြောက်အောင် ရေးနိုင်ခဲ့တာပါလားဆိုပြီး ဆရာဦးငွေကြည်ကိုလည်းတော်တော်လေးစားသွားမိပါတယ်။ (အဲဒီလိုတွေ့ဆုံမိခဲ့တဲ့ နိုင်ငံကျော်ကာတွန်းဆရာကြီး ဦးငွေကြည်ကိုလည်း ဒီစာစုလေးနဲ့ အမှတ်တရ ဂုဏ်ပြုလိုက်ပါတယ်။ ရှေ့အပတ်မှာ အဆိုတော်စည်သူလွင်ရဲ့ ဟာသလေးတွေကို ဆက်ရေးသွားပါမယ်။)

ဧပြီလ၊ ၂၀၀၈ ခုနှစ်ထုတ်၊ ဖြူတီမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်နှင့် ညီသူလွင်

www.burmeseclassic.com

www.burmeseclassic.com

'စည်သူ'လို့ ကျွန်တော်ခေါ်လေ့ရှိတဲ့'ညီငယ် စည်သူလွင်'ဟာ သူရဲ့ပထမဆုံးစီးရီးဖြစ်တဲ့'ချစ်သူများနေ့'အခွေလေးကို အဲဒီအချိန်က နာမည်အကြီးဆုံးတီးဝိုင်းဖြစ်တဲ့ 'EMPEROR' 'အင်ပါယာ' တေးဂီတအဖွဲ့နဲ့ စပြီးသွင်းနေပြီလို့ ကျွန်တော်ကြားရပါတယ်။ သူ့ရဲ့ အဆိုကောင်းမွန်မှုကြောင့် နာမည်ကြီးရော့ခ် အဆိုတော်'ကိုညီထွဋ်'လို့ ခေါ်ကြတဲ့ ကို ဇော်ဝင်းထွဋ်က ပရိုဂျူဆာလုပ်ပေး တယ်လို့လည်း ကြားရလို့ သူ့အတွက်ကျွန်တော်ဂုဏ်ယူမိပါတယ်။ တကယ်လည်း အဲဒီစီးရီးထွက်တဲ့ နေ့မှာ ကျွန်တော်က လက်ဖက်ရည်ဆိုင် ထိုင်မယ် ဆိုပြီး ရေကျော်လမ်းမထိပ်က'မောင်အေး'ကဖီးမှာထိုင်ဖို့ ထွက်အလာ သူငယ်ချင်းတွေနဲ့ လာတဲ့ စည်သူလွင်က တွေ့သွားပြီး ကျွန်တော့်ကို သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com


'ချစ်သူများနေ့' အခွေလေးမှာ သူ့ရဲ့လက်မှတ်ရေးထိုးပေးပြီး လက်ဆောင်ပေးခဲ့ပါတယ်။ (အဲဒီအခွေလေးကလည်း အခုထိရှိနေတုန်းပါပဲ) ဝမ်းနည်းစရာ ကောင်းတာလေးတစ်ခုကတော့ . . . စည်သူလွင်တို့ သချာမေဂျာနောက်ဆုံးနှစ် နှုတ်ဆက်ညစာစားပွဲမှာ ကျွန်တော်က ရွှေသံစဉ်တီးဝိုင်းမှာ ကီးဘုတ်သမားထွက်သွားလို့ တီးမယ့်လူစားမရတာကြောင့် ဝိုင်းခေါင်းဆောင်က 'မင်းပဲ Keyboard 'တီးပေးပါ ဆိုပြီး တီးဖြစ်ပါတယ်။ ဝိုင်းခေါင်းဆောင် ကျွန်တော့်ဆရာက ဂစ်တာတီးပါတယ်။ စည်သူလွင်နဲ့ လူချင်းလည်းသိ၊ သူ့ရဲ့အခွေထွက်တာလည်းသိနေသူမို့ သူ့အခွေက ဝှန်းကနဲ နာမည်မကြီးသေးပေမယ့် သူ့ရဲ့မေဂျာနှုတ်ဆက်ပွဲမှာ (ရန်ကုန် တက္ကသိုလ်ရဲ့အပန်းဖြေရိပ်သာ (R.C) ထဲမှာညပိုင်းလုပ်တဲ့ Dinner ပါ) သူ့ကို သီချင်းဆိုစေချင်လို့ လိုက်ရှာပေမယ့် သူ့ကို မတွေ့ရပါဘူး။ သူ့ သူငယ်ချင်းလို့ ယူဆရတဲ့ သူတွေရဲ့ 'စည်သူမဆိုဘူးလား, မလာဘူးလား ဆိုတဲ့ အသံတွေတော့ ကြားနေရပါတယ်။ ဒါပေမယ့် တခြားနာမည် ကြီးအဆိုတော်ကြီးတွေကိုသာ အားပေးနေကြတဲ့ ကျောင်းသားတွေကြားမှာ သူ့ရဲ့မေဂျာနှုတ်ဆက်ပွဲမှာ ဘာလို့သီချင်းမဆိုဖြစ်တာလဲဆိုတဲ့ မေးခွန်းကတော့ Keyboard တီးနေတဲ့ ကျွန်တော့်အတွက် မေးခွန်းတွေ ဖြစ်နေပါတယ်။ (အခုထိလည်း သူ့ကို မမေးဖြစ်သေးပါဘူး။) ဒီလိုနဲ့ တစ်နှစ်လောက်အတွင်းမှာ'ကိုယ်ကြောင့် သီချင်းနဲ့ တစ်နိုင်ငံလုံး သူ့ကို လူရော, သီချင်းရော, နာမည်ရော, ဆံပင်ရော, ဝတ်စားပုံစတိုင်ရော မသိသူမရှိ ဖြစ်သွားခဲ့ပါပြီ။ သူ့ရဲ့ ရည်ရွယ်ချက် အကောင်အထည် ပေါ်သွားခဲ့ပါပြီ။ ကျွန်တော်လည်း 'လေးဧီးကလပ်ဝိုင်း'မှာ ဂီတာတီးရင်းနဲ့ သူနဲ့ပြန်ပြီးတွေ့ဖြစ်ကြပါတော့တယ်။ သူကလည်း ဟိုးအရင်က သံယောဇဉ်နဲ့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးဂရုစိုက်ပါတယ်။ နာမည်ကြီးနေတဲ့ အဆိုတော်တစ်ယောက်က နာမည်မရသေးတဲ့ ဂစ်တာသမားတစ်ယောက်ကို ဆက်ဆံသလိုပုံစံမျိုးနဲ့ မဆက်ဆံဘဲ အစ်ကိုတစ်ယောက်လို ဆက်ဆံပါတယ်။ ဒီလိုနဲ့ လေဇီးကလပ်တီးဝိုင်းနဲ့ စည်သူလွင်ခွဲခြားလို့ မရတော့တဲ့ အချိန်ကို ရောက်လာပါတယ်။ ၁၉း၁၈ ဆိုတဲ့စီးရီးအတွက် MTV ရိုက်ဖို့ ခရီးအတူသွား၊ ရှောင်းသာအတူသွား စသည်ဖြင့် ခရီးတွေ ထွက်ဖြစ်မှပဲ စည်သူလွင်ဟာလည်း သီချင်းဆိုရာမှာတင်မက, ရယ်စရာ ပြောပြ, ဟာသလုပ်ရာမှာလည်း လူရွှင်တော်တစ်ယောက်နီးနီး ပါရမီရှိတယ် ဆိုတာ မထင်မှတ်ဘဲ သိခွင့်ရပါတယ်။ ဟာသမြောက်အောင် ပြောပြတဲ့ ပညာမှာလည်း စည်သူလွင်တင်မကဘဲ သူ့ရဲ့မန်နေဂျာလုပ်ရတဲ့ သူငယ်ချင်းတွေဖြစ်တဲ့ (ကိုမင်းမင်းဦး၊ ကိုဇော်ကြီး) စတဲ့ သူများဟာ ရယ်စရာ ပြောတတ်မှ စည်သူလွင် မန်နေဂျာလုပ်လို့ရသလားလို့ ထင်ရတဲ့အထိ ရယ်စရာပြောနိုင်ကြပါတယ် . . . သရော်နိုင်ကြပါတယ်။

ဥပမာ . . . စည်သူလွင်ရဲ့ မန်နေဂျာ ကိုမင်းမင်းဦးရဲ့ အိမ်ကို ကျွန်တော်ကိစ္စတစ်ခုနဲ့ရောက်တော့ သူတို့ရဲ့ လှေကားနံရံမှာ စာတန်း လေးရေးထားပါတယ်။ 'ကွမ်းတံထွေး ထွေးမည်ဆိုပါက ပက်လက်လှန်၍ ထွေးပါ' တဲ့။ သူများလှေကားတွေမှာဆိုရင် 'ကွမ်းမထွေးရ' လို့ တွေ့ရတဲ့စာတန်းကို အဲဒီလို တီထွင်ရေးတဲ့သူ ဘယ်သူလဲ စုံစမ်းကြည့်တော့ စည်သူရဲ့ မန်နေဂျာလက်ချက်လို့ သိရပါတယ်။ စည်သူလွင် ဖွင့်တဲ့ 'SNT' တေးထုတ်လုပ်ရေးရုံးခန်းကို လာလည်လေ့ ရှိတဲ့ သူငယ်ချင်းတွေက လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ကြိုပြီး လက်ဖက်ရည်မှာခဲ့ကြပါတယ်။ သူတို့ရုံးခန်းရောက်လာပြီးမကြာခင် လက်ဖက်ရည်လာပို့တော့တာပါပဲ။ ပြီးတော့ လက်ဖက်ရည်ဖိုးမရှင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပြန်သွားကြတဲ့အတွက် ကြာလာတော့ မခံနိုင်တော့တဲ့ မန်နေဂျာ ကိုမင်းမင်းဦးတို့က ရုံးခန်းမှာ စာချိတ်ထားပုံကို ပြောပြပါတယ်။ 'သတိ လူသာလာပါ . . . လက်ဖက်ရည်မှာမလာပါနဲ့' ဆိုပြီး 'သတိ . . . လူသာလာပါ ပြဿနာရှာမလာပါနဲ့' ဆိုတဲ့ ဆောင်ပုဒ်ကို ထပ်ပြီး တီထွင်ထားတာကိုတွေ့ရပါတယ်။ နောက်ပြီးတော့လည်း သူတို့ရဲ့ အခွေဖြန့်ချီရေးဆိုင်က စည်သူလွင်ရဲ့ အခွေထွက်မယ့်နေ့ဆိုရင် ရောက် လာပြီး အခွေလက်ဆောင်တောင်း သူ (တမင်သက်သက်, အခွေထွက် မယ့်နေ့မှ လာလည် လက်ဆောင်ယူသူတွေကို) ဆောင်ပုဒ်လေးတစ်ခု ရေးပြီး ကပ်ထားပါတယ်။ 'ကျွန်တော်တို့ အခွေ မထွက်သည့်နေ့တွေက သင်လာလည်ဖူးပါသလား'ဆိုပြီး 'ကျွန်တော်တို့ ဆင်းရဲစဉ်က သင်ကူညီဖူးပါသလား' ဆိုတဲ့ ဆောင်ပုဒ်ကို တုပ လက်စွမ်းပြကြပါ တယ်။

တစ်ခါ သူတို့ဆိုင်ရဲ့ရှေ့က ကားပါကင်မှာ သူများဆိုင်က ကား တွေလာလာရပ်သွားတာ ကြာလာတော့ သူတို့က သည်းမခံနိုင်တော့ဘဲ 'ကျွန်တော်တို့စီးပွားရှာသည်မှာ သင့်ကားပါကင်အတွက်မဟုတ်ပါ' စသဖြင့် စားသောက်ဆိုင်တွေမှာ ကပ်ထားလေ့ရှိတဲ့ ဆောင်ပုဒ်လေးတွေ ကို သူတို့ရဲ့ ဗဝနဉာဏ်နဲ့ တီထွင်ပြီး ရေးလေ့ရှိတဲ့ စည်သူလွင်ရဲ့ သူ ငယ်ချင်းတွေပါ။

စည်သူလွင်ရဲ့ အဖြစ်အပျက်လေးတွေကို သူပြောပြတဲ့အထဲက တချို့ရေးပြပါ့မယ်။ သူတစ်ခါက ပုဂံမှာ ဘုရားတွေဖူးနေတုန်း ဘုရား ဖူးလာတဲ့ကောင်မလေးတွေ အုပ်စုတစ်စုက သူ့ကို ဝိုင်းခေါ်ကြပါတယ်။ 'ကိုစည်သူလွင် ဓာတ်ပုံရိုက်ချင်လို့' ဆိုတော့ သူက လိုလိုလားလားပဲ သူတို့ ကောင်မလေးတွေအုပ်စုနဲ့ ဓာတ်ပုံအရိုက်ခံဖို့ သူတို့အုပ်စုထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ သူတို့က 'ကိုစည်သူလွင် ဓာတ်ပုံရိုက်ချင်လို့ဆိုပြီး ထပ်ပြောတော့ သဘောကောင်းတဲ့ စည်သူလွင်က 'ရပါတယ် ညီမတို့ ရိုက်ကြပါ' လို့ပြောပါတယ်။ အဲဒီမှာ ကောင်မလေးတွေက 'ကိုစည်သူလွင် ကျွန်မတို့အုပ်စုကို ဓာတ်ပုံရိုက်ပေးဖို့ ပြောတာရှင့်' လို့ ပြောမှပဲ သူတို့ အုပ်စုလိုက်ဓာတ်ပုံရိုက်ချင်လို့ ဓာတ်ပုံရိုက်ပေးမယ့်သူအဖြစ် သူ့ကို ခေါ်တာ သိရပါတော့တယ်တဲ့။ ဒါနဲ့ပဲ ရှက်ရှက်နဲ့ သူတို့အုပ်စုထဲက ထွက်ပြီး ဓာတ်ပုံကင်မရာယူ ဓာတ်ပုံရိုက်ပေးခဲ့ရပါတယ်တဲ့ . . .။

သူ့ရဲ့ အဖြစ်အပျက်တော့မဟုတ်ဘဲ သူပြောပြတဲ့ ရယ်စရာတစ်ခုတော့ ရေးပြချင်ပါသေးတယ်။ စကားထာဝှက်တမ်းကစားတဲ့ အကြောင်းလေးပါ။ ကိုယ်မေးချင်တဲ့စကားပုံလေးတွေကို ရှေ့က ၃လုံးလောက်ရေးပြီး နောက်မှာကွက်လပ်ချန်ထားပြီး ဖြည့်ကြရပါတယ်။ ဥပမာ'အလုပ်ဟူသမျှ' ဆိုပြီး နောက်မှာကွက်လပ်လွတ်ထားခဲ့ရင်'ဂုဏ်ရှိစွ'လို့ဖြေရမှာပါ။ အဲဒီမှာ တွေ့တော့တာပါပဲ . . . လိုချင်တာက 'ကရင်ငပိအိုး'ဆိုတဲ့ စကားလေးပါ။ 'ကရင်'လို့ရေးပြီး နောက်မှာ ကွက်လပ်ချန်ထားတာကို ဖြည့်တဲ့သူက 'ငါးပိအိုး' လို့မဖြည့်ဘဲ 'ဆိုဒါ'ဆိုပြီး ဖြည့်သတဲ့ . . .။ 'ကရင်ဆိုဒါ'လို့ ယူဆပုံရသတဲ့။ နောက်တစ်ခါ 'မြွေမသေ တုတ်မကျိုး'ဆိုတဲ့ စကားပုံအတွက် 'မြွေမသေ' လို့ရေးပြီး ကွက်လပ်ချန်ထားတော့ ဖြည့်တဲ့သူက 'မြွေမသေ' 'မြွေထီးလွမ်း'လို့ ဖြေလိုက်တယ်တဲ့ . . .။ အဲဒီလို ကြံကြံဖန်ဖန်ပြောတတ်တဲ့အဆိုတော်ပါခင်ဗျား . . .။

**(ညီငယ် စည်သူလွင်သို့ အမှတ်တရ)**

မေလ၊ ၂၀၀၈ ခုနှစ်ထုတ်၊ မြူတီမဂ္ဂဇင်း



www.burmeseclassic.com